www.burmeseclassic.com

ကမ္ဘာ့အံ့ဖွယ်

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး

သမိုင်း

## သဘာဝနှင့် မြန်မာ့ဗိသုကာလက်ရာများ

ကျိုက်ထီးရိုးစန်းကျင်ကမ္ဘာ့အံ့ဖွယ် ကြည်ညိုဖွယ်ရာများနှင့် ဒေသန္တရဗဟုသုတများ။

မြန်မာပြည်တန်ခိုးကြီးဘုရားများ၊ ဇက်တော်ရာများ၊ ကြည်ညိုဖွယ်ဆရာတော်များအား ဓမ္မဒါန ပူးတွဲဖော်ပြထားပါသည်။



ပြုစုသူ

စာပေဆုနှင့် လူမှုထူးချွန်ဆုရ

ဦးစိုးရှိန်( မောင်စိုးထိုက်-သုံးဆယ်)

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်
# ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်
# သဘာဝနှင့် မြန်မာ့ဗိသုကာလက်ရာများ

မြန်မာပြည်တနိုင်ငံလုံး ဘုရားဖူးများ ဝတ်တော်ကျများ

ကြည်ညိုဖွယ်ထေရာတော်များအား ဓမ္မဒါန ပူဇော်ပြုအပ်ပါသည်

ပြုစုသူ
တာပေဆုံနှင့် လူမှုထုံးချွန်ဆုရ
ဦးစိုးရှိန် (မောင်စိုးထိုက်-- သုံးဆယ်)

F. 1 A

www.burmeseclassic.com

www.burmeseclassic.com

၉

# ဂါရဝတရားရှေ့ထား၍

ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးနှင့်တကွ စာရေးသူ ယော်ရှယ်စဉ်၌ ကွယ်လွန်သွားသော ဖခင် (ဦးထွန်း)၊ (၂၇-၄-၈၇) နေ့အထိ၊ ကျွေးမေမေ၊ မွေးမေမေဖြစ်သော ကွယ်လွန်သူ မိခင် (ဒေါ်အုန်းရီ) နှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းတို့အားလည်းကောင်း၊ ဤကျမ်းပေါ်ဖြစ်မြောက်ရေးအတွက် လေ့လာဖတ်ရှုခွင့်ရအောင် ပြုစုထားခဲ့ကြသော ကျမ်းဆရာအပေါင်းတို့အားလည်းကောင်း၊ ဘုရားသမိုင်းစုံ ပြုစုခဲ့ကြသော ကျမ်းဆရာတို့အားလည်းကောင်း၊ လက်ဆယ်ဖြာ ယှက်မိုး၍ ရှိခိုးဦးတင် ကန်တော့အပ်ပါသည်။

မောင်စိုးဆိုင် (သုံးဆယ်)

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဂါဝရတရား | ၂ |
| ဦးပညာသာမိ(မာဂဓီသာစည်)၏ ဥယျောဇဉ် | ၄ |
| ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် | ၆ |
| (ဒုတိယမိုလ်ချုပ်ကြီးခင်ညွန့်(ဗိုလ်ချုပ်ကြီးခင်ညွန့်) သာသနာရေး ဆိုင်ရာ လျှောက်ထားချက်ပါ ကျိုက်ထီးရိုးစေတီတော်သမိုင်းအကျဉ်း) | ၁၂ |
| သဘာဝနှင့်မြန်မာ့ဗိသုကာလက်ရာများ မှတ်တမ်းဓာတ်ပုံ ထီးတော်များသမိုင်း | ၂၁ |
| ကျိုက်ထိုမြို့ပေါ်ရှိ ဘုရားကျောင်းကန်စေတီပုထိုးများ | ၈၇ |
| မြန်မာ့စွယ်စုံကျမ်းအတွဲ(၂)တွင်ပါရှိသည့် ကျိုက်ထီးရိုးသမိုင်း | ၉၄ |
| ဓာတ်ပေါင်းစု / ကျိုက်ပေါလော / သွန်းဘုရား | ၉၈ |
| ကင်ပွန်းစခန်း စရိုလှမ်းစို့ | ၁၁၁ |
| ကျိုက်ကုသိယို (ခေါ်) ကျိုက်ထီးရိုးရင်ပြင်တော်နှင့် ကျိုက်ထီးရိုးပတ်ဝန်းကျင် | ၁၃၀ |
| စေတီတော်သမိုင်း | ၁၃၂ |
| ကောင်းမှုဒါန ပြုကြအထိုထို | ၁၄၄ |
| ခရီးတစ်ခွင် လှေလာချင်သော် | ၁၄၉ |
| သေကျွတောင်ဆရာတော် ထေရုပ္ပတ္တိ | ၁၅၆ |
| ရာမညသာသနာ့နိဒါန်း | ၁၆၂ |
| ကြည်ညိုဖွယ်မြန်မာပြည်တန်ခိုးကြီးဘုရားပုံတော်များ | (အချပ်ပို) |
| စက်တော်ရာ မြန်မာ့စွယ်စုံကျမ်း(အတွဲ-၃) | ၁၆၅ |
| တောင်ဖီလာဆရာတော် (သို့) တိရိယပဗ္ဗတထေရအပဒါန် | ၁၇၅ |
| မိုင်ပေါင်း(၂၀၀၀) ဘုရားစုံဖူးခရီးစဉ် | ၂၀၃ |


www.burmeseclassic.com

www.burmeseclassic.com

တမ္ဗာ့အံ့ဖွယ်တရင်ဆင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ပိဋကတိုက်မှူး
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ
ဦးပညာသာမိ (မာဂဓီ–သာစည်) ၏ ဥယျောဇဉ်

# ဘုရားဖူးအကျိုး

သတံ ဟတ္ထီ သတံ အဿာ၊
သတံ အဿတရီ ရထာ ။
သတံ ကညာ သဟဿာနိ၊
အာမုတ္တ မဏိကုဏ္ဍလာ၊
စေတိယံ ဝန္ဒိတုံ ဂစ္ဆ ပဒဝီတိဟာရဿ၊
ကလံ နာဂ္ဃတိ သောဠသိံ ။

(သံယုတ်ပါဠိနှင့် စူဠဝါဠိ ဂါထာ)

ဆင်အသိန်း၊ မြင်းအသိန်း၊ ရထားအသိန်း၊ ကညာသတို့သမီးအသိန်း ခြံရံ၍ တည်ဖိသော မင်းစည်းစိမ်သည် ဘုရားဖူးရန်သွားသောသူ၏ ခြေတစ်လှမ်း၌ ဖြစ်ပေါ်သော ကုသိုလ်စိတ်ကို ၁၆ ပုံ ပုံ၍ ၁ ပုံမျှကိုပင် မမီ ( ၁ ပုံလောက်ပင် အဖိုးမထိုက် )

ထေရဝါဒဗုဒ္ဓသာသနာတော်ကို ကိုးကွယ်ကြည်ညိုကြသော ဤပြည်ထောင်စု မြန်မာနိုင်ငံဖွား တိုင်းရင်းသားများအနေဖြင့် အခွင့်သာလျှင် သာသလို မြို့ရွာအနှံ့ လှည့်လည်၍ ဘုရားဖူးမြော်လေ့ ရှိကြ၏။

ယင်းသို့ဘုရားဖူးမြော်သူများ အသီးသီးရှိကြသည့်အနက် –

၁။ အဆော်တောင်း၍ ဖူးမြော်ခြင်း။

၂။ ဝါသနာပါ၍ ဖူးမြော်ခြင်း။

www.burmeseclassic.com



၃။ ကုသိုလ်ရလို၍ ဖူးမြော်ခြင်း။

၄။ သုတေသနပြုလို၍ ဖူးမြော်ခြင်း။

လေးမျိုးလေးစားရှိရာ မောင်စိုးထိုက် (သုံးဆယ်) ခေါ် ဦးစိုးရှိန်သည် လေးမျိုးစလုံးတွင် အကျုံးဝင်သော ဘုရားဖူးတစ်ဦးဖြစ်ကြောင်း သူပြုစုထားသော ဤမှတ်တမ်းစာအုပ်က သက်သေခံလျက်ရှိပါသည်။

မြန်မာပြည်အနှံ့ ဘုရားဖူးရောက်ခဲ့ရာ၌ ရောက်ကာမတ္တ၊ မြင်ကာမတ္တ၊ တွေ့ကာမတ္တ ပြီးပြီးရော ဖူးခဲ့သော မျိုးမထားဘဲ သမိုင်းအသိ၊ သမိုင်းအမြင်၊ သမိုင်းအတွေးဖြင့် စုံစုံစေ့စေ့ မှတ်တမ်းတင်ထားခြင်းမှာ ထူးခြားသောဘုရားဖူးထဲမှ တာဝန်ကျေသော စာရေးဆရာတစ်ယောက်ဟု ဆိုရပါမည်။

ဤဘုရားဖူးမှတ်တမ်းကိုတင်ပြရာ၌ ရိုးအီမသွားစေရန် (ဖျင်းရိမသွားစေရန်) ဘုရားဟောကျမ်းဂန်မှ အဆိုအမိန့်များ၊ ရာဇဝင်သမိုင်းလာဖြစ်ရပ်များ၊ မြန်မာ့စာပေသဘင်မှ စင်တင်ပြသော ဇာတ်လမ်းများ၊ ပုံဝတ္ထုများနှင့် နိတိများကို ဆိုင်ရာဆိုင်ရာ အခန်းများ၌ ထည့်သွင်းပေးထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

အဆွေစာရှုသူ ဤစာအုပ်ကို သေသေချာချာဖတ်ပြီး မြန်မာပြည်အနှံ့ လှည့်လည်၍ ဘုရားဖူးကြည့်စမ်းပါ။ မောင်စိုးထိုက်၏ စိတ်စေတနာ မည်မျှကြီးမားကြောင်း ပေါ်လွင်လာပါလိမ့်မည်။

ဘုရားဖူးသွားသည့်အတွက် သင့်အဖို့ ရရှိနိုင်သော အကျိုးတရားများကို စစ်ကိုင်းတောင်ရိုး လွမ်းစေတီမှ အောက်ပါတပိုဒ်ကလေးဖြင့် ဓမ္မလက်ဆောင် သလိုက်ရပါသည်။

- ဘုရားသို့မှန်း၊ ခြေတစ်လှမ်း။
  သိန်းသန်းမကထိုက်။
- ဖူးသူလှူသူ၊ ဆေးစေသူ၊
  နတ်လူဘုံသို့ဆိုက်။

ဇာဂနီ၊ သာအည

www.burmeseclassic.com

www.burmeseclassic.com

တမ္ဘာ့အံ့ဖွယ်စာရင်းဆင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

## ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်
## ဆံတော်ရှင်ထီးတော်သစ်နှင့် ကျိုက်ထီးရိုးစေတီတော်

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသည် လွန်စွာထူးဆန်းအံ့ဩဖွယ်ရာဖြစ်၍ ကမ္ဘာအနှံ့သို့ ထင်ရှားကျော်ကြားခဲ့သည့် ရသေ့ဦးခေါင်းသဏ္ဍာန် ကျောက်တုံးကြီးမှာ ရှေးမူမပျက် အနေအထားမပျက် တည်ရှိနေပြီး ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓအိသေကအနေကဇာတင် မင်္ဂလာ အခမ်းအနားအား မြန်မာသက္ကရာဇ် (၁၃၆၂) ခုနှစ်၊ တပေါင်းလဆုတ် (၁၁) ရက်၊ (၁၉-၃-၂၀၀၁) နေ့ နံနက်က ကျင်းပပြုလုပ်ခဲ့ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို၍ ဌာပနာတော် ပစ္စည်းများကို သွင်းလှူပူဇော်ပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးခဲ့ပါသည်။

အဆိုပါထီးတော်သစ်တင်လှူပွဲသို့စာရေးသူသည် စာနယ်ဇင်းအဖွဲ့ဝင်တစ်ဦး အနေဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့်လည်းကောင်း၊ ကိုယ်တိုင် မြင်တွေ့ဖူးမြော်ပါဝင်လိုစိတ် ပြင်းပြခဲ့ပါသည်။ သို့သော် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် တောင်ပိုင်းတွင် တည်ရှိသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် (၁၁-၃-၂၀၀၁) နေ့၌ ထီးတော်သစ်တင်လှူခဲ့သော အောင်ဇေယျဗိစေတီတော်ကြီးသမိုင်း ပြုစုရေးဥက္ကဋ္ဌတာဝန်နှင့် နိုင်ငံတာဝန်များ ထမ်းဆောင်နေရသဖြင့် အဆိုပါ နေ့ရက်တွင် ပါဝင်ကုသိုလ်ယူ ဖူးမြော် ခွင့် မရခဲ့ပေ။ သို့သော် ထီးတော်တင်ပွဲ နေ့တွင် ကြွရောက်လာသော ပရိသတ်အတွက် ကာလတန်ဖိုးငွေကျပ် ၁၀၀၀၀ တန်ဖိုးရှိ ကျိုက်ထီးရိုးသမိုင်းစာအုပ် ၁၀၀၀ တိတိ ပို့လှူဒါန်းနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တဖြွာအံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

စေတီတော်ကြီးအား ထီးတော်သစ်တင်လှူခြင်းသာမက ရင်ပြင်တော်မှအစ သာသနိကအဆောက်အဦးများပါ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်နေသည့် တိဗ္ဗိသတင်းများကို ကြည့်ရှုပြီး မရောက်ရောက်အောင် သွားရောက်ဖူးမြော်ရန် ရည်မှန်းထားချက်အရ စာရေးသူနှင့်အဖွဲ့သည် (၁၉–၄–၂၀၀၁) ခုနှစ်တွင် ထီးတော်သစ်တင်လှူပြီး တစ်လတိတိပြည့်သောနေ့တွင် ရောက်ရှိဖူးမြော်ခွင့် ရရှိခဲ့ပါသည်။

ရေးယခင်က ကင်ပွန်းစခန်းမှ ခြေလျင်ခရီး ၇.၅ မိုင်လျှောက်ပြီး ရှေ့ရင်သာစခန်းရောက်သည်နှင့် အမှတ်မထင် လှမ်းမြင်ဖူးရသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီးကြောင့် နွမ်းသမျှ ပမ်းသမျှ ပြေပျောက်ပြီး ပီတိတွေ ဖြစ်ခဲ့ဖူးသည်ကို ယနေ့အထိ မေ့မရပါ။ တစ်သက်မေ့၍လည်း ရနိုင်မည်မဟုတ်ပါ။

## ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ပေါင်းလောင်းတောင်ထိပ်မှ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခုနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) လက်ထက်တွင် နိုင်ငံနှင့် အဝန်း ဖွံ့ဖြိုးတိုးတက်နေချိန်တွင် မြန်မာနိုင်ငံအတွင်းရှိ ဘုရားကျောင်းကန်များကိုလည်း၊ သပ္ပါယ်ကြည်ညိုဖွယ် ပြုပြင်တည်ထားကြသလို လမ်းပန်းဆက်သွယ်ရေးများလည်း တိုးချဲ့လာကြပေသည်။ ဖွံ့ဖြိုးတိုးတက်လျက် သပ္ပါယ်လှသော ပေါင်းလောင်းတောင်ထိပ်မှ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအားလည်း ခြေလျှင်လမ်း၊ မော်တော်ယာဉ်လမ်းတို့ဖြင့် အောက်ပါအတိုင်း တက်ရောက်ကြည်ညိုနိုင်ပေသည်။

ကင်ပွန်းစခန်းရောက်၍ တစ်အောင့်နားကြလျှင် ကင်ပွန်းစခန်းတွင် နားစရာ၊ တည်းခိုစရာ၊ စားသောက်ဆိုင်များ အပြည့်ပင်၊ ဘုရားဖူးခရီးသွားများ အပြည့်ပေါ်သော မုန့်လုံကားများ၊ အခြားကားများဆိုကြလျှင် ပျော်ပျော်ရွှင်ရွှင် နှုတ်ဆက်ကြသည်မှာ အလွန်ပီတိဖြစ်ဖွယ် ဖြစ်ပါသည်။

www.burmeseclassic.com



တောတောင်ကြား တောင်ထိပ်များမှ ဖြတ်သန်းစီးဆင်းနေသော ရေတံခွန်မြောင်စခန်းတွင် တာဝန်ရှိပုဂ္ဂိုလ်များက အတက်ကား၊ အဆင်းကားများအား မော်တော်ယာဉ်ဖြင့် တက်သူများ လမ်းတွင်မဆုံစေရန် စနစ်တကျစီစဉ်ပေးကြသည်။

တောင်ပေါ်မှရေတွေက တဝေါဝေါကျဆင်းကာ ကျောက်တုံးကျောက်ခဲများပေါ်မှ ဖြတ်ကျော်ကွေ့ကောက်စီးဆင်းသွားသော ရေတံခွန်၏အလှကို ငေးမောကြည့်ရသည်။ ထိုရေတံခွန်မြောင်မှ အတက်တွင် ဝေဘူလတောင်၊ မဟာမြိုင်ကွေ့၊ ဝေဘာဂီတောင် စသည်တို့ကို တက်ရ၊ ကွေ့ရ၊ ကျော်ဖြတ်ရသည့်အခါ ရင်ကတစ်ထိတ်ထိတ်။ စန္ဒကူးမြောင်တွင် တံတားကိုကျော်ဖြတ်ရသည့်အခါတွင်လည်း အောက်ကို ရဲရဲငုံ့မကြည့်ဝံ့။ တောင်ကြီး၊ မေမြို့၊ ကလောရှုခင်းနှင့်မတူ၊ တောအထပ်ထပ်၊ တောင်အထပ်ထပ်ကို အချိုးအကွေ့၊ အတက်အမော့၊ အကောက်အမတ်ဖြင့် လမ်းဖောက်လုပ်ထားကြသော ဗိသုကာများကို အံ့ဩချီးကျူးရပါသည်။

ရသေ့တောင်ရောက်သောအခါ ရသေ့တောင်ကို အောက်ကမော့ကြည့်၍သာ ကန်တော့ရသည်။ ကားများစနစ်တကျအပ်ရန်နေရာနှင့် ဆိုင်တန်းများအား စည်စည်ကားကားတွေ့ရသည်။ ကိုယ်ပိုင်ကားများ တက်ခွင့်မရှိပါ။ ရသေ့တောင်မှ အတက်ကျွမ်းကျင်သော ယာဉ်မောင်းများနှင့်သာ ဆက်တက်ရမည် ဖြစ်ပါသည်။ လမ်း မကျွမ်းကျင်သူများအတွက် အန္တရာယ်များလှ၍ တာဝန်ရှိသူက ဂိတ်ဝတွင် တာဝန် ယူနေကြသည်။ ဝါကီတော့ကီတယ်လီဖုန်းနှင့် ကျိုက်ထီးရိုးတောင်ပေါ်မှ အဆင်း အတက်ကားများကို အချက်ပေးပြောနေကြသည်မှာ စနစ်ကျလှပေသည်။

ရာသီဥတုမှာ လေအေးစက်ခန်းထဲမှာ နေရသကဲ့သို့ပင် အေးမြသော လေကောင်းလေသန့်ကို ရှူရှိုက်ရသည်မှာလည်း အရသာရှိလှသည်။ မြင့်သာသော နေရာမှ တောင်ပေါ်သို့ လှမ်းမျှော်ကြည့်သည့်အခါ တောရိပ်၊ တောင်ရိပ်များ နောက်ခံ၍ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်သည် ရွှေရောင်တဝင်းဝင်းနှင့်

www.burmeseclassic.com



ကျက်သရေအနန္တနှင့် တင့်တယ်စွာ ထူးဆန်းအံ့သြဖွယ်ရာ တည်ရှိ နေသည်ကို ဖူးတွေ့ရပါသည်။

ညဘက်ကလေအေးတဖြူးဖြူးနှင့် စာရေးသူတို့အဖွဲ့ နားနေဆောင်မှ တောင်ပေါ်သို့ ဖြည်းဖြည်းတက်လာ ခဲ့ကြရာ တောတောင်ရနံ့နှင့် ညမွှေးပန်းရနံ့တို့ သင်းပျံ့မွှေးထုံသော လေအေးကို ရှူရှိုက်ရသည်မှာ တစ်မျိုးအားရှိသည်။ လမ်းတစ်လျှောက်တွင် ဝါးပိုးကြီးနှစ်ချောင်း ဘယ်ညာထမ်းကာ အလယ်က ပက်လက်ကုလားထိုင်တွင် လူထိုင်လျက် အထမ်း သမားလူလေးယောက် တက်ညီလက်ညီ အရှိန်နှင့် တောင်ပေါ်ပြေးတက်လာကြ သော အင်အားဗလသံ့သည် အံ့မခန်းဖွယ်ရာဖြစ်သည်။ ခြေသလုံးကြွက်သားတို့ကား တောင့်တင်းလျက် ပုခုံးကြွက်သားတွေကား ဖုထစ်မာကျောလျက် အထမ်းစီးနင်း လိုက်ပါလာသူကား တငြိမ့်ငြိမ့်နှင့် တွေ့ရသည်။ ထို့ပြင် အထမ်းသမားများ၏ ခြင်းတောင်းတစ်လုံး စီတွင် တင်ဖျဉ်ခွေထိုင်ပြီး ခေါင်းကလေးများ လှုပ်တုပ်လှုပ်တုပ်နှင့် လိုက်ပါလာ ကြသည့် ကလေးတို့မှာလည်း အမြင်ဆန်းလှပေသည်။

အသက် ၉၇ နှစ်ရှိ အဘွားအိုသည် တောင်ဝှေးတစ်ချောင်းကိုင်ကာ တခေါက် ခေါက်ဖြင့် မြေး မြစ်ခြံရံလျက် တောင်ပေါ်မှ ဆင်းလာသည်မှာ အားနှင့် မာန်နှင့် အပြုံးမပျက်ပါ။

ကင်ပွန်းစခန်းမှနေ၍ ညဘက်ခြေကျင်လမ်းဖြင့် တက်လာသူများ၏ မီးတုတ်များ၊ လက်နှိပ်ဓာတ်မီးများ၊ လူအစုလိုက် အဖွဲ့လိုက် သီချင်းတကြော်ကြော်ဖြင့် တက်ခဲ့ကြသည်ကို တွေ့ရပြန်သည်။ ဆာမွတ်လာသည့်အခါ လိမ္မော်သီးစားလိုက်၊ ရေသောက်လိုက်နှင့် တစ်တောင်ပြီးတစ်တောင် တစ်တောပြီးတစ်တော တက်ချည်ဆင်းချည် ကျိုက်ထီးရိုးဆံတော်ရှင်အရောက် အားခဲပြီး ဖူးမြော်ကြသူ များလည်း တွေ့ရသည်။ မြတ်ဗုဒ္ဓ၏ တန်ခိုးတော်အနန္တ၊ ဂုဏ်တော်အနန္တ ကြီးမားလှပါပေသည်။ နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီးဘေးသို့ ထိုးထွက်နေသော ကျောက်တောင်ကြီးတစ်ခုပေါ်တွင် ဆံတော်ရှင်[illegible]နေ

www.burmeseclassic.com



သော ရသေ့ဦးခေါင်းနှင့်တူသည့် ကျောက်လုံးတော်ကြီးမှာ တဲတဲကလေး မေးတင်နေသည်ကို ရင်တလှပ်လှပ်နှင့် ဖူးတွေ့ရသည်။

အရှေ့ရိုးမတောင်တန်း ပေါင်းလောင်တောင်ထိပ် တောင်စွန်းပေါ်တွင် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း၃၆၁၅ ပေတွင် အထူးခြားဆုံး အဆန်းကြယ်ဆုံး တည်ရှိနေသည့် ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ဘုရားကို ဦးခိုက်၍ ဖူးမြော်ကြရပါပြီ။

ရှေးအခါက ရင်ပြင်တော်ကသာ ဖူးမြော်ရသော ဆံတော်ရှင်မြတ်ဘုရားအား ယခုအခါ စကြံနံပတ်လမ်း စေတီတော်တောင်ကို ပတ်ပတ်လည် တစ်လျှောက် ဆောက်လုပ်ထားသဖြင့် ဘုရားရှင်အား ပတ်လည်စကြံမှ မော်ကြည့်၍ ဖူးရာ ကျိုက်ထီးရိုးစေတီမြတ်သည် လေထဲတွင် ဗျာန်နှင့်ပျံ့နေဘိအလား စံပယ်တည်ရှိနေသည်ကို ဖူးမြော်ရ၍ မျက်ရည်ရစ်ဝဲ နှလုံးသားထဲမှ လှိုက်လှဲစွာထွက်လာသော ကြည်နူးမှု အပြည့်နှင့် ထာဝစဉ်နိုင်ငံတော်ကြီးအေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကမ္ဘာကြီးတစ်ခုလုံးလည်း မေတ္တာဓာတ်များ လွှမ်းခြုံရစ်ပတ်နေရန် ဆုတောင်းမိပါသည်။

ညဉ့်ပိုင်းတွင် ရင်ပြင်တော်တစ်ခုလုံး နီယွန်ဓာတ်မီးများဖြင့် ထိန်ထိန်လင်းလျက်ရှိရာ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်သည် ရွှေတောင်ကြီးကဲ့သို့ ကောင်းကင်ပြင်တွင် ထိုးထွက်ပြီး ဝါဝင်းတောက်ပတင့်တယ်လျက် ရှိသဖြင့် ဖူး၍မပြီး၊ စိပ်ပုတီးစိပ်၍မပြီး၊ ရင်ထဲမှာကြည်နူးအေးချမ်းမှုမပြီး ဖြစ်ရပေသည်။ လေအေးစက်ထဲ နေရသကဲ့သို့ တောင်ထိပ်တွင် လေတဖြူးဖြူးနှင့် အေးချမ်းနေသည်မှာ အလွန်အရသာရှိလှသည်။ အိုဇုန်းဓာတ်အပြည့် လေကောင်းလေသန့်များကို အားရပါးရရှုရှိုက်မိ၍ လန်းဆန်းပြီး ကလေးငယ်ဘဝ ပြန်ရောက်သွားသကဲ့သို့ ပေါ့ပါးနုပျိုသွားသလို ခံစားလိုက်ရသည်။

စကြံကိုပတ်၍ ဘုရားကို လှည့်ဖူးစဉ် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များကိုပါ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ်မှနေ၍ စီးမြင်နေရသော ပေါင်းလောင်းတောင်တန်းကြီးနှင့် တောင်ထွတ်၊ တောင်စွယ်များ၊ တောင်အောက်တွင် ငွေဖဲကြိုးကလေး တွန့်လိမ်နေသလို စီးဆင်းနေသော စစ်တောင်းမြစ်ကို အဝေးကြီးမှာ မြင်နေရသည်။ မီးခိုးငွေ့များ ဝေ့တက်နေသော စစ်တောင်းစက္ကူစက်ကို လှမ်းတွေ့နေရသည်။

ကျိုက်ထိုဟိုတယ်မှာလည်း ရေမူ၊ ရေအေးရရှိပြီး အစားအစာများ အရန်သင့်နှင့် မီးမပျက်၊ ရေမပျက် အဆင်ပြေလှပါသည်။ ဟိုတယ်အောက်ဘက်တွင် ဘန်ဂလိုလေးများ ရှုချင်စဖွယ် အဆင့်ဆင့် မြင်တွေ့ရပါသည်။

ကမ္ဘာလှည့်ခရီးသည်တစ်စု အထမ်းနှင့် တငြိမ့်ငြိမ့် တက်လာပြီး တစ်နာရီအတွင်း ဘုရားဖူးပြီး တစ်ရက်ခရီးအနေနှင့် တောင်ပေါ်မှပြန်ဆင်းသွားကြသည်ကိုလည်း တွေ့ရသည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဆည်းကပ်ကိုးကွယ်ကြသော စေတီပုထိုးများထဲတွင် အထူးခြားဆုံး ရင်သပ်ရှုမောအံ့သြစရာနှင့် အဆန်းကြယ်ဆုံးဖြစ်သည့် ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကို သွားရောက်ဖူးမြော် လှူဒါန်းပူဇော်ရသည့် အမှုမေတ္တာကို မြန်မာတစ်ပြည်လုံး၊ တစ်ကမ္ဘာလုံး၊ အနန္တစကြဝဠာအားလုံးကို အမျှပေးဝေပါသည်။ မရောက်ဖူးသေးသူများ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကို သွားရောက်ဖူးမြော်ကြရန် လှိုက်လှိုက်လှဲလှဲ တိုက်တွန်းချင်ပါသည်။

ယခုအခါ ကင်ပွန်းစခန်းမှ ရသေ့တောင်အထိ တောင်တက်ကားဖြင့် သွားပြီး တောင်ပေါ်သို့ တစ်နာရီခန့် ခြေလျင်ခရီးသွားလျှင် ရွှေနန်းကျင်နတ်နန်းအနီးရှိ မုခ်ဦးထိပ်သို့ တိုက်ရိုက်ရောက်နိုင်သလို အထူးဧည့်သည်များနှင့် သာသနိကအဆောက်အဦလုပ်ငန်းများအတွက် ပစ္စည်းတင်ကားများသည် ရွှေနန်းကျင်နတ်နန်းထိပ် မုခ်ဦးအထိ ကားဖြင့်တက်ရောက်နိုင်ပေပြီ။

စာရေးသူတို့သည် ရွှေနန်းကျင်နတ်နန်းထိပ်အထိ ကားဖြင့်တက်ရောက်ခွင့်ရခဲ့သဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီးနှင့် အနီးဆုံးအထိ ရောက်ရှိသည်

www.burmeseclassic.com



နှင့် မြင်တွေ့ရသော သာသနိကအဆောက်အဦးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်နေမှု ကို အံ့မခန်း တွေ့လိုက်ရပါသည်။

အလားတူ (ယခင်ရေစည်ကြီး) တည်ရာနေရာမှ ရင်ပြင်တော်တစ်ခုလုံး မျက်စိတစ်ဆုံး ကျောက်ပြားအပြည့်ခင်းထားသည်မှာ တစ်မဟုတ်ချင်း ဖွံ့ဖြိုး တိုးတက်လာခြင်းအတွက် အံ့ဩမဆုံး ရှိလှပါသည်။

(၁၉-၃-၂၀၀၁) နေ့က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွှန့် တင်လျှောက်ခဲ့သော ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် သမိုင်းအကျဉ်းကို ဖော်ပြလိုပေသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ် ဌာပနာတော်ထည့်သွင်းပူဇော်ပွဲ၊ ရွှေထီး မြတ်တင်လှူပွဲနှင့် ဗုဒ္ဓဘိသေကအနေကဇာတင် ပူဇော်ပွဲမင်္ဂလာ အခမ်းအနား သို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော် ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တကုမာရ အရှင်သူမြတ်အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ဖူးမြော်ကြည်ညိုခွင့်ရရှိသဖြင့် အလွန်မွန်မြတ်သော ကုသိုလ် မင်္ဂလာတရားထူးများကို ဆည်းပူးခွင့်ရရှိပါကြောင်း ရှေးဦးစွာလျှောက်ထားပါသည်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ် ကြီး ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို လေ့လာရာ၌ မြတ်စွာဘုရားရှင် ဝါတော်ရစ်ဝါ၌ ဂဝမ္ပတိရဟန္တာမထေရ်မြတ်၏ ပင့်လျှောက်ချက်အရ သုဓမ္မဘုမ္မိသထုံပြည်သို့ ရဟန္တာ ၅၀၀ နှင့်အတူ မြတ်စွာဘုရားရှင်ကြွရောက်တော်မူလာခဲ့၍ တိဿဝမ္မသီဟ ရာဇာမင်းနှင့် တိဿရသေ့၊ သီဟရသေ့ အမှူးပြုသော သုဝဏ္ဏဘုမ္မိပြည်သူပြည်သား အပေါင်းတို့အား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးခဲ့ပါသည်။ မြတ်စွာဘုရား ရှင်သည် တိဿရသေ့နှင့်တကွ ရသေ့ကြီးခြောက်ဦးတို့အား ဆံတော်မြတ်နှင့်ဆူစီ ချီးမြှင့်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းစေတီတော်ကို မွန်ဘာသာဖြင့် ကျိုက်ဣသီယိုဟု ဘွဲ့ အမည်ခေါ်ဝေါ်နေကြရာမှ မြန်မာဘာသာဖြင့် ကျိုက်ထီးရိုးဟု ခေါ်ဆိုခဲ့ကြကြောင်း သိရှိရပါသည်။

ယင်းကျောက်တုံးကြီးမှာ ရှေးအခါက အောက်ခံကျောက်တိုင် ကျောက်တုံးကြီးနှင့် ကြက်မတစ်ဝပ်စာခန့် လွတ်လျက်ရှိကြောင်း သမိုင်းစာတမ်းများ၌ ပြဆိုထားပါသည်။ ယခုမျက်မြင်အနေအထားအရမှာလည်း ရသေ့ဦးခေါင်းသဏ္ဍာန်ကျောက်တုံးကြီးနှင့် အောက်ခံကျောက်တုံးထိပ်တို့မှာ အနည်းငယ်မျှသာ အစွန်အဖျား၌ ထိစပ်နေသည်ကို တွေ့ရှိရသည့်အပြင် သာမန်ယောက်ျားတစ်ယောက် တွန်းရုံ လှုပ်ရုံဖြင့်ပင် ကျောက်တုံးကြီးမှာ ယိမ်းထိုးလှုပ်ရှားလျက် နေသည်ကို တွေ့ရှိနိုင်ပါသေးသည်။

အောက်ခံကျောက်တုံးကြီးမှာ အောက်ဘက်သို့ တစ်ခြမ်းနိမ့်လျှောနေသည့်အပြင် အပေါ်မှာရှိသော ကျောက်တုံးကြီးသည်လည်း အထက်အောက်ရှေ့စောင်းစောင်းဖြစ်နေ၍ အစွန်အဖျား၌ အနည်းငယ်မျှသာ ထိစပ်ချိတ်မိနေသည့် သဏ္ဍာန် ဖြစ်တည်နေပါသည်။

ဘုရားဖူးပြည်သူများသည် နှစ်စဉ်သိန်းနှင့်ချီ၍ လာရောက်ဖူးမြော်ကြည်ညိုကြပြီး ထူးဆန်းအံ့ဩဖွယ်ကို ကိုယ်တိုင်မြင်တွေ့လိုကြသဖြင့် နေ့စဉ်အကြိမ်တစ်ထောင်မက စမ်းသပ်လှုပ်ရှားလျက် နေခဲ့ကြရာ သာမန်အားဖြင့် လူသားတို့ပြုလုပ်ထားသော အရာဝတ္ထုဖြစ်ပါက ကျောက်တုံးချင်းပွတ်တိုက်ပွန်းပဲ့ကျေမွ၍ အောက်သို့ လိမ့်ကျ လျှောကျသွားနိုင်သော်လည်း မြတ်စွာဘုရားရှင်၏ တန်ခိုးတော်အရာဖြစ်၍ ဤရသေ့ဦးခေါင်းသဏ္ဍာန်ကျောက်တုံးကြီးမှာ ရှေးမူမပျက်၊ အနေအထားမပျက် ဆက်လက်တည်ရှိနေခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဤကျိုက်ထီးရိုး စေတီတော်မြတ်ကြီးသည် လွန်စွာထူးဆန်းအံ့ဩဖွယ်ရာဖြစ်၍ အာရှတိုက်တွင်မက ကမ္ဘာအနှံ့သို့ပါ ထင်ရှားကျော်ကြားလျက်ရှိပါသည်။

www.burmeseclassic.com



ယင်းရသေ့ကြီးခြောက်ဦးတို့အနက် ရသေ့ကြီးလေးဦးတို့သည် မိမိတို့ရရှိသော ဆံတော်များကို စေတီတည်၍ ဌာပနာထည့်သွင်းပူဇော်ခဲ့ပါသည်။ ကေလာသ တောင်၌ နေသော တိလရသေ့သည် ဆံတော်တစ်ဆူကို ကေလာသတောင်ထိပ် စေတီ၌ ဌာပနာထည့်သွင်း၍ ကျန်ဆံတော်တစ်ဆူကို မိမိဦးခေါင်းဆံကျစ်ကြား၌ သိမ်းထားပြီး ကိုးကွယ်နေခဲ့ပါသည်။

ကျိုက်ထီးရိုးတောင်ပေါ်ရှိ တိဿရသေ့ကြီး သည်လည်း မိမိရရှိထားသည့် ဆံတော်နှစ်ဆူကို စေတီတည်ထားခြင်းမပြုဘဲ မိမိ ဦးခေါင်းဆံကျစ်ကြား၌ သိမ်းဆည်းထားရှိပူဇော်နေခဲ့ပါသည်။ ထို့နောက် ကေလာသတောင်မှ တိလရသေ့ကြီး ပျံလွန်သည့်အခါ ထိုရသေ့ကြီး၏ ဆံကျစ် ကြား၌ ထားရှိသော ဆံတော်တစ်ဆူကို တိဿရသေ့ကြီး ဆက်ခံရရှိသဖြင့် တိဿ ရသေ့ကြီး၏ ဦးခေါင်းဆံကျစ်ကြား၌ ဆံတော်သုံးဆူရှိလာခဲ့ပါသည်။

တိဿရသေ့ကြီး မကျန်းမမာဖြစ်ချိန်တွင် ညီတော်သီဟရသေ့နှင့် သားတော်တိဿ ဓမ္မ သိဟရာဇာမင်းတို့၏ တောင်းပန်လျှောက်ထားမှုကြောင့် စေတီတည်ထားရန် သဘောတူသဖြင့် သိကြားမင်းသည် ရသေ့ကြီး၏ ဦးခေါင်းတော်နှင့်တူသော အမြင့် ပေ ၁၇ တောင်ခန့်၊ လုံးပတ် ၅၂ တောင်ခန့်ရှိ ကျောက်တုံးကြီးတစ်တုံးကို ပင်လယ် ရေအောက်မှ ယူဆောင်၍ လုံးပတ် ၅၅ တောင် တစ်မိုက်၊ အမြင့် ၈၃ တောင်ရှိသော ကျောက်တိုင်ကျောက်တုံးကြီး၏ထိပ်၌ တင်ထားခဲ့ပါသည်။

ရသေ့ဦးခေါင်းတော်ပုံသဏ္ဌာန်ရှိသော ကျောက်တုံးကြီး၏ အထက် အလယ် ၏ထိပ်၌ အနက်သုံးတောင်တစ်မိုက်၊ အဝအကျယ်ခြောက်လက်မရှိသော တွင်းငယ် တစ်ခုတွင်းပြီးလျှင် ဆံတော်မြတ်သုံးဆူကို ပဏ္ဍမြားရွှေကြုတ်တော်သွင်း၍ ဌာပနာ ထည့်သွင်းပူဇော်ခဲ့ပါသည်။

ထိုဌာပနာတိုက်ပေါ်တွင် ဘုရားတော်သုံးတောင် တစ်မိုက်ရှိ စေတီတော်ငယ် တစ်ဆူကို မဟာသက္ကရာဇ် ၁၁၈ ခုနှစ်တွင် တည်ထား ကိုးကွယ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကျိုက်ထီးရိုး စေတီတော်မြတ်ကြီးကို ကောဇာသက္ကရာဇ် ၉၁၇ ခုနှစ်တွင် ပဲခူး ဟံသာဝတီနန်းစံ ဘုရင်နောင်မင်းတရားကြီးကိုယ်တော်တိုင် ရွှေထီးတော် တင်လှူခဲ့ကြောင်း၊ ကောဇာသက္ကရာဇ် ၁၀၃၁ ခုနှစ်တွင် အင်းဝရွှေနန်းစံပြည်မင်း၊ ၁၀၄၀ ခုနှစ်တွင် အင်းဝဘုရင် မင်းရဲကျော်ထင်၊ ၁၀၆၂ ခုနှစ်တွင် အင်းဝဘုရင် စနေမင်းတို့ အသီးသီး ရွှေထီးတော်များတင်လှူခဲ့ကြောင်း သမိုင်းမှတ်တမ်းများ တွေ့ရှိရပါသည်။

ကောဇာသက္ကရာဇ် ၁၂၆၅ ခုနှစ်မှစ၍ ဂေါပကအဖွဲ့ ဖွဲ့စည်းပြီးလျှင် ကျိုက်ထီးရိုးစေတီတော်ကို ပြုပြင်မွမ်းမံလှူဒါန်းခဲ့ကြပါသည်။ ဒုတိယကမ္ဘာစစ် မတိုင်မီ ခရစ်နှစ် ၁၉၃၆ ခုနှစ်က စေတီတော်ကို အသစ်မွမ်းမံတည်ထား၍ ထီးတော်တင်လှူးခဲ့ကြပါသည်။ ယင်းကျိုက်ထီးရိုးစေတီတော်မြတ်အား ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် မွန်ပြည်နယ်သို့ ခရီးလှည့်လည်ရာ၌ တပည့်တော်သွားရောက်ကြည်ညို အနီးကပ်ဖူးမြော်ရာတွင် စေတီတော်အုတ် အင်္ဂတေများမှာ အက်ကြောင်းများတွေ့မြင်ရခြင်း၊ ရွှေထီးတော်၊ သံပေါင်များမှာ သံချေးစားဆွေးမြည့်နေသည်ကို တွေ့မြင်ခဲ့ရသဖြင့် ပြန်လည်ပြုပြင်မွမ်းမံရန် လိုအပ်ကြောင်းကို စေတီတော်ရှိ ဩဝါဒါစရိယ ဆရာတော်ကြီးများအား လျှောက်ထားခဲ့ပါသည်။

ထို့နောက်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှယ်နှင့် ပညာရှင် အင်ဂျင်နီယာကြီးများအား စေလွှတ်၍ လေ့လာစေခဲ့ရာ ထီးတော်သံပေါင် များ သံချေးစားဆွေးမြည့်နေခြင်းကို သံချေးမတက်နိုင်သည့် သံမဏိ (Stainless Steel) ဖြင့် အစားထိုးသင့်ကြောင်း၊ ပိန္နဲတိုင်မှာလည်း သစ်သားဖြင့် ပြုလုပ်ထား၍ နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်ပြီဖြစ်သောကြောင့် ဆွေးမြည့်နေ သည်ကို သံမဏိဖြင့် အစားထိုးသင့်ကြောင်း၊ အုတ်အင်္ဂတေများမှာလည်း ဆွေးမြည့် ကွဲအက်နေသဖြင့် သံမဏိ၊ သံချောင်း၊ သံဆန်ခါပတ်၍ အင်္ဂတေအသစ်

www.burmeseclassic.com



လောင်းသင့်ကြောင်း၊ ယခင်ကကပ်လှူထားသော သားရိုးခံ ရွှေသင်္ကန်းနှင့် ရွှေပြားခံ ရွှေပြားသင်္ကန်းများမှာ မညီမညာ ကွဲအက်ကွာဟနေ၍ ရွှေပြားသင်္ကန်းအသစ် ကပ်လှူသင့်ကြောင်း၊ ပညာရှင်များက အကြံပြုတင်ပြလာပါသည်။ ထိုတင်ပြချက်ကို နိုင်ငံတော်အကြီးအကဲထံ ဆက်လက်တင်ပြကာ ပြုပြင်မွမ်းမံမှုအတွက် ခွင့်ပြုချက် ရယူခဲ့ပါသည်။

ပညာရှင်အဖွဲ့၏တင်ပြချက်များအရ ပြန်လည်ပြုပြင်မွမ်းမံရာ၌ ဘုရားဟော ဒေသနာတော် ရေးရိုးစဉ်လာများနှင့်အညီ ဖြစ်စေရန် ဩဝါဒါစရိယ ဆရာတော်များအဖွဲ့၊ နာယကအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေး ကော်မတီ အစရှိသော ကော်မတီအရပ်ရပ်ကို (၁၁-၁-၂၀၀၁) ရက်စွဲပါစာဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဖွဲ့စည်းတာဝန်ခွဲဝေပေး၍ ရွှေထီးတော်အသစ် တင်လှူရေးနှင့် ရွှေစင်ရွှေပြား၊ ရွှေသင်္ကန်း ကပ်လှူရေးကို စနစ်တကျ စီမံဆောင်ရွက်ခဲ့ပါသည်။

ဂေါပကအဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီဝင်လူကြီးများ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ကျိုက်ထီးရိုးစေတီတော်မှ ခွာယူရရှိသော ရွှေသားရိုးဖပ်များနှင့် ရွှေပြားအဟောင်းများကို သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ်တွင် စနစ်တကျ ကျိုချက်သန့်စင်ဆောင်ရွက်ခဲ့ရာ ရွှေစင်ရွှေတုံး ၆၄ တုံး ရရှိခဲ့ပါသည်။

ယင်းရွှေစင်ရွှေတုံး ၆၄ တုံးကို ၂၆ ဂိတ်ထူသော ရွှေပြားများခတ်လုပ်ခဲ့ရာ ယင်းရွှေစင်ရွှေတုံးများဖြင့် မလုံလောက်သေးသဖြင့် ရွှေစင်ရွှေတုံးများကို အများ ပြည်သူ ပါဝင်လှူဒါန်းသော အလှူငွေဖြင့် ဝယ်ယူဖြည့်စွက် ဆောင်ရွက်ခဲ့ရပါ သည်။

ရွှေထီးတော်ကို သံချေးမတက်နိုင်သည့် သံမဏိ (Stainless Steel) ဖြင့် အောက်ခံပေါင်ခွေ အမာခံပြုလုပ်ထားပြီး ရွှေပြားဖြင့် ထပ်မံဖုံးအုပ်ထားရှိ မည်ဖြစ်၍ လိုအပ်သောရွှေများကို ကျိုက်ထီးဆောင်းဆရာတော်၏ တပည့် ဒါယကာ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါယိကာမများက စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် ထည့်ဝင်လှူဒါန်းကြသဖြင့် ရွှေထီးတော်အတွက် ရွှေစင်ရွှေတုံးများ အလုံအလောက် ရရှိခဲ့ပါသည်။

ရွှေထီးတော်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားဒေါင်းတော်ကို ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြီးကြပ်စီမံဆောင်ရွက်ခဲ့သဖြင့် ကြည်ညိုဖွယ်ရာ သပ္ပါယ်စွာ ဖြစ်ထွန်းလာခဲ့ပါသည်။ မူလစေတီ ဥဿတော် ၁၃ ပေ ၈ လက်မကို ပိုမိုခိုင်ခန့် တောင့်တင်းစေရန်နှင့် သပ္ပါယ်ကြည်ညိုဖွယ်ဖြစ်စေရန် သံကူကွန်ကရစ် ဖြင့်ငုံ၍ ဥဿတော် ၂၂ ပေ ၅ လက်မအထိ တိုးမြှင့်တည်ထား ပူဇော်ခဲ့ပါသည်။

စေတီတော်ကြီးတစ်ခုလုံး ပြုပြင်မွမ်းမံရန်အတွက် ငြမ်းဆင်ရာ၌လည်း ရှေးရိုးစဉ်လာ ဝါးငြမ်း၊ သစ်သားငြမ်းကို အသုံးမပြုဘဲ ခေတ်မီနည်းစနစ်ဖြင့် သံပိုက် လုံးများအသုံးပြုပြီး စေတီတော်နှင့် ကျောက်တုံးကြီးကို လုံးဝမထိဘဲ ငြမ်းဆင်ခဲ့ခြင်း ဖြစ်ရာ ယင်းသံပိုက်လုံးငြမ်းကို စေကမ္ဘာကုမ္ပဏီ ဒေါက်တာခင်ရွှေက လှူဒါန်း ခဲ့ပါသည်။

စေတီတော်ရင်ပြင်တော်ကိုလည်း မူလကျိုးပဲ့ကွဲအက်နေသော ကျောက်ပြား အဟောင်း၊ ကြွေပြားအဟောင်းတို့ကို ခွာထုတ်လျက် အများပြည်သူ အလှူငွေဖြင့် နှစ်ပေပတ်လည် ဂရင်းနိုက်ကျောက်ပြားအသစ် ချပ်ရေ ၂၀၀၀၀ အစားထိုးခင်း၍ လှူဒါန်းခဲ့ပါသည်။ လျှပ်စစ်မီးနှင့်ပတ်သက်၍လည်း ယခင်ရှိသော တတ်အားပေး စက်မှာ အင်အားသေးငယ်နေ၍ အများပြည်သူ အလှူငွေဖြင့်ပင် ၃၅၀ ကေဗွီရှိသော တတ်အားပေးစက်ကြီး တပ်ဆင်ပေးပြီး ဝါယာကြိုးများကိုလည်း မြေအောက် သွယ်တန်းသည့်စနစ်ဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

စေတီတော်နှင့် စေတီတော်ပတ်ဝန်းကျင်ကိုလည်း သပ္ပာယ်ကြည်ညိုဖွယ် ဆောင်နိုင်ရန် မီးအလှထွန်းညှိပေးခဲ့ပါသည်။ ခုနစ်မိုင်ရှည်သော တောင်တက် ကားလမ်းကိုလည်း ကွန်ကရစ်အပြည့်ခင်းခြင်း၊ ရေစီးမြောင်းဖောက်လုပ်ခြင်း ပြုလုပ် ခဲ့သည့်အပြင် ဘုရားရင်ပြင်တော်နှင့် ပတ်ဝန်းကျင်ကို ပန်းအလှပင်များ၊ အရိပ်ရပင်

www.burmeseclassic.com



များ စနစ်တကျ ကြည်နူးဖွယ်ရာ တင့်တယ်သပ္ပာယ်အောင် စိုက်ပျိုးဆောင်ရွက် ပူဇော်ရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။

ဤကဲ့သို့ သမိုင်းဝင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ရွှေထီးတော်အသစ် တင်လှူခြင်း၊ ရွှေစင်ရွှေပြား၊ ရွှေသားသင်္ကန်း ကပ်လှူခြင်း၊ လျှပ်စစ်မီးလှူဒါန်းခြင်း၊ ရင်ပြင်တော်ကျောက်ပြားအသစ်ခင်းခြင်း စသောဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ပူဇော်သည့် လုပ်ငန်းအရပ်ရပ်ကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဗုဒ္ဓဘာသာဝင် တိုင်းသူပြည်သားများ၏ သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းကြမှုတို့ကြောင့် အချိန်တိုကာလအတွင်း အလျင်အမြန် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာ လက်တွဲလျက် ပြုလုပ် ဆည်းပူးကြရသော သရဏဂုံ သုံးပါးနှင့်တကွ ကိုးပါးသီလဆောက်တည်ရသော သီလကုသိုလ်ကံ စေတနာ၊ သရီရ ဓာတ်တော်ဖြစ်သော ဆံတော်မြတ်အား ရည်စူး၍ စိန်ရွှေငွေ ကျောက်မျက်ရတနာစသော လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်း ကြရသော ဒါနကုသိုလ်ကံ စေတနာ၊ ဝတ္ထုဒါန၊ စေတနာဒါန၊ လုပ်အားဒါန၊ ဝေယျာဝစ္စဒါန စသည့် ကုသိုလ်ကံစေတနာ အစုစုတို့ကြောင့် ကုသိုလ်ပါဝင်လှူဒါန်း ကြသည့် ပုဂ္ဂိုလ်အားလုံး နိဗ္ဗာန်မဂ်ဖိုလ်ကို လျှင်မြန်စွာထုတ်ချောက် ရောက်ကြပါစေ ကြောင်း ဆုတောင်းမေတ္တာပို့သပါသည်ဟု လျှောက်ထားခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော် ကြီးအား ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်း ဘာသာ သာသနာအတွက် လည်း မလစ်ဟင်းအောင် ဆောင်ရွက်မှုသည် ဂုဏ်ယူဖွယ် ဖြစ်ပါသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးတောင်ပေါ်သို့ ရောက်ရှိလာသူများသည် ကံသုံးပါး ဖြင့် ပူဇော်ကြသကဲ့သို့ ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းနှင့် ရွှေငွေကျောက်သံပတ္တမြား လှူဒါန်းခြင်းဖြင့်လည်း ပူဇော်နေကြသည်ကို နေ့ရှိမလပ် တွေ့နေရပါသည်။

www.burmeseclassic.com

## တရွာ့အံ့ဖွယ်စာရင်းဆင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

ရင်ပြင်တော်သို့ ရောက်ရှိနေသော PMG ကုမ္ပဏီမှ ဒါရိုက်တာ အဖွဲ့ဝင် ဦးစန်းနိုင်၊ ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းထွန်း၊ စက်ရုံမှူး ဦးရဲဦးတင်၊ စာရင်းစစ်ချုပ် ဦးစိန်မြင့်၊ လုပ်ငန်းမန်နေဂျာ ဦးမျိုးညွန့်တို့ ဦးဆောင်သော PMG ဝန်ထမ်း ၂၅၀ ဦးနှင့် ဘုရားဖူးမိတ်ဆွေများသည် ရဟန်း ၁၅ ပါး ရဟန်းခံပွဲ ကျင်းပပြီး သိမ်ဆင်းလောင်းလှူနေကြသည်မှာ သာဓုခေါ်မဆုံး ဖြစ်ရပါသည်။ စည်ကားလွန်း လှသော သိမ်ဆင်းလောင်းလှူပွဲကြီးတစ်ခုပင် ဖြစ်ပါသည်။

မည်သည့်ကိစ္စမဆို " ဆွမ်းဆန်ထဲ ကြွက်ချေးရော " တတ်သည့် ကိစ္စများ ကတော့ ရှိတတ်ပါသည်။ စာရေးသူအနေနှင့် ဤတောင်တော်ပေါ်သို့ ၁၉၆၅ ခုနှစ် မှ ယနေ့အထိ အကြိမ်တစ်ရာမက ရောက်ဖူးသူဖြစ်ပါသည်။

၁၉၆၅ ခုနှစ် ရောက်ဖူးစဉ်ကတည်းက ကင်ပွန်းစခန်းမှ စတက်စဉ်ကပင် ကိုယ်နှုတ်အမူအရာ မကြမ်းရပါ။ လောကနီတိအဆိုအမိန့်တွင် နှုတ်ကြမ်းလျှင် အမိယုတ်ဟု သတ်မှတ်ကြပြီး ကိုယ်အမူအရာကြမ်းတမ်းလျှင် အဖယုတ်သည်ဟု အဆိုရှိသည်မို့ မြန်မာလူမျိုးမှန်လျှင် အမျိုးစစ်လျှင် ကိုယ်နှုတ်အမူအရာ ယဉ်ကျေးမြဲ ဖြစ်ပါသည်။

ယနေ့ ဆံတော်ရှင်ကျိုက်ထီးရိုးရင်ပြင်တော်ပေါ်တွင် သရုပ်ပျက်ဝတ်စား ဆင်ယင်မှု ရှောင်ကျဉ်ပါ၊ ဘောင်းဘီမဝတ်ရ၊ ရှေ့ကွဲ၊ နောက်ကွဲ၊ ဘေးကွဲမဝတ်ရ စသည်ဖြင့် ညွှန်ကြားချက်များ စိုက်ထူထားသော်လည်း မနာခံသူများကြောင့် သာသနာ့မြေအား အကျည်းတန်စေပေသည်။

ဗုဒ္ဓဘာသာဝင်များ ကြည်ကြည်နူးနူး ဖူးမြော်နိုင်စေရန်အတွက် မြန်မာ့ ယဉ်ကျေးမှုကင်းမဲ့ပြီး သာသနာ့မြေအကျည်းတန်အောင် ပြုမူဝတ်စားဆင်ယင် နေသူများအား ထိထိရောက်ရောက် ဟန့်တားပညာပေးသင့်ကြောင်း စေတနာ ရှေ့ထား၍ ရေးသားဖော်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

၁၁-၁၀-၂၀၀၁ ရက်နေ့တွင်ဖွဲ့စည်းသည့်

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့


ဂေါပကအဖွဲ့

| | |
|---|---|
| ၁။ ဦးမောင်မောင်စု | ဥက္ကဋ္ဌ |
| ၂။ ဦးဇကျော်ရင် | အတွင်းရေးမှူး |
| ၃။ ဦးတင်ညွှန့် (၁) | အဖွဲ့ဝင် |
| ၄။ ဦးတင်ညွှန့် (၂) | အဖွဲ့ဝင် |
| ၅။ ဦးတင်အေး | အဖွဲ့ဝင် |
| ၆။ ဦးငွေကြွယ် | အဖွဲ့ဝင် |
| ၇။ ဦးငွေဝင်း | အဖွဲ့ဝင် |
| ၈။ ဦးဉာဏ်ထွန်း | အဖွဲ့ဝင် |
| ၉။ ဦးကျော်မြင့် | အဖွဲ့ဝင် |
| ၁၀။ ဦးမျိုးမြင့် (မ,ယ,က) ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၁၁။ ဦးတင်အောင် | အဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com

# ကျိုက်ထီးရိုးစေတီတော်
# မြန်မာ့ဗိသုကာလက်ရာများ





www.burmeseclassic.com

www.burmeseclassic.com


# ကျိုက်ထီးရိုးစေတီတော်

# မြန်မာ့ဗိသုကာလက်ရာများ




www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ကျိုက်ထီးရိုးစေတီတော်တွင် ထီးတော်သစ်မတင်မီ တပ်ဆင်ပူဇော်ထားသော ထီးတော်အဟောင်းပုံစံ



မြန်မာ့သဓဘိဝတျင်းလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



KYIEK HTEE YOE ZEDI

PERSPECTIVE VIEW 1


MEASURED DATE: 1 NOVEMBER 2000

ရွှေထီးတော်တင်လှူပူဇော်ရန်
ငြမ်းဆင်ပုံ

www.burmeseclassic.com

www.burmeseclassic.com

# သဘာဝဗိသုကာလက်ရာများ




www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဗိသုကာလက်ရာများ



ဆံတော်ရှင်ရွှေတိဂုံဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌထံမှ
လှူဒါန်းတော်မူကြသည့်ပြည်ထောင်စုနိုင်ငံတော်ဆုငွေ (၄၀၀၀၀၀/-) ကျပ်ကို
သမိုင်းဝင်စာချုပ် (၁၀၀၀) ဖြင့် လက်ခံရယူစဉ်

www.burmeseclassic.com

www.burmeseclassic.com

## ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးနှင့် ကျောက်လုံးတော် ကြီးအားအင်ဂျင်နီယာနည်းပညာရှုဒေါင့်မှ ဆန်းစစ် လေ့လာခြင်း

### နိဒါန်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၏တာဝန်ပေးအပ်ချက်အရ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံမှုများ ပြုလုပ်ရာတွင် လုပ်ငန်းအစိတ်အပိုင်းတစ်ရပ်အဖြစ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် မြတ်ကြီးနှင့် ကျောက်လုံးတော်ကြီးအား အင်ဂျင်နီယာ နည်းပညာရှုဒေါင့်မှ စူးစမ်းလေ့လာရေးအတွက် ဒုတိယဝန်ကြီး ပါမောက္ခဦးညီလှငယ် နာယကအဖြစ်ဆောင်ရွက်သော အောက်ပါပညာရှင်များ ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

| | | |
|---|---|---|
| (က) ဦးစန်းကြူ | ကထိက | မြို့ပြ အင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာ တက္ကသိုလ် |
| (ခ) ဦးစိုးပိုင် | ဦးစီးအရာရှိ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန |
| (ဂ) ဦးစောထွေးဇော် | Chief Engineer | Concordia International Limited |
| (ဃ) ဦးမျိုးညွန့် | Chief Surveyor | Concordia International Limited |
| (င) ဦးမျိုးမင်းမင်းလွင် | Surveyor | Concordia International Limited |
| (စ) ဦးတင်အောင်စိုး | အင်ဂျင်နီယာ | ရန်ကုန်နည်းပညာတက္ကသိုလ် |
| (ဆ) ဦးကျော်ကျော်ခိုင် | အင်ဂျင်နီယာ | ရန်ကုန်နည်းပညာတက္ကသိုလ် |
| (ဇ) ဦးသန်းစိုး | အင်ဂျင်နီယာ | ရန်ကုန်နည်းပညာတက္ကသိုလ် |

### လေ့လာတိုင်းတာခြင်း

၂။ အထက်ဖော်ပြပါအဖွဲ့သည် ၂၅–၁–၂၀၀၁ မှ ၂၈–၁–၂၀၀၁ အထိလေးရက် တိုင်တိုင် စူးစမ်းလေ့လာတိုင်းတာမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းသို့လေ့လာ

www.burmeseclassic.com

www.burmeseclassic.com

တိုင်းထွာနေစဉ် ၂၇-၂-၂၀၀၁ နေ့တွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဦးညီလှငယ်တို့ ရောက်ရှိလာပြီး လိုအပ်သည့် အကြံဉာဏ်နှင့် လမ်းညွှန်မှုများပေးပြီး တိုင်းထွာမှုများကို ဆက်လက်ပြုလုပ်ခဲ့ကြပါသည်။

၃။ စူးစမ်းလေ့လာတိုင်းထွာမှုများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနပိုင် Topcon Pulse Total Station GPE 1002 နှင့် Concordia International limited ပိုင် Topcon Auto Level ATG 3 တို့ကို အသုံးပြု၍ လေ့လာတိုင်းထွာခဲ့ပါသည်။ လေ့လာတိုင်းထွာ၍ ရရှိသည့် အချက်အလက်များကို Computer Program များဖြစ်သည့် Civil CAD Software (Version 5.5) နှင့် Auto CAD Software (Version 2000) တို့ကို အသုံးပြု၍ပုံထုတ်ခြင်း တွက်ချက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

ပုံဆွဲခြင်းနှင့်တွက်ချက်ခြင်း

၄။ အောက်ဖော်ပြပါ အချက်အလက်များကို အနီးစပ်ဆုံး မှန်ကန်မှုရရှိအောင် စူးစမ်းလေ့လာ တွက်ချက်ခဲ့ပါသည်။

(က) ကျောက်လုံးတော်ကြီးကို ရှုဒေါင့်အမျိုးမျိုးမှ မြင်ရသည့် အသေးစိတ်ပုံစံနှင့် အတိုင်းအထွာများ

(ခ) ကျောက်လုံးတော်ကြီး၏ ထုထည်

(ဂ) ကျောက်လုံးတော်ကြီး၏ ကျောက်အမျိုးအစားနှင့် တစ်ယူနစ်အလေးချိန် (Unit Weight)

(ဃ) ကျောက်လုံးတော်ကြီး၏ စုစုပေါင်းအလေးချိန်

(င) ကျောက်လုံးတော်ကြီး၏ အလေးချိန်ဗဟိုချက် (Centroid) နှင့် သက်ရောက်သောနေရာ

(စ) ကျောက်လုံးတော်ကြီးနှင့်အောက်ခံကျောက်ဖျာကြီး၏ ထိစပ်မှုအနေအထားနှင့် ထိစပ်နေသည့် အတိုင်းအတာများ

www.burmeseclassic.com

www.burmeseclassic.com

(ဆ) ကျောက်လုံးတော်ကြီးနှင့် အောက်ခံကျောက်တုံးကြီး၏ ထိစပ်နေသည့် ဧရိယာ

(ဇ) ကျောက်လုံးတော်ကြီးနှင့် အောက်ခံကျောက်တုံးကြီး၏ ထိစပ်နေသည့် ဧရိယာ၏ဗဟိုချက် (Area Centroid)

(ဈ) ကျောက်လုံးတော်ကြီး အပေါ်ရှိ ပြုပြင်ပြီးစေတီတော်၏ အသေးစိတ်ပုံစံနှင့် အတိုင်းအတာများ

(ည) ကျောက်လုံးတော်ကြီး အပေါ်ရှိ ပြုပြင်ပြီးစေတီတော်၏ ထုထည်

(ဋ) ကျောက်လုံးတော်ကြီး အပေါ်ရှိ ပြုပြင်ပြီးစေတီတော်၏ စုစုပေါင်း အလေးချိန်

(ဌ) ကျောက်လုံးတော်ကြီး အပေါ်ရှိ ပြုပြင်ပြီးစေတီတော်၏ အလေးချိန်ဗဟိုချက် (Centroid) နှင့် သက်ရောက်သောနေရာ

(ဍ) ကျောက်လုံးတော်ကြီးနှင့် စေတီတော်နှစ်ခုပေါင်း၏ အလေးချိန်ဗဟိုချက် (Centroid) နှင့် သက်ရောက်သောနေရာ

(ဎ) ကျောက်လုံးတော်ကြီး၏ လက်ရှိတည်ငြိမ်နေသည့် အနေအထားကို ပျက်ပြားစေရန် အလေးချိန်ဗဟိုချက်၌ သက်ရောက်ရန်လိုအပ်သော ဘေးတိုက်အား (Lateral Force)



www.burmeseclassic.com

www.burmeseclassic.com



၅။ စူးစမ်းလေ့လာတိုင်းတာ တွက်ချက်မှုများမှရရှိသည့် ရလဒ်အချို့ကို အောက်တွင်ဇယားဖြင့်ဖော်ပြထားပါသည်။

| ကျောက်လုံးတော် | ကျောက်အမျိုးအစား | ဂရင်းနိုက် |
|---|---|---|
| | တစ်ယူနစ်အလေးချိန် (Unit Weight) | 2.5 Ton/$m^3$ (156 pcf) |
| | ထုထည် | 244.58$m^3$ (8636 cft) |
| | အလေးချိန် | 611.45 Ton |
| | အလေးချိန်ဗဟိုချက်(Centroid) နေရာ (x, y, z) (အောက်ခံကျောက်တုံးနှင့် ထိစပ်နေသော ဧရိယာ၏ ဗဟိုချက် Area Centriod ကို Origin အဖြစ်ယူထားသည်။) | 0.14m, 0.13m,4.00m (5.5", 5.1",13'1.5") |
| | အမြင့် (အနိမ့်ဆုံးနေရာမှ အမြင့်ဆုံးနေရာထိ) | 8.15m (26'-9") |
| | ကျောက်လုံးတော်ကြီး၏ အောက်ခံကျောက်တုံးကြီးနှင့် ထိစပ်နေသော ဧရိယာ | 0.714 $m^3$(7.69 sp.ft) |
| | အောက်ခံကျောက်တုံးကြီးနှင့် ထိစပ်နေသောဧရိယာ၏ ချောက်ဘက်ရှိ လည်ပတ်ဝင်ရိုး (Axis of Rotation) မှ ကျောက်လုံးတော်ချောက်ဖက်သို့ စွန်းထွက်နေသော အများဆုံးအကွာအဝေး | 3.136m (10'-3") |

www.burmeseclassic.com

www.burmeseclassic.com

တမ္ဘူဘုရားခံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

| | | |
|---|---|---|
| ပွဲပြင်ပြီးစေတီတော် | အမျိုးအစား (ကျောက်လုံးတော်ကြီးမှ ခေါင်းလောင်းတော်ထိပ်အထိအတွင်းပိုင်းကို ယခင်အတိုင်ထား၍ အပြင်မှ စေတီတော်ပုသဏ္ဌာန် အသစ်ဖော်သည်၊ ပလာစတာကိုင်သည်) | အတွင်း (ယခင်ကထုံးမဆလာဖြင့် အုတ်စီထားသည်။) အပြင် (ယခုဘိလပ်မြေမဆလာဖြင့် ပုံဖော်ပြီး ပလာစတာချောသည်) |
| | အမျိုးအစား (ခေါင်းလောင်းတော်ထိပ်မှ ငှက်ပျောဖူးတော်ထိပ်အထိ အသစ်တည်ဆောက်သည်) | အတွင်း (ဒွာပနာတိုက်လုပ်ထားသည်) အပြင် (Ferrocement စနစ်ဖြင့် တည်ဆောက်ထားသည်) |
| | အလေးချိန် | 19.45 Ton |
| | အလေးချိန်ဗဟိုချက်(Centroid) နေရာ (x, y, z) | 0.55m×0.12m×8.70m (1'9.4"×4.7"×28'6.5") |
| | အမြင့်(ထီးတော်မပါ ငှက်ပျောဖူးတော်ထိပ်အထိ ကျောက်လုံးတော်ကြီးပေါ် ရှိစေတီခြေရင်း၏ အမြင့်ဆုံးနေရာမှတိုင်းသည်။) | 3.11m (10'-2.5") |
| ကျောက်လုံးတော်နှင့်ပွဲပြင်ပြီးစေတီတော် နှစ်ရပ်ပေါင်း | အလေးချိန် | 630.90 Ton |
| | အလေးချိန်ဗဟိုချက်(Centroid) နေရာ (x, y, z) | 0.155m×0.129m ×4.172m (6.1"×5.1"×13'8.3") |

၆။ ပုံများနှင့် အသေးစိတ်တွက်ချက်မှုများ (Calculations) ကို နောက်ဆက်တွဲများဖြင့် ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



<u>သုံးသပ်ချက်များ</u>

၇။ ဤလေ့လာဆန်းစစ်ချက်များမှ အောက်ပါတို့ကို သုံးသပ်နိုင်ပါသည်။

(က) ကျောက်လုံးတော်ကြီး တည်ငြိမ်နေခြင်းမှာ ကျောက်လုံးတော်ကြီးနှင့် စေတီတော်၏နှစ်ရပ်ပေါင်း အလေးချိန်ဗဟိုချက်သည် အောက်ခြေရှိ ထိစပ်နေသော ဧရိယာ (Contact Area) အတွင်းကျရောက်နေပြီး လည်ပတ်ဝင်ရိုး (Axis of Rotation) ၏အတွင်းဘက်တွင်လည်း ကျရောက် နေခြင်းကြောင့် ဖြစ်သည်။အဆိုပါဝင်ရိုး၏ အပြင်ဘက် (ချောက်ဘက်) တွင် ကျရောက်နေပါက တည်ငြိမ်နိုင်မည် မဟုတ်ပေ။

(ခ) ထိစပ်နေသောဧရိယာ (Contact Area) သည် ကျောက်လုံးတော်ကြီး အပေါ်စီးကြည့်ဧရိယာ (Plan Area) ၏ (1.4) ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရသည်။ အလွန်သေးငယ်သော ဧရိယာပေါ်တွင် တည်ငြိမ်စွာ တင် နေခြင်းဖြစ်ပါသည်။

(ဂ) ဘေးတိုက်အင်အား (Lateral Force) (46.6 ton) ဖြင့် နှစ်ရပ်ပေါင်း အလေးချိန်ဗဟိုချက် (Centroid of Rock and Stupa) နေရာတည့်တည့် မှ ချောက်ဘက်သို့ တွန်းပါက ကျောက်လုံးတော်ကြီး၏ တည်ငြိမ်မှုပျက် ပြားသွားနိုင်စရာရှိကြောင်းတွေ့ရှိရပါသည်။ အဆိုပါအင်အားသည် ကျောက်လုံးတော်ကြီးနှင့် စေတီတော်နှစ်ရပ်စုစုပေါင်းအလေးချိန်၏ (7.4) ရာခိုင်နှုန်းမျှသာဖြစ်သော်လည်း လေပြင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော ဘေးတိုက်အင်အားသည် (6.5 ton) ထက်မပို ကြောင်းတွေ့ရပါသည်။ ထို့ကြောင့်လေပြင်းဒဏ်ကို စိုးရိမ်စရာမရှိဘဲ မကြုံစဖူး အလွန်ကြီးမားသောလျှင်နှင့် အောက်ခြေတိုက်စားခြင်း (Erosion) အောက်ခြေပွန်းပဲ့ခြင်းတို့ကိုသာစိုးရိမ်စရာရှိပါသည်။

(ဃ) ကျောက်လုံးတော်ကြီး၏အလေးချိန်မှာ (611.45 ton) ဖြစ်ပြီး စေတီတော် ၏အလေးချိန်မှာ (19.45 ton) သာဖြစ်သဖြင့် စေတီတော်၏အလေး

www.burmeseclassic.com

www.burmeseclassic.com



ချိန်သည် နှစ်ရပ်စုစုပေါင်းအလေးချိန်၏ (3.1) ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် စေတီတော်၏ အလေးချိန်သည် စံနစ်တစ်ခုလုံး၏ တည်ငြိမ်မှုကို အနည်းငယ်သာထိခိုက်စေနိုင်ပါသည်။

(c) စေတီတော်၏ အလေးချိန်ဗဟိုချက်(Centroid) သည်ကျောက်လုံးတော်အောက်ခြေရှိထိစပ်နေသော ဧရိယာ (Contact Area) ၏ လည်ပတ်ဝင်ရိုး (Axis of Rotation) အပြင်ဘက် (ချောက်ဘက်) တွင်မသက်ရောက်ဘဲ ဝင်ရိုး၏အတွင်းဘက်တွင်သာ သက်ရောက်သဖြင့်စေတီတော်ကြီး၏ အလေးချိန်များလာခြင်းသည် ကျောက်လုံးတော်ကြီး၏ တည်ငြိမ်မှုကို Under Gravity Load Condition တွင် အနှောက်အယှက် မဖြစ်စေကြောင်း တွေ့ရသည်။ သို့ရာတွင် နှစ်ရပ်ပေါင်း အလေးချိန်ဗဟိုချက် (Centroid of Rock and Stupa)သည် ကျောက်လုံးတော်ကြီးတစ်ခုတည်း၏ အလေးချိန်ဗဟိုချက် (Centroid of Rock) ၏ အပေါ်ဘက် (1'-0.1")ခန့်တွင်တည်ရှိသည်ဖြစ်ရာ တည်ငြိမ်မှုကိုပျက်ပြားစေရန်လိုအပ်သောဘေးတိုက်အင်အား (Lateral Force)မှာ စေတီတော်ကြီးအပါအဝင်နှစ်ရပ်ပေါင်းအတွက် အပိုဒ် (ဂ) တွင်ဖော်ပြထားသကဲ့သို့ (46.6 ton) ဖြစ်သော်လည်း စေတီတော်ကြီးမပါဘဲ ကျောက်လုံးတော်ကြီးတစ်ခုတည်းအတွက်မှု (47.09 ton) အားဖြစ်သည်ကို တွေ့ရပါသည်။ ထို့ကြောင့် Under Gravity and Lateral Load Condition တွင် စေတီတော်အလေးချိန်ပိုလာခြင်းဖြင့် တည်ငြိမ်မှုကိုအနည်းငယ်လျော့နည်းစေနိုင်ကြောင်း တွေ့ရှိရပါသည်။ သို့သော် အလွန်နည်းသော ပမာဏသာဖြစ်ပါသည်။

(စ) ဤသို့ပွဲနည်းကျ လေ့လာချက်ဖြင့် ကျောက်လုံးတော်ကြီးနှင့် စေတီတော်တို့၏ တည်ငြိမ်နေရခြင်းအကြောင်းရင်းကို အနီးစပ်ဆုံးရှင်းလင်းပြနိုင်ကြောင်းတွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နိဂုံး

၈။ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်တည်ထားသော အလွန်ထူးခြားအံ့ဩဖွယ်ဖြစ်တည်လျက်ရှိသည့် ဧည်မျှကြီးမားသော ကျောက်လုံးတော်ကြီး၏ တည်ငြိမ်နေရခြင်းအကြောင်းအရင်းများကို ခေတ်မီကိရိယာများ အသုံးပြု၍ အင်ဂျင်နီယာနည်းပညာရှုထောင့်မှ လေ့လာစူးစမ်းတွက်ချက်တင်ပြခြင်းဖြစ်ပါသည်။ ကျောက်လုံးတော်ကြီးတည်ငြိမ်နေရခြင်းအကြောင်းအရင်းကို သိပ္ပံနည်းကျကျအနီးစပ်ဆုံး ရှင်းလင်းဖော်ပြနိုင်ပြီဖြစ်ပါသည်။ သို့သော်အဘယ်ကြောင့်ဤကဲ့သို့ ထူးဆန်းစွာဖြစ်တည်နေသည်ဆိုသည်ကိုမူ ဤလေ့လာချက်မှ ရှင်းပြနိုင်ခြင်းမရှိပါ။ အံ့ဩဖွယ်ရာတစ်ရပ်အဖြစ် အစဉ်အမြဲတည်ရှိနေမည်သာ ဖြစ်ပါသည်။

## ကျိုက်ထီးရိုးစေတီတော် ပြင်ဆင်ရေး ပဏာမစူးစမ်း လေ့လာ ရေးရှိချက်ပြုပြင်မွမ်းမံရေးလုပ်ငန်းအခင်းပြချက်

ရန်ကုန်မြို့မှ ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာ (၃၁) ရက်နေ့ နံနက် (၇) နာရီတွင်ထွက်ခွာပြီး ကျိုက်ထီးဆောင်းဆရာတော်ထံသို့ နေ့လယ် ၁၁း၂၀ နာရီတွင် ရောက်ရှိခဲ့ပါသည်။

ကျိုက်ထီးဆောင်းဆရာကြီးမှပြုပြင်မှုနှင့် ပတ်သက်၍ဩဝါဒများပြောကြားခဲ့ပါသည်။

ပြန်လည်ပြုပြင်မည့်-ထီးတော်ကိုအောက်ဆုံးဘုံဆင့်တွင် မွန်ထီးပုံစံ၊ ဒုတိယဘုံဆင့်တွင်ရှမ်းထီးပုံစံ၊ တတိယဘုံဆင့်တွင်မြန်မာထီးပုံစံများဖြင့် အဆင့်ဆင့်တည်ဆောက်သွားရန် ငှက်မြတ်နားတော်ကို မြန်မာခေါင်းကနေပုံ၊ ဟင်္သာငှက်၊ ကရဝိတ်ငှက်နှင့် ဓာမဏီငှက်များပါဝင်ပြီးပြုလုပ်သွားရန်။

မြတ်စွာဘုရားဒေသစာရီကြွနေပုံ၊ မတ်ရပ်၊ ထိပ်ကျောက်စိမ်းပေါ် တွင်ရပ်နေသည့် ပုံထားရှိရန်။ မျက်နှာများတွင် ထိုင်တော်မူဘုရားဆင်းတုတော် (၄) ဆူ ရန်။

www.burmeseclassic.com

www.burmeseclassic.com

တန်ခူးအံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

ထီးတော်အဆင့်တွင် အောက်ဆုံးအဆင့် မွှန်ထီးတော်မှာ ဇာတ်ကြီးဆယ်ဘွဲ့ဖြင့် ပုံဖော်ထားရန်။ မွှန်ထီးတော်အောက်ခြေမှာ ဟင်္သာခြေဆင်းနှင့် ကနုတ်ပန်းတပ်ဆပ်ရန်။

ထီးတော်ဒုတိယအဆင့် ရှမ်းထီးတွင် သတ္တဌာနရုပ်လုံးဖော်ရန်၊ မြန်မာ့ထီးတွင် ဘဒ္ဒကမ္ဘာ့၏ ဘုရားငါးဆူပုံဖော်ပြုလုပ်ပူဇော်ရန်၊ မြန်မာထီးတော်အောက်ဆုံးဘုံအဆင့်တွင် ပြည်သူအများမှ လှူဒါန်းသည့်ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများဌာပနာရန်အတွက် ရတနာကြုတ်ပြုလုပ်တပ်ဆင်ပေးရန်။

ထီးတော်ကို Stainless Steel ကြေး၊ ငွေ၊ ရွှေ၊ သတ္တုများ လေးမျိုးဖြင့်သာ ပြုလုပ်တပ်ဆင်ရန်၊ Frame ကို Stainless Steel ဖြင့်သာပြုလုပ်ရန် တင်ပြခဲ့ပါသည်။ ထီးတော်တွင်ကြေးပြားအောက်ခံအဖြစ်ထားရှိခြင်းမပြုဘဲ ရွှေသားအတိဖြင့် မြန်မာမှုလုပ်ငန်းများကို ပြုလုပ်သွားရန်။

ခေါင်းလောင်းပဒေသာတွင် မြန်မာခေါင်းလောင်းသာမက ကရင်ရိုးရာဖားစည်ပုံခေါင်းလောင်းကို ရွှေသားအတိဖြင့်ပြုလုပ်ပြီးချိတ်ဆွဲရန်၊ (ကရင်–မြန်မာ ပိုမိုချစ်ကြည်မှုရရှိစေရန်ရည်ရွယ်သည်)ဟု ကျိုက်ထီးဆောင်းဆရာတော်မှ သြဝါဒစကားချီးမြှင့်ပါသည်။

လက်ရှိထီးတော်သည် လွန်ခဲ့သည့်နှစ်ပေါင်း (၃၀) ခန့်ကသံ Frame ပေါ်တွင်ငွေဖြင့်တည်ဆောက်ထားသောထီးတော်ဖြစ်ပါသည်၊ အရွယ်အစား ပမာဏမှာ ၁၅ " ရှိကြောင်းနှင့် ထီးတော်ကြီးကို အခိုင်အခန့်ဆုံးဖြစ်စေရန်၊ ပြည်သူအများကြည်ညိုဖွယ်ဖြစ်စေရန် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားရန် သြဝါဒစကားချီးမြှင့်ပါသည်။

ကျိုက်ထီးရိုးဆီးတော်ကို သာသနာ နှစ်တစ်ဝက်ကျော်မှ ထီးတော်ကို လဲလှယ်ရန် ရှေးက ဗျာဒိတ်ပေးထားခဲ့သည့်အတွက် သာသနာသက္ကရာဇ် ၂၅၄၄ ခုနှစ် ရောက်သည့်အတွက် ယခုကဲ့သို့ ထီးတော်အသစ်လဲလှယ်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ထီးတော်အသစ်ကို အချိန်ကာလအားဖြင့် လုပ်ငန်းဆောင်ရွက်ရန် (၂)လခန့်ရှိမည်ဟု ခန့်မှန်းပါသည်။

www.burmeseclassic.com



သက္ကရာဇ် ၂၀၀၁ခုနှစ်၊ ဇန်နဝါရီလ (၁)ရက် သို့မဟုတ် တပေါင်းလပြည့်နေ့တွင် ထီးတော်ကို တင်ရန်ဖြစ်ကြောင်း၊ သို့ပေမယ့် အကြီးအကဲများ၏ အားလပ်သည့် အချိန်နှင့် ချိန်ကိုက်၍ လုပ်ရမည်ဖြစ်ကြောင်း ဩဝါဒစကားချီးမြှင့်ပါသည်။

လက်ရှိကျိုက်ထီးရိုးစေတီ၏ ထီးတော်ဟောင်းကို ထီးတော်စေတီ တည်ရန် လိုအပ်ကြောင်း၊ ထီးတော်ဟောင်းကို ကျိုက်ထီးရိုးဘက်ထွက်နေသည့် ကျောက်နှစ်ဖက်မှာ တစ်နေရာ၊ နောက်တစ်နေရာမှ သိမ္ဘောဝနတ်ကွန်းပေါ်မှာ ကျောက်ပြား လောင်းထားသည့်ပေါ်တွင်တည်ရန်ဖြစ်သည်။ နတ်တောင်ပေါ်တွင် တံခွန်တိုင်ပြန်လည်၍ အသစ်ပြုလုပ်ရမည်ဖြစ်ကြောင်း လက်ရှိတံခွန်တိုင်ကို ကမ္ဘာလုံးခံ၍ အပေါ်တွင်နဂိုမူလ ဟသ်ာရုပ်ကို ပြန်လည်၍ တပ်ဆင်ရမည် ဖြစ်ကြောင်း ဩဝါဒစကားချီးမြှင့်ပါသည်။

၁–၁၁–၂၀၀၀ပြည့်နှစ် နံနက် ၇း၀၀နာရီခန့်တွင် ကျိုက်ထီးရိုးစေတီပေါ်သို့ တက်ရောက်ကာ အတိုင်းအကာ တိုင်းတာခြင်း၊ လက်ရှိစေတီတော် ကိုယ်ထည်ပိုင်း၊ ငှက်ပျောဖူးတော်၊ ထီးတော်ဘုံအဆင့်ဆင့်၊ ပန်းလည်တိုင်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ ဆိုင်းကြိုးများကို တစ်ခုချင်း လိုက်လံစစ်ဆေးခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိခဲ့ရပါသည်။

စေတီတော်ကိုယ်ထည်ပိုင်းရှိ ခေါင်းလောင်း၊ ဖောင်းရစ်၊ ငှက်ပျောဖူး၊ ကြာမှောက်၊ ကြာလှန် စေတီအပေါ်တွင် တည်ဆောက်ထားသော ရွှေပြား၊ ကြေး Frame၊ ၎င်း၏အောက်မှ ကြေးပြား၊ ရွှေသရိုး၊ သစ်စေးသရိုး၊ ၎င်းအောက်မှ အင်္ဂတေသားများကို အဆင့်ဆင့်လိုအပ်သလို ခွါ၍ စစ်ဆေးခဲ့ရာ အောက်ဆုံး အင်္ဂတေမှာ အခြေအနေကောင်းမွန်ကြောင်းတွေ့ရှိခဲ့ရပါသည်။

၎င်းအပေါ်တွင်ရှိ နဂိုမူလ သစ်စေးသရိုးနှင့် ရွှေချထားသည့် နေရာများမှာ ရေဝင်၍ အတွင်းပိုင်းတွင် ခပ်ပွပွဖြစ်နေကြောင်းတွေ့ရှိရပါသည်။ ၎င်းအပေါ်တွင် အုပ်ထားသော ကြေးပြားများ ပျက်စီးခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ၁၉၇၈ခုနှစ်ခန့်ကကြေး Frame များထပ်မံပြုလုပ်ပြီး ၎င်းအပေါ်တွင် ရွှေတိဂုံစေတီကဲ့သို့ ၆ လက်မ ပတ်လည် တစ်ကျပ်သား ရွှေပြားများဖြင့် ထပ်မံ၍ ကပ်ပြီး စေတီပုံဖော်ထား

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အောက်ခံကြေးပြား Frame တည်ဆောက်မှုမှာ နဂိုမူလ စေတီတစ်ခုလုံးကို အောက်ခံကြေးပြားအုပ်ထားသကဲ့သို့ စေတီပုံတော်ပီပြင်အောင် ပြုလုပ်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် စေတီတော်၏ ဖောင်းရစ်နှင့် ခေါင်းလောင်းများမှာ ယခုအခါ ကြည့်ညိုဖွယ်ရာ ပုံတော်ပီပြင်မှု မရှိဖြစ်နေပါသည်။ စေတီ၏ ပုံတော်အားပီပြင်စွာ အောက်ခံကြေး Frame များကို ကျွမ်းကျင်သည့် ပန်းတဉ်းပညာရှင်များဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီး ရွှေပြားများကိုလည်း သင့်တော်သော အရွယ်အစားများဖြင့် ပြန်လည်ပြုပြင်ရန်လိုအပ်ပါသည်။ ထိုနည်းတူစွာ ငှက်ပျောဖူးတော်နှင့်ကြာမှောက်ကြာလှန်များကိုလည်း ပြန်လည်ပြုပြင်မွမ်းမံရန် လိုအပ်ပါသည်။ ထီးတော်ကို ကျိုက်ထီးဆောင်းဆရာတော်၏ ဩဝါဒအတိုင်း နဂိုမူလအမြင့်အတိုင်း အောက်ဆင့်တွင် မွန်ထီး၊ အလယ်ဆင့်တွင် ရှမ်းထီး၊ အပေါ်တွင် မြန်မာထီးဘုံ(၇) ဆင့်ဖြင့် ၎င်းအထက်မှ ဆပ်သွားဖူး၊ ဗွန်လေးဘုံ၊ ငှက်လေးမျိုး ပါဝင်သည့် ငှက်မြတ်နားတော်၊ ခေါင်းလောင်းပဒေသာ၊ စိန်ဖူးတော်တို့၏ အောက်ခံအမာခံများကို Stainless Steel ဖြင့် ပြုလုပ်ပြီး မြန်မာမှုအနုစိတ်လက်ရာများကို ရွှေသားအတိဖြင့် ပုံဖော်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ စိန်ဖူးတော်ကို ရွှေသားအတိဖြင့်ပြုလုပ်ပြီး ကျောက်စိမ်းအောက်ခံပေါ်တွင် မြတ်စွာဘုရားမတ်ရပ်ပုံတော်နှင့် စိန်ဖူးတော်လုံးပေါ်တွင် မြတ်စွာဘုရားထိုင်တော်မူရုပ်ပွားတော်များအား ရွှေသားအတိဖြင့် တပ်ဆင်သွားရန်ဖြစ်ပါသည်။

ငှက်မြတ်နားတော်ကိုလည်း အောက်ခံ Frame များအား Stainless steel ဖြင့် ပြုလုပ်ပြီး ကျောက်သံပတ္တမြားတို့ဖြင့် စီချယ်ပြီး ရွှေသားအတိဖြင့် မွန်မာကဒေါင်း၊ ဟင်္သာငှက်၊ စာမကြီငှက်၊ ကရဝိတ်ငှက်များဖြင့် ပြုလုပ်တပ်ဆင်သွားရန်ဖြစ်ပါသည်။ ခေါင်းလောင်းပဒေသာတွင် မြန်မာမှုရွှေသားအတိခေါင်းလောင်းများနှင့် ကရင်ရိုးရာဖားစည်များကို ရွှေသားအတိဖြင့် ပြုလုပ်တပ်ဆင်သွားရန်ဖြစ်ပါသည်။ ဗွန်လေးဘုံနှင့် ဆပ်သွားဖူးများကို ရွှေသားအတိဖြင့် ပြုလုပ်တပ်ဆင်သွားရန် ဖြစ်ပါသည်။ ထီးတော်၏ ဆိုင်းကြိုးများကိုလည်း Stainless Steel ကြိုးများဖြင့် တပ်ဆင်သွားရန်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်မြတ်နားတော်ကြီး လည်ပတ်စေရန်အတွက် သံမဏိ Ball Bearings များဖြင့်ပြုလုပ်တပ်ဆင်သွားရန် ဖြစ်ပါသည်။

စေတီတော်၏ ပန်းလည်တိုင်များကို စစ်ဆေးခဲ့ရာတွင် လွန်ခဲ့သည့် နှစ်သုံးဆယ်ခန့်က သံရိုးရိုးဖြင့် ပြုလုပ်တပ်ဆင်ခြင်းဖြစ်၍ ပြန်လည်မွမ်းမံရာတွင် Stainless Steel ဖြင့် အသစ်ပြုလုပ်တပ်ဆင်သွားရန် ဖြစ်ပါသည်။

စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်များ၏ တည်ဆောက်ပုံများကို ရှေးယခင်နည်းပညာများဖြင့် ပြုလုပ်ထားခြင်းဖြစ်၍ ယခုအခါ ပိုမိုကောင်းမွန်သော နည်းပညာများဖြင့် ပြုလုပ်သွားမည်ဖြစ်ပါသည်။

ထီးတော်ယိမ်းယိုင်မှုမရှိစေရန် အမာခံထောက်ထားသော ထီးခေါက်များကို Stainless Steel Bracket / Stainless Steel ခေါက်များဖြင့် ပြန်လည်အသစ်ပြုလုပ်တပ်ဆင်မည်ဖြစ်ပါသည်။ ထီးတော်၏ အမာခံကို Stainless Steel ဖြင့် ပြုလုပ်မည်ဖြစ်ပြီး ထီးတော်ဘုံအဆင့်ဆင့်ရှိ ဝွေများ၊ ပန်းလည်တိုင်၊ ငှက်မြတ်နားတော်၊ အမာခံတည်ဆောက်မှုလုပ်ငန်းများ၊ ထီးတော်ခေါက်ပြန်လည်ပြုပြင်မည့် လုပ်ငန်းများကို မြန်မာ့သဘောကျင်းလုပ်ငန်းတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ ထီးတော်ကို ရွှေသားအတိဖြင့် ပြုလုပ်ဆောင်ရွက်မည့် မြန်မာမှုပန်းတည်းလုပ်ငန်းများကို ကျိုက်ထီးဆောင်းဆရာတော်၏ မြန်မာမှုလုပ်ငန်းအဖွဲ့ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စေတီတော်၏ ကိုယ်ထည် ပိုင်းပြင်ဆင်မှု၊ ထီးတော်၏ အင်္ဂတေပိုင်းဆိုင်ရာပြင်ဆင်မှု၊ ငှက်ပျောဖူးတော်၊ ကြာမှောက်ကြာလှန်နှင့် အခြားပြုပြင်မှုလုပ်ငန်းများကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ကျွမ်းကျင်သူပညာရှင်များဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စေတီတော်ပြုပြင်မှုလုပ်ငန်းအတွက် သံမဏိပိုက်လုံးဖြင့် ငြမ်းဆင်မည့်လုပ်ငန်းများကို ဧကရာ္ဘာဆောက်လုပ်ရေးကုမ္ပဏီ၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကျွမ်းကျင်ပညာရှင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းနှအင်ဂျင်နီယာများဖြင့် ပူးပေါင်း၍ တည်ဆောက်သွားမည်ဖြစ်ပါသည်။

စေတီတော်ကြီး ပြန်လည်ပြုပြင်မှု တည်ဆောက်ရေးကာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အကြီးအကဲများ၏ လမ်းညွှန်မှု၊ ကျိုက်ထီးဆောင်းဆရာတော်နှင့် ကျိုက်ထီးရိုးဆရာတော်များ၏ ဩဝါဒကို ခံယူပြီး ကျိုက်ထီးရိုးဂေါပကအဖွဲ့၊ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အကူအညီများကို ယူပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တမ္ပွားအံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

## ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့နှင့် ဌာပနာတော်များပင့်ဆောင်မည့်အစီအစဉ်

| စဉ် | ပစ္စည်းအမည် | ပင်ဆောင်မည့်အကြီးအကဲ | ပင့်ဆောင်ရန်နေရာ |
| --- | --- | --- | --- |
| ၁။ | စိန်ဖူးတော် | အတွင်းရေးမှူး(၁) | ငြိမ်းပေါ်ထီးစင် |
| | | ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် | |
| ၂။ | ငှက်မြတ်နားတော် | ဝန်ကြီး | ။ |
| | | ဒုတိယ ဗိုလ်ချုပ်ကြီးမင်းသိမ်း | |
| ၃။ | ခေါင်းလောင်း | ဝန်ကြီး | ။ |
| | ပဒေသာ | ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဌေး | |
| ၄။ | ဒွန်းပန်း(၃)ဘုံ | ဝန်ကြီး ဦးအောင်ခင် | ။ |
| ၅။ | ပန်းအုပ် | ဝန်ကြီး ဗိုလ်ချုပ်စောလွင် | ။ |
| ၆။ | ဆပ်သွားဖူး | ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ | ။ |
| ၇။ | နဝမဘုံ | ဝန်ကြီး ဦးအောင်ဖုန်း | ။ |
| ၈။ | အဋ္ဌမဘုံ | | |
| ၉။ | သတ္တမဘုံ | ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသိ | ။ |
| ၁၀။ | ဆဋ္ဌမဘုံ | ဝန်ကြီး ဗိုလ်မှူးချုပ် အုံးမြင့် | ။ |
| ၁၁။ | ပဉ္စမဘုံ | ဗိုလ်ချုပ် မြင့်ဆွေ | ။ |
| | | (စစ်ဦးစီးအရာရှိချုပ် – လေ) | |
| ၁၂။ | စတုတ္ထဘုံ | ဒုတိယဝန်ကြီး | ။ |
| | | ဗိုလ်မှူးချုပ်သူရအောင်ကို | |
| ၁၃။ | တတိယဘုံ | ဒုတိယဝန်ကြီး ဦးညီလှငယ် | ။ |
| ၁၄။ | ဒုတိယဘုံ | ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ | |
| | | ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ) | ။ |

www.burmeseclassic.com

www.burmeseclassic.com

တန္တာ့ဆံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

| စဉ် | ပစ္စည်းအမည် | ပင်ဆောင်မည့်အကြီးအကဲ | ပင့်ဆောင်ရန်နေရာ |
|---|---|---|---|
| ၁၅။ | ပထမဘုံ | ဒုတိယဝန်ကြီး | ။ |
| | | ဗိုလ်မှူးချုပ်သူရမြင့်မောင် | |
| | | ဒုတိယဝန်ကြီး | ။ |
| | | ဗိုလ်မှူးချုပ်သန်းထွန်း | |
| | | တပ်မမှူး ဗိုလ်မှူးချုပ်နေဝင်း | ။ |
| ၁၆။ | တံခွန်တိုင်၏ စိန်ဖူးတော် ငှက်မြတ်နားတော် | ဒုတိယ ဗိုလ်မှူးကြီးတင်အောင် (ခယက) | တံခွန်တိုင် ငြမ်းစင် |
| ၁၇။ | တံခွန်တိုင်၏ ရွှေထီးတော် | ဦးတင်စိုး (ကျိုက်ထီးရိုးဂေါပက) | ။ |
| ၁၈။ | ထီးစေတီ၏ စိန်ဖူးတော် ငှက်မြတ်နားတော် | ဦးစန်းလွင် (ညွှန်ကြားရေးမှူးချုပ်) | ထီးစေတီငြမ်းစင် |
| ၁၉။ | ထီးစေတီ၏ ရွှေထီးတော် | ဦးသော်က (အင်ဂျင်နီယာမှူးကြီး) | ထီးစေတီငြမ်းစင် |
| ၂၀။ | ဌာပနာ (၁) | ဒုတိယ ဗိုလ်မှူးကြီးလှမိုး | ငြမ်းပေါ်ထီးစင်သို့ လက်ဆင့်ကမ်း |
| ၂၁။ | ဌာပနာ (၂) | ဒုတိယ ဗိုလ်မှူးကြီးဝင်းရှိန် | ။ |
| ၂၂။ | ဌာပနာ (၃) | ဦးအောင်ချစ် (ကျိုက်ထီးရိုးဂေါပက) | ။ |
| ၂၃။ | ဌာပနာ (၄) | ဦးအုံးမောင် (အကြံပေးပုဂ္ဂိုလ်) | ။ |

အရံပုဂ္ဂိုလ်များ – ဒုတိယ ဗိုလ်မှူးကြီးတင်စိုး
ဒုတိယ ဗိုလ်မှူးကြီးသန်းဝင်း
ဒုတိယ ဗိုလ်မှူးကြီးမျိုးလွင် (ဆေး)

www.burmeseclassic.com

www.burmeseclassic.com

## ကျိုက်ထီးရိုးစေတီတော်ကြီးအားတင်လှူခဲ့သည့်ထီးတော်များသမိုင်းအကျဉ်း

| ခုနှစ် | ဒါယကာ | ထီးအမျိုးအစား |
|---|---|---|
| ၉၁၇ | ဘုရင်နောင်မင်းတရား | ရွှေထီး |
| ၁၀၃၁ | အင်းဝနန်းစံပြည်မင်း | ။ |
| ၁၀၄၀ | အင်းဝဘုရင်မင်းရဲကျော်ထင် | ။ |
| ၁၀၆၂ | အင်းဝဘုရင်စနေမင်း | ။ |
| ၁၁၈၅ | မင်းလှသိင်္ဂသူ (စစ်တောင်း) | ။ |
| ၁၂၆၅ | ကျိုက်ထီးရိုးဂေါပက | ကြေးထီး |
| ၁၂၉၉ | ကျိုက်ထီးရိုးဂေါပက | ငွေထီး |
| ၁၃၁၆ | ခရွဲသူကြီးနှင့်ရွာသားများ | ။ |
| ၁၃၂၆ | ဦးအောင်ချို (မိုးကုတ်) နှင့်အဖွဲ့ | ရွှေထီး |
| ၁၃၂၈ | ခရွဲထီးပြန်တင် | ငွေထီး |
| ၁၃၃၈ | ဦးမောင်ဟိန်နှင့် သိမ်ကြီးဈေး (ဘီ) ရုံအဖွဲ့ | ။ |
| ၁၃၆၂ | နိုင်ငံတော်အစိုးရနှင့်ပြည်သူများ | ရွှေထီး |

## ရွှေထီးတော်အသစ်တင်လှူရန်အတွက် ဆောင်ရွက်မှုအဆင့်ဆင့်

၁၈–၃–၂၀၀၀ ရွှေထီးတော်ရောင်တော်ဖွင့် မင်္ဂလာပြုလုပ်ရာတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့၏ ယိုယွင်းနေသော အခြေအနေများကို တွေ့ရှိရသဖြင့် တိုင်းမှူးမှ နိုင်ငံတော်အကြီးအကဲများကို တင်ပြမည်ဖြစ်ကြောင်း ပြောကြားပါသည်။

၂၀–၁၀–၂၀၀၀ အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များ ကျိုက်ထီးရိုးစေတီတော်သို့ လာရောက်ဖူးမြော်ရာတွင် ထီးတော်အခြေအနေကို တွေ့ရှိရပြီး ကျိုက်ထီးရိုးကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိဝအား ကျိုက်ထီးရိုးစေတီတော်နှင့် ထီးတော်အား ပိုမိုသပ္ပာယ်တင့်တယ်ခိုင်ခံ့အောင် နိုင်ငံတော်အဆင့် ပြန်လည်ပြုပြင်ရန်ရှိကြောင်း လျှောက်ထားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၃၁–၁၀–၂၀၀၀ သိပ္ပံနှင့်နည်းပညာ ဒုဝန်ကြီး ဦးညီလှငယ်နှင့် မြန်မာ သဘောကျောင်း အထွေထွေမန်နေဂျာ ဦးတင်မောင်ညွန့်နှင့်အဖွဲ့၊ ကျိုက်ထီးဆောင်ဆရာတော်ထံ ဩဝါဒခံယူပြီး ကျိုက်ထီးရိုး ရင်ပြင်တော်သို့ ရောက်ရှိခဲ့ပါသည်။

၁–၁၁–၂၀၀၀ ဒုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်ထီးရိုးစေတီတော်ကြီးနှင့် ထီးတော်၊ စိန်ဖူးတော်တို့အား ယာယီဝါးငြမ်းဖြင့် တက်ရောက် စစ်ဆေးလေ့လာပြီး ၄–၁၁–၂၀၀၀ နေ့တွင် တွေ့ရှိချက်၊ အကြံပြုချက်များ တင်ပြခဲ့ပါသည်။

၁၁–၁၁–၂၀၀၀ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အင်ဂျင်နီယာဦးနေဝင်း ဦးဆောင်သောအဖွဲ့ ငြမ်းဆင်ပစ္စည်းများနှင့်အတူ စတင် ရောက်ရှိခဲ့ပါသည်။

၁၃–၁၁–၂၀၀၀ စေတီတော်ကြီးနှင့် ကျောက်လုံးတော်ကြီးအား အမိုအထောက် မပြုဘဲ သံမဏိပိုက်လုံးများဖြင့်ငြမ်းဆင်ခဲ့ရာ ၂၀–၁၂–၂၀၀၀ တွင် ပြီးစီးခဲ့ပါသည်။ ငြမ်းပစ္စည်းတန်ဖိုး ကျပ်သိန်း ၄၀ ကျော် ခန့်ဖြစ်ပြီး ဓေကမ္မာဦးခင်ရွှေက ကျိုက်ထီးဆောင်းသို့ လှူဒါန်းသည့်ငြမ်းကို ခေတ္တရယူသုံးစွဲပါသည်။

၁၇–၁၁–၂၀၀၀ နတ်တောင်ရှိ တံခွန်တိုင်ပြုပြင်ရေး ကျိုက်ထီးဆောင်းဆရာ တော်နှင့် ဆွေးနွေးလျှောက်ထားပြီးပြုပြင်မှုအတွက် ဆက်လက် စီစဉ်ဆောင်ရွက်ပါသည်။

၂၀–၁၁–၂၀၀၀ နတ်တောင်တံခွန်တိုင် အုတ်မြစ်စီမင်္ဂလာ ပြုလုပ်ပါသည်။

၁၇–၁၂–၂၀၀၀ စေတီတော်မှ ငုံကြေးပြားခံရွှေစင်ပြားကို ဖြုတ်ယူသိမ်းဆည်း ခဲ့ရာ ၁၈–၁၂–၂၀၀၀ တွင် ပြီးစီးပြီး ရွှေစင်ပြား ၁၄၉၃ ချပ် ရရှိခဲ့ပါသည်။

၁၈–၁၂–၂၀၀၀ ထီးတော်အား စေတီတော်ရင်ပြင်တော်သို့ ပင့်ဆောင်ပြီး လေးမျက်နှာအာရုံခံတန်ဆောင်း၌ အပူဇော်ခံထားရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉-၁၂-၂၀၀၀ စေတီတော်မှ ရွှေသရိုဖတ်များကိုခွာယူခဲ့ရာ ၂၂ ပိဿာ ၅၄ ကျပ် ၈ ပဲ ရရှိခဲ့ပါသည်။

၂၀-၁၂-၂၀၀၀ စေတီတော်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ၁၀-၁-၂၀၀၁ တွင် ပြီးစီးခဲ့ပါသည်။

၂၅-၁၂-၂၀၀၀ ကျိုက်ထီးဆောင်းဆရာတော်နှင့် ဩဝါဒါစရိယဆရာတော်များ၊ သာသနာရေး ဒုဝန်ကြီးနှင့်တာဝန်ရှိသူများ ခေါင်းလောင်းပုံအတွင်း ဌာပနာသွင်းခြင်းနှင့် မဏ္ဍိုင်စိုက်ထူခြင်း အခမ်းအနား ပြုလုပ်ခဲ့ပါသည်။

၂၆-၁၂-၂၀၀၀ စေတီတော်မှ ကြေးပြားခံရွှေစင်ပြား ၁၄၉၃ ချပ်နှင့် ရွှေသရိုး ဖတ် ၂၂ ပိဿာ ၅၄ ကျပ် ၈ ပဲသားကို သတ္တုတွင်းဝန်ကြီးဌာန
မှ

၃၁-၁၂-၂၀၀၀ မြန်မာ့ကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) သို့ ပို့ဆောင်ပြီးသန့်စင်ရာ ရွှေစင် ၁၉ ပိဿာ ၄၅ ကျပ်သား ရရှိခဲ့သည်။ အဆိုပါရွှေများကို ရွှေစင်ရွှေပြားခတ်လုပ်၍ စေတီတော်သို့ ပြန်လည်လှူဒါန်းခဲ့သည်။

၂-၁-၂၀၀၁ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ ထီးတော်အတွက် သံမဏိဖရိန်အား ကျိုက်ထီးဆောင်းသို့ ပို့ပေးပြီး ရွှေထီးတော်ကို ကျိုက်ထီးဆောင်းတွင် ရွှေစင်ရွှေသားဖြင့်ပုံဖော်ဆောင်ရွက်သည်။

၁၀-၁-၂၀၀၁ ဒေါက်တာခင်ရွှေနှင့်အဖွဲ့က ရွှေထီးတော်တွင် ဘုရားဖူးရဟန်းရှင်လူများ လှူဒါန်းငွေဖြင့်ရွှေစင် ၃ ပိဿာ ထည့်သွင်းရန် အတွက် ဂေါပကအဖွဲ့က သတ္တုတွင်းဝန်ကြီးဌာနမှ ဝယ်ယူပေးပို့ခဲ့သည်။ ရွှေထီးတော်အတွက် ရွှေစင်အလေးချိန် (၇.၆၅၆၈) ပိဿာ ရွှေတုံးအား ကျိုက်ထီးဆောင်းဆရာတော် ထံ ဆက်ကပ်ခဲ့ပါသည်။

၂၁-၁-၂၀၀၁ ကြေးဖရိန်လုပ်ငန်းစတင်ဆောင်ရွက်ရာ ၂-၃-၂၀၀၁ တွင် ပြီးစီးခဲ့ပါသည်။ ကြေးဖရိန်အကွက်ပေါင်း (၁၈၉၉) ကွက် ပြုလုပ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၆–၁–၂၀၀၁ ဦးစီးကော်မတီအစည်းအဝေး ကျင်းပသည်။
၃၀–၁–၂၀၀၁ ဦးနေဝင်းအဖွဲ့ဖြင့် ရွှေစင်ပြားများကို သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်လုပ်ငန်းရုံးတွင် စတင်ခတ်လုပ်သည်။
၁၇–၂–၂၀၀၁ ဘဏ္ဍာရေးကော်မတီအစည်းအဝေးကို ရင်ပြင်တော်တွင် ပြုလုပ်သည်။
၂၀–၂–၂၀၀၁ လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပသည်။
၂၂–၂–၂၀၀၁ ရန်ကုန်မှ ရွှေပြားများကျိုက်ထိုသို့ စတင်သယ်ဆောင်သည်။
၂၃–၂–၂၀၀၁ မန္တလေးရွှေကုန်သည်များထံမှ ရွှေ ၆ ပိဿာ ၄ ကျပ် ၃ ပဲ အားဝယ်ယူ၍ရွှေပြားဆက်လက် ခတ်လုပ်သည်။
၄–၃–၂၀၀၁ စေတီတော်ရွှေစင်ရွှေပြားကပ်လုပ်ငန်း စတင်ဆောင်ရွက်သည်။
၅–၃–၂၀၀၁ မှ ၁၁–၃–၂၀၀၁ စေတီတော်အောက်ခံကျောက်လုံးတော်ကြီးအား လုံးတောင်ပြည့်ရွှေသင်္ကန်း ကပ်လှူခြင်းလုပ်ငန်းကို ၂"×၂" ပတ်လည် ရွှေဆိုင်း (ရာဆိုင်း) ပေါင်း ၂၄၉၇ ဆိုင်းနှင့် ၁½"×၁½"ပတ်လည် ရွှေဆိုင်း (ရာဆိုင်း) ပေါင်း ၂၁၀ ဆိုင်းဖြင့် ဆောင်ရွက်သည်။ ရန်ကုန်ရွှေကုန်သည်များထံမှ ရွှေ ၆ ပိဿာ ၃ကျပ် ၁၂ပဲ ၅ရွေး ထပ်မံဝယ်ယူ၍ ရွှေပြား ဆက်လက်ခတ်လုပ်သည်။ ထီးတော်အသစ်အား ကျိုက်ထီးဆောင်းမှ ရန်ကုန်မြို့ရွှေတိဂုံစေတီသို့ပင့်ဆောင်သည်။
၁၆–၃–၂၀၀၁ ထီးတော်အသစ်အား ကျိုက်ထီးဆောင်းဆရာတော်နှင့် သာသနာရေး ဒုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဒုဝန်ကြီး ဦးဆောင်ကာ ကျိုက်ထီးရိုးစေတီရင်ပြင်တော်သို့ ပင့်ဆောင်၍ အာရုံခံတန်ဆောင်းတွင် အပူဇော်ခံသည်။
၁၈–၃–၂၀၀၁ စေတီတော်တွင် ရွှေပြားကပ်ခြင်းနှင့် ရွှေချခြင်းလုပ်ငန်း အားလုံး ဆောင်ရွက်ပြီးစီးသည်။ ရွှေစင်ပြား ၂၆၆ ချပ်၊ ကြေးပြားခံရွှေပြား ၉၈၆ ချပ်နှင့် မျက်ပါးရွှေချခြင်း ၆၄၇ ကွက် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉-၃-၂၀၀၁ ဆရာတော်ကြီး (၂၈) ပါးအား ပင့်ဖိတ်၍အတွင်းရေးမှူး (၁) နှင့် ဝန်ကြီးများ တာဝန်ရှိသူများက ထီးတော်တင်မင်္ဂလာပြု လုပ်ပြီးနောက် ဆရာတော်ကြီးများက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူသည်။

၂၀-၃-၂၀၀၁ ဌာပနာတိုက် (၃) နေရာအား အင်္ဂတေသရိုးဖြင့် ပိတ်ဆို့ပြီး အပြီးသတ်ရွှေပြားကပ်ခြင်း ဆောင်ရွက်သည်။

လှူဒါန်းမှုအစုစု

(ထ) ဝတ္ထုပစ္စည်းများ

(၁) လက်ဝတ်ရတနာမျိုးစုံ။ ၁၅ မျိုး အရေအတွက်

၃၇၀၈ ခု အလှူခံ ရရှိပြီး၊ ရွှေထည်ပစ္စည်း ၁၀ မျိုး အရေအတွက် ၁၂၇၉ ခု ချန်လှပ်၍ ကျန်လက်ဝတ် ရတနာ ၂၄၂၉ ခုကို ဌာပနာသွင်းလှူ ပူဇော်ခဲ့ပါသည်။

(၂) ရွှေထည်ပစ္စည်း။ ၁၀ မျိုးအရေအတွက်

၁၂၇၉ ခုရှိပြီး အလေးချိန် ၂ ပိဿာ ၄၁ ကျပ် ၇ ပဲရှိပါသည်။ ၎င်းရွှေထည်များကို သန့်စင်ပြီးရွှေပြားခတ်လုပ်၍ စေတီတော်တွင် ဆက်လက်ကပ်လှူရန် စီစဉ်ထားပါသည်။

(ဒ) အလှူတော်ငွေများ

| | |
|---|---|
| (၁) ရွှေထီးတော် အလှူရငွေ | ၅၆၄၄၁၉၃၆ ကျပ် |
| (၂) ရွှေစင်ရွှေပြား အလှူရငွေ | ၂၈၉၂၀၃၉၅ ကျပ် |
| (၃) ရွှေသင်္ကန်း အလှူရငွေ | ၉၅၈၄၃၁၁ ကျပ် |
| စုစုပေါင်း | ၉၄၉၄၆၆၄၂ ကျပ် |

မှတ်ချက်။ ၁-၇-၂၀၀၀ မှ ၃၀-၃-၂၀၀၁ အထိ ရင်ပြင်တော်အလှူခံဌာန၊ စေယျာဘွဲ့အသင်း နှင့် ရွှေတိဂုံဘုရားပူဇော်ခံမဏ္ဍပ်တို့မှ အလှူရငွေများဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေထီးတော်တင်လှူပွဲအတွက် အလှူခံရရှိသည့် ရွှေ ငွေ ရတနာ ပစ္စည်းစာရင်း

| အကြောင်းအရာ | လက်စွပ် | လက်ကောက် | ဆွဲကြိုး | ဆွဲသီး | ဆွဲပြား | ကြယ်သီး | ထီး ထယ် | ရွှေတို ရွှေစ | နားကပ် | ဆံထိုး | ငွေထည် | ရွှေအစ် | ရွှေသီး | ရွှေကြေးရည် | ရွှေထီးသား | အရေအတွက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၉၉၉ ခုနှစ် နိုဝင်ဘာမှ ၂၀၀၁ ခုနှစ် မတ်လ (၁၉) ထိ (ရင်ပြင်တော်/အဖွဲ့ရုံး/သာသနာရေးဝန်ကြီးဌာန) မှ အလှူခံရရှိမှု | ၈၀၇ | ၆၉ | ၅၀ | ၉၅ | ၈၈ | ၅၉ | ၃၁ | ၁၁ | ၅၅၀ ရုံ ၁ ဝက် | ၁၂ | ၄၂ | ၆ | ၂ | ၁ | ၂ | ၁၈၂၅ ၁ ဝက် |
| ၂၀၀၁ ခုနှစ် ဧပြီလ (၈) ရက်မှ (၁၅) ရက်ထိ ရန်ကုန်မြို့ ရွှေဟိုဘုရားတွင် အလှူခံရရှိမှု | ၉၁၉ | ၄၁ | ၄၀ | ၁၈၄ | ၉၆ | ၁၆၀ | ၂ | ၂ | ၄၄၅ ရုံ ၁ ဝက် | ၉ | ၁၅ | - | ၁ | ၁ | - | ၁၈၅၂ ၁ ဝက် |
| စုစုပေါင်း | ၁၇၂၆ | ၁၁၇ | ၉၀ | ၂၇၉ | ၁၈၄ | ၂၁၉ | ၃၃ | ၁၃ | ၉၉၆ | ၂၁ | ၅၇ | ၆ | ၃ | ၂ | ၂ | ၃၆၇၈ |
| ဓာတ်တော်သို့ ဌာပနာသွင်း | ၁၀၂၃ | ၂၅ | ၅၂ | ၁၆၀ | ၄၂ | ၁၆၃ | ၃၃ | ၇ | ၀၀၄ | ၁၅ | - | ၆ | ၁ | ၂ | ၂ | ၂၉၆၆ |
| ရွှေသင်္ကန်းနာလ/က | ၇၀၃ | ၉၃ | ၃၈ | ၄၁ | ၁၄၂ | ၅၆ | - | ၆ | ၁၉၂ | ၆ | ၅၇ | - | ၂ | - | - | ၁၂၇၉ |

www.burmeseclassic.com

www.burmeseclassic.com

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရွှေစင်ရွှေပြား တပ်လှူပူဇော်ခြင်း
## ၂၀၀၀ - ၂၀၀၁ ခုနှစ်

| စဉ် | အကြောင်းအရာ | အလေးချိန် | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ပိဿာ | ကျပ် | ပဲ | ရွေး | |
| ၁ | သန့်စင်ရွှေ | | | | | |
| | က - ရွှေစင်ရွှေပြား ၁၃၉၃ ချပ် သန့်စင်ခြင်း | ၁၄ | ၆၁ | ၁၄ | - | |
| | ခ - ရွှေသရိုးဖတ်သန့်စင်ခြင်း | ၄ | ၈၃ | ၄ | ၅ | |
| | ဂ - ရွှေထည်သတ်စတ် ၂၂ မျိုး သန့်စင် | - | ၁၀ | ၁၃ | ၄½ | |
| | စုပေါင်း - ၁ | ၁၉ | ၆၄ | ၀ | ၁½ | |
| ၂ | ရွှေဝယ်ယူခြင်း | | | | | |
| | က - မန္တလေးရွှေတုံးသည်အဖွဲ့ မှဝယ် | ၆ | ၄ | ၃ | - | |
| | ခ - ရန်ကုန် | ၆ | ၃ | ၁၂ | ၅ | |
| | စုပေါင်း - ၂ | ၁၂ | ၇ | ၁၅ | ၅ | |
| | စုစုပေါင်း ၁ + ၂ | ၃၁ | ၇၁ | ၁၅ | ၆½ | |
| | အဖွဲ့ရုံးသတ်တျန်ရွှေ (-) | ၂ | ၆၃ | ၁၁ | ၆ | |
| ၃ | စေတီတော်၌တပ်လှူသည့်ရွှေစင်ရွှေပြား အလေးချိန် | ၂၉ | ၀ | ၄ | ½ | |
| ၄ | ရွှေထီး ၁၂၃၆ လုံး (အလေးချိန်) | ၁ | ၅၄ | ၀ | - | |
| | လက်ကျန်ရှိရွှေအလေးချိန် | ၃၀ | ၆၂ | ၁၂ | ½ | |

www.burmeseclassic.com

www.burmeseclassic.com

## ရွှေစင်ရွှေပြား ဆက်လက်ပြုလုပ်နိုင်ရေး လက်ကျန်ပစ္စည်းများ

(က) ပေါ်ပတာအတွဲရုံးလက်ကျန်

၁။ ရွှေဘားပြောင်ဖြတ်စအသေးမျိုး — ၃၂ ကျပ် ၁၀ ပဲ

၂။ ကြေးပြားမှုစွာယူရရှိသည့်ရွှေ — ၄၈ ကျပ်

၃။ ကြေးပြားတာ်ရွှေပြား (ကြေးဖါ)
အသေးမျိုး (ဖြတ်စများအပါအဝင်)

| | | | |
|---|---|---|---|
| ၅¾" × ၆½" ကြေးပြားတာ်ရွှေပြား | | ၃ ချပ် | ၉၆ ကျပ် ၂ ပဲ |
| ၆¾" × ၃" | ။ | ၂ ချပ် | |
| ၄" × ၃" | ။ | ၁ ချပ် | |
| ၅" × ၄½" | ။ | ၁ ချပ် | |
| ၅¾" × ၂¾" | ။ | ၁၀ ချပ် | |
| စုစုပေါင်း | | ၁၇ ချပ် | |

(ခ) သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်ချက်ရာဇာ
ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်တွင် ကျန်ရှိ
ပစ္စည်းစာရင်း

၁။ ၂၈-၁-၂၀၀၁ ရက်နေ့တွင် ကျောက်ဖါ
ရွှေသည်ပန်းထည် (၂၂) မိုးသန့်စင်၍ ရရှိသည့်
ရွှေချောင်း (၁) ချောင်း — ၁၈ ကျပ် ၁၃ ပဲ ၅¾ ရွေး

၂။ ဖြတ်စမှုလက်ကျန်ရွှေ
ရွှေစင်ရွှေပြား ၅¾" × ၄" — ၁၀ ချပ်

၃။ ကော်တက်အတွဲမှဖြန်အပ်သည့်
ရွှေစင်ရွှေပြား ၄¾" × ၆" — ၁၀ ချပ် — ၉၀ ကျပ်

၄။ ကော်တက်အတွဲမှဖြန်အပ်သည့်
ဖြတ်စအသေးမျိုး (၀၀၈.၅၀ ကျပ်) — ၇၉ ကျပ် ၈ ပဲ

၅။ ဦးနေဝင်း (ရွှေစင်ပြားအတွဲ) မှ
ပြန်လည်အပ်နှံသည့်ရွှေ (၁၇၄.၀၀ ကျပ်) — ၁၀ ကျပ် ၁၀ ပဲ ၄ ရွေး

၆။ ကော်တက်အတွဲမှဖြန်အပ်သည့်
ဝက်အူပေါက်ဖောက်များ — ၁ ထုပ်

www.burmeseclassic.com

www.burmeseclassic.com

### ဆံတော်ရှင် ကျိုက်ထီးရိုးပေါ်တော် ရွှေဆင်းရွှေပြား ကပ်လှူမှုစာရင်းချုပ်


| စဉ် | ကပ်လှူသည့်နေရာ | ရွှေပြားချောင်း | ကြေးပြားကပ် ရွှေပြား | ပျော်ပါး ရွှေကပ် ရွှေပြား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | နတ်ရေကူး | ၆၃ ချပ် | - | - | |
| ၂ | ကြာလှန် | ၂၇ ချပ် | - | - | |
| ၃ | ရွဲ | ၁၀ ချပ် | - | - | |
| ၄ | ကြာမှောက် | ၂၇ ချပ် | - | - | |
| ၅ | ဘောင်းရစ် (ငါးရစ်) | ၈၇ ချပ် | - | - | |
| ၆ | ဘီလူးဟန်းဆွဲ | ၂၇ ချပ် | - | - | |
| ၇ | ကြာနှ (နတ်ကြည့်ပင်နှယ်) | ၁၇ ချပ် | - | - | [illegible] ညှစ်ရေး ပြန်သုံး |
| ၈ | ဘီလူးယန်းဆွဲ ကြားစို့ | - | ၅၄ ချပ် | - | |
| ၉ | ခေါင်းလောင်း | - | ၁၅၂ ချပ် | - | |
| ၁၀ | ခေါင်းလောင်း ရှင်းစည်းအထက်/အောက် | - | ၆၂ ချပ် | - | |
| ၁၁ | ခေါင်းလောင်းမှတ်ခမ်း | - | ၃၀ ချပ် | - | |
| ၁၂ | ကြာထောင် | - | ၁၁၁ ချပ် | - | |
| ၁၃ | ချစ်မြောင့်ပလ္လင် | - | ၄၉၉ ချပ် | - | |
| ၁၄ | ပလ္လင်ခုံထိတ် | - | ၆၇ ချပ် | - | |
| ၁၅ | ကြာညှစ်ပန်း (ကြာထောင်ကြား) | - | ၃ ချပ် | - | ကြေးပြားမှ ပြန်ခွာသုံး |
| ၁၆ | ခေါင်းလောင်းဆီးစည်းပန်း | - | - | ၂၃ | |
| ၁၇ | ခစွယ် (၂) ဆင့် | | | ၃၃၉ | |
| ၁၈ | ကြာပလ္လင် | - | - | ၃၁၅ | |
| | စုစုပေါင်း | ၂၅၈ ချပ် | ၉၇၈ ချပ် | ၆၇၇ | ၁၉၁၃ ချပ် |

၅

www.burmeseclassic.com

www.burmeseclassic.com


သဘာဝဗိသုကာလက်ရာများ




www.burmeseclassic.com

www.burmeseclassic.com

[illegible] ဝပဗိသုကာလက်ရာများ




www.burmeseclassic.com

www.burmeseclassic.com

ယိုးအောက်ဘင် ဆန္ဒကျော်ပုံ



www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ဗိသုကာလက်ရာများ

နိုင်ငံတော်ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်
ဆံတော်ရှင်ကျိုက်ထီးရိုးစေတီအထွတ်တွင်
စိန်ဖူးတော်ဘုံအဆင့်ဆင့်ကို တင်လှူပူဇော်စဉ်




www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ဗိသုကာလက်ရာများ



ဆုတောင်းပြည့်စေတီ



ညောင်ဝိုင်းစေတီ




မြို့ရွှေဂူဘုရား

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဗိသုကာလက်ရာများ



ကန်ဦးကျောင်းစေတီ



နဂါးထိပ်စေတီ



မင်္ဂလာကျောင်းစေတီ




ကျိုက်ပေါလောဘုရား



ကျောက်လှည်းဘီး



မဟာမြတ်မုနိသွန်းဘုရား



နှစ်ကျိပ်ရှစ်ဆူ

လေးဆူရှင်ပွား

ဘုရားကိုးဆူဂူကိုးဝင်


www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ဇိသုကာလက်ရာများ



သောကျွပဗ္ဗတ အရှင်တိလောကပုံတော်




မျှော်တော်မူစေတီ




လွမ်းစေတီ



ရေမြောင်ကြီးဘိုးဘိုး



ရေမြောင်ကြီးစေတီ




မြစေတီ


www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ဗိသုကာလက်ရာများ



ပေါင်တော်ဦးစေတီ



နဂါးရုံဘုရား




ထနှိုးလေးစေတီ



ပြတိုက်နှင့်ဂေါပကရုံးမြေ



ဓါတ်ပေါင်းစု



ရွှေဘုံသာစေတီ



သရက်ညီနောင်ဘိုးဘိုး




ကင်မွန်းချောင်းဘိုးဘိုး

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ဗိသုကာလက်ရာများ


ကျိုက်ထိုမြို့ မှဲ့ရှင်တော် ကျိုက်ပေါလောဘုရား




ကျိုက်ထိုမြို့ မှဲ့ရှင်တော် ကျိုက်ပေါလောဘုရား-အဝိုင်းအဝန်း



ကျိုက်ထူးမီဘုရားအောင်မြင်
ရေလယ်ဘုရားပုံတော်



ကျိုက်ထိုမြို့ မှဲ့ရှင်တော် ကျိုက်ပေါလောဘုရား-အဝိုင်းအဝန်း
ရွှေမုဋ္ဌောစေတီ




ကျိုက်ထိုမြို့ မှဲ့ရှင်တော် ကျိုက်ပေါလောဘုရား-အဝိုင်းအဝန်း
ရှင်မုဥ်ဦးဘုရားပုံတော်

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ဗိသုကာလက်ရာများ



### အံ့ဘွယ်ငါးပါး ကျိုက်ထီးရိုးဘုရား

"မြေပုံ ဂဠုန်အတိုင်းကြွရောက်ဖူးမြော်လေ့သာပါ"

၁။ ပထမနေ့ရာမှဖူးသော် ပကတိကျောက်လုံးတော် ဝိုင်းဝိုင်းဝက်ဝက် ဖူးရပါမည်။

၂။ ဒုတိယနေ့ရာမှဖူးသော် စေတီကျောက်လုံးကြီးသည် တိဿရသေ့ကြီး၏ ဦးခေါင်းအသွင်၊ နဖူး နားရွက်၊ မျက်စိ၊ နှာခေါင်း၊ ပါးစပ်၊ မေးစေ့ စသည်တို့အား သေးတိုက်အနေအထားအသွင် ဖူးမြော်ရပါမည်။

၃။ တတိယနေ့ရာမှဖူးသော် စေတီတော်၏ ဘောက်ခံကျောက်ပုန်းအကျောက် ချွယ်ကြီးသည် နံနက် နေခြည်ထက်ချိန်တွင် ဆင်ဦးကင်း နားရွက်၊ နှာမောင်းနှင့် ခြေထောက်အသွင် ဖူးမြင်ရပါမည်။

၄။ စတုတ္ထနေ့ရာမှဖူးသော် ကျောက်ထက်ရေလမ်းကြောင်း၌ ရေရွက်ပေါက် မှိုနေသည်ကို ဖူးတွေ့ရပါမည်။

၅။ ပဉ္စမနေ့ရာမှဖူးသော် မိန်းမတော်နှင့် ကျောက်လုံးတော်ကြီးအောက်ခြေ တို့သည် ပေါင်လိုက် ဆောင်ပတ် (၅၀) ကျနေကြောင်း ဖူးတွေ့ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ဗိသုကာလက်ရာများ



ထံတော်ရှင်ကျိုက်ထီးရိုးစေတီရင်ပြင်တော်၌
စာရေးသူနှင့်အဖွဲ့ အမှတ်တရ (၂၀- ၄- ၂၀၀၁)

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ဗိသုကာလက်ရာများ



စာရေးသူနှင့်အဖွဲ့ အမှတ်တရ


www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ဗိသုကာလက်ရာများ






www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဗိသုကာလက်ရာများ



ကျိုက်ထီးမို့ရှုခင်း (၁)



ကျိုက်ထီးမို့ရှုခင်း (၂)



ကျိုက်ထီးမို့ရှုခင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဗိသုကာလက်ရာများ






ရတနာမာန်အောင်စေတီ



ဆံတော်တောင်းခန်း



ဆံတော်ယော်ခန်း



ဘိုးဘိုးဂျီ နတ်နန်း

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ဗိသုကာလက်ရာများ


ရှင်ဥပဂုတ်



ရေသေ့ တောင်ဘုရား



ကျိုးပါးစေပ်ဂူ





မုဆိုးတောင်

မြသပိတ်စေတီ



www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ဗိသုကာလက်ရာများ



ကျောက်ထပ်ကြီးစေတီ



ဆုတောင်းပြည့်စေတော်



နဂါးပတ်တံတား



အောင်ချမ်းသာစေတီ



ဖိုးပြန့်တောင်အတက်


www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ဗိသုကာလက်ရာများ




မှဆိုးတောင်ဘုရား




ကျောက်ဆီရိုးစေတီ



မုဆိုးတောင်ရသေ့



ကျောက်လှူပ်စေတော်



ဖါးဘုရား



ကျောက်ထပ်တရာ စေတီ

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ဗိသုကာလက်ရာများ



အမိဂွာန်အောင်ချမ်းသာကာတိ



ကုဏ္ဍာသယဘိုးဘိုး



ကုဏ္ဍာသယရသေ့



တိဿရသေ့



ဝိဇ္ဇာဓိုရ်



နဂါးမ

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဗိသုကာလက်ရာများ




ကျောက်သမ္ဘာန်စေတီ




မွှောစကြာဘုရား



ရွှေနန်းကျုင်နတ်နန်း



ဖွားနန်းကျုင် မောင်နှမ



ကျားဆွဲဘိုးဘိုး

www.burmeseclassic.com

www.burmeseclassic.com

သဘာဝဗိသုကာလက်ရာများ



အလျှုဒါယကာ မိုးကုတ်ဦးအောင်ချိနှင့် စမ္ပမိတ်ဆွေများ လှူဒါန်းထားသည့် ခန့်မှန်းတန်ဖိုး (ယာယီသိန်း ၁၃၀ခန့်) တန် ရွှေသားအပြည့်နှင့် ရတနာ့မျိုးစုံ ပါဝင်သော ရွှေထီးတော်အစစ်ပုံ၊ မှတ်ချက် ကျိုက်ထီးရိုး ဗုဒ္ဓဝင်ပြတိုက်တွင် ပြသပူဇော်ထားပါသည်။




ရွှေသားစစ်စစ် ကျောက်မျက်ရတနာမျိုးစုံပါဝင်သည့် စိန်ဖူးတော်
(ကျိုက်ထီးရိုးပြတိုက်တွင် ဖူးမြော်နိုင်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

သဘာဝဗိသုကာလက်ရာများ



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ထီးမိုရ်ရှင်ဗြိမ်တော် သိမ်တော်ကြီးအားတွင် (၁၃-၁၂-၀၂)နေ့၌ သူမတူးအောင် ရေးရှုပြင်ခြားကြွ လှူဒါန်းခဲ့သည့် (ဦးဝန်မှာ) လူအသည်-ဦးနေမောင်ဝင်း တတိ-မော်လိုက်၊ သိထင်သုံးသည့်ကျောင်းတိုက်.. မဟာလော=(ဓါးရှ)၏ ဥပဇ္ဈာယ်ဆရာတော်.. ဦးဝေရွှေ



မြန်မာနိုင်ငံတော်သံဃမဟာ နာယကအဖွဲ့သို့ တနေ့သူ၏ မိခင်-ဒေါ်ထွန်းမြို့ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းနေစဉ်



ကျိုက်ထီးရိုး တောင်ထန်းမှ မြင်ဝတီဘောဇ အလှူရှင်များမှ ရွှေဆက်နီးကာဝါလှူနိုင်ရန် ကြိုးဝိုင်းမှာ မောင်သိန်းလွင် သက်ပွန် ကြိုးပမ်း ပါရမီဖြည့်နေစဉ်




ထေဝတာရွှယ် ကလေးငယ်တို့ပင်




လုပ်အားအလှ


www.burmeseclassic.com


www.burmeseclassic.com






















www.burmeseclassic.com

www.burmeseclassic.com






ကျိုက်ထီးရိုးဘယ်တနီး ကြီးခိုရေးမှီး








ရင်ပြင်တော်ဘုန်းတော်ကြီးကျောင်း (ကိုက်ထောင်ကြီး)



မုဆိုးတောင်ပေါ်မှ ထိုင်ခန်းရှုမျှော်ခင်းမြင်ကွင်းသာ






www.burmeseclassic.com

www.burmeseclassic.com














www.burmeseclassic.com



အမရပူရမြို့ ကျောက်တော်ကြီးဘုရားရှိ ဖေဖူ
ရေးပန်းချီလက်ရာ စက်တော်ရာတဆူ







သမ္ဗုဒ္ဓ



စစ်ကိုင်းကံတလူဘုရား




ဇောဒိတစ်တောင်၌



စစ်ကိုင်းတောင်ရှုခင်း



စစ်ကိုင်းတောင်တွင်



ကောင်းမှုတော်၌အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



မင်းကွန်း



ဓမ္မိခဲလယ်ကျောင်း



ရေပူစမ်းမြစ်ကွင်း




အင်းလေး



မျှားတောက်ရေထဲခုန်ကြိုးထဲဝါး

မာန်ဆွဘုရား၌အမှတ်တရ




ပင်းတယလှိုင်ဂူ





ဖုဂ္ဂဝေဒဥယျာဉ်

အင်းလေးဖေါင်တော်ဦး၊



အင်းလေးဖေါင်တော်ဦးသို့အသွား



တောင်ငူမြို့ရွှေဆံတော်

ရွှေမော်ဓေါ

ရွှေသာလျောင်း

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ ဦးမိုးမိုး(မောင်စိုးထိုက် သုံးဆယ်)၏
သာသနာရေးဆိုင်ရာ ဆောင်ရွက်မှု မှတ်တမ်းများ



www.burmeseclassic.com

www.burmeseclassic.com

Ph.D [illegible] Rosenberg [illegible]








[illegible]



[illegible] (၃၀) [illegible]

[illegible]











www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုန်းပွင့်၊ မဟာဝိဇယ၊ ဆူးလေ၊ ကမ္ဘာအေး၊ စွယ်တော်မြတ်(ရန်ကုန်)
ဗိုလ်တထောင်စေတီ၊ မယ်လမုစေတီ၊ ကြီးကိုးကြီး (ရန်ကုန်) ဘုရားများ။



www.burmeseclassic.com


ရွှေစည်းခုံစွယ်တော်ရှင်
တန့်ကြည့်တောင်စွယ်တော်ရှင်
လောကနန္ဒာစွယ်တော်ရှင်
တူရင်တောင်စွယ်တော်ရှင်

www.burmeseclassic.com

## ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

### ဗုဒ္ဓဝင်အကျဉ်းမှတ်ရန်

| | | |
|---|---|---|
| ၁။ | လူအမည် | - သိဒ္ဓတ္ထ |
| ၂။ | ဘုရားဘွဲ့ | - ဂေါတမ |
| ၃။ | မိဘအမည် | - သုဒ္ဓေါဒနမင်းနှင့် မာယာဒေဝီ |
| ၄။ | ကြင်ယာတော် | - ယသော်ဓရာ (ဘဒ္ဒကစ္စာနာ) |
| ၅။ | ရင်သွေးတော် | - ရာဟုလာ |
| ၆။ | ယောက်ဖတော် | - ဒေဝဒတ် |
| ၇။ | မိထွေးတော် | - ဂေါတမီ |
| ၈။ | နေပြည်တော် | - ကပိလဝတ်ပြည် (သက္ကတိုင်း မဇ္ဈိမဒေသ) |
| ၉။ | ဖွားရာဒေသ | - လုမ္ဗိနီဥယျာဉ်(ကပိလဝတ်ပြည်နှင့်ဒေဝဒဟအကြား) |
| ၁၀။ | နန်းစံနှစ် | - ၁၃ နှစ်ကြာ (၁၆ နှစ်မှ ၂၉ နှစ်အထိ) |
| ၁၁။ | နိမိတ်ကြီးများ | - သူအို၊ သူနာ၊ သူသေ၊ ရဟန်း |
| ၁၂။ | ဗျာဒိတ်ခံယူသောဘဝ | - သုမေဓာရှင်ရသေ့ဘဝ |
| ၁၃။ | ဗျာဒိတ်ခံယူသောနေ့ | - ကဆုန်လပြည့်နေ့ |
| ၁၄။ | ဗျာဒိတ်ပေးသောဘုရား | - ဒီပင်္ကရာဘုရား |
| ၁၅။ | ပါရမီဖြည့်ဖက် | - သုမိတ္တာအမျိုးသမီး (ယသော်ဓရာအလောင်း) |
| ၁၆။ | ပါရမီဖြည့်ရာကာလ | - လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း (သုမေဓာဘဝမှ ဝေဿန္တရာဘဝအထိ) |
| ၁၇။ | ပါရမီဖြည့်ရခြင်း၏ ရည်ရွယ်ချက် | - သတ္တဝါများအကျိုးဆောင်ရွက်ရန် |
| ၁၈။ | ဒုက္ကရစရိယာ ကျင့်ရသောနှစ် | - (၆)နှစ်ကြာ (၉၇ မှ ၁၀၃ ထိ) |
| ၁၉။ | ဒုက္ကရစရိယာ ကျင့်သည့်နေရာ | - ဥရုဝေဠတော |
| ၂၀။ | ဘုရားဖြစ်ချိန် | - သက်တော် ၃၅ နှစ်အရွယ် |
| ၂၁။ | ဘုရားပွင့်ရန်သက်တမ်း | - ၁၀၀ တမ်း |

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

၂၂။ အလုပ်အကျွေး - ပဥ္စဝဂ္ဂီငါးဦး (ဒုက္ကရစရိယာကျင့်ခိုက်)
၂၃။ တရားဦးဟောသည့်နေရာ - ဗာရာဏသီ မိဂဒါဝုန်တော
၂၄။ ပထမဆုံးသာဝက - ပဥ္စဝဂ္ဂီငါးဦး
၂၅။ နောက်ဆုံးကျွတ်သော သာဝက - သုဘဒ္ဒပရိဗိုဇ်
၂၆။ လက်ယာရံအဂ္ဂသာဝက - အရှင်သာရိပုတ္တရာ
၂၇။ လက်ဝဲရံ အဂ္ဂသာဝက - အရှင်မောဂ္ဂလာန်
၂၈။ အဆုံးအမသာသနာ - ပရိယတ္တိ_ပဋိပတ္တိ-ပဋိဝေဓ
၂၉။ ကျင့်စဉ်သိက္ခာ - သီလ၊ သမာဓိ၊ သိက္ခာ
၃၀။ ချမှတ်သောလမ်းစဉ် - မဇ္ဈိမပဋိပဒါ (မဂ္ဂလမ်းစဉ်)
၃၁။ သန္ဓေယူသောနေ့ - မဟာသက္ကရာဇ် ၆၇၊ ဝါဆိုလပြည့်၊
- ကြာသပတေးနေ့
၃၂။ ဖွားမြင်သောနေ့ - မဟာသက္ကရာဇ် ၆၈၊ ကဆုန်လပြည့်၊
- သောကြာနေ့
၃၃။ တောထွက်သောနေ့ - မဟာသက္ကရာဇ် ၉၇၊ ဝါဆိုလပြည့်၊
- တနင်္လာနေ့
၃၄။ ဘုရားဖြစ်သောနေ့ - မဟာသက္ကရာဇ် ၁၀၃၊ ကဆုန်လပြည့်၊
- ဗုဒ္ဓဟူးနေ့
၃၅။ ဓမ္မစကြာဟောသောနေ့ - မဟာသက္ကရာဇ် ၁၀၄၊ ဝါဆိုလပြည့်၊
- စနေနေ့
၃၆။ ပရိနိဗ္ဗာန်စံသောနေ့ - မဟာသက္ကရာဇ် ၁၄၈၊ ကဆုန်လပြည့်၊
- အင်္ဂါနေ့
၃၇။ တေဇောဓာတ် လောင်းကျွမ်းသောနေ့ - မဟာသက္ကရာဇ် ၁၄၈၊ ကဆုန်လဆုတ်(၁၂)
- ရက်၊ တနင်္ဂနွေနေ့

ဗုဒ္ဓဝင်အကျဉ်းချုပ်ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်

## ၁၁–၁၀–၂၀၀၁ ခုနှစ် အထိ တာဝန်ယူခဲ့သည့်

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့

နာယကအဖွဲ့

| | |
|---|---|
| ၁။ ဒုတိယဗိုလ်မှူးကြီး အောင်မော်မော် | အတွင်းရေးမှူး (ပ–ယ–က) |
| ၂။ ဒုတိယဗိုလ်မှူးကြီး တင်အောင် | ဥက္ကဋ္ဌ (ခ–ယ–က) |
| ၃။ ဒုတိယဗိုလ်မှူးကြီး ဝင်းရှိန် | တပ်ရင်းမှူး ခ–လ–ရ (၉၆) |

ဂေါပကအဖွဲ့

| | |
|---|---|
| ၁။ ဗိုလ်မှူးအောင်ချစ် (ငြိမ်း) | ဥက္ကဋ္ဌ |
| ၂။ ဗိုလ်မှူးကြည်ဝင် (ငြိမ်း) | ဒု–ဥက္ကဋ္ဌ |
| ၃။ ဦးမျိုးမြင့် | အဖွဲ့ဝင် |
| ၄။ ဦးကြီးညွန့် | အဖွဲ့ဝင် |
| ၅။ ဦးစိန်ညွန့် | အဖွဲ့ဝင် |
| ၆။ ဦးတိုး | အဖွဲ့ဝင် |
| ၇။ ဦးမောင်သိန်း | အဖွဲ့ဝင် |
| ၈။ ဦးစံကြည် | အဖွဲ့ဝင် |
| ၉။ ဦးညိမ်းမောင် | အဖွဲ့ဝင် |
| ၁၀။ ဦးသန်းမြင့် | အဖွဲ့ဝင် |
| ၁၁။ ဦးသိန်းအောင်ကျော် | အဖွဲ့ဝင် |
| ၁၂။ ဦးတင်ထွန်း | အဖွဲ့ဝင် |
| ၁၃။ ဦးလှဖေ | အဖွဲ့ဝင် |
| ၁၄။ ဦးတင်အေး | တွဲဖက်အတွင်းရေးမှူး |
| ၁၅။ ဦးတင်စိုး | အတွင်းရေးမှူး |

www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ထိုမြို့ မြို့မ (၆) ရပ်ကွက် အတွင်းရှိ
တန်ခိုးကြီးနှင့်ထင်ပေါ်ကျော်ကြားသော
ဘုရားကျောင်းကန် စေတီပုထိုးနှင့်
ရုပ်ပွားတော်များ ဘွဲ့မည်စာရင်း

၁။ ကော့စံနိုင်ရပ်ကွက်

(က) ဆုတောင်းပြည့်စေတီ

၂။ မြောက်ပိုင်းရပ်ကွက်

(က) မြို့ရှေ့ဂူကျောင်း ဘုရားရုပ်ပွားတော်။

(ခ) ညောင်ဝိုင်းဘုရားစေတီ (ဦးမောင်မျှင်တည်ထားပြီး ယခုအခါ ပျက်စီးတိမ်ကောစ ပြုနေပြီ ဖြစ်ပါသည်။)

၃။ တောင်သူစုရပ်ကွက်

(က) နဂါးလိမ်စေတီ

(ခ) အောင်ချမ်းသာစေတီ (ကန်ဦးကျောင်းဆရာတော်မှ ကြီးမှူးတည်ထားသည်။)

(ဂ) မင်္ဂလာကျောင်းစေတီ (မင်္ဂလာဆရာတော် ဦးတိသမှ ပြုပြင်သည်။)

၄။ ဇေယျာမွန်ရပ်ကွက်

(က) အောင်တော်မူစေတီ (ဦးနန္ဒမာလာ ၁၉၇၅ ခု တည်ထားသည်။)

(ခ) တောရရှေ့ဂူ ကျောက်တွင်းကျောင်းဘုရားစေတီ (ရှေးယခင်က ကျန်ရစ်ခဲ့သည့် ကျောင်းဘုရားများဖြစ်သည်။)

၅။ ကံကော်ရပ်ကွက်

(က) ကျိုက်ပေါလော (ရုပ်ရှင်ရုပ်ပွားတော်) တန်ခိုးကြီးဘုရားအဖြစ် လူသိများပြီး ဘုရားဖူးတိုင်း အလွယ်တကူ ဝင်ရောက် ဖူးမြော်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(ခ) မဟာမြတ်မုနိ သွန်းဘုရား (ဦးအံ့–ဒေါ်ဂွန်း) ၁၂၅၆ ခု၊ တပေါင်းလဆုတ် ၅ ရက်နေ့ တည်ထားခဲ့ပါသည်။

၆။ တောင်ပိုင်းရပ်ကွက်

(က) နှစ်ကျိပ်ရှစ်ဆူ

(ခ) လေးဆူရုပ်ပွား (ယခင်ရဲဝန်ထောက်တစ်ဦး တည်ထားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် မိုးကြိုးခ၍ ပျက်စီးသွားသော ထီးတော်ကို ပြုပြင်ခြင်း၊ ရွှေသင်္ကန်းအသစ်ချခြင်းများကိုဦးညွှင်းနှင့် စခန်းမှူး ဦးတင်လှိုင်တို့မှ ကြီးမှူး၍ ဆောင်ရွက်ခဲ့ပါသည်။)

(ဂ) ဖောင်တော်ဦးစေတီတော်နှစ်ဆူကား (မွန်ကုန်သည် ညီနောင်နှစ်ဦးမှ တည်ထားလာခဲ့ပါသည်။ ဦးညွှင်းမှပင် ဆက်လက်ပြုပြင်ခဲ့ပါသည်။)

၇။ မြို့လယ်ကျောက်တိုင်အနီး

ရွှေဘုံသာစေတီဘုရားနှင့် ၎င်းဘုရားဝင်းအတွင်း၌ ဘုရားကိုးဆူ ဂူကိုးလုံး တည်ရှိနေပါသည်။

၈။ ခလရ (၉၆) အနီး

ဘုရားသုံးဆူတောင်တော်နှင့် စေတီပုထိုးများ တည်ရှိပါသည်။

၉။ ဂေါပကရုံးအဆောက်အအုံနှင့် ကျိုက်ထီးရိုးပြတိုက်သည် မှဲ့ရှင်တော်ဘုရား အသွားလမ်းထောင့်တွင် တည်ရှိပါသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်တစ်ခေါက် အရောက်လာခဲ့ကြပါလျှင် ကျိုက်ထိုမြို့အတွင်းရှိ တန်ခိုးကြီးနှင့် ထင်ပေါ် ကျော်ကြားသော အထက်ဖော်ပြပါ ဘုရားကျောင်းကန်၊ စေတီ ပုထိုးနှင့် ရုပ်ပွားတော်များအား ဝင်ရောက်ဖူးမြော်နိုင်ရန် ရည်ရွယ်တင်ပြခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကျိုက်ထီးရိုးဝန်းကျင်ကြိုတင်ကာကွယ် မီးဘေးအန္တရာယ်

ပထမအကြိမ်မီးလောင်ခြင်း။ ၁၉၇၅ ခု၊ ဒီဇင်ဘာလ (၉) ရက်နေ့ နံနက် ၉ နာရီအချိန်တွင် ထိပ်တန်း–အောင်ဝင်းစားသောက်ဆိုင်မှ စတင်လောင်ကျွမ်း၍ ဘုရားဈေးတန်း ပြာကျဖူးပါသည်။

ဒုတိယအကြိမ်မီးလောင်ခြင်း။ ၁၉၇၉ ခု၊ မတ်လ ( ) ရက်နေ့ နံနက် ၃ နာရီအချိန်တွင် လျှပ်စစ်ရှော့ဖြစ်ပြီး ကျိုက်ထီးရိုးစေတီနှင့် ကျောက်လုံးတော်ကြီးအား မီးခခဲ့ဖူးပါသည်။

တတိယအကြိမ်မီးလောင်ခြင်း။ ၁၉၈၁ ခု၊ ဒီဇင်ဘာလ (၃၀) ရက်နေ့ နံနက် ၈ း ၁၀ နာရီအချိန်တွင် ဆန်းသီရိ (ဦးဟုတ်လျော်) စားသောက်ဆိုင်မှ စတင်လောင်ကျွမ်း၍ ဘုရားဈေးတန်းအားလုံး ပြာကျခဲ့ပါသည်။

စတုတ္ထအကြိမ်မီးလောင်ခြင်း။ ၁၉၈၈ ခု၊ မတ်လ (၂၁) ရက်နေ့ နံနက်ပိုင်းအချိန်တွင် ကေအန်ယူသောင်းကျန်းသူများမှ ပစ္စည်းယူ ငွေလု၊ မီးရှို့သဖြင့် စတုတ္ထအကြိမ် မီးလောင်ဖူးပါသည်။

ကြိုတင်ကာကွယ် မီးဘေးအန္တရာယ်။ မီးဘေးဒဏ်ခံရသော အကြိမ်တိုင်းသိန်းပေါင်းများစွာ ဆုံးရှုံးခြင်း၊ လူသားအပေါင်း၏ အသက်အန္တရာယ်ကြုံတွေ့ရခြင်းများကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်သင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဤခရီးအား သည်နည်းဖြင့် လှမ်းလျှောက်လေသော်

၁။ နံပါတ်စဉ်အလိုက် ဖတ်ပါက ကင်ပွန်းစခန်းမှ ကျိုက်ထီးရိုးစေတီတော်အထိ တွေ့ဆုံရမည့် စခန်းအရေအတွက်နှင့် စခန်းအမည်သိရပါမည်။

၂။ ကဗျာလိုဖတ်ပါက ကျိုက်ထီးရိုးဘုရားဖူးများအတွက် ခရီးစဉ်ကဗျာတစ်ပုဒ်နှင့် ရောက်ရှိမိုင် သိရပါမည်။

| | | |
|---|---|---|
| ခရီးညွှန်းလျှင် – | ၁။ | ကင်ပွန်းစခန်း |
| | ၂။ | ဆင်ဆွဲလမ်းနှင့် |
| | ၃။ | စခန်းရေမြောင်လေး |
| | ၄။ | မှတ်တွေးရုံးပင် |
| | ၅။ | ခညင်းပင်ရောက် |
| | ၆။ | တစ်ပင်မရမ်း |
| | ၇။ | ဇင်မြွန်းစခန်းတိုင် – တစ်မိုင်သာတည်း။ |
| ခရီးဆက်စို – | ၈။ | ရွှေရင်စိုနှင့် |
| | ၉။ | ရှေ့သို့ရွှေရင်သာ |
| | ၁၀။ | ရေလာကဒပ်မှ |
| | ၁၁။ | သစ်ချပင်လွှန် |
| | ၁၂။ | ရေတံခွန်ရောက် |
| | ၁၃။ | ဆွေမွန်–ရွှေးပင် – နှစ်မိုင်တွင်ခဲ့။ |
| ခရီးဆက်လျှင် – | ၁၄။ | ကွမ်းသီးမြောင်စခန်း |
| | ၁၅။ | ကျောက်ဖျာနန်းတိုင် (ခ္ဓအောက်) |
| | ၁၆။ | စခန်းမြင်တော်မူ |

www.burmeseclassic.com

www.burmeseclassic.com



၁၇။ ရွှေမူရေမြောင်ကြီး
၁၈။ ခရီးပန်းမတော်င် – သုံးမိုင်ဆောင်ခဲ့။
ခရီးဆက်နိုင် – ၁၉။ မဟာမြိုင်ခရီး
၂၀။ ကွမ်းသီးသုံးပင်
၂၁။ ထိန်ပင်အတက်
၂၂။ သံရက်သို့အောင်
၂၃။ ဘိုးပြန်တောင်ဝင်
၂၄။ ဘန့်ဘွေးပင်ထိ – လေးမိုင်ရှိ၏။
ခရီးဆက်လျှောက် – ၂၅။ သပြေညိုရောက်နိုင်
၂၆။ အောက်စိုင်တမော့
ခရီးကျော့တွင် – ငါးမိုင်တွင်ခဲ့။
ခရီးတစ်ကျော့ – ၂၇။ စိုင်တမော့စခန်း (အထက်)
၂၈။ ကျောက်ဖျာနန်းတိုင် (အထက်)
၂၉။ စခန်းကလေးရောက် – ခြောက်မိုင်ပေါက်ခဲ့။
ခရီးမပြတ် – ၃၀။ နဂါးပတ်ရောက်
၃၁။ ပန်းတင်ကျောက်တိုင်
၃၂။ ရောက်နိုင်စေတီ (မြစေတီ–လွမ်းစေတီ)
၃၃။ စိတ်ကြည်ရွှေရင်အေး – ခုနစ်မိုင်ဝေးခဲ့။
ခရီးဆက်နိုင် – ၃၄။ ကျောက်သမ္ဘာန်ဝင်
၃၅။ ရွှေနန်းကျင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



၃၆။ ရှေ့တွင်ရေစည်

၃၇။ ကျိုက်လှသိယိုတိုင်

ခုနှစ်မိုင်ခွဲ

မယိုင်လဲဘဲ

ဖွဲ့စိတ်အားသန်

ကြံ့ကြံ့ခံပြီး

အားသွန်တက်ရ၊

နွမ်းလျှလည်း

ကျိုက်ထီးရိုးတွင်

ဆံတော်ရှင်ကို

ဖူးမြင်ကာမျှ

ထိုခဏ၌

ပန်းသမျှပြေ

ပီတိဝေ၍

နှစ်ထွေစိတ်ဝမ်း

လွှန်ငြိမ်းချမ်းလျက်

အံ့မခန်းမျှ

ဘုန်းတေဇနှင့်

ပြည့်ဝစုံလင်

စေတီရှင်ကို

အသင် ဖူးမြင်ရပါသည်။

မှတ်ချက်။ စခန်းအမည်ကို ဦးစားပေးရေးဖွဲ့ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဖူးမြော်လေ့လာ ရှာဖွေတစ်ထောက် ခရီးပေါက်သော်

ကျိုက်ထီးရိုးဆံတော်ရှင်မြတ်အား ဖူးမြော်ရန်ရောက်လာသူများ ထပ်မံဖူးတွေ့နိုင်သည့် စေတီပုထိုး၊ ရုပ်တု၊ ရုပ်ပွားနေရာဒေသ လမ်းညွှန်ဖြစ်ပါသည်။

* ကျီးပါးစပ်ဂူဆင်း၊ နတ်ရေတွင်းဝင်
စမ်းတွင်းသို့ဆင်း၊ ခရီးနှင်းသော်
လမ်းတွင်းကြွလိမ့်၊ မြသပိတ်တည်။

* ဘိုးဘိုးနီရောက်၊ ကျောက်ငါးကြင်းဝင်
ရှေ့တွင်မုဆိုးတောင်၊ခရီးအောင်ပြီ
တောတောင်မှုကြို၊ ကျောက်ဆိုယိုနှင့်
တစ်ခိုကျောက်လှုပ်၊ နောက်မဆုတ်နှင့်
အားထုတ်ရှေ့သို့၊ လှမ်းချီစို့ဖြင့်
ချွေးစို့မနား၊ ဖားဘုရားနှင့်
နဂါးဘုရား၊ ကျော်၍သွားလျှင်
ကျောက်သားအထပ်ထပ်၊ တောင်မြင့်မြတ်တွင်
ကျောက်ထပ်စေတီ ခရီးဆီသို့
လှမ်းကြစို့ကွဲ့ လှမ်းစို့ကွယ်။

သီးသန့်။ ရသေ့တောင်သည် ကျိုက်ထီးရိုးတောင်၏ တောင်ဘက်တွင် သီးသန့် တည်ရှိပါသည်။ (ယခုအခါတောင်ခြေတွင် တောင်တက်ကား ယာဉ်ရပ်နားစခန်း ရှိပါသည်)

သီးသန့်။ တတ်ပေါင်းစုစေတီသည် ရေမြောင်ကလေးတောင်ခြေ၏ မြောက်ဘက်တွင် သီးသန့်တည်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့စွယ်စုံကျမ်း အတွဲ (၂) တွင် ဖော်ပြပါရှိသည့် ကျိုက်ထီးရိုးဆံတော်ရှင်မြတ် စေတီတော်သမိုင်း

## ထူးဆန်းအံ့ဖွယ် စံပယ်တော်မူသည့် စေတီတော်

မြန်မာနိုင်ငံတွင် စေတီပုထိုးအမျိုးမျိုး ရှိကြသည့်အနက် ထူးဆန်းအံ့ဩဖွယ်အကောင်းဆုံးတည်ထားသော စေတီဖြစ်ပေသည်။ တည်နေပုံဆန်းကြယ်ခြင်း၊ တောတောင်သာယာကြည်နူးဖွယ်ကောင်းခြင်း၊ ဘုရားဖူးသွားရာတွင် နားနေရန် စခန်းအဆင့်ဆင့် ရှိခြင်းများကြောင့် ကျိုက်ထီးရိုးဘုရားသည် ကျော်စောထင်ရှားလှပေသည်။

## ကျိုက်ထီးရိုးစေတီ

ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီသည် အရှေ့ရိုးမတောင်တန်း အပါအဝင်ဖြစ်သော ပေါင်းလောင်းတောင်ပေါ်တွင် တည်ရှိ၍ မြန်မာနိုင်ငံတွင် တန်ခိုးကြီးသော စေတီတစ်ဆူဖြစ်သည်။ ကျိုက်ထီးရိုးစေတီကို အစွဲပြု၍ စေတီတည်ရှိရာတောင်ကို ကျိုက်ထီးရိုးတောင်ဟု ခေါ်ကြသည်။ ကျိုက်ထီးရိုးစေတီတည်ရှိရာ တောင်ထွတ်မှာ ပင်လယ်ပြင်မှ ပေ ၃၆၀၀ ခန့် မြင့်သည်။

ကျိုက်ထီးရိုးစေတီ တည်နေပုံမှာ အံ့ဩဖွယ်ရာကောင်းလှသည်။ ကြီးမား၍ မတ်စောက်သော ကျောက်တောင်တစ်ခု၏ အစွန်းတွင် လုံးပတ်ပေ ၅၀ ခန့် ရှိသော ဦးခေါင်းပုံသဏ္ဍာန် ကျောက်လုံးကြီးတစ်ခုက ပြုတ်လုတည်းကာ တင်၍နေသည်။ ထိုကျောက်လုံးကြီးပေါ်တွင်မှ ဉာဏ်တော် ၁၅ ပေခန့် မြင့်သောစေတီတော်ကို တည်ထားသည်။ စေတီတည်ရှိရာ ကျောက်ဆောင်နှင့် ရင်ပြင်တော်ကို ချောက်

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ခုခြားနေသောကြောင့် သံတံတားငယ်ဖြင့် ဆက်သွယ်ထားရသည်။ စေတီတည်ထားရာ ကျောက်လုံးကြီးသည် လူတစ်ယောက်တွန်းလိုက်ရုံမျှဖြင့် လှုပ်ရှား၍ ထိုကျောက်လုံးကို တွန်း၍ အောက်ခံကျောက်အကြားသို့ အပ်ချည်ကြိုးကို သွင်းပြီးလျှင် ဆွဲယူနိုင်သည်။

ကျိုက်ထီးရိုးဘုရားသမိုင်းမှာ မူအမျိုးမျိုး ကွဲလျက်ရှိသည်။ စစ်ကဲကြီးဦးရွှေနော် ရေးသားသော မွန်ရာဇဝင်နှင့် စေတီတော် သမိုင်းပေါင်းချုပ်အရ ဖော်ပြပေအံ့။

မြတ်စွာဘုရားသခင်သည် မဟာသက္ကရာဇ် ၁၁၁ ခုနှစ်၊ ဆောင်းဥတုတွင် သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွတော်မူခဲ့ရာ သထုံဘုရင် တိဿဓမ္မသီဟရာဇာမင်းနှင့် မူးမတ်ပြည်သူအပေါင်းတို့က စံ[ေ]ကျောင်းတော်မဏ္ဍပ်ကြီးကို ဆောက်လုပ်လှူဒါန်းကြသည်။ ဘုရားသခင်သည် ထိုမင်္ဂလာမဏ္ဍပ်တော်၌ ခုနှစ်ရက်တိုင်တိုင် စံနေတော်မူစဉ် များစွာသောဝေနေယျ သတ္တဝါတို့အား တရားတော်အမြိုက်ဆေး တိုက်ကျွေးတော်မူသည်။ ထိုအခါ ဂစ္ဆဂိရိတောင်က တိဿကုမာရရသေ့၊ ဗန္ဓုဝဂိရိတောင်က သီဟကုမာရ ရသေ့၊ ကုသိန္နာရုံတောင်က ရသေ့၊ ဒိုးကမော့ခတွဲဂလိုင်းတောင်က ဗုဒ္ဓ ဉာဏ ရသေ့၊ ဒိုးခလွန်တောင်က ရသေ့၊ မဲလံတောင်က ရသေ့ ပေါင်း ရသေ့ခြောက်ပါးတို့သည် မြတ်စွာဘုရားအား ဖူးမြော်ကန်တော့ကြပြီးနောက် ဘတ်တော်မွေတော်များ ချီးမြှင့်မ စရန် လျှောက်ထားတောင်းပန်ကြသဖြင့် ရသေ့ဘစ်ပါးလျှင် ဆံတော်တစ်ဆူစီ ပေးသနားတော်မူလေသည်။

နောက်နေ့ရက်များမကြာမီ မွတ်လအိတောင်က ကပ္ပရသေ့၊ မွတ်လအပ်တောင်က နာရဒရသေ့၊ ဝါဂရုနယ် လမိုင်းကေလာသတောင်က ရသေ့၊ ကျိုက္ခမီတောင်က ရသေ့၊ ကော့ယက္ခဗုပ်သွတ်ကျွန်းက နတ်ဘီလူးညီနောင် နှစ်ယောက်၊ ယွန်းတောင်က ရသေ့၊ ဆောင်ခဲတောင်က အလ္လကပ္ပ ရသေ့ ပေါင်းပုဂ္ဂိုလ်ခုနစ်ဦးတို့အဖူးအမြော် ရောက်ကြပြန်သဖြင့် အထက်နည်းတူ ဆံတော်တစ်ဆူစီ ပေးသနား

www.burmeseclassic.com



တော်မူခဲ့သည်။ တိဿဓမ္မသီဟရာဇာမင်းအားလည်း ဆံတော်နှစ်ဆူ ချီးမြှင့်ပေးသနားတော် မူခဲ့လေသည်။

ဒိုးကမော့ခတ္တဂလိုင်းတောင်က ဗုဒ္ဓဉာဏရသေ့၊ ဒိုးခလွန်တောင်က ရသေ့နှင့် ကုသိန္နာရုံတောင်ကရသေ့တို့သည် မိမိတို့ရရှိထားသော ဆံတော်တတ်တော်များကို ဌာပနာခြင်းမပြုကြဘဲ သိမ်းဆည်း၍ထားကြလေသည်။ ကာလအတန်ကြာလတ်သော် ဒိုးခလွန်ရသေ့နှင့် ကုသိန္နာရုံရသေ့တို့မှာ အိုမင်းမစွမ်းရှိကြသည့်ပြင် အနာရောဂါစွဲကပ်လာသည်နှင့် မကွယ်လွန်မီ မိမိတို့ရရှိထားသော ဆံတော်များကို ဗုဒ္ဓဉာဏရသေ့အား ပေးအပ်ခဲ့လေသည်။

ဗုဒ္ဓဉာဏရသေ့သည် ဆံတော်တတ်သုံးဆူကို မပျောက်မပျက်ရအောင် မိမိ၏ ဆံကျစ်အတွင်း၌ စည်းနှောင်ထားလေသည်။ နှောင်နှစ်ကာလ အတန်ကြာလတ်သော် အနာရောဂါနှိပ်စက်၍ ရသေ့ကြီးသည် အကယ်၍ မိမိကွယ်လွန်ခဲ့သော် ဆံတော်တတ်သုံးဆူကို မည်သို့မည်ပုံ ထားခဲ့ရမည်နည်းဟု တွေးတောပူပန်ခြင်း ဖြစ်မိလေသည်။ ထိုအခါ သိကြားမင်းသည် လူ့ပြည်သို့ ဆင်းသက်၍ ရသေ့ကြီး၏ ဆန္ဒအတိုင်း ရသေ့ကြီးဦးခေါင်းနှင့်တူသော ကျောက်လုံးကိုရှာဖွေကာ ကျောက်လုံးထဲကို သံလျက်နှင့်ထွင်း၍ ဆံတော်တစ်ဆူကို ဌာပနာခဲ့လေသည်။ ထိုသို့ ကျောက်လုံးပေါ်တွင် တည်ထားသောစေတီကို မွန်ဘာသာအားဖြင့် ကျိုက်အိသိရိုး မြန်မာဘာသာဖြင့် ရသေ့ရွက်သောဘုရားဟု ခေါ်၏။ နှောင်ကာလကြာလတ်သော် ကျိုက်အိသိရိုးမှ ကျိုက်ထီးရိုးဟု စကားရွေ့လျားလာလေသည်။ ကျန်ဆံတော် နှစ်ဆူကိုလည်း သိကြားမင်းက ဒိုးခလွန်းတောင်နှင့် ကုသိန္နရုံတောင်များတွင် အသီးအသီး ဌာပနာပေးခဲ့ကြောင်းနှင့် သမိုင်းများတွင် ဆိုသည်။ ထိုစေတီများမှာ ကေလာသနှင့် ကုသိန္နရုံဟု ထင်ရှားသည်။

ကျိုက်ထီးရိုးရင်ပြင်တော်မှ မြင်ရသော ရှုမျှော်ခင်းမှာ အလွန်သာယာသည် အနောက်ဘက်သို့ မျှော်ကြည့်လျှင် စစ်တောင်းမြစ်ကို ကျော်လွန်၍ ပဲခူးရွှေမော်ဓေ

www.burmeseclassic.com

www.burmeseclassic.com



စေတီကို ဖူးမြင်နိုင်သည်။ ကျိုက်ထီးရိုးစေတီတော်သို့ တက်ရန် လမ်းနှစ်သွယ် ရှိသည်။ တစ်သွယ်မှာ စစ်တောင်းရွာမှ တက်ရသောလမ်းဖြစ်၍ ကျန်တစ်သွယ်မှာ ကျိုက်ထိုမြို့မှ မော်တော်ကားလမ်းဖြင့် ကိုးမိုင်ခန့်ဝေးသော ကင်ပွန်းစခန်းမှ တက်ရသောလမ်းဖြစ်သည်။ ဒုတိယလမ်းမှာ ဘုရားဖူးအများ အသုံးပြုသောလမ်း ဖြစ်သည်။ (ယခုအခါ ကင်ပွန်းစခန်းမှ ရွှေနန်းကျင်နတ်နန်းအနီး မုခ်ဦးထိပ်အထိ မော်တော်ယာဉ်လမ်း ပေါက်နေပြီဖြစ်ပါသည်။) ကင်ပွန်းစခန်းမှ ကျိုက်ထီးရိုး ရင်ပြင်တော်အထိ ခုနစ်မိုင်ခွဲခန့်ရှိ၍ စခန်းပေါင်း ၂၇ စခန်းကို ဖြတ်ကျော် သွားရသည်။

ကျိုက်ထီးရိုးပွဲတော်အချိန်မှာ နှစ်စဉ်တပို့တွဲလမှ တန်ခူးလအထိဖြစ်သည်။

**မှတ်ချက်။ ယခုအခါ ကျိုက်ထီးရိုးဘုရားကြီးအား နှစ်ပတ်လည် ဖူးမြော်ခွင့် ရနေပြီဖြစ်ပါသည်။**

ပွဲတော်အချိန်၌ မြန်မာပြည်အရပ်ရပ်မှ ထောင်သောင်းမကသော ဘုရားဖူးများ လာရောက်ကြသည်။ ထိုအထဲတွင် တရုတ်လူမျိုးအများပါသည်။ ဘုရားသို့ တက်ရာ လမ်းတစ်လျှောက်၌ ဘုရားဖူးများ နားနေတည်းခိုရန်အတွက် ရေမြှောင်ကလေး၊ ရွှေရင်ဆို၊ ကင်ပွန်းမပင်၊ ရေမြှောင်ကြီး၊ ဘိုးပြန်တောင်၊ စိုင်တမော့ အစရှိသော စခန်း များ၌ ဈေးဆိုင်ကန္တားများ ရှိလေသည်။

ကင်ပွန်းစခန်း၌ ဘိုးဘိုးကြီးနတ်နှင့် ဟုန်းနတ်စင်များရှိ၍ လမ်းခရီးတွင် မျှော်တော်ယောင်စေတီ၊ လွမ်းစေတီ၊ ကျောက်သမ္ဘာန်စသော စေတီငယ်များနှင့် ရွှေနန်းကျင်နတ်၊ ပန်းတင်နတ်စသော နတ်ကွန်းများကို တွေ့ရှိနိုင်ပေသည်။ ဘုရား ဖူးများသည် နေ့နေ့ညည တက်ရောက်လေ့ရှိသည်။ အသက်အရွယ်ကြီးရင့်သူနှင့် အိုမင်းမစွမ်းသူတို့သည် အထမ်းပုခက်များစီး၍ တက်လေ့ရှိသည်။ ဘုရားဖူးများသည် ကျိုက်ထီးရိုးဘုရားမှ တစ်ဆင့် မုဆိုးဘုရား၊ ဖားဘုရား၊ နဂါးဘုရားများကို ဖြတ်၍

www.burmeseclassic.com

www.burmeseclassic.com



လေးမိုင်ခန့်ဝေးသော ကျောက်ထပ်ကြီးဘုရားသို့လည်း ဘုရားဖူးသွားရောက်လေ့ရှိကြသည်။ ကျိုက်ထီးရိုးရင်ပြင်ပေါ်ရှိ ဘိုးဘိုးကြီးနတ်ရုပ်နှင့် ကျိုက်ထီးရိုးဘုရားမြောက်ဘက်ရှိ ကျိုးကန်းပါးစပ်ခေါ် ကျောက်ဂူနေရာတို့မှာ ဘုရားဖူးများ ဆုတောင်းအဓိဋ္ဌာန်ပြု၍ အမွှေးနံ့သာ ပက်ဖျန်းခြင်း၊ ပိုက်ဆံပစ်ထည့်ခြင်းများ ပြုလုပ်သောနေရာများ ဖြစ်ကြသည်။

## ဓာတ်ပေါင်းစုစေတီတော်သမိုင်း

ပြည့်စုံသော ခိုင်လုံသောသမိုင်းဖြစ်ပေါ်လာရေးသည် မပြည့်ဂုံ၊ မခိုင်လုံသောပါးစပ်သမိုင်းမှသော်လည်းကောင်း၊ ရှေးလူကြီးသူမများ၏ ဆိုစကားမှသော်လည်းကောင်း ပြောဆိုခဲ့ကြသည့် သမိုင်းမှ အစတည်မြဲဖြစ်ပေသည်။

ယခုဓာတ်ပေါင်းစုစေတီတော် သမိုင်းသည်လည်း နောင်တစ်နေ့နေ့တွင်ပြည့်စုံခိုင်လုံသော သမိုင်းတစ်ခုဖြစ်လာမည့် ရှေ့ပြေးလူကြီးသူမများ ပြောဆိုခဲ့ကြသည့် သမိုင်းသာလျှင် ဖြစ်ပေတော့သည်။

၁၃၀၄ ခုနှစ်တွင် ဦးတေဇအမည်ရှိသော ရဟန်းတော် (လူအမည် ဦးထွန်းအောင်)သည် အိပ်မက်မြင်မက်ဖူးလေသည်။ ဦးတေဇသည် ကင်ပွန်းစခန်းရှိ စမ်းချောင်းတံတားပေါ်တွင် ရဟန်းတော်တစ်ပါးကို ဖူးတွေ့ရလေသည်။ ထိုရဟန်းမှာ လူတွေတရားမဲ့ကြသည်။ ဘုရားကိုလည်း မသွားချင်ကြဘူးဟု မိန့်တော်မူပြီး ကောင်းကင်မှ တောင်ပေါ်သို့ ကြွသွားလေသည်။

ထိုရဟန်းသည် ဘုံအဆင့်ဆင့်သော ဂူကျောက်အောက်ခြေမှ အပေါ်ဆုံးကျောက်ပြားအနောက်ဘက် အစွန်ဆုံးအပေါ်တွင် ထိုင်ခဲ့သည်ကို မြင်မက်သဖြင့် ရဟန်းတော်ဦးတေဇသည် မိုးလင်းသောအခါ (အိပ်မက်ယံကွင် တွေ့ခဲ့သည့် ရဟန်းတော်ပြောသော ဘုရားကို တို့ကျေးရွာအနေနှင့် ပူဇော်ထိုက်လျှင် လွယ်ကူစွာ သွား၍ ရှာတွေ့ရပါစေသား )ဟု ဆုတောင်းကာ သာမဏေတစ်ပါးနှင့် အွမ်းအုပ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ယူပြီး သွားရောက်ရှာဖွေရာ တွေ့သဖြင့် ကင်ပွန်းချောင်ဆရာတော် ဦးပညာဇောတ၊ ဦးသောဘိတ၊ ဦးကျော်ဝေ၊ ဦးစရွှေ၊ ဦးမိုးမြင့်၊ ဦးဂမင်းမှစ၍ ရွာသူရွာသား ဒါယကာများနှင့် ဦးမှုတာ၊ ဒေါ်ဖြူမ မိသားစုတို့နှင့် စုပေါင်းလှူဒါန်း ဆောင်ရွက်ကြသဖြင့် ၁၃၀၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်တွင် စေတီတော်အမြင့် ၇ တောင် တည်ကာ ထီးတော်တင်လှူဒါန်းပြီး ရေစက်ချ အမျှပေးဝေခဲ့ကြသည်။

တတ်ပေါင်းစုစေတီသည် မကြာခဏမီးရောင်များ ထိန်လင်းခြင်း၊ သက်တန့်ကဲ့သို့ ရောင်စုံအလင်းကြီးများထွက်ခြင်း၊ အခိုးလွှတ်ခြင်းများ မကြာခဏ ကြုံကြရသည်ဟု ဆိုကြလေသည်။

တတ်ပေါင်းစုစေတီသည် လူသူအရောက်နည်းသော်လည်း တန်ခိုးကြီးဘုရားအဖြစ် လူသိများလာပေသည်။ တတ်ပေါင်းစုစေတီ တည်ထားသော ကျောက်များအနက် အလယ်တွင် ထောင်လျက်ရှိသော ကျောက်ကြီးသည် မကြာခဏ ကွက်ကြားဖြူခြင်း၊ အဖြူအကြောင်းကြီးများ ဖြစ်ပေါ်ခြင်းများနှင့် ကြုံကြရသည်ဟု ဆိုကြပေသည်။

ထိုကျောက်လုံးကြီးအား လက်ဝါးနှင့်ပုတ်ကြည့်လျှင် ခေါင်းပွနေသည့်သဖွယ် (ဘုတ်-ဘုတ်) ဟု မြည်သည်သာမက အထဲမှလည်း ခုံးခုံးနှင့် မကြာခဏ အသံမြည်သံကို ကြားရသည်ဟု ဆိုကြလေသည်။

ယခုအခါ တန်ဆောင်မုန်းလပြည့်နေ့တွင် ဆွမ်းတော်ကြီးတင်လှူခြင်းများ ပြုလုပ်ကြပေသည်။

၁၃၃၂ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် စေတီတော်အား ဉာဏ်တော် ၉ တောင်ထိ ပြုပြင်၍ ကြေးထီးတော်ဖြင့် ထီးတင်ပွဲပြုလုပ်လှူဒါန်းကြခြင်းအားဖြင့် မူလအလှူရှင်ဟောင်းများနှင့် ဆရာတော်များဖြစ်သည့် ဦးကေသရ၊ ဦးပဏ္ဍိတတို့ ဦးဆောင်း၍ ထပ်မံလှူဒါန်းခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တတ်ပေါင်းစုစေတီ၏ အောက်ခံပလ္လင်ကျောက်တုံး၊ ကျောက်ခဲများအား ဖယ်ရှားခြင်းပြု၍မရပေ။ ဖယ်ရှားခြင်းပြုပါက အချိန်အခါမဟုတ် မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးချုန်းခြင်းများ ချက်ချင်းပင် ဖြစ်ပေါ်တတ်သည်ဟု ဆိုကြပေသည်။

ယခုအခါ တတ်ပေါင်းစုစေတီသည် အလှူရှင်များ တိုးတက်လာသဖြင့် ဆွမ်းစားဆောင်၊ စောင်စောင့်ဘိုးဘိုးနတ်ပုံတော် သစ်သားရွှေဟသာံနှင့် တံခွန်တိုင်စသည်တို့ဖြင့် သာယာကြည်ညိုဖွယ် ရှိနေပေသည်။



အံ့ဖွယ် (၅) ပါး ကျိုက်ပေါ်လောဘုရား

၁။ မျက်လုံးတော်မှ ဣန္ဒနီလာ၊ မြစိမ်းညိုရောင်အဆင်းနှင့် မျက်တောင်ခတ်သကဲ့သို့ရှိခြင်း။

၂။ ဆင်၊ မြင်း၊ ဗိုလ်ပါ လူပေါင်း နှစ်ထောင်ကျော်ဖြင့် ပင့်ဆောင်သော်လည်း ကြွချီတော်မူခြင်း မရှိ။

၃။ ကျောက်လှည်းဘီးနှင့် ရေပေါ်တွင် ပေါ်နေသည်ဟုဆိုခြင်း။

၄။ ဆံတော်မြတ်ကိန်းဝပ်ရာ မုံ့ရှင်သည် မည်သို့ပင် ရွှေချသော်လည်း ကွယ်ပျောက် သွားခြင်းမရှိ။

၅။ သိဟိုဠ်ကျွန်းဘက်သို့ မျက်နှာမူ တည်ရှိနေခြင်းသည် မည်သည့်ဘက်သို့မှ လှည့်၍မရ။

www.burmeseclassic.com

www.burmeseclassic.com



## ကျိုက်ထိုမြို့
## ကျိုက်ပေါလောမွဲ့ရှင်ဘုရား သမိုင်းအကျဉ်း

ကျိုက်ပေါလောမွဲ့ရှင်ဘုရားသမိုင်းသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နှစ်ပေါင်း ၂၂၀ အကြာ အိန္ဒိယပြည်တွင် သီရိဓမ္မာသောကမင်းကြီး တတိယသင်္ဂါယနာတင်သည့် အချိန်မှစခဲ့သည်ဟု ဆိုရပါမည်။

မင်းကြီးသည် အကျင့်သိက္ခာနှင့်မညီသော ရဟန်းများကို သာသနာတော်မှ ဖယ်ရှားတော်မူပြီး အရှည်သန့်ရှင်းတည်တံ့ ပြန့်ပွားစိမ့်သောငှာ အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ်အား အကြီးအမှူးပြု၍ ပိဋကတ်ကျမ်းဂန်၌ ကျွမ်းကျင်လိမ္မာသော ရဟန်းတော်အပါးတစ်ထောင်ကို ရွေးချယ်တော်မူ၏။ ထိုနောက် တတိယသင်္ဂါယနာတင်ပွဲကြီးကို ပါဋလိပုတ်ပြည် အာသောကာရာမ ကျောင်းတိုက်ကြီး၌ ကိုးလတိုင်တိုင် ကျင်းပတော်မူသည်။

ထိုမျှမကသေး မင်းကြီးသည် ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးနှင့် တိုင်ပင်ကာ အခြားနိုင်ငံများတွင် သာသနာတော်ပြန့်ပွားစေခြင်းငှာ ကိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်တော်မူသည်။ တစ်ဖွဲ့လျှင် ရဟန္တာ (၅) ပါးစီ ပါဝင်စေပြီး သားတော်အရှင်မဟိန္ဒ ဦးဆောင်သောအဖွဲ့သည် ယခုအခါ သီရိလင်္ကာဟုခေါ်သော သီဟိုဠ်ကျွန်းသို့ ရောက်ရှိတော်မူသည်။

မြန်မာနိုင်ငံသုဝဏ္ဏဘူမိ သထုံပြည်သို့လည်း အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်နှစ်ပါး ဦးဆောင်သောအဖွဲ့ ရောက်ရှိလာသည်။ မြန်မာနိုင်ငံတွင် ကြီးမားသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူကြသည်။

ရဟန္တာနှစ်ပါးသည် ကျိုက်ထိုမြို့မြောက်ဘက် တစ်မိုင်ခန့်အကွာ မောရတောင် (ယခုဘုရားသုံးဆူတောင်) တွင် သောဏစေတီ၊ ဥတ္တရစေတီနှင့် အရှင်နှစ်ပါးပေါင်း၍ သောဏုတ္တရစေတီဟူ၍ စေတီသုံးဆူကို အစွဲပြု၍ ယခုအခါ ဘုရားသုံးဆူတောင်ဟုခေါ်တွင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာခုနစ်ပါးသည် ဘီးလင်းမြို့မြောက်ဘက် ခြောက်မိုင်ခန့်အကွာရှိ သာယာလှပသော ကုသိနာရုံတောင်ပေါ်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူကြသည်။ ပရိနိဗ္ဗာန်စံဝင်တော်မူသော ရုပ်ထုပုံတော်များကို အသစ်ပြုပြင်ထားသော ဂန္ဓကုဋိတိုက်တွင်ထားရှိပြီး ဒေသခံလူများနှင့် ရပ်နီးရပ်ဝေး ဘုရားဖူးများက လာရောက်ပူဇော်ကြသည်။

ထိုအချိန်က သီဟိုဠ်ကျွန်းနိုင်ငံကို ဒေဝါနံပိယတိဿမင်းကြီး စိုးစံတော်မူသည်။ အရှင်မဟိန္ဒဦးဆောင်သော သာသနာပြုအဖွဲ့ ရောက်ရှိတော်မူလာသောအခါ မင်းကြီးသည် မိမိကိုယ်တိုင်လည်း ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုတော်မူသည်။ မင်းကြီးနှင့် ရဟန္တာအရှင်မြတ်တို့သည် သာသနာပြုလုပ်ငန်းများကို အစဉ်အတိုင်း ဆောင်ရွက်တော်မူကြသည်။

တစ်နေ့တွင် မင်းကြီးသည် အခြားနိုင်ငံများမှ လူအပေါင်းတို့သည်လည်း ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ပူဇော်ရပါလျှင် လောကီအကျိုး လောကုတ္တရာအကျိုးများ ရစေပြီး ဗုဒ္ဓဘာသာကို အလွန်သက်ဝင် ယုံကြည်လာလိမ့်မည်ဟု စဉ်းစားတော်မူသည်။

ထို့နောက် ဒေဝါနံပိယတိဿမင်းကြီးသည် မိမိ၏အကြံတော်ကို အရှင်မဟိန္ဒအား လျှောက်ထားရာ အရှင်မဟိန္ဒကလည်း ကောင်းမြတ်သောအကြံ ...သဖြင့် သင့်တော်ကြောင်း မိန့်ကြားတော်မူသည်။ ထိုအခါ မင်းကြီးသည် ပန်းပုပညာရှင်အကျော်အမော်တို့အား ရုပ်ပွားတော်လေးဆူကို ထုလုပ်စေတော် မူသည်။ ပြီးစီးသောအခါ ရုပ်ပွားတော်လေးဆူတို့အား တိုင်းသူပြည်သားများ နန်းတွင်းသူ နန်းတွင်းသားများနှင့်အတူ ရဟန်းတော်များအား ဆွမ်းလုပ်ကျွေးတော်မူလျက် ၁၅ ရက်တိုင်တိုင် ပူဇော်ပွဲကျင်းပတော်မူသည်။

ထို့နောက်မင်းကြီးသည် မိမိကြံရွယ်ထားသည့်အတိုင်း အခြားနိုင်ငံများမှ ဧည့်များ ပူဇော်ကိုးကွယ်နိုင်စေခြင်းငှာလည်းကောင်း၊ ဗုဒ္ဓသာသနာတော် ပြန့်ပွားစေခြင်းငှာ သည်းကောင်း ရုပ်ပွားတော်လေးဆူမှ တစ်ဆူကို ကျွန်းတုံး (ပေါင်) ပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ တစ်ဆူကို ပိန္နဲတုံး (ဖောင်) ပေါ်တွင်လည်းကောင်း၊ တစ်ဆူကို သက်န်းတုံး (ဖောင်) ပေါ်တွင်လည်းကောင်း၊ တစ်ဆူကို ကျောက်လှည်းဘီး (ဖောင်) ပေါ်တွင်လည်းကောင်း၊ အသီးသီးတင်ကာ စည်းကားသိုက်မြိုက်စွာ အခမ်းအနားဖြင့် သမုဒ္ဒရာအတွင်းသို့ အဓိဋ္ဌာန်ပြုကာ မျှောလွှတ်တော်မူလိုက်သည်။

ရုပ်ပွားတော်လေးဆူတို့သည် နတ်၊ သိကြားတို့၏အစောင့်အရှောက်ဖြင့် သာသနာတော်ထွန်းကားရာ မြန်မာနိုင်ငံတော်သို့ ဆိုက်ရောက်လာကြသည်။

တစ်ဆူမှာ ကျိုက္ခမီကမ်းခြေသို့ ဆိုက်ရောက်ပြီး "ကျိုက္ခမီရေလယ်ဘုရား" ဘွဲ့တော်နှင့် ကျော်ကြားလျက်ရှိပါသည်။ ပွဲတော်မှာ သီတင်းကျွတ်လပြည့်မှ လပြည့်ကျော် ၅ ရက်နေ့အထိ ဖြစ်သည်။ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြသဖြင့် အလွန်စည်းကားသည်။ တစ်ဆူမှာ ထားဝယ်ကမ်းခြေသို့ ဆိုက်ရောက်ပြီး "ရှင်မုဋ္ဌီး" ဘွဲ့တော်ဖြင့် ကျော်ကြားလျက်ရှိပါသည်။ အခြားတစ်ဆူမှာ ပုသိမ်ကမ်းခြေသို့ ဆိုက်ရောက်ပြီး ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်ကြီး၏ အာရုံခံတန်ဆောင်းတစ်ခုအတွင်း "သီဟိုဠ်ရှင်ဘုန်းတော်ပြည့်ဘုရား" ဘွဲ့တော်ဖြင့် ကိုးကွယ်ပူဇော်ထားသည်။

ကျောက်လှည်းဘီးဖြင့် မျှောလာသော ကျန်တစ်ဆူမှာ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကျိုက်ပေါလော မှဲ့ရှင်တော်ဘုရားဖြစ်ပါသည်။ ဘွဲ့တော်ကို မူလက "ကျိုက်ပေါလော"ဘုရား၊ နောက် ပကတိမျက်စေ့ကဲ့သို့ ကြည်လင်တောက်ပသော မျက်လုံးတော်ကို အစွဲပြု၍ "ကျိုက်ပေါလော မျက်ရှင်တော်ဘုရား"၊ နောက် လကျ်ာဘက် နားထင်ပေါ်တွင်ရှိသော မှဲ့တော်ကို အစွဲပြု၍ "ကျိုက်ပေါလော မှဲ့ရှင်တော်ဘုရား" ဟူ၍ အမျိုးမျိုးပြောင်းလဲ ခေါ်ဝေါ်ပူဇော်ကြသည်။

မြို့ခံအလှူရှင်များ အနယ်နယ်အရပ်ရပ်မှ အလှူရှင်အပေါင်းတို့၏ ဤအလှူဒါနဖြင့် ရွှေသား ပလ္လင်တော်ကြီး၊ ဂန္ဓကုဋီတိုက်ကြီး၏ ရွှေသားမျက်နှာကျက်တော်နှင့် ရွှေသားနံရံများကို မြန်မာအနုပညာလက်ရာအလှအပတို့ဖြင့် ရွှေကျောင်းတော်ကြီး အဖြစ် ပြုပြင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအပြင် ဘုရားဖူးများ တည်းခိုနိုင်ရန် နှစ်ထပ်ဆောင်ကြီး အသစ်တစ်ခုကို တည်ဆောက်ခြင်း၊ တရားဟော တရားနာရန် ဓမ္မာရုံကြီးတစ်ခု၊ သိမ်တော်ကြီး တစ်ခုနှင့် အခြားသာသနိက အဆောက်အဦးများ ပြုပြင်ထိန်းသိမ်းထားပါသည်။ အလှူရှင်အပေါင်း သာဓုအနုမောဒနာ ခေါ်နိုင်ကြပါကုန်။

## မဟာမုနိ ရုပ်ပွားတော် သွန်းဘုရားကြီး ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ခွဲဝေမှု

| | | |
|---|---|---|
| ၁။ | ဦးကျင်ဟုတ် | ဥက္ကဋ္ဌ (ငွေထိန်း) တောင်သူစုရပ် |
| ၂။ | ဦးတိန်ဟုတ် | ဒု-ဥက္ကဋ္ဌ (ဆောက်လုပ်ရေး) မြောက်ပိုင်းရပ် |
| ၃။ | ဦးစိုးလွင် | အဖွဲ့ဝင် (ဆောက်လုပ်ရေး) မြောက်ပိုင်းရပ် |
| ၄။ | ဦးပု | အဖွဲ့ဝင် (ဆောက်လုပ်ရေး) တောင်ပိုင်းရပ် |
| ၅။ | ဦးသန်းမြင့် | အဖွဲ့ဝင် (လုံခြုံရေးနှင့်ထိန်းသိမ်းရေး) ကံကော်ရပ် |
| ၆။ | ဦးသန်းကျော် | အဖွဲ့ဝင် (လုံခြုံရေးနှင့်ထိန်းသိမ်းရေး) တောင်သူစုရပ် |
| ၇။ | ဦးထွန်းခင် | အဖွဲ့ဝင် (လုံခြုံရေးနှင့်ထိန်းသိမ်းရေး) ကံကော်ရပ် |
| ၈။ | ဦးညဏ်ဦး | အဖွဲ့ဝင် (စာရင်းကိုင်) တောင်ပိုင်းရပ် |
| ၉။ | ဦးသောင်းချစ် | အဖွဲ့ဝင် (စာရင်းစစ်) ဧယျာမွန်ရပ် |
| ၁၀။ | ဦးလွန်းကြည် | တွဲဖက်အတွင်းရေးမှူး (လုံခြုံရေးနှင့်ထိန်းသိမ်းရေး) ကံကော်ရပ် |
| ၁၁။ | ဦးတင်ထွန်း | အတွင်းရေးမှူး (မှတ်တမ်း) အ-ထ-က (၁) ဝင်း |

www.burmeseclassic.com

www.burmeseclassic.com



## မဟာမုနိ သွန်းဘုရား

ကျိုက်ပေါလောဘုရား၏ အရှေ့ဘက်တွင် ပြာသာဒ်ကြီးနှင့် စံမြန်းနေသော မဟာမုနိသွန်းဘုရားကြီးသည် ၁၂၅၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ဒါယကာ ဦးအံ့–ဒေါ်ဂွန်းတို့သည် သီပေါမင်းတရားကြီး အစ်မတော်၏ ခွင့်ပြုချက်အရ မန္တလေးမဟာမြတ်မုနိပုံတော်အား ပလာစတာဖြင့် (၇) ရက် တိုင်တိုင် ကူးယူခဲ့လေသည်။

၁၂၅၆ ခုနှစ်၊ တပေါင်းလဆုတ် (၅) ရက်နေ့တွင် ကျိုက်ပေါလောဘုရားအနီး ဇီးမြဲကုန်းကြီးတွင် ဦးအံ့–ဒေါ်ဂွန်းအမှူးပြု၍ ပြည်သူတို့ ပါဝင်လှူဒါန်းသော ရွှေ၊ ငွေ၊ ကြေး၊ မိုးကြိုး ပိသာသုံးထောင်ကျော်ဖြင့် ဒုတိယမဟာမုနိဘုရား သွန်းလုပ်လှူဒါန်းခဲ့ပေသည်။

၁၂၇၁ ခုနှစ်မှစ၍ ဝါတွင်းတရားပွဲများအား မဟာမုနိဘုရားဝင်းအတွင်း ယနေ့တိုင် ပြုလုပ်လျက်ရှိပေသည်။

ဘုရားဒါယကာ ဦးအံ့သည် (၁၂၀၄) ခု၊ တပို့တွဲလဆုတ် ၁ ရက်နေ့တွင် မွေးဖွား၍ ၁၂၉၆ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့တွင် ကွယ်လွန်ပြီး၊ ဒါယိကာမ ဒေါ်ဂွန်းသည် ၁၂၂၀ ခု၊ သီတင်းကျွတ်လဆုတ် ၆ ရက်နေ့တွင် မွေးဖွား၍ ၁၂၉၂ ခု၊ တန်ခူးလဆန်း ၉ ရက်နေ့တွင် ကွယ်လွန်ခဲ့ပေသည်။ ဦးအံ့–ဒေါ်ဂွန်းတို့၏ အုတ်ဂူအား သွန်းဘုရားဝင်းအတွင်း ဆောက်လုပ်ထားပေသည်။ ဘုရားကြီးဝေယျာဝစ္စအား ယနေ့အထိ သားစဉ်မြေးဆက် ဆက်လက်မွမ်းမံပြုပြင် လှူဒါန်းလျက်ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## တန်ခိုးကြီးသမို့ ဘိုးဘိုးဘွားဘွားတို့ပင် ပူဇော်တစ်ခေါက် ရောက်စမြဲ

သက္ကတိုင်း၊ ကပိလဝတ်ပြည်ရှင် သုဒ္ဓေါဒနမင်းကြီးနှင့် တောင်ညာစံ မိဖုရားခေါင်ကြီး သီရိမဟာ မာယာဒေဝီတို့မှ သက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့ နံနက်တစ်နာရီအချိန်တွင် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်တို့ စပ်ကြား လုမ္ဗိနီဥယျာဉ်တော်ကြီး၌ သားတော် သိဒ္ဓတ္ထအား ဖွားတော်မူလေသည်။

သိဒ္ဓတ္ထမင်းသားသည် ၁၆ နှစ်ရောက်သောအခါ ဘထွေးတော် သုပ္ပဗုဒ္ဓနှင့် အမိတ္တာတို့၏ သမီးတော် ဘဒ္ဒကစ္စာန (ခေါ်) နှမတော် ယသော်ဓရာနှင့် ထိမ်းမြားစုံဖက်ပြီး ကပိလဝတ်ပြည်၌ ခမည်းတော်အစ်နှင်း၍ မင်းအဖြစ်ရောက်တော်မူလေသည်။

သားတော်ရာဟုလာအား ဖွားမြင်တော်မူပြီးနောက် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တွေ့သဖြင့် အေးချမ်းသော နိဗ္ဗာန်တာကို အရရှာတော့မည်ဟု မနသိကာရ စိတ်ထားတော် အကြံရလျက် သက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့ သန်းခေါင်ယံတွင် ဖွားဘက်တော်များဖြစ်ကြသည့် ဆန္နအမတ်၊ မြင်းကဏ္ဍကတို့နှင့်အတူ တောထွက်တော် မူခဲ့လေသည်။

အနော်မာမြစ်ကမ်းရောက်သောအခါ ဆံတော်ကို သန်လျက်နှင့် ပယ်ဖြတ်ပြီး ဃဋိကာရ ဗြဟ္မာမင်းကပ်လှူသော သင်္ကန်းကို ဝတ်ဆင်ပြီး ရဟန်းပြု၍ ဒုက္ကရစရိယာ ၆ နှစ်ကျင့်ပြီး သက်တော် (၃၅) နှစ်၊ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ အာရုံတက်ချိန်တွင် သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား သဗ္ဗညုဘုရား ဂေါတမဘုရား ထင်ရှားစင်စစ် ဖြစ်တော်မူခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘုရားသခင် ရှင်တော်ဂေါတမသည် သတ္တဝါမှန်သမျှအတွက် တရားရေအေး အမြိုက်ဆေး တိုက်ကျွေးမပျက် ဆောင်ရွက်ရင်း ကျွတ်သင့်သူများ ချွတ်သင့်သူများအားတရားနှင့် ဆိုဆုံးမပြုခဲ့လေသည်။

ဗုဒ္ဓဘုရားသခင်ရှင်တော် ဂေါတမ၏ဆိုဆုံးမသော တရားဓမ္မတို့သည် သတ္တဝါ ဟူသမျှအတွက် အေးချမ်းရာဖြစ်သဖြင့် ဗုဒ္ဓရှင်တော် ဂေါတမအား ကိုးကွယ် ဆည်းကပ်ကြသည့် ရဟန်းရှင်လူနတ်ဗြဟ္မာဟူသမျှတို့သည် ဗုဒ္ဓ၏စကား၊ ဗုဒ္ဓ၏ တဏ္ဍားတော်များအား ယနေ့တိုင် ကိုးကွယ်ဆည်းကပ်လျက် ရှိကြပေသည်။

ဗုဒ္ဓရှင်တော်ဂေါတမသည် ပရိနိဗ္ဗာန်စံလွန်ခြင်း မပြုမီ သိကြား၊ ဗြဟ္မာ၊ နတ်သူငါအပြင်၊ ရဟန်းရှင်လူ သတ္တဝါဟူသမျှအတွက် ဘုရားကိုယ်စား ကိုးကွယ် ဆည်းကပ်နိုင်ရန်ရည်မှန်းလျက် ဆံတော်၊ ဓာတ်တော်၊ မွေတော်များကို ချီးမြှောက်ခဲ့ ဖူးလေသည်။

ဗုဒ္ဓရှင်တော်ဂေါတမ ချီးမြှောက်တော်မူခဲ့သည့် ဆံတော်၊ ဓာတ်တော်၊ မွေတော် များအား ဌာပနာပြီး စေတီပုထိုးကိုးကွယ် ဘုရားတည်ထားတတ်ကြပေသည်။

ဗုဒ္ဓရှင်တော်ဂေါတမ ချီးမြှောက်တော်မူခဲ့သည့် ဆံတော်၊ ဓာတ်တော်၊ မွေတော်များအား ဌာပနာပြီး တည်ထားကိုးကွယ်ထားကြသည့် ဘုရားစေတီပုထိုး များသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာအရပ်ရပ်တွင်လည်း တန်ခိုးကြီးဘုရား စေတီပုထိုးများအဖြစ် တည်ရှိနေကြသည်။ ဗုဒ္ဓတရား ကိုးကွယ်လိုက်စားသည့် သူများ၊ ကမ္ဘာအရပ်ရပ်တွင် ရှိနေပေသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘုရားရှင်တော် ဂေါတမ၏ ဆံတော်၊ ဓာတ်တော်၊ မွေတော်များအား ဌာပနာထားပြီး တည်ထား ကိုးကွယ်နေကြသည့် စေတီပုထိုးများအနက် အထူးခြားဆုံး၊ အဆန်းကြယ်ဆုံး တည်ထားကိုးကွယ်ထားသည့် စေတီကြီးအား ပြပါဆိုလျှင် ပင်လယ်ရေပြင်အထက် ပေ ၃၆၀၀ ကျော်မြင့်သော ရှေ့က ' လုံးတင်တောင် 'ဟု ခေါ်သည့် ပေါင်းလောင်း တောင်ထိပ်အစွန်းမှ " ကျိုက်ထီးရိုးစေတီမြတ် " ကြီးအား ပြသရပေမည်။

www.burmeseclassic.com



## အထူးခြားဆုံး အဆန်းကြယ်ဆုံး

အထူးခြားဆုံး၊ အဆန်းကြယ်ဆုံးဟု ဆိုရလောက်အောင်ပင် ထူးခြားဆန်းကြယ်လှပေသည်။ တောင်ထိပ်စွန်း၏ အောက်ဘက်တို့သည် အသူတရာနက်သော ချောက်ကြီးဝန်းရံနေပေသည်။ အသူတရာနက်သော ချောက်ကြီးအလယ်မှ တောင်ထိပ်စွန်းပေါ်၌ လူဦးခေါင်း၏ သဏ္ဍာန်ရှိပြီး လုံးပတ်ပေ ၅၀ ခန့်ရှိသည့် ကျောက်လုံးကြီးသည် ပြုတ်ကျလုနီးနီး တည်ရှိနေသည်ကို ဖူးတွေ့ရပေသည်။ ထို ပြုတ်ကျလုနီးနီး လူဦးခေါင်းသဏ္ဍာန် ကျောက်လုံးကြီးပေါ်တွင်ရှေးအခါက ဉာဏ်တော် ၁၃ ပေ ၈ လက္မ (ယခု ၂၂ပေ၅လက္မ) ရှိသော ကျိုက်ထီးရိုးစေတီသည် စံပယ်လျက် ရှိပါသည်။

အောက်ခံကျောက်တောင်ထိပ်စွန်း၏ မျက်နှာပြင်သည်လည်း ပြားနေခြင်း/ ခွက်နေခြင်းမဟုတ်ဘဲ ခပ်မို့မို့တစ်ဘက်ခုံးနေသော ကျောက်စွန်းထိပ်ဖြစ်သည်။ ဦးခေါင်းသဏ္ဍာန် ကျောက်လုံးတော်ကြီးနှင့် ထိစပ်နေသော ကျောက်တောင်ထိပ်စွန်းသည် ခပ်မို့မို့ တစ်ဘက်ခုံးနိမ့်လျှောဖြစ်နေပါလျက် ကျောက်လုံးတော်ကြီးနှင့် ကျိုက်ထီးရိုးစေတီတော် ပြုတ်ကျခြင်း မရှိသည်မှာ ထူးခြားဆန်းကြယ်မှု အပြည့် ရှိကြောင်း သိသာလှပေသည်။

ထူးခြားဆန်းကြယ်မှု အပြည့်ရှိကြောင်း မျက်မြင်ဖူးတွေ့ရသည့်အပြင် သိပ္ပံအမြင်နှင့် သုံးသပ်ကြည့်လျှင်လည်း ထူးခြားဆန်းကြယ်ကြောင်း တွေ့ရပေမည်။

သိပ္ပံပညာရပ်တွင် ' ဟန်ချက်' အကြောင်း သင်ကြားရပေသည်။ အရှင်းဆုံး ဥပမာဖြင့်ဆိုရသော် အလေးချိန်ညီမျှသော အရာဝတ္ထုတစ်ခု၏ အလယ်ဗဟို၌ စူးချွန်ဖြင့် ထောက်ကြည့်ပါက ပြုတ်ကျခြင်းမရှိဘဲ ရပ်တည်နေပေမည်။ သို့သော် အနည်းငယ်တိမ်းစောင်းသွားရုံဖြင့် ပြုတ်ကျပေမည်။

ကျိုက်ထီးရိုးစေတီတော်မြတ် စံပယ်လျက်ရှိသော ဦးခေါင်းပုံ ကျောက်လုံးတော်ကြီးသည် လုံးပတ်ပေ ၅၀ ခန့် ရှိပေသည်။ ကျောက်လုံးတော်ကြီး ထိပ်တင်ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သည့် ကျောက်တောင်စွန်းအကျယ်အဝန်းသည် အများဆုံးရှိလျှင် ၁၅ ပေထက် မပိုချေ။

လုံးပတ်ပေ ၅၀ မျှကြီးသော ဦးခေါင်းပုံကျောက်လုံးတော်ကြီးသည် ကျောက်တောင်စွန်းထိပ်၌ ထိစပ်တည်ရှိသည့် အကျယ်အဝန်း ၁၅ ပေသည် ကျောက်လုံးတော်ကြီး၏ အလယ်ဗဟိုမဟုတ်ဘဲ ကျောက်လုံးတော်ကြီး၏ အစွန်အဖျားသာ ထိစပ်နေသဖြင့် အသူတရာနက်သော ချောက်ကြီးပေါ်နှင့် လေထဲ၌ တည်ရှိနေသကဲ့သို့ ကျောက်လုံးတော်ကြီး၏ လုံးပတ် ၃၅ ပေခန့် တည်ရှိနေသဖြင့် " ဟန်ချက် " ပုံစံဖြင့် လေ့လာလျှင် အနည်းငယ်တိမ်းစောင်းရုံဖြင့် ပြုတ်ကျသည်ဟုဆိုသော်လည်း ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးနှင့် ဦးခေါင်းပုံကျောက်လုံးတော်ကြီး၏ လုံးပတ်ပေ ၃၅ ပေခန့်သည် လေ၌တင်ဝဲနေသည့်သဖွယ် ရှိနေခြင်းသည်ပင် သိပ္ပံအမြင်နှင့် သုံးသပ်ပါကလည်း အလွန်တရာ ထူးခြားဆန်းကြယ်ကြောင်း သိသာလှပေသည်။

ထို့ထက်ထူးခြားဆန်းကြယ်လှသော အကြောင်းတရားတစ်ရပ် ရှိပေသည်။ ထိုထူးခြားချက်မှာ ဦးခေါင်းပုံကျောက်လုံးကြီးနှင့် ကျောက်လုံးတော်ကြီး ထိစပ်နေသော ကျောက်တောင်စွန်းအကြားတွင် နှီးပြားများထောက်၍ ယောကျ်ားတစ်ယောက်အား ကျောက်လုံးတော်ကြီးအား ထမ်းလျှင် ကျောက်လုံးတော်ကြီး ယိမ်းလှုပ်နေပေကြောင်း၊ နှီးပြားငယ်လေးမှာ ကွေးညွတ်ပြသနေသည်ကို တွေ့ရပေသည် ကျောက်လုံးတော်ကြီးနှင့် ကျောက်တောင်စွန်းထိပ်ဖျားအကြား အပ်ချည်ကြိုးပတ်၍ ဆွဲကြည့်မည်ဆိုပါက လွတ်လာနိုင်သေးကြောင်း သမိုင်းအချို့တွင် ဖတ်ဖူးပေသည်။

ကျောက်လုံးတော်ကြီးနှင့် ကျိုက်ထီးရိုးစေတီတော်မြတ် စံပယ်လျက်ရှိသော ကျောက်တောင်စွန်းအား ဘုရားရင်ပြင်တော်မှ လှေကားဖြင့် ဆက်သွယ်ထားပေသည်။

ကျောက်လုံးတော်နှင့် ကျိုက်ထီးရိုးစေတီအား အနီးကပ်ဖူးမြော်ရန် သွားရောက်ရန် လှေကားစီစဉ်ထားသော်လည်း ကျောက်လုံးတော်ကြီးနှင့် ကျိုက်ထီးရိုးစေတီတော် စံပယ်လျက်ရှိသော ကျောက်တောင်စွန်းပေါ်သို့ ယောကျ်ားများသာ သွားရောက်ဖူးမြော်ခွင့် ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများအတွက် အနီးကပ်ဖူးမြော်ခွင့်ရရန် အလှူရှင်များမှ ယခုအခါ ရင်ပြင်တော်နှင့် စေတီတော်၏ ဝဲယာနှစ်ဘက်တွင် အမျိုးသမီးအာရုံခံအဖြစ် ဆောက်လုပ်လှူဒါန်းခဲ့သော်လည်း ယခုအခါ စေတီတော်ကြီးအား ခေတ်မီ ပတ်လမ်း ဖောက်လုပ်ပြီး အမျိုးသမီးများအတွက် စေတီတော်ကြီးအား အနီးကပ် ဖူးမြော်ခွင့် ရစေပါသည်။ (ယခင်ပြုလုပ်ထားသော စေတီတော်ကြီး၏ အောက် ချောက်ကမ်းပါးထိပ်ရှိ အမျိုးသမီးအာရုံခံအား ၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ မတိုင်မီက ဖျက်သိမ်းခဲ့ပါသည်။)

အမျိုးသမီးများသည် ကျောက်လုံးတော်ကြီးနှင့် ကျိုက်ထီးရိုးစေတီတော်ကြီး အား အနီးကပ်ဖူးမြော်ရန် ထိုနေရာများမှတစ်ပါး အခြားမရှိပေ၊ ယောကျ်ားများ ဖူးမြော်ခွင့်ရသော နေရာသို့ အမျိုးသမီးများ သွားရောက်ဖူးမြော်ခွင့်မရှိပေ၊ မှားယွင်း သွားမိသည့်အခါ ချက်ချင်း လေကြီးမိုးကြီးတိုက်ခြင်း၊ မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးအုံ့ခြင်း၊ အခြားထူးခြားမှုများ ဖြစ်ပေါ်ခြင်းများ ကြုံတွေ့ရတတ်သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျောက်လုံးတော်ကြီးနှင့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး သည် ထူးခြားဆန်းကြယ်တန်ခိုးတော်ကြီးမြတ်သည့် စေတီကြီးအဖြစ် ကမ္ဘာက သိ ကျော်ကြားခြင်း ဖြစ်ပေသည်။

ထိုသို့ ထူးခြားဆန်းကြယ် တန်ခိုးတော်ကြီးမြတ်သောကြောင့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား လူမျိုးမရွေး၊ ဘာသာမရွေး၊ တောင်အထိုထို၊ တောအထပ်ထပ် ကျော်ဖြတ်၍ လာရောက်ဖူးမြော်ကြသည့် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူအပေါင်း သိန်းသောင်းမက နှစ်စဉ်လာရောက် ဖူးမြော်နေကြခြင်းဖြစ်သည့် အပြင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ တန်ခိုးတော်ကြီးမှုကို သိနေကြသည့် လူမျိုးမရွေး၊ ဘာသာမရွေးတွင် ရှိနေသည့် ဇရာအို အဘိုး၊ အဘွားတို့သည်ပင် စေတီတော်မြတ်ကြီးအား ဖူးမြော်လိုကြပေသည်။ ဖူးမြော်ရန်လည်း လာတတ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့၏ ကြွေးကြော်သံသည်ကား 'တန်ခိုးကြီးလေသည်မို့ ဘိုးဘိုး ဘွားဘွား တို့ပင် ဖူးမြော်တစ်ခေါက် ရောက်စမြဲ' ပင် ဖြစ်ပေသည်။

## ကင်ပွန်းစခန်း စချီလှမ်းစို့

ရှေ့တူရူတွင် မြင်တွေ့နေရသော တောင်အထပ်ထပ်၊ မြူခိုးအသွယ်သွယ် ရှိရာသို့ ဦးတည်ခုတ်မောင်းလာသော မော်တော်ယာဉ်ပေါ်မှ ခရီးသည်များသည် စိတ်၏ ကြည်နူးခြင်း၊ ကိုယ်၏ လန်းဆန်းခြင်းကို ခံစားလိုက်ရပေသည်။

ကိုင်းနှင့် တံမြက်စည်းပင်ဟုထင်ရသော (သို့) တောင်ပေါ်မှကြည့်လျှင် ရေမွှေးဖွေးဖွေးဟု ထင်ရသော အင်းဝကြဲ စိမ့်ကိုန်းစိုက်ခင်း၊ သဘာဝပေါက်ပင်များ အစီအရီပေါက်ရောက်နေသည့်ကြားမှ ဖြတ်သန်းလာရင်း တောင်ခြေစခန်း၊ တောင်ခြေအစကို ရောက်တော့မည်ဟု သိလိုက်ရသည်နှင့် " တောတောင် စရောက်တော့မှာပါလား " ဟု အတွေးစိတ်ကို လှုတိုင်းခံစားလိုက်ရပေမည်။

အမှန်တကယ် ဆိုက်ရောက်လာသောအခါ တောတောင်ထဲသို့ရောက်လာသည် မဟုတ်မူဘဲ စည်းကားသိုက်မြိုက်သည့် " မြို့တော်လေးတစ်ခု ဘွားကနဲ တွေ့လိုက်ရသည့်နှယ်" ကြွလိုက်ရပေသည်။ ထိုနေရာသည်ကား အခြားမဟုတ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးဆီသို့ ဖူးမြော်အသွား တောင်ခြေဖျား၏ ခရီးအစ တွင် ကြိုဆိုငံ့လင့်နေသည့် ကင်ပွန်းချောင်း (ခေါ်) ကင်ပွန်းစခန်းပင် ဖြစ်ပေသည်။

( ယခုအခါ ကင်ပွန်းစခန်းအား ကင်မွန်းစခန်းဟု ခေါ်ဝေါ်သတ်မှတ်ထားပြီး လူသိများလျက်ရှိပေသည်။)

ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနည္ဓ (၂၃-၁၁-၇၄) နေ့စွဲဖြင့် အမိန့် ကြော်ငြာတွင် ကျိုက်ထိုမြို့မှ ကင်မွန်းစခန်းအထိ ၉ မိုင်ကွာဝေးပြီး ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ၀.၈ မိုင် ပါဝင်သည်ဟု ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကင်ပွန်းစခန်း

မြို့နှင့်မခြား၊ လွန်စည်ကားသမို
တို့မျှားစိတ်တွေ၊ ပီတိဝေလျက်
ရေမြေတောင်တော၊ ခရီးကြောကို
မမောစိတ်ဖြင့် စချီလှမ်း။

ဘုရားဖူးဧည့်သည်များအား ကြိုဆိုငံ့လင့်နေသော ကင်ပွန်းစခန်းသည် ဘုရားဖူးလုပ်သားပြည်သူများအား စိတ်၏ သာယာကြည်နူးမှု၊ လိုအပ်သော ဖြည့်စွမ်းမှုတို့ဖြင့် ထာဝရကြိုလင့်နေပေသည်။

နေရာဒေသသည် တောတောင်အစတွင်ရှိသည် ဆိုသော်လည်း ရန်ကုန်မြို့ကြီး၏ စည်ကားသော မြို့လမ်းတစ်ခု (သို့မဟုတ်) ပြည့်စုံသော ဈေးတန်းကြီးတစ်ခုရှိရာသို့ ရောက်ရှိလိုက်သည်နှင့် အထူးတူလှပေသည်။

ကင်ပွန်းစခန်း၏ သဘာဝအလှတို့သည်ကား ဘုရားဖူးတိုင်းအတွက် အစစလိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်သည့် စွမ်းအားပင်ဖြစ်သည်။ ခရီးတစ်ခုလုံး၊ ယာဉ်ရထား၊ လေယာဉ်၊ သင်္ဘော အစရှိသည်များ စီးနင်းလိုက်ပါရသဖြင့် ကိုယ်နွမ်းမောပန်းလာရသမျှ ကင်ပွန်းစခန်းမှ ဖြေဖျောက်ပေးနိုင်စွမ်း ရှိလှပေသည်။

ကျိုက်ထိုမြို့မှ တာဝန်ရှိသူတို့ ဦးဆောင်ကြီးကြပ်မှုတို့ဖြင့် တပ်မတော်၊ တပ်မ (၄၄) နှင့် မြို့စောင့် ခ–လ–ရ (၉၆) တို့၏ စောင့်ရှောက်မှုတို့ဖြင့် ဘုရားဖူးလုပ်သားပြည်သူများအား စိတ်ချမ်းသာမှုကို ထာဝရပေးစွမ်းနေပေသည်။

လုပ်သားပြည်သူများ၏ သက်သာချောင်ချိရေးကို ရှေးရှုပြီး ကျိုက်ထိုမြို့နယ်သမဝါယမအသင်း၏ အထူးအစီအစဉ်တစ်ရပ်မှာ ချီးကျူးစရာ ကဏ္ဍသစ်တစ်ရပ်ဖြစ်ပေသည်။

" သမဝါယမ အောင်မြင်ရေးသည် အဓိက "ဆိုသည့် ဆောင်ပုဒ်အား လက်ကိုင်ထားပြီး အရှုံးအမြတ် အဓိကမထားကြောင်း ထင်ရှားလှသည့် ကျိုက်ထိုမြို့နယ်သမ

www.burmeseclassic.com

www.burmeseclassic.com



ဝါယာမအသင်းကြီး၏ ဘုရားဖူးအတွက် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ထားသော စားသောက်ဆိုင်ကြီးအား တွေ့ရှိရမည် ဖြစ်ပေသည်။

စားသောက်ဆိုင်ကြီးများ၏ စားသောက်ဖွယ်ရာများသည် အထူးသက်သာ ကောင်းမွန်လှပေသည်။ သက်သာကြောင်း သက်သေပြရလျှင် ဘုရားဖူးများအတွက် မိမိတို့အိမ်တွင် စားသောက်နေရသည့်အလား စိတ်တိုင်းကျ ကိုယ်တိုင်ကိုယ်ကျ ထည့်စားသောက်ခွင့် ရပြီးနောက် အဝစား (စနစ်) သတ်မှတ်စျေးပေးစနစ်ဖြင့် ရောင်းချပေးလျက်ရှိပေသည်။

ကင်ပွန်းစခန်းမှစ၍ ကျိုက်ထီးရိုးဘုရားကြီးအထိ စားသောက်ဆိုင်တန်း၏ ရောင်းချမှုတန်ဖိုးသည် အနည်းနှင့်အများဆိုသလို စျေးကြီးတတ်ကြသည်။ စျေးကြီးရသည်ကလည်း အကြောင်းမဲ့တော့ မဟုတ်၊ သယ်ယူပို့ဆောင်စရိတ် အဆင့်ဆင့် ရှိသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့်လည်း ကျိုက်ထိုမြို့နယ် သမဝါယမအသင်း၏ စီစဉ်ဆောင်ရွက်မှုသည် အနယ်နယ်အရပ်ရပ်မှလာသော ဘုရားဖူးဧည့်သည်များ အတွက် သမဝါယမစီမံကိန်းအောင်မြင်ရေး၏ ဖွင့်ဆိုချက်များအတိုင်း လုပ်သား ပြည်သူများ၏ သက်သာမှုကို ရှေးရှု၍ ဆောင်ရွက်နေသဖြင့် ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုရိုးနှင့် ညီလှပေသည်။

သမဝါယမအသင်းဆိုင် အခြားတစ်ဆိုင် ရှိပါသေးသည်။ ထိုအသင်းဆိုင်သည် ကင်ပွန်းစခန်းကျေးရွာ အခြေခံအသင်းဖြစ်သည်။ ထိုအသင်းမှ ဘုရားဖူးများအတွက် ခရီးသွားသုံး (တေဇောဘမ်း၊ ပရုပ်ဆီမှအစ အိမ်သုံးပစ္စည်းများထိ) သက်သာသော စျေးနှုန်းဖြင့် တည်ခင်းရောင်းချပေးလျက်ရှိသည်။

ကင်ပွန်းစခန်းတွင် ဘုရားဖူးများနားနေစခန်း ကိုယ်ပိုင်ကားများ အပ်ထားရန် စခန်း၊ ရေချိုးစခန်းမှအစ လိုလေသေးမရှိ စီစဉ်ဆောင်ရွက်ထားပေသည်။

ဘုရားဖူးများအတွက် အထူးအစီအစဉ် ရှိပါသေးသည်။ ကျိုက်ထိုမြို့နယ် တာဝန်ရှိသူများမှ ဘုရားဖူးများ ခရီးလမ်းတစ်လျှောက် သက်သာသာသာ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လှမ်းနိုင်ရန်အတွက် အထမ်းအရွက် ဝန်ထမ်းများ စီစဉ်ဆောင်ရွက်ထားပေးကြသည်။

အဘိုးအဘွားများနှင့် မထမ်းပိုးနိုင်သည့် ပစ္စည်းများ၊ ကလေးသူငယ်များအား " အထမ်း အရွက်ဝန်ထမ်းများ " စီစဉ်၍ သယ်ပို့ပေးလျက်ရှိပေသည်။

ထူးခြားချက်တစ်ရပ်မှာ အထမ်းအရွက် ဝန်ထမ်းများ၏ စေတနာဖြစ်ပေသည်။ ထိုစေတနာမှာ ကျိုက်ထီးရိုးဆံတော်ရှင်မြတ် ဂေါပကအဖွဲ့ ၏ သာသနာပြုလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများ သယ်ပို့ပေးရာတွင် အဖိုးအခ အဝိကမထားဘဲ သယ်ပို့ခြင်းဖြင့် ကုသိုလ်ဒါန ပြုခြင်းဖြစ်ပေသည်။

ကင်ပွန်းစခန်းမြေ၏ သဘာဝအလှများ ရှိပေသေးသည် စားသောက်ဆိုင်များ၏ လှပတင့်တယ်စွာ ဆင်ယင်မှု၊ အရောင်းဈေးသည်များ၏ ပျူငှာစွာဆက်ဆံမှု၊ ဖော်ရွေစွာ နှုတ်ချိုမှုများ ဖြစ်ပေသည်။ ထို့ပြင် တောတောင်ထွက် ဝါးအလှ ပစ္စည်းများမှာ ထူးဆန်းသပ်ရပ်သော ပစ္စည်းများဖြစ်ပေသည်။ လူသုံးပစ္စည်းများ ဖြစ်နေသဖြင့်လည်း နယ်မြေထွက်ကုန် ခရီးသွားလက်ဆောင် ရောင်းဝယ်ဖောက်ကားရာ ဒေသလည်း ဖြစ်ပေသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ တောင်ခြေခရီးအစ ကင်ပွန်းစခန်းဒေသတွင် ထင်ပေါ်ကျော်ကြားသော ရုပ်တုများ ရှိပေသေးသည်။

## ရက္ခိုန္ဒ (ခေါ်) ဘိုးဘိုးကြီး

ရှေးလူကြီးသူမများ ဆိုရိုးစကားအရ ကျိုက်ထီးရိုးစေတီ တည်ရှိရာ တောတောင်နယ်နိမိတ် တစ်ဝိုက်အား စောင့်ရှောက်နေသော နတ်မင်းကြီးများ ရှိသည်ဟု သိရပေသည်။ ထိုတောင်ခြေတစ်ဝိုက်အား စောင့်ရှောက်နေသော နတ်မင်းကြီးမှာ မဟာရက္ခိုန္ဒနတ်မင်းကြီး ဖြစ်သည်ဟု ဆိုရိုးရှိကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မဟာရက္ခိန္ဒနတ်မင်းကြီးအပြင် နတ်မင်းကြီး၏ တပည့် ယက္ခဒေဝ သူရဲ (ဦးရဲကျော်) နှင့် စိုးတော်ကျားတို့ ပါဝင်စောင့်ရှောက်နေသည်ဟု အဆိုရှိခဲ့ကြပေသည်။ ၎င်းတို့ပိုင်နက်သည် အင်းဝတံတားအထိဟု အဆိုရှိခဲ့ကြပေသည်။

မဟာရက္ခိန္ဒနတ်မင်းကြီးနှင့် တပည့် ယက္ခဒေဝ သူရဲ (ဦးရဲကျော်) နှင့် စိုးတော်ကျားတို့သည် ထိုဒေသတစ်ဝိုက်တွင် အပိုင်စိုးရသည်ဟူသော ရှေးရိုးဆိုရိုးစကားအရ ကင်ပွန်းစခန်းဒေသတွင် ရုပ်တုများ သွန်းလုပ်ထားသည်ကို တွေ့ရှိရပေသည်။

ဘုရားဖူးခရီးသွားများသည် ဘုရားဖူးရန်အသွားခရီးစဉ်၌ တည်ရှိနေသော မဟာရက္ခိန္ဒနတ်မင်းကြီးနှင့်တပည့် ယက္ခဒေဝ သူရဲနှင့် စိုးတော်ကျားရုပ်တု နတ်ကွန်းတွင် အမွှေးနံ့သာ ပန်းဆီမီးတို့ဖြင့် ပူဇော်ကန်တော့လေ့ရှိသည့်အပြင် အမှောင့်အမှား ကင်းရှင်းစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ကျိုက်ထီးရိုးဆံတော်ရှင် မြတ်ကြီးအား ဖူးတွေ့ရလိုပါ၏ ဆုတောင်းသူများလည်း ရှိပေသည်။

## ရက္ခိန္ဒ မှသည် ရက္ခိန္ဒဝေသို့

သမိုင်းစာအုပ်အမျိုးမျိုးတွင် ကင်ပွန်းစခန်း၌ ရုပ်တုသွန်းလုပ်ထားသော ရက္ခိန္ဒ ဘိုးဘိုးကြီး အမည်နာမ သတ်မှတ်ထားပေးကြသော်လည်း ထိုဘိုးဘိုးကြီး၏ ဝေယျာဝစ္စ နှစ်ရှည်လများ ဆောင်ရွက်ခဲ့သည့် ဦးသောင်းကြည်ထံမှ ဆံတော်ရှင် ကျိုက်ထီးရိုး ဂေါပကဥက္ကဋ္ဌဟောင်း ဦးထွန်းလှိုင်အား ဘိုးဘိုးကြီး၏ အမည်နာမသည် (မဟာ – ကြီးကျယ်သော၊ ရက္ခိန် – စောင့်ရှောက်၊ ဒေဝ – နတ်မင်းကြီး) " ထာဝရ စောင့်ရှောက်လေ့ရှိသော တန်ခိုးကြီးကျယ်သည့် နတ်မင်းကြီး "ဖြစ်သည်ဟု ပြောပြသဖြင့် ၁၉၈၀ ပြည့်နှစ်မှစ၍ " မဟာရက္ခိန္ဒဝေ " ဟု ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## နဂါးရုံဘုရား

ရက္ခိုင်ရှုံးဘိုးဘိုးကြီး နတ်ကွန်းအနီးတွင် နဂါးရုံဘုရားရှိပါသည်။ နဂါးရုံဘုရားသည် ကျိုက်ထီးရိုးဝေပကပေါင်း ဦးဇော်ထွန်းမှ ရသေ့တောင်ရှိ ဘုရားရုပ်တုအား ပင့်ဆောင်ပြီး ၁၉၇၄ ခုနှစ်တွင် တည်ထားခြင်း ဖြစ်ပါသည်။

## ခြေလျင်တောင်တက် တစ်မိုင်ခရီး ပြိုင်ပြီးတက်ဖို့ ဆင်ဆွဲလမ်း

ဤစခန်းသည် ကင်ပွန်းစခန်းမှတက်ပြီး ခဏအကြာတွင် ရောက်နိုင်သည့် ပြေပြစ်ညီညာသော စခန်းပင်ဖြစ်ပေသည်။ မမောမပန်း ဝမ်းပန်းတသာ ပြုံးရွှင်စွာဖြင့် လှမ်းလျှောက်ရသည့် ခရီးဖြစ်ပေသည်။

## ရေပြောင်ကလေးစခန်း

" တောင်တက်လို့မမောပါဘူး တောင်ကြီးဖဝါးအောက် တို့မကြောက် " ဟု ဆိုကာ တက်သူများအတွက် တောင်တက်စခန်း၏ ပထမဆုံးတွေ့ရသည့် သာယာသော တောင်တက်စခန်းဖြစ်သည်။ တောင်ပေါ်မှကျဆင်းလာသည့် တောင်ကျရေစမ်းချောင်းကို အုတ်တံတားဖြင့် လမ်းကူးလုပ်ထားသဖြင့် ကူးချင့်စဖွယ် လမ်းငယ်ကို ဖြတ်ကြရပေမည်။

## ရိုးပင်စခန်း

တောင်မကြီးနှင့် နီးသထက်နီးလာခြင်း၊ တောရိပ်တောင်ရိပ်ကျနေခြင်းတို့ကြောင့် သဘာဝအလျောက် အေးချမ်းသာယာလျက် ရှိပေသည်။ တောတောင်စိမ့်စမ်းများ၏ သဘာဝအလှ ပန်းချီများကို အားပါးတရ ရှုစားရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



## တည်ပင်စခန်း

အမှတ်ရလွယ်သော နေရာဟု ဆိုနိုင်လောက်ပေသည်။ တည်ပင်များ စီတန်းပေါက်ရောက်နေပြီး အုံ့မှိုင်းနေသော နေရာဖြစ်ပေသည်။ လသာရက်များဖြစ်လင့်ကစား ညအချိန် တည်ပင်စခန်းသည် မီးတုတ်ပါမှ လျှောက်၍ရသော စခန်းဖြစ်လေသည်။

ထိုစခန်းမှစ၍ လမ်းတစ်လျှောက်တွင် ကျောက်တုံးကျောက်ခဲများ ရှိနေသဖြင့် ခဲရာခဲဆစ် သွားကြရပေသည်။ တောင်တက်အစ ပဏာမဟု ဆိုလောက်သော နေရာဖြစ်၍လည်း ပင်ပန်းစပြုလာပေသည်။

## မရမ်းတောင်စခန်း

ဤခရီးသည် အနည်းငယ်အတက်ကြမ်းစ ပြုလာပေသည်။ ကျောက်တုံးကျောက်ခဲများရှိခြင်း၊ တောင်ထိပ်ရောက်လုနီးတွင် ပိုမိုမတ်စောက်လာသဖြင့် ခက်ခဲစွာ တက်ရပေသည်။ သို့သော် ဂေါပကအဖွဲ့၏ စီစဉ်ဆောင်ရွက်ထားမှုကြောင့် အုတ်လှေကားကလေးများမှာ ပင်ပန်းမှုကို အနည်းငယ်သက်သာစေပါသည်။ ဓာတ်ပေါင်းစုစေတီသို့ သွားရန် လမ်းခွဲရှိပါသည်။

## ဇင်မြွန်းပင်စခန်း

အတက်ခရီးမဆုံးသေးသော စခန်းဖြစ်သည်။ အတက်ခရီး ပင်ပန်းမည့် နေရာတိုင်းတွင် အုတ်လှေကားကလေးများ ရှိနေသဖြင့် သက်သာရာရလျက် ရှိပေသည်။ ဇင်မြွန်းပင်စခန်းသည် ကင်ပွန်းစခန်းတောင်ခြေမှ တစ်မိုင်ခရီးအတွင်းတွင် ရှိနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ခရီးနှစ်မိုင် မယိုင်စတမ်း

### ရှွေရင်ဆိုစခန်း

ထိုစခန်းသို့ရောက်လာလျှင် အမှန်တကယ်ပင် ရှွေရင်ဆိုနိုင်သည့် အခြေအနေ ဖြစ်ပေသည်။ ပင်ပန်းမှုဒီဂရီ အပြည့်တက်နေသော အခါလည်း ဖြစ်သည်။ ဤစခန်းအား " သရက်ညီနောင်စခန်း" ဟုလည်း ခေါ်ကြသည်။ သို့သော် တောင်တက်ခရီး ဖြစ်သည့်အပြင် မတ်စောက်စောက်တက်ရသည့်အတွက် ရှွေရင် ' ဆို ' တက် မတတ် ပင်ပန်းသောကြောင့် 'ရှွေရင်ဆို ' အဖြစ် လူသိများခြင်း ဖြစ်နိုင်ပေသည်။ ၎င်းတောင်ထိပ်နားတွင် ယခင်လမ်းဟောင်းဘက်မှ သွားပါက သရက်သုံးပင်ညီနောင် နတ်ကွန်းရှိသည်။ (မဟာစောရန်အောင်) ဟု ဆိုရိုးရှိခဲ့သည်။

### ရှွေရင်သာစခန်း

ရှွေရင်ဆို တွင် ပင်ပန်းခဲ့သမျှ အတိုးချအပန်းပြေစေရန်အတွက် သဘာဝမှ ဖန်တီးပေးထားသော သဘာဝခရီးဖြစ်သည်။ ပြေပြစ်သာယာသော ခရီးဖြစ်၍ ရှွေရင်ဆိုခဲ့သမျှ " ရှွေရင်သာယာ " ရသော စခန်းဖြစ်ပေသည်။ တတ်ပေါင်းစု စေတီ သို့သွားရန် လမ်းခွဲရှိနေပြန်ပါသည်။

### ကဒပ်ချောင်စခန်း

ထင်ပေါ်ကျော်ကြားခြင်းမရှိသော်လည်း အေးချမ်းစိုပြည်သော ခရီးလမ်း စခန်းကလေးတစ်ခု ဖြစ်ပေသည်။

### သစ်ချပင်စခန်း

ထိုစခန်းသည်လည်း ထင်ပေါ်မှုမရှိပေသည့် စိတ်လက်ကြည်သာစွာ ဖြတ်ကျော်ရ သည့် ခရီးစခန်းတစ်ခု ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကျောက်ဖြူတောင်ဘုရားလမ်းခွဲနှင့် ရေတံခွန်စခန်း

တောင်ကျရေတံခွန်အား စတင်တွေ့စေရမည်။ အေးချမ်းစိုပြည်ခြင်း၊ အရိပ်အာဝါသ ကောင်းခြင်းတို့ကြောင့် ကြည်နူးဖွယ်ကောင်းလှပေသည်။ ရေတံခွန်သည် အထက်ရေတံခွန် အောက်ရေတံခွန်အဖြစ် ဆုံဆည်းရပေမည်။ ၎င်းမှ (၃) ဖာလုံခန့် အကွာရှိ ကျောက်ဖြူတောင်ဘုရားသို့သွားရန် လမ်းခွဲရှိသည်။

## ငွေးပင်စခန်း

ထိုစခန်းသည် ထင်ပေါ်ကျော်ကြားလာသော စခန်းအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ထိုစခန်းအား ငွေးပင်စခန်းအပြင် ကျားဆွဲစခန်းဟုလည်း နာမည်ကြီးပေသည်။ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်ခန့်က လူဦးရေ ၆ ယောက်ပါဝင်သော အဖွဲ့သည် တောင်ပေါ်သို့ ဘုရားဖူးတက်ခဲ့ကြသည်။

၎င်းတို့အထဲမှ ဦးချစ်ဖေဆိုသူသည် အရက်သေစာများ သောက်စားလျက် ခရီးလမ်းတွင် မပြောသင့်မပြောအပ်သော မကြားဝံ့မနာသာ စကားများကို ပြောသည်ဟုဆို၏ အဖော်များမှ မလျော်ကန်သည့် စကားများမပြောရန် တားသော်လည်းမရဘဲ ပြောမြဲ ပြောဆို၏။ ယခုငွေးပင်စခန်းအရောက်၌ မိုးချုပ်သဖြင့် တန်းစီ၍ ညအိပ်ကြရာ အလယ်တွင်အိပ်သော ဦးချစ်ဖေတစ်ယောက်တည်းကိုသာ ရွေး၍ ကျားဝင်ဆွဲသည်ဟုဆိုသည်။ နံနက်မိုးလင်း၍ လိုက်ရှာကြည့်ရာ မြင်တော်မူဘုရားကုန်းတွင် အလောင်းအား တွေ့ကြသည်ဆို၏။ ထိုအဖြစ်အပျက်ကြောင့် ကျားဆွဲစခန်းဟု တွင်ရစ်ကြောင်း၊ အထိမ်းအမှတ်အဖြစ် ကျားဆွဲဘိုးဘိုးနှင့် နတ်ရုပ်နတ်ကွန်း တည်ထားခြင်းဖြစ်သည်ဟု ဆိုကြပေသည်။

ဤစခန်းအထိ ကင်ပွန်းစခန်းမှ နှစ်မိုင်သာရှိသဖြင့် မယိုင်မလဲ ခိုင်မြဲသောခွဲတို့ဖြင့် လျှောက်ကြမြဲဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## သုံးမိုင်ခရီး အရောက်မိုးစေမှီ ကွမ်းသီးမြောင်စခန်း

ဤစခန်းသည် ဝွေးပင်စခန်းမှ ဆက်တက်ရာတွင် ပထမဆုံး ကြုံရသည့် စခန်းဖြစ်ပေသည်။

## အောက်ကျောက်ဖျာစခန်း

ကွမ်းသီးမြောင်စခန်းလွန်ပြီး စိမ့်စမ်းများနှင့် ပဏာရနေသည့် ကျောက်ဖျာစခန်းငယ်ဖြစ်ပေသည်။ ဤစခန်းသည် အောက်စခန်းဖြစ်ပြီး အထက်စခန်းတစ်ခု ထပ်မံဆုံရပေဦးမည်။

## မြင်တော်မူစခန်း

ဘုရားဖူးလုပ်သားပြည်သူများ ဖူးလိုမြင်လိုလှသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား စတင်ဖူးမြော်နိုင်သော စခန်းဖြစ်ပေသည်။ သဲသဲကွဲကွဲမြင်တွေ့ဖူးမြော်လိုသူများအတွက် မှန်ပြောင်းအငှားဆိုင်များလည်း ရှိပေသည်။ စိတ်အပန်းဖြေစရာကောင်းသော နေရာလေးဟုလည်း ဆိုနိုင်လောက်ပေသည်။ မျှော်တော်မူဘုရားရှိသည်။

## ရေမြောင်ကြီးစခန်း

ခရီးတစ်ဝက် မကျိုးသေးသော်လည်း ဤစခန်းသည် ဘုရားဖူးလုပ်သားပြည်သူများ နားနေအပန်းဖြေရန် အကောင်းဆုံးနှင့် အစစအရာရာ ပြည့်စုံသော စခန်းပင်ဖြစ်ပေသည်။

" ရေမြောင်ကြီး " ဟူသော အမည်နှင့်လိုက်ဖက်လှသော သဘာဝအလှများ ပြည်နှက်နေပေသည်။ ကြည်ညိုဖွယ်ရာစေတီငယ်လည်း ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com


## ကျိုက်ထီးရိုး ပုံပြသမိုင်းစဉ်



[illegible] သုဘိန္ဒမြို့ကြီးတွင် [illegible] ဘုရင်မင်းမြတ်နှင့်
သီရိကပ္ပါမိဖုရားတို့ [illegible] ။

www.burmeseclassic.com

www.burmeseclassic.com



နဂါးမနှင့် ဖါးမတို့ တွေ့ဆုံကြပြီး မိယ်ဆွေဖြစ်နေကြပုံ



ဝိဇ္ဇာဓမိုရ်နှင့် နဂါးမတို့ ကျီးပါးစပ်ဂူအတွင်း
ဆုံကြပုံ

www.burmeseclassic.com




မင်းသားရသေ့ညီနောင်နှစ်ပါးရရှိထားသော
ဥနှစ်လုံးကို ဝေယူနေပုံ

www.burmeseclassic.com

www.burmeseclassic.com




တိဿရသေ့ကြီးမှ သားတော် နာဂဝိဇ္ဇာ မင်းသားအား
လေးအတတ် သင်ပေးနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ရသေ့သူမြတ်နှစ်ပါးနှင့် သိကြားမင်းတို့ နာဂဝိဇ္ဇာ
မင်းသားအား ဘိသိက်သွန်း၍ထီးနန်း အပ်တော်မူပုံ

www.burmeseclassic.com

www.burmeseclassic.com



ဖိုးကော်လွတ်နှင့် ဇနီး နန်းကြာဟဲ သမီး ရွှေနန်းကျင်
သား ငပေန်း၊တင်တို့ မိသားစုပုံ



အပေါင်မြို့ သူကြီးနှင့် သူကြီးကတော်တို့၏
သမီး ဥဖွားနာဂသူဇာတို့ မိသားစုပုံ

www.burmeseclassic.com

www.burmeseclassic.com



ရှင် ဂဝမ္ပတိရဟန္တာသည် ဖခင်ရသေ့နှစ်ပါးအား
ရှင်ဂေါတမ မြတ်စွာဘုရားအကြောင်း ဟောပြောနေပုံ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသည် ရဟန်းပေါင်းများနှင့် သုဝဏ္ဏဘုမ္မိ
သထုံပြည်သို့ ကြွရောက်ကာ တရားတော်
ဟောကြားနေတော်မူပုံ

www.burmeseclassic.com

www.burmeseclassic.com




သိကြားမင်းနှင့်သီဟရာဇာမင်းတို့သည် တိဿရသေ့
ကြီးအား ဆံတော်မြိတ်ကို စေတီတည်ရန်
လျှောက်ထားပုံ

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ဦးခေါင်းပုံ ကျောက်လုံးတော်ကြီးအား
သိကြားမင်းသည် တောင်ထိပ်တွင်
ကြွက်မတာဝစ်ကွာ ထင်ပြတော်မူပုံ။

www.burmeseclassic.com

www.burmeseclassic.com



ဆံချော်မြိတ်သုံးဆူသည် ကောင်းကင်ယံသို့
ကြွတော်မူပြီး ဘုရားအသွင်ဖြင့်
တန်ခိုးတော်ဗျာဒိတ်များ ပြုတော်မူပုံ။

www.burmeseclassic.com

www.burmeseclassic.com




တိဿ ရသေ့ကြီးသည် ဝမ်းသာပီတိဖြစ်လွန်း၍
သတိလွတ် မေ့မြောသွားပုံ

www.burmeseclassic.com

www.burmeseclassic.com




တိဿရသေ့ကြီး၏ ရုပ်အလောင်းခဲတော်ကို
ခမ်းနားသိုက်မြိုက်သော ဈာပနအခမ်းအနားဖြင့်
သင်္ဂြိုဟ်တော်မူပုံ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားတည်ပြီးသည်နှင့် သိကြားမင်းသည်
မဟာ ဃုဿန္ဓ၀ နတ်မင်းကြီးအား
အစောင့်အရှောက်အဖြစ် ခန့်ထားတော်မူပုံ။




တိဿဓမ္မ သီဟရာဇာမင်းမြတ် ရွှေနန်းကျင်အား
မိဖုရားမြှောက်ရန် တောင်းယူနေပုံ၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းကျင်တို့သားအဖ နတ်ကျွဲလိုက်၍ပြေးရာ
ကျောက်သမ္ဘာန်အထက် ကျိုက်ထီးရိုး စေတီတော်ကြီး
အနီးတွင် မပြေးနိုင်တော့ဘဲအမောဆို့၍အနီးစွရောက်ကြီး
ကျောက်ရုပ်ဖြစ်သွားပုံ။ (ယခုကျောက်ရုပ်အမှတ်)

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင်ကျောက်ခဲများကြားမှ စီးဆင်းနေသော ရေတံခွန်သည် ပန်းချီကား တစ်ချပ်သဖွယ် သာယာရှုမောဖွယ် ဖြစ်ပေသည်။ ယခုအခါ ဂေါပကအဖွဲ့မှ ရေတံခွန်ကြီးအား ကန်ဘောင်ပြုလုပ်၍ ဘုရားဖူးများ အပန်းဖြေ ရေချိုးနိုင်ရန် ပိုက်များဖြင့် စီစဉ်ပေးထားသည်။

ဤစခန်းကြီးခေါ် ရေမြောင်ကြီးသို့ ရောက်လေလျှင် ဤစခန်းတွင် သမိုင်းဝင်ခဲ့သော ဇာတ်လမ်းကလေးတစ်ပုဒ် ရှိခဲ့သည်ကို သိလိုကြပေမည်။

သုဘိန္နဂရပြည့်ရှင် တိဿဓမ္မသီဟရာဇာ မင်းကြီးသည် သိကြားမင်းနှင့်အတူ ကျိုက်က္လသိယို (ခေါ်) ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား တည်ပြီး တိုင်းပြည်အပြန်လမ်း၌ မဲသနရွာ စော်ကဲကြီးဘိုးတော်လွှတ်နှင့် နန်းကြဟဲတို့၏ သမီး ရွှေနန်းကျင်အားကောက်ယူလေသည်။ သို့သော် ကောက်ယူစဉ်က ဘိုးတော်လွှတ်တို့ ကိုးကွယ်သော ဟုန်းနတ်ကြီးအား ပသခြင်းကို မပြုမိဘဲ နေလိုက်မိသည့်အတွက် ဟုန်းနတ်ကြီးသည် စိတ်တော်ဆိုးကာ ဘုရင့်မိဖုရား ရွှေနန်းကျင်အား ဖျားနာစေရန် ဖမ်းစားလိုက်လေသည်။

မှတ်ချက်။ ရှေးယခင်က မဲသနရွာဟုခေါ်သော်လည်း ယခုအခါ မဲသနန်ရွာဟု ထင်ပေါ်သည့် ကျေးရွာအုပ်စုကြီး ဖြစ်နေပြီး ဘီးလင်းမြို့နယ်တွင် တည်ရှိနေပါသည်။

နန်းတော်၌ ရွှေနန်းကျင်မိဖုရားသည် ပွဲတော်မတည် စိတ်မကြည်မသာ ဖျားနာစွဲလို့ မတ်ထတ်က လဲနေသည်ဟု ဘိုးတော်လွှတ်ကြားသိသောအခါ မင်္ဂလာဆောင်စဉ်က ဟုန်းနတ်ကြီးအား မပူဇော်မိကြောင်း သတိရလာသဖြင့် သားဖြစ်သူ ပေန်းတင်အား အဖော်ခေါ်၍ ရွှေနန်းတော်သို့ လိုက်လာလေသည်။

ဘိုးတော်လွှတ်သည် တိဿဓမ္မသီဟရာဇာ ဘုရင်ကြီးအား အကျိုးအကြောင်း လျှောက်ထားပြီး ရွှေနန်းကျင်မှ ဟုန်းနတ်ကြီးအား ပူဇော်ပသ တောင်းပန်နိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ခေါ် ခွင့်ပြုပါရန်နှင့် ပူဇော်ပသပြီး ပြန်ပို့ပေးပါမည်ဟု ဘိုးတော်လွှတ်က ကတိပြုသည်ကတစ်ကြောင်း၊ ရှေးရိုးရာဖြစ်၍ အစဉ်အလာလုပ်သည်ကတစ်ကြောင်းမို့ ခွင့်ပြုသင့်ကြောင်း ဘုရင်ကြီးသုံးသပ်ပြီး ရွှေနန်းကျင်အား ဘိုးတော်လွှတ်တို့ သားအဖနှင့် တစ်ပါတည်းထည့်လိုက်လေသည်။

သို့သော် ဘိုးတော်လွှတ်၏ ရည်ရွယ်ချက်မအောင်မြင်ချေ။ နန်းတော်မှထွက်၍ မဲသနရွာသို့ ပြန်ကြရာ တောင်ကျစမ်းရေ သွင်သွင်စီးနေသော ရေမြောင်ကြီးသို့ ရောက်သောအခါ ခေတ္တနားကြလေသည်။

ဤသို့ ဘုရင့်မိဖုရားတစ်ပါး စခန်းချနားနေရာကို အစွဲပြု၍ စခန်းကြီးဟု ခေါ်ခဲ့သော်လည်း ရေတံခွန်များမှ ရေကောင်းရေသန့်များ သွင်သွင် စီးကျမှုကြောင့် ရေမြောင်ကြီးစခန်းဟု ခေါ်တွင်လာခဲ့ပေသည်။

ထိုနေရာ၌ သားအဖသုံးဦး အမောဖြေနားနေကြသည်ကို ဟုန်းနတ်ကြီး မြင်လေသော် ငါကြံစည်နိုပ်စက်ရာ ခံကြရမည့်လူများဟု သဘောထားပြီး အခါအခွင့် စောင့်နေပေသည်။

ရေမြောင်ကြီးစခန်းအား ဤကဲ့သို့ နောက်ခံသမိုင်းရှိခဲ့၍လည်း ရေမြောင်ကြီးသို့ ရောက်လာသည့်သူတိုင်း ဤဇာတ်လမ်းကို သိလိုနေခြင်း ဖြစ်ပေသည်။

## ပန်းမတောင်စခန်း

ဤစခန်းအမည်တွင်ပုံကလည်း သဘာဝကျလှပေသည်။ တောင်တက်ခရီးလမ်းမှာ ဆိုင်းဝိုင်းမှ ပတ်လုံးလေးများ ဝိုင်းပတ်ထားသကဲ့သို့ ဝိုင်း၍တက်ရသဖြင့် " ပတ်မတောင် " ဟုလည်း တွင်နေခြင်း ဖြစ်ပေသည်။ ဤတောင်တွင်ရှိသော စခန်းတို့အား " ပတ်မတောင် (ယခုအခါ ပန်းမတောင်) စခန်း "ဟု ခေါ်ဆိုနေကြပေသည်။

ကင်ပွန်းစခန်းမှ ဤပန်းမတောင်စခန်းအထိ ခရီးမိုင် ၃ မိုင်ရှိပြီး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## လေးမိုင်ဆို ထိုခရီး အပြီးလျှောက်ရအောင်

### မဟာမြိုင်စခန်း

ဤစခန်းကို ရောက်သောအခါ သဘာဝရှုမျှော်ခင်းတို့ကို ထပ်မံရှုစားရမည် ဖြစ်ပေသည်။ ထိုစခန်း၏ ဘယ်ဘက်သို့ ကြည့်လိုက်ပါက စစ်တောင်းမြစ် ဖွေးဖွေးကို အဝေးတွင် မြင်တွေ့ရပေမည်။ ရှုခင်းသာယာသော စခန်းထစ်ခု ဖြစ်ပေသည်။ ရှေးယခင်က " မဟာမြိုင်ရသေ့ " ရှိခဲ့သဖြင့် " မဟာမြိုင်စခန်း" တွင်ခဲ့သည်ဟု အဆိုရှိကြပေသည်။

### ကွမ်းသီးသုံးပင်စခန်း

တောင်တက်စခန်းငယ်တစ်ခုအဖြစ် လူသိများသောစခန်း ဖြစ်ပါသည်။

### ထိန်ပင်စခန်း

ထိန်ပင်များရှိခြင်း အထိမ်းအမှတ်ဖြင့် ခေါ်ဆိုခြင်းဖြစ်သည်။

### သရက်ပင်စခန်း

သရက်ပင်ကြီးများရှိခြင်း အထိမ်းအမှတ်ဖြင့် ခေါ်ဆိုခြင်းဖြစ်သည့် စခန်းငယ် ပင် ဖြစ်ပါသည်။

### ဘိုးပြန်တောင်စခန်း

ဤစခန်းသည် ခရီးတစ်လျှောက်၏ တစ်ဝက်ခရီးဟု ခေါ်ဆိုနိုင်လောက်ပေ သည်။ မတ်စောက်လွန်းလှသဖြင့် ပင်ပန်းကြီးစွာ တက်ရသော တောင်တက်စခန်း လည်း ဖြစ်ပေသည်။ အသက်အရွယ်ကြီးရင့်သည့် အဘိုးတို့သည် ဤတောင်

www.burmeseclassic.com

www.burmeseclassic.com



အရောက်တွင် ရှေ့သို့ဆက်လက်မတက်နိုင်ဘဲ လာလမ်းအတိုင်း ပြန်လှည့်တတ်သဖြင့် ဘိုးပြန်တောင်ဟု တွင်နေခြင်းဖြစ်ပေသည်။ (၂-၂-၁၉၇၅) ရက်နေ့မှစ၍ အတက်မပင်ပန်းစေရန် ပြေပြစ်သောလမ်းများ၊ လှေကားတစ်များ ဖောက်လုပ်ထားပါသည်။ ဤစခန်းမှ အနောက်သို့ကြည့်လိုက်လျှင် စစ်တောင်းမြစ်ဝကို တွေ့မြင်ရပေသည်။

## ဘန့်ဘွေးပင်စခန်း

မောသမျှပြေရမည့် ခရီးလမ်းဖြစ်သည့် ပြေပြစ်သောစခန်း ဖြစ်သည့်အပြင် သာယာမှုရှုခင်းများဖြင့် ပြည့်နှက်နေသော စခန်းဖြစ်ပေသည်။ ကင်ပွန်းစခန်းမှ ထိုစခန်းအထိ လေးမိုင်တိတိရှိပြီး ဖြစ်ပေသည်။

## ငါးမိုင်အရောက် ခရီးပေါက်အောင်

## သပြေညိုစခန်း

သပြေညိုစခန်းသည် ခရီးလမ်း၏ စခန်းငယ်ဖြစ်ပေသည်။ ပင်ပန်းမှုများ မရှိဘဲ သက်သက်သာသာလျှောက်ရသည့် ခရီးဖြစ်သည်။

## အောက်စိုင်တာမော့စခန်း

အောက်စိုင်တာမော့ဆိုသော်လည်း တောင်တက်ခရီး အစဖြစ်၍ ပြန်လည်ပင်ပန်းစပြုလာလေသည်။

ဤခရီးသည် ကင်ပွန်းစခန်းမှ ၅ မိုင်တိတိရှိပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# ခြောက်မိုင်ဆို ထိုခရီး နီးပြီမို့

## အထက်စိုင်တမော့စခန်း

စိုင်သတ္တဝါများပင် အပေါ်သို့ မော့ကြည့်ရလောက်အောင် မတ်စောက်ပြီး ခဲရာခဲဆစ်တက်ရသော ခရီးလမ်းဖြစ်ပေသည်။ ယခုအခါ သက်သက်သာသာ တက်နိုင်ရန် အုတ်လှေကားများ စီစဉ်ထားပေးသည်။

## အထက်ကျောက်ဖျာစခန်း

ကျိုက်ထီးရိုးစေတီတော်မြတ် ဖူးမြော်ရာခရီးလမ်းတွင် ကျောက်ဖျာကဲ့သို့ ကျောက်တုံးများအပေါ်ဆုံး နေရာဖြစ်သည်။ " ပီတိစခန်း " ဟုခေါ်သော ကရင်ရွာကလေးသို့လည်း ဤစခန်းမှ သွားရောက်နိုင်ပေသည်။ ဤခရီးမှ မြေဖြူ တောင်စခန်းသို့ ဆိုက်ရောက်သောအခါ ပတ်ဝန်းကျင်တွင် နက်ရှိုင်းလှသော ချောက်ကမ်းပါးရှိသလို ကရင်ပြည်နယ်မှ " နွားလည်ဖို့ " တောင်အား ရှုမြော်နိုင် ပေသည်။

## စခန်းလေးစခန်း

ရေမြောင်ကြီး(ခေါ်) စခန်းကြီးမှစသော ရွှေနန်းကျင်ဇာတ်လမ်း ပြန်လည် ပေါ်လာရသည့် စခန်းဟု ခေါ်ဆိုနိုင်ပေသည်။ ရွှေနန်းကျင်တို့သားအဖ ခရီး ဆက်လာရင်း ဒုတိယနားနေရာ စခန်းဖြစ်၍ ဤအမည်တွင်ကြောင်း ဆိုကြပါသည်။

ဤစခန်းသည် ကင်ပွန်းစခန်းမှ ခြောက်မိုင်ကွာလှမ်းခဲ့ပြီး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## တစ်ကွေ့တစ်ကွေ့နှင့် တွေ့ရမည့် ခုနစ်မိုင်ခရီးစခန်း

နောက်ဆုံး (သို့မဟုတ်) အပင်မန်းဆုံးတက်ရသည့် တောင်ကြီးဖြစ်သည်။ နဂါးတစ်ကောင် ပတ်ခွေနေသည့်သဖွယ် လမ်းအသွယ်သွယ်က တောင်နံရံကြီးအား ကွေ့ပတ်ဖောက်လုပ်ထားပေသည်။ ပင်ပင်ပန်းပန်း ကြိုးစားတက်ရသလို ကျိုက်ထီးရိုး ဆံတော်ရှင်မြတ်အား ကိုယ်တိုင်ကိုယ်ကျ အနီးကပ်ဖူးမြော်ခွင့်ရရန် နီးသထက်နီးလာ၍လည်း အင်အားတို့ကို စိတ်ဦးဆောင်မှုဖြင့် ဖြည့်တင်းထားပြီး တက်ကြရပေသည်။ ထိုနဂါးပတ်တောင်တက်ရခြင်းသည် အတက်ခရီးဖြစ်၍ ပင်ပန်းလွန်းသော်လည်း ဤတောင်စခန်းကျော်ပြီးသည်နှင့် အခြားခရီးလမ်းမှာ ပင်ပန်းစရာမရှိချေ။

ဝန်ခံအား ၂.၅ တန်နိုင်သော တံတားအား (၆-၄-၇၀) နေ့တွင် ပြီးစီးသဖြင့် ဘုရားဖူးများအတွက် အဆင်ပြေလှပေသည်။

## ပန်းတင်ကျောက်စခန်း

ရှေးရှေးအခါက ဤနေရာတစ်ဝိုက်တွင် နေထိုင်ကြသောသူများသည် နတ်များအား ကိုးကွယ်ကြသည်ဟု ဆိုကြပေသည်။ ယခုပန်းတင်တောင်ဟု အမည်တွင်သော ကျောက်တုံးကြီးတွင် နတ်ရှိသည်ဟု အယူရှိနေပြီး ပန်းများ တင်လှူကာ ဆုတောင်းတတ်ကြသည်ဟု ဆိုပေသည်။

ဤပန်းတင်လှူသည့် ကျောက်တုံးကြီးအား အစွဲပြု၍ " ပန်းတင်ကျောက် စခန်း " ဟု အမည်တွင်နေခြင်း ဖြစ်သည်ဟု ဆိုကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## လွှမ်းစေတီ၊ မြစေတီ

ဦးလွန်းဆိုသည့်ပုဂ္ဂိုလ်နှင့် ဦးမြဆိုသောပုဂ္ဂိုလ်နှစ်ဦးတို့သည် ၁၉၃၅ ခုနှစ်ခန့်က ဘုရားဒါယကာအဖြစ်ခံယူလိုသောကြောင့် ဤနေရာရှိ ကျောက်တုံးကြီးနှစ်လုံး ပေါ်တွင် စေတီတစ်ဆူစီ တည်ထားကိုးကွယ်ကြပေသည်။ ၎င်းဒါယကာနှစ်ဦး၏ အမည်ကို အစွဲပြုပြီး " လွှမ်းစေတီ၊ မြစေတီ " ဟု မှည့်ခေါ်ခြင်းဖြစ်သည်ဟု ဆိုကြပေသည်။ ၁၉၈၄ (၁၃၄၆) ခုနှစ်၊ မိုးရာသီတွင် ရာသီဥတုဒဏ်ကြောင့် လွှမ်းစေတီ ပျက်စီးသွားပါသည်။

ဤနေရာသို့ ရောက်သည်နှင့် စိတ်ဘဝင်နှလုံး ရွှင်ပြုံးသွားရပေမည်။ ဤသည်ကား အခြားမဟုတ်၊ ရွှေရောင်တဝင်းဝင်း ထွက်ပေါ်နေသော ကျိုက်ထီးရိုးဆံတော်ရှင်မြတ်ကြီးနှင့် ရင်ပြင်တော် လွင်ပြင်ကို မြင်တွေ့လိုက်ရသဖြင့် ပင်ပန်းသမျှတို့ ဆိတ်ကွယ်သွားရပေသည်။

## ရွှေရင်အေးစခန်း

ဤအမည်နှင့် ကိုက်ညီလှသည်ဟု ဆိုရပေမည်။ ကျိုက်ထီးရိုးဆံတော်ရှင်မြတ် အား မျက်ဝါးထင်ထင်မြင်ရပြီး လွင်ပြင်ခရီးဖြင့် လှမ်းချီရတော့မည်ဖြစ်သဖြင့် ရွှေရင်အေးသွားပေမည်။ ထိုစခန်းတွင် တည်ထားသော ဣန္ဒာသယ စေတီကို အစွဲပြု၍ ဣန္ဒာသယကုန်း ဘုရားစခန်းဟုလည်း ခေါ်ကြပေသည်။ ကင်ပွန်းစခန်းမှ ဤစခန်းအထိ ၇ မိုင်ပေါက်ခဲ့ပြီး ဖြစ်ပေသည်။ ထိုစခန်းတွင် ဝင်းသီရိစားတော် ဆက်မှ (၁၃၃၈ ခု၊ တပေါင်းလဆုတ် ၃ ရက်နေ့၌ ) ဓမ္မစကြာဘုရား တည်ထား ကိုးကွယ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆယ်ဖြာလက်ိုး ရှုခ်ခိုးဖို့ရည်

### ကျောက်သမ္ဘာန်စခန်း

ထူးဆန်းသည်ဟုဆိုရလောက်အောင် ဤစခန်းတွင် ဖြစ်ပေါ်နေပေသည်။ သမ္ဘာန်နှင့် သဏ္ဌာန်တူသော ကျောက်လုံးပေါ်တွင် စေတီတည်ထားကိုးကွယ်ကြသဖြင့် " ကျောက်သမ္ဘာန်စေတီ " ကျောက်သမ္ဘာန်စခန်းတွင်ခြင်း ဖြစ်သည်ဟု ဆိုကြပေသည်။

ဤစခန်းရှိကျောက်သမ္ဘာန်ပုံ ကျောက်လုံးတော်သည် ရသေ့ကြီးဦး◌ ◌ါင်းတော်ပုံသဏ္ဌာန်ရှိသည့် ကျောက်တုံးကြီးအား မဟာသမုဒ္ဒရာမှ သိကြားမင်း◌ ◌ာင်းသော သင်္ဘောဖြင့် တင်လာစဉ် သင်္ဘောနှင့်တွဲ၍ ပါလာသော သမ္ဘာန်သည် အခြားကျောက်တုံးကြီးတစ်ခုပေါ်တွင် တင်နေပြီး ကျောက်ဖြစ်သွားသဖြင့် စေတီတည်ထားခြင်း ဖြစ်သည်ဟု ဆိုကြပေသည်။

### ရွှေနန်းကျင်စခန်း

ရွှေနန်းကျင်စခန်းဟူသော ဤနေရာတွင် ရွှေနန်းကျင် ကျောက်ရုပ်ကို တွေ့မြင်ရပေသည်။ ရွှေနန်းကျင်ကျောက်ရုပ်အား တွေ့မြင်ရသဖြင့် ရွှေနန်းကျင်နှင့် ပတ်သက်သော ဇာတ်လမ်းကလေးမှာ ပြန်လည်ဆက်စပ်လာသည်။

ရွှေနန်းကျင်တို့သားအဖ စခန်းကြီး (ခေါ်) ရေမြောင်ကြီးမှ မဲသနရွာသို့ ဆက်လာသောအခါ စခန်းလေးသို့ ရောက်လာလေသည်။ ရွှေနန်းကျင်သားအဖတို့သည် ခေတ္တနားကြပြန်လေသည်။ ထိုသို့နားနေသည်အား ဟုန်းနတ်ကြီး မြင်လေသောအခါ ရွှေနန်းကျင်တို့သားအဖအား သူ၏စီးတော်ကျားနှင့် တိုက်လေသည်။ တောထဲမှ ဟိန်း၍ထွက်လာသော ကျားကြီးအားသားအဖသုံးဦး မြင်သောအခါ တက်ရာလမ်းအတိုင်း စွပ်၍ ပြေးကြလေသည်။ မောင်နှင့်ဖခင်မှာ ယောကျ်ားကြီးများ ဖြစ်သည်အလျောက် လျှင်လျှင်မြန်မြန် ပြေးနိုင်သော်လည်း ရွှေနန်းကျင်မှာ

www.burmeseclassic.com



မိန်းမသားဖြစ်သည့်အပြင် ကိုယ်လေးလက်ဝန်ရှိနေသဖြင့် ကျိုက်ထီးရိုးဆံတော်ရှင်သာ ကိုးကွယ်ရာရှိတော့သည်ဟု တွေးမိကာ ကယ်တော်မူပါဘုရားဟု ဆုတောင်းရင်း နောက်ကျကျန်ရစ်ခဲ့ပေသည်။ ကျိုက်ထီးရိုးဆံတော်ရှင်၏ တန်ခိုးတော်ကြောင့် လိုက်လာသော ကျားကြီးသည်လည်း ပန်းတင်ကျောက်အရောက်တွင် ရှေ့သို့ ဆက်မလိုက်တော့ဘဲ ရပ်တန့်နေရစ်ခဲ့လေသည်။ ရွှေနန်းကျင်သည် ပန်းတင် ကျောက်ကြီးကို လွန်သွားသဖြင့် ကျားလက်မှလွတ်သွားလေသည်။

သို့သော် ရွှေနန်းကျင်သည် ယခုကျောက်ရုပ်ရှိသော နေရာအရောက်တွင် ကျားလိုက်၍ အမောဆို့လွန်းသဖြင့် ကျိုက်ထီးရိုးစေတီတော်အား အာရုဏ်ပြု၍ " ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည် အလွန်မောပန်းနေပါသည်။ အကယ်၍ တမလွန်သို့ ပြောင်းသွားရပါအံ့၊ မြတ်စွာဘုရားအား အာရုဏ်ပြုဖူးမြော်လျက် ကြွင်းကျန်ရစ်သော တပည့်တော်မ၏ ခန္ဓာကိုယ်သည် ဤနေရာမှ မည်သူတစ်ဦးတစ်ယောက်မျှရွှေ့လျားအောင် ပြုလုပ်၍ မရနိုင်ပါစေသတည်း " ဟု ဆုတောင်းကာ ကွယ်လွန်သွားလေသည်။

ရွှေနန်းကျင်၏ ဆုတောင်းပြည့်သည့်အလား ဤစခန်းတွင် ကွယ်လွန်သွား သော ရွှေနန်းကျင်သည် ကျောက်ရုပ်ဖြစ်၍ သွားသဖြင့် ယနေ့တိုင် ရွှေနန်းကျင် ကျောက်ရုပ်စခန်းဟု တွင်နေခြင်းဖြစ်သည်ဟု ဆိုကြပေသည်။

## ရေစည်ကြီးစခန်း

ရွှေနန်းကျင်ကျောက်ရုပ်မှလွန်သော် ကျိုက်ထီးရိုးဆံတော်ရှင်မြတ် ရောက်လုနီး နေရာတွင် ဘုရားအတွက် အစစအသုံးပြုရန်အတွက် ဆောက်လုပ်ထားသည့် ရေစည် ကြီးရှိသည်။ (ယခုအခါ ပိုက်ရေပေးစနစ်ဖြင့် အစားထိုးထားသဖြင့် ဖျက်သိမ်းပြီး ဖြစ်သည်။ အောက်ဘက်တွင် အောင်ချမ်းသာစေတီ ရှိပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



## ကျိုက္ကာသိပယို ခေါ် ကျိုက်ထီးရိုးရင်ပြင်တော်

တောတောင်အထပ်ထပ်အလယ်တွင် စံပယ်တော်မူနေသော ကျိုက်ထီးရိုးဆံတော်ရှင်မြတ် ရင်ပြင်တော်သည် စိုပြည်အေးချမ်းခြင်း၊ အစစအရာရာလိုလေသေးမရှိ စီစဉ်ထားခြင်း၊ စားသောက်ဆိုင်၊ ရေချိုးခန်း၊ ဓာတ်ပုံဆိုင်၊ ထီဆိုင်၊ ဘုရားကားဆိုင်မှအစ ဘုရားဖူးလုပ်သားပြည်သူများအတွက် ပြီးပြည့်စုံသည့်နေရာဟု ဆိုလောက်သောနေရာ ဖြစ်ပေသည်။

ကျိုက်ထီးရိုးရင်ပြင်၏ ပတ်ဝန်းကျင်တွင် ဖူးတွေ့လေ့လာအပ်သော ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုး၊ နတ်ရုပ်၊ နတ်ကွန်းများ ရှိပေသေးသည်။

ထိုနေရာ ဒေသတို့အား အမှတ်ရလွယ်စေခြင်း၊ ရှာကြံဖူးမြော်နိုင်စေခြင်းငှာ ဖော်ပြအပ်ပေသည်။

## ကျိုက်ထီးရိုးပတ်ဝန်းကျင်

၁။ ဆုတောင်းပြည့်ဘုရား။ (ဘိုးဘိုးနီနောက်ဘက်ရှိစေတီ)

၂။ မုဆိုးဘုရား။

၃။ အာပေါဂူ၊ မှန်ဂူ၊ နေရောင်ခံဂူ၊

၄။ ကျိုးကန်းပါးစပ်ဂူ၊

၅။ မြသပိတ်စေတီ၊

၆။ ရတနာမာန်အောင်၊

၇။ အောင်ချမ်းသာစေတီ၊ (ရေစည်စခန်းအောက်ချောက်တွင်ရှိသည်။)

၈။ ဘိုးဆိုးနီနတ်ကွန်း၊

၉။ ကာကွဋ္ဌာဘိုးဘိုးနတ်ကွန်း၊ (ကျိုးကန်းပါးစပ်)

၁၀။ ဣသိဒေ္ဓဝ ဘိုးဘိုးနတ်ကွန်း။ (ရင်ပြင်တော်တွင်ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



၁၁။ နတ်ရေတွင်း၊

၁၂။ စမ်းရေတွင်း၊

၁၃။ ဓမ္မာ့အေးဘုရား၊ (ကျိုးပါးစပ်ပေါ်မှဘုရား)

၁၄။ ကျောက်ငါးကြင်း၊

## ကျောက်ထပ်ကြီးခရီးလမ်း

၁။ ကျောက်ဆိယိုဘုရား၊

၂။ ကျောက်လှုပ်စေတီ၊ (၁၉၇၂ ခုနှစ်၊ ပြုပြင်မွမ်းမံ).

၃။ နဂါးဘုရား၊

၄။ ဖားဘုရား၊

၅။ ဘိုးဘိုးညို (၁၉၇၉ ခုနှစ်၊ ပြုပြင်မွမ်းမံ)

၆။ ကျောက်ထပ်ကြီးဘုရား၊

## ရသေ့တောင်စေတီသို့

၁။ စခန်းလေးလမ်းချင့်

၂။ ဟုန်းနတ်၊ နတ်ကွန်း အနီးတွင် တစ်လမ်း၊ လမ်းနှစ်သွယ်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



# ကျိုက်ထီးရိုးဆိုင်ရာ အဆိုအမိန့်များ မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်အား မှီငြမ်းကိုးကားဖော်ပြသည့် ကျိုက်ထီးရိုးစေတီတော်သမိုင်း

အံ့ဖွယ်ကောင်းအောင် လှသူမနီးတောနက်ကြီးထဲမှ တောင်ထွတ်တစ်ခုပေါ်တွင် ရှေးကခဲရာခဲဆစ်တည်ထားခဲ့သော ကျိုက်ထီးရိုးစေတီတော်၏ (အစဉ်အလာလက်ခံလာကြသော) ရှေးလူကြီးသူမများသည် ပြောဆိုရေးသားကြသော သမိုင်းကြောင်းကား ဤသို့ ဖြစ်ပါသည်။

ဂေါတမမြတ်စွာဘုရားပွင့်ကာနီး နှစ်ပေါင်း ၅၀ ခန့်တွင် သုဘိန္ဒဂရ အမည်ရှိသော မင်းနေပြည်တော်မြို့ကြီး တစ်မြို့သည် ရှေးက ကစ္ဆဂီရိတောင်ဟု ခေါ်သော ဖင်းကျိုက်တောင်အနီး ရှိခဲ့ဖူးသည်။ ထိုမြို့တွင် တိဿဓမ္မရာဇာမင်းသည် သီရိကပ္ပါဒေဝီကို တောင်ညာထားကာ စံထားလျက်ရှိသည်။

ထို တိဿဓမ္မရာဇာမင်းသည် သီရိကပ္ပါဒေဝီ မိဖုရား၏ သားတော်နှစ်ပါးတွင် သားတော်ကြီးသည် ခမည်းတော်နှင့် မျက်နှာသဏ္ဌာန် ကိုယ်ဟန်ပါတူသဖြင့် ခမည်းတော်၏ အမည်ရင်းအတိုင်း တိဿဓမ္မဟုခေါ်၍ သားတော်အငယ်ကိုမူ ခြေဖဝါးနှစ်ဖက်၌ ခြင်္သေ့ရုပ်စက်လက္ခဏာ ပါလာသောကြောင့် သီဟကုမ္မာဟု အမည်မည့်ခေါ်ကြလေသည်။

မင်းသားနှစ်ပါး အရွယ်သို့ရောက်လာသော် တိဿဓမ္မမင်းသားသည် ဤသို့ သံဝေဂဖြစ်ပေါ်လာလေသည်။ တစ်လောကလုံး လူတို့သည် စက်ဆုပ်ရွံရှာဖွယ်ကောင်းလာသော အစာသစ်အိမ်နှင့် အစားဟောင်းအိမ် နှစ်ခုအကြား၌ ဆင်းရဲပင်ပန်းစွာ ပဋိသန္ဓေနေခဲ့ရသည်။ ဖွားမြင်ပြီးသည့်နောက်လည်း တိုတောင်းလှသော လူ့ဘဝ၏ သက်တမ်းတွင် ဒုက္ခအမျိုးမျိုးခံစား၍ သေကြေခြင်းသာ အဆုံးဖြစ်ရသည့်နောက် တစ်ဖန်ဘဝသစ်ကိုရပြန်လျှင်လည်း ဤကဲ့သို့ပင် အစအဆုံးမရှိသော သံသရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ကျင်လည်ရပေဦးမည်ဟု ဇာတိ ဇရာ မရဏတို့၏ဘေးကို တွေးတောသံဝေဂရသည်နှင့် ဘဝမှလွတ်မြောက်ပြီး ချမ်းသာကို ရနိုင်ရန် တောထွက်ကာ ရသေ့ရဟန်းပြု၍ ကမ္မဋ္ဌာန်းဘာဝနာကိုအားထုတ်မှသင့်တော်မည်ဟု ဆင်ခြင်မိလေသည်။

သို့ဆင်ခြင်မိသည်နှင့် ညီတော်သီဟကုမ္မာမင်းသားအား မိမိသည် တောထွက်ပြီး ရသေ့ရဟန်းပြုကာ နေတော့မည်။ ညီတော်သာ ခမည်းတော်မယ်တော်တို့ကို စောင့်ရှောက်၍ ထီးနန်းကို စိုးစံရစ်ပေတော့ဟု မှာကြားလေလျှင် ညီတော်သီဟကုမ္မာကလည်း ထီးနန်းကိုမလိုပါ။ နောင်တော်နှင့် အတူပင်တောထွက်၍ ရသေ့ရဟန်းပြုပါမည်ဟု ပြန်ပြောလေ၏။

တစ်နေ့သောအခါ သုဘိန္နဂရပြည့်ရှင် တိဿဓမ္မမင်းကြီးနှင့် သီရိကပ္ပါဒေဝီ မိဖုရားကြီးသည် အသက်အရွယ်ကြီးရင့်လာသည့်အလျောက် ဥပုသ်ဆောင်ဝင်ရကား သားတော်နှစ်ပါးကို ခေါ်တော်မူ၍ ထီးနန်းနှင့်အိမ်ရှေ့အရာကို အပ်နှင်းလေသည်။

ထိုအခါ သားတော်နှစ်ပါးက မိမိတို့သည် ထီးနန်းစည်းစိမ်ကို အလိုမရှိ။ တောထွက်၍ ရသေ့ရဟန်းသာ ပြုလိုပါသည်ဟု လျှောက်ထားလေလျှင် မင်းကြီးနှင့် မိဖုရားသည် သားတော်များတောထွက်ဖို့အရေးကို ခွင့်မပေးဘဲနေလေ၏။

ခမည်းတော်နှင့် မယ်တော်တို့ထံမှ တောထွက်ရန်ခွင့်မရသောအခါ မင်းသားနှစ်ပါးသည် ပွဲတော်ကိုပင် မတည်နိုင်ဘဲ နေကြရာမှ ကြာသော် အာဟာရဓာတ်ကို အမှီပြု၍ တည်နေသော ကိုယ်ခန္ဓာသည် တစ်နေ့တစ်ခြား အသားအရေပါးကာ အရိုးပေါ်အရည်တင် မတ်တတ်ကလဲလုမတတ် ပိန်ချုံးချိနဲ့လာလေသည်။

ဤတွင်မှတောထွက်ဖို့အရေးခွင့်မပေးလျှင် သားတော်နှစ်ပါး၏ အသက်အန္တရာယ်သည် စိုးရိမ်ဖွယ်ဖြစ်တော့မည်။ ခွင့်ပေးလိုက်လျှင် သတိရအောက်မေ့လမ်းဆွတ်ပါက တောသို့လိုက်၍ တွေ့နိုင်သေးသည်ဟု တွေးတောကာ သားတော်နှစ်ပါးအား ရသေ့ရဟန်းပြုရန် ခွင့်ပေးတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရသောအခါ မင်းသားညီနောင်နှစ်ပါးသည် ရသေ့တို့ အသုံးအဆောင်နှင့် ဆေးဝါးများကိုယူ၍ မယ်တော်ခမည်းတော်တို့ကို ကန်တော့ကာ သုဘိန္နဂရမြို့တော်၏ တောင်ဘက်တခါးမှ ထွက်ပြီးလျှင် ယနေ့ဖင်းကျိုက်တောင်ဟု အမည်တွင်နေသော ဂစ္ဆဂိရိတောင်သို့ ကြွသွားလေသည်။ ဂစ္ဆဂိရိတောင်သို့ရောက်ကာ အရိပ်အာဝါသကောင်းမွန်၍ ရေကောင်းရေသန့်ရနိုင်ပြီး သစ်ကြီးဝါးကြီးများပေါများသော သင့်လျော်သည့်နေရာကို ရွေးချယ်ပြီးလျှင် ကျောင်းသင်ခန်းတစ်ဆောင်ကိုဆောက်လုပ်ကာ ညီနောင်နှစ်ပါးသည် ရသေ့အသွင်ဖြင့် ကမ္မဋ္ဌာန်းဘာဝနာတရားကို အားထုတ်၍ နေကြလေသည်။

သို့နေကြရာ၌ အချိန်ရှိသရွေ့ တရားတော်ကို ညှိနှိုင်းတိုင်ပင် ဆွေးနွေးနေခြင်းကြောင့် " ငါတို့ညီနောင်သည် ယခုကဲ့သို့ အတူတကွနေထိုင်ပြီး စကားပြောကာ အချိန်ကုန်နေလျှင် တရားရနိုင်မည်မဟုတ်၊ တစ်ဦးစီသီးခြားနေထိုင်၍ တရားအားထုတ်ပါမှ သင့်တော်တော့မည် " ဟု နောင်တော်ရသေ့အကြံပေါက်လာသည်နှင့် ညီတော်ရသေ့အား ယနေ့ဖွဲ့ကပင်တောင်ဟု ခေါ်ဆိုနေကြသော ဗန္ဓဝဂိရိတောင်သို့ ကြွရောက်သီတင်းသုံးစေလေသည်။ ဤသို့ ညီနောင်နှစ်ပါး သီးခြားနေထိုင်ကြပြီး ကမ္မဋ္ဌာန်းဘာဝနာတရားကို ကြိုးစားအားထုတ်ကြရာ မကြာမီကာလအတွင်း ရသေ့ညီနောင်နှစ်ပါးသည် လောကီဈာန်ကို ရကြလေသည်။

## မွေးထိုက်လို့ မွေးရသလေ

ဂစ္ဆဂိရိတောင် အနောက်ဘက်ရှိ ပင်လယ်ကမ်းခြေသည် ဥယျာဉ်ကြီးသဖွယ် သာယာလှသောကြောင့် ပင်လယ်မှနဂါးတို့သည် လှည့်လည်လာတတ်ကြပြီး လူအသွင် ဖန်ဆင်းကာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေလေ့ရှိကြသည်။ ထိုအချိန်က ဟိမဝန္တာတောင်မှ ဝိဇ္ဇာဓိုရ်များသည်လည်း ဂစ္ဆဂိရိတောင်သို့ အသွားအလာများကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ လှူယောင်ဖန်ဆင်းကာ တောတောင်ရေမြေ၏ သာယာသော ရှုခင်းတွေကြည်နူးနေသည့် နဂါးမနှင့် ဟ်မဝန္တာတောင်မှ ဝိဇ္ဇာဓိုရ်လုလင်တစ်ဦး ကမ်းခြေတွင် ဆုံမိကြသောအခါ တစ်ဦးနှင့်တစ်ဦး မေတ္တာယိုဖိတ် ရာဂစိတ်စော ကိုယ်လက်နှီးနှောကြရာမှ နဂါးမ၌ ပဋိသန္ဓေစွဲကပ်လေသည်။ နဂါးမသည် ပဋိသန္ဓေရင့်မာသည့်တိုင်အောင် စောင့်ဆိုင်းပြီးနောက် ကမ်းစပ်မှာပင် ဥနှစ်လုံးကို ချကာ နဂါးပြည်သို့ ပြန်လေသည်။

နဂါးပြည်ပြန်သွားပြီးနောက် မကြာခင်ပင် တိဿရသေ့သည် ဂစ္ဆဂီရိတောင်မှ ခြေညောင်းလက်ဆန့်ကမ်းခြေသို့ ဆင်းလာခိုက် ထူးဆန်းသော ဥကြီးနှစ်လုံးကို တွေ့လေသော်ယူ၍ ကျောင်းသို့ပြန်လေ၏။ ညအချိန်ရောက်သည့်ကာလ ဗန္ဓဝဂီရိတောင်ရှိ ညီတော်သီဟရသေ့ကို မီးဖြင့် အချက်ပြခေါ်ပြီးလျှင် ဥကြီးတစ်လုံးကို ညီတော်အား ပေးလိုက်လေသည်။

မဟာသက္ကရာဇ် ၈၉ ခုနှစ်၌ တိဿရသေ့ကြီးယူသွားသောဥမှ လူသား ယောကျ်ားလေး ဖွားမြင်လေသည်။ ထိုထက်အချိန်အနည်းငယ်နှောင်းပြီး သီဟရသေ့ထံမှ ဥသည်လည်း လူယောကျ်ားကလေးပင် ဖွားမြင်ပြန်လေသည်။

ရသေ့ညီနောင်နှစ်ပါးသည် အစိဋ္ဌာန်ဖြင့် လက်ညှိုးမှနို့ထွက်စေပြီး သူငယ်နှစ်ယောက်ကိုကြီးပြင်းအောင် ကျွေးမွေးခဲ့ရာ ညီတော်သီဟရသေ့မွေးထားသော သူငယ်သည် ဆယ်နှစ်သားအရွယ်တွင် ကျောက်ရောဂါဖြင့် ကွယ်လွန်လေလျှင့်ဗာရာ ဏသီပြည်မှ သူဌေးမျိုးနွယ်တွင် သွား၍ ပဋိသန္ဓေဝင်စားလေသည်။ (နောင် ဂဝံပတိ ရဟန္တာဟု ကျော်စောလေသတည်း ။)

## ထိဿန္ဓအရှင်သခင်

ဂစ္ဆဂီရိတောင် တိဿရသေ့ကြီးမွေးမြူထားသောသူငယ် အသက်နှစ်ဆယ် အရွယ်သို့ ရောက်ချိန်တွင် သဘိန္နဂရပြည်ရှင် တိဿမွေမင်းကြီးသည် ဇရေမှလွှာ

www.burmeseclassic.com

www.burmeseclassic.com



အရွယ်သို့ ရောက်ပြီဖြစ်၍ သူ့အိုနာဖြင့် နတ်ရွာစံလေသည်။ ထိုအခါ ထီးနန်းဆက်ခံမည့်သူ မရှိသဖြင့် သေနာပတိတို့သည် ဂစ္ဆာဂ်ရ်ဇင်းကျိုက်တောင်နှင့် ဗန္ဓဝဂိရိ ဖွဲကပင်တောင်တွင်နေသော တိဿရသေ့ကြီးနှင့် သီဟရသေ့ကြီးတို့ထံတွင် ချဉ်းကပ်ပြီးလျှင် ခမည်းတော်တိဿဓမ္မမင်းကြီး နတ်ရွာစံလွန်တော်မူသောကြောင့် သုဘိန္နဂရပြည်ကို အုပ်ချုပ်မင်းလုပ်ပါမည့်အကြောင်း လျှောက်ထားကြလေသည်။

ထိုအခါ ရသေ့ညီနောင်နှစ်ပါးတို့က " ငါတို့သည် အရွယ်ငယ်စဉ်ကပင် ထီးနန်းစည်းစိမ်ကို အလိုမရှိကြဘဲ စွန့်ပစ်ကာ တောထွက်၍ ရသေ့ရဟန်းပြုကြလေသည်။ အရွယ်ကြီးရင့်ပြီး ရသေ့ရဟန်းဖြစ်ကာမှ ထီးနန်းစည်းစိမ်ကို သာ၍ အလိုမရှိပေ။ သင်တို့ အလိုရှိခဲ့ပါလျှင် ငါတို့မွေးထားသော သားကိုဆောင်ယူ၍ နန်းတင်ကြ " ဟု အမိန့်ရှိသောအခါ မှူးမတ်သေနာပတိတို့သည် ရွှင်လန်းဝမ်းမြောက်စွာ ရသေ့နှစ်ပါးနှင့် နာဂဝိဇ္ဇာသတို့သားကို သုဘိန္နဂရနေပြည်တော်သို့ ဆောင်ယူကြလေသည်။

ရသေ့ညီနောင်နှစ်ပါးသည် သုဘိန္နဂရမြို့သို့ ရောက်လေသော် ခမည်းတော်ဘုရင်ကြီး၏ အလောင်းတော်ကို ကောင်းစွာသင်္ဂြိုဟ်ပြီးနောက် မိမိတို့နှစ်ပါးအမည်ကို ပေါင်းစပ်၍ နာဂဝိဇ္ဇာသတို့သားအား တိဿဓမ္မသီဟရာဇာဟု ဘွဲ့ချီးကာ သိသိက်သွန်းပြီး နန်းတင်ကြလေသည်။ မိဖုရားမှာ ကျွဲခြံရွာသူကြီးသမီးဖြစ်သည်ဟု အဆိုရှိလေသည်။ သုဘိန္နဂရနေပြည်တော်ကိုလည်း သုဝဏ္ဏဘူမိနေပြည်တော်ဟု သမုတ်လေသည်။

## ရဟန္တာ ဂဝံပတိမထေရ်

မဟာသက္ကရာဇ် ၁၁၁ ခုနှစ်သို့ ရောက်သောအခါ ဂဝံပတိရဟန္တာအရှင်သည် အတိတ်ဘဝက ဖခင်နှင့် ဦးရီးတော်ခဲ့ဖူးသော တိဿရသေ့နှင့် သီဟရသေ့ထံ ကောင်းကင်ခရီးဖြင့် ကြွလာ၍ မိမိအကြောင်းကို ပြောပြပြီးလျှင် မဇ္ဈိမဒေသ၌ မြတ်စွာဘုရားပွင့်တော်မူလျက်ရှိကြောင်းနှင့် နိဗ္ဗာန်မျက်မှောက်ပြုနိုင်သော

www.burmeseclassic.com

www.burmeseclassic.com



တရားတော်၏ ဂုဏ်တော်ကိုဟောကြားရာတွင် ရသေ့ညီနောင်နှစ်ပါးသည် မြတ်စွာဘုရားသခင်ကို မျက်ဝါးထင်ထင် ဖူးမြင်လိုသောဆန္ဒ၊ တရားတော်ကို နာကြားလိုသောဆန္ဒ ဖြစ်ပေါ်လာသဖြင့် ဂဝံပတိမထေရ်အား မြတ်စွာဘုရားထံသို့ ပြန်ရောက်လျှင် သုဝဏ္ဏဘူမိသို့ မြတ်စွာဘုရားအား ပင့်ဆောင်ပေးပါရန် တောင်းပန်လျှောက်ထားကြလေသည်။

ဂဝံပတိအရှင်သည် မြတ်စွာဘုရားသခင်အား သုဝဏ္ဏဘူမိသို့ ကြွရောက်ရန် ပင့်လျှင် ရဟန္တာ ၅၀၀ နှင့်ကြွလာမည်ကို တန်ခိုးတော်နှင့်သိရှိရသဖြင့် ရသေ့ကြီး နှစ်ပါးအား နောက်ခုနစ်ရက်မြောက်သောနေ့တွင် မြတ်စွာဘုရားနှင့်တကွ ရဟန္တာ ၅၀၀ သုဝဏ္ဏဘူမိသို့ ကြွလာပါမည်။ စံကျောင်းတော်များ အသင့်စီမံထားပါဟု ပြောပြီးလျှင် သုဝဏ္ဏဘူမိပြည်ရှင် တိဿဓမ္မသီဟရာဇာမင်းကြီး၏ နန်းတော်သို့ ကြွသွားလေသည်။

နန်းတော်တွင်းသို့ ဂဝံပတိမထေရ်ကြွလာသည်ကို မြင်လျှင် တိဿဓမ္မသီဟ ရာဇာမင်းကြီးသည် ဆီးကြို၍ အဘယ်အရပ်က အဘယ်အလို့ငှာ ကြွလာပါသနည်း ဟု လျှောက်ထားလေသော် “ ဂဇ္ဇဂီရိတောင် တိဿရသေ့ကြီးသည် သင်မင်းကြီးကို သားအမှတ်ဖြင့် မွေးထားစဉ် ဗန္ဓဝဂီရိတောင် သီဟရသေ့ကြီးကလည်း ငါ့ကို သားအမှတ်ဖြင့် မွေးထားပေသည်။ ဆယ်နှစ်သားအရွယ် ငါသေလွန်ခဲ့၍ မဇ္ဈိမဒေသ၌ အမျိုးသမီးတစ်ဦးတွင် ဝင်စားပြီး ဖွားမြင်လာသည်။ အရွယ်ရောက် လတ်သော် မြတ်စွာဘုရား၏တရားတော်ကို နာရသဖြင့် ရဟန်းဖြစ်လာသော ငါသည် ရှေးဘဝက သင်မင်းကြီး၏ညီ တော်ခဲ့ဖူးသည်။ ဤနေ့မှစ၍ ခုနစ်ရက်မြောက်သော နေ့တွင် မြတ်စွာဘုရားသခင်သည် ရဟန္တာ ၅၀၀နှင့်အတူ ကြွလာတော်မူလိမ့်မည်။ သင်မင်းကြီးသည် စံကျောင်းတော်များကို စီစဉ်ထားသင့် သည်ဟု ပြောပြီးလျှင် မင်းကြီးနှင့်တကွ မိဖုရားအား စရိုက်နှင့်လျော်ညီစွာ သင့်တော်သော တရားကို ဟောကြားကာ ကောင်းကင်ခရီးဖြင့် မဇ္ဈိမဒေသသို့ ကြွတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## လူတို့မစွမ်းရှ၍ သိကြားဆောက်သည့် ကျောင်းစခန်း

ဂဝံပတိရဟန္တာ ပြန်ကြွသွားပြီးနောက် ရသေ့ညီနောင်သည် နန်းတော်သို့ ဝင်လာပြီး သားဖြစ်သူဘုရင်အား မဇ္ဈိမဒေသဥ္ပ ပွင့်တော်မူသော မြတ်စွာဘုရား သည် နောင်ခုနစ်ရက်ကြာလျှင် ရဟန္တာငါးရာနှင့် ကြွလာတော်မူလိမ့်မည်။ စံကျောင်းတော်များနှင့်တကွ ဆွမ်းဘောဇဉ်တို့ကို အသင့်စီစဉ်ထားဖို့ မိန့်တော်မူ လေသည်။

တိဿဓမ္မသီဟရာဇာမင်းကြီးလည်း မှူးမတ်တို့ကို ခေါ်တော်မူ၍ မဇ္ဈိမဒေသမှ ဘုရားအမှူးရှိသော ရဟန္တာငါးရာသည် ခုနစ်ရက်မြောက်သောနေ့တွင် ကြွရောက်လာလိမ့်မည်။ ဘုရားရှင်နှင့်ရဟန္တာငါးရာ သီတင်းသုံးရန် ဘုရားနှင့် ထိုက်တန်သော ကျောင်းတော်ကြီးကို ခုနစ်ရက်အတွင်း ပြီးအောင်ဆောက်လုပ်စေ ဟု အမိန့်ရှိလေသည်။

မှူးမတ်သေနာပတိတို့သည် မြတ်စွာဘုရားနှင့် နောက်ပါရဟန္တာငါးရာ သီတင်းသုံး နေဖို့ ကျောင်းတော်ဆောက်လုပ်ရန်အတွက် သုဝဏ္ဏဘူမိနေပြည်တော်၏ လေးပြင်လေးရပ်သို့ လှည့်လည်၍ လက်သမားရှာပါသော်လည်း ခုနစ်ရက်အတွင်း ပြီးမြောက်အောင် ဆောက်လုပ်ပေးနိုင်မည့် လက်သမားကို ရှာဖွေ၍မရ ဖြစ်လေ သည်။ ထိုအကြောင်းကို သိကြားမင်းသည် နတ်တို့၏တန်ခိုးဖြင့် သိ၍ လက်သမား အသွင်ဆောင်ပြီး ခုနစ်ရက်အတွင်း ပြီးစီးအောင် ဆောက်လုပ်ပေးနိုင်ကြောင်း တာဝန်ယူဆောက်လုပ်လေသည်။

ဘုရင်မင်းကြီးသည် ကြီးကျယ်ခန်းနား ဆန်းကြယ်လှသော ကျောင်းတော်ကြီး ကို ခုနစ်ရက်အတွင်း အပြီးဆောက်လုပ်ပေးသော လက်သမားအား ဆုလာဘ်များစွာ ပေးသော်ရာ လက်သမားက မည်သည့် ဆုလာဘ်ကိုမျှမယူဘဲ ကျောင်းတော်ကြီးအား ရေစက်သွန်းချလှူဒါန်းသောအခါ ရအပ်သောကုသိုလ်အဖို့ကိုသာ အမျှပေးဝေပါ တော့ဟု ပြောလေလျှင် ဤလက်သမားက လူသားမဟုတ်၊ သိကြားမင်းဖြစ်လေရာ ၏ဟု အကဲခတ်မိကြလေကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



## မြတ်စွာဘုရားကြွတော်မူခြင်း

ဂဝံပတိမထေရ်သည် မြတ်စွာဘုရားအား ရှိသေစွာရှိခိုးလျက် သုဝဏ္ဏဘူမိ နေပြည်တော်၌ မိမိ၏ဖခင်ဖြစ်ခဲ့ဖူးသော ရသေ့နှစ်ပါးနှင့် တိုင်းသူပြည်သားတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူရန် ဒေသစာရီကြွချီတော်မူပါ မည့်အကြောင်း လျှောက်ထားတောင်းပန်လေလျှင် သုဝဏ္ဏဘူမိ၌ ရသေ့အများနှင့် များစွာသော တိုင်းသူပြည်သားတို့ အကျွတ်တရားရအံ့သည်ကိုလည်းကောင်း၊ ဆံတော်တတ်တော်များ ကာလရှည်စွာတည်လျက် သာသနာထွန်းမည့် အကြောင်း များကိုလည်းကောင်း၊ သဗ္ဗညုတဉာဏ်ဖြင့် သိမြင်တော်မူ၍ ဂဝံပတိမထေရ် လျှောက်ထားတောင်းပန်ချက်ကို ခွင့်ပြုတော်မူလေသည်။

ထိုအခါသိကြားမင်းသည် အတုသဘဂဝါ သီတင်းသုံးရန် မုခ်လေးဖက်ရှိသော ပြာသာဒ်၊ အဂ္ဂသာဝကနှစ်ပါး သီတင်းသုံးရန် မုခ်နှစ်ဖက်ရှိသော ပြာသာဒ်၊ ကြွင်းသော သာဝကတို့ သီတင်းသုံးရန် မုခ်တစ်ဖက်ရှိသော ပြာသာဒ် အစရှိသဖြင့် ၅၀၀ သောပြာသာဒ်ကို ဖန်ဆင်း၍ သုဝဏ္ဏဘူမိသို့ ကြွလျှင် ဤယာဉ်ပြာသာဒ်ကို စီးနင်းပြီး ကြွတော်မူပါရန် လျှောက်ထားလှူဒါန်းလေသည်။

မြတ်စွာဘုရားသခင်သည် နံနက်မိုးသောက် အလင်းသို့ရောက်လတ်သော သရဒမုဏ္ဍာတွင် ငါးဖြာအန္တရာယ် ရှင်းရှင်းပယ်လျက် ကြယ်တာရာနက္ခတ်တို့ ဝန်းပတ်ခြံရံကာ သုဂန္ဓိုရ်တောင်ဦးမှ ကွန်မြူး၍ထွက်လာသော တန်ဆောင်မုန်း လပြည့်ဝန်းကြီးကဲ့သို့ ရတနာဂန္ဓကုဋိတိုက်တော်မှ ထွက်ကြွတော်မူပြီးလျှင် သံဃာ ထေရ်ပျံ့ ဝဲယာရံကာ ကျောင်းတော်မှဆင်းသက်တော်မူလျက် မုခ်လေးဘက်ရှိသော ပြာသာဒ်တွင် သီတင်းသုံးနေတော်မူလေ၏။ အဂ္ဂသာဝကနှစ်ပါးတို့သည် မုခ်နှစ်ဘက်ရှိသော ပြာသာဒ်တို့၌လည်းကောင်း၊ ကြွင်းသော ရဟန္တာတို့သည် မုခ် တစ်ဖက်ရှိ ပြာသာဒ်တို့၌လည်းကောင်း သီတင်းသုံးနေတော်မူကြလျှ[illegible] နတ်ယာဉ်ပျံ ၅၀၀ သည် အာကာသခရီးဖြင့် သုဝဏ္ဏဘူမိသို့ ရှေးရှုကာ ပျံသွားကြ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏဘူမိသို့ ရောက်သောသကာလ ဘုရားအမှူးထားရှိသော ရဟန္တာ ၅၀၀ တို့သည် သိကြားမင်းဆောက်လုပ်ထားသော ကျောင်းတော်သို့ ဆင်းသက်တော်မူလေရာ ရသေ့ညီနောင်နှစ်ပါးနှင့် တိဿဓမ္မသီဟရာဇာမင်း မှူးမတ်သေနာပတိတို့သည် ဆီးကြိုပင့်ဆောင်ကြလေသည်။ များစွာသော မြို့သူမြို့သားတို့သည် မြတ်စွာဘုရား၏ ကိုယ်တော်မှ ဖြူနီညိုမောင်း ပြိုးပြိုးပြက်ပြက်ဖြင့် တခဲနက်သော ရောင်ခြည်တော်ခြောက်သွယ်တို့သည် တပြောင်ပြောင် ထွန်းလင်းလျက်ရှိသည်ကို မျက်ဝါးထင်ထင် ဖူးမြော်ရလျှင် ဝမ်းသာရွှင်လန်း ပီတိလှိုမ်းလျက် ရှိကြကုန်၏။

မြတ်စွာဘုရားသည် ကျောင်းတော်သို့တက်တော်မူကာ မြတ်သောနေရာ၌ သီတင်းသုံးတော်မူလေ၏။ ရဟန္တာ ၅၀၀ တို့သည် နေရာအသီးသီး၌ သီတင်းသုံးနေကြကုန်၏။ ရသေ့ညီနောင်နှစ်ပါးနှင့် တိဿဓမ္မသီဟရာဇာမင်းသည် ကျောင်းတော်ကြီးကို ရေစက်သွန်းချ လှူဒါန်းလေ၏။ ထို့နောက်မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြီး အထူးထူးသော လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ခြင်းအမှုကို ပြုကြကုန်၏။ ဘုရားရှင်သည် ရောက်လေကုန်သော ပရိသတ်တို့အား ဒေသနာရေအေးကို တိုက်ကျွေးတော်မူ၏။

မြတ်စွာဘုရားသခင်သည် သိကြားမင်းဆောက်လုပ်ထားသော ကျောင်းတော်၌ ဖလသမာပတ် မြတ်သောချမ်းသာခြင်းဖြင့် နေလင့်တော်မူ၏။ ရဟန္တာ ၅၀၀ တို့သည်လည်း သင့်တင့်လျောက်ပတ်သော နေရာတွင် ဈာနသုခ ဖလသုခ ဖြစ်တော်မူကြကုန်၏။ ဥပသကာ ဥပသကီတို့သည် ပန်းနံ့ သာဆီမီးတို့ကို လက်စွဲလျက် တရားတော်ကို နာအံ့သောငှာ ကျောင်းတော်သို့ လာကြကုန်၏။ ဤနည်းအားဖြင့် ခုနစ်ရက်ပတ်လုံး တရားစည်ကြီးကို ရိုက်တီးလျက် များစွာသော တိုင်းသူပြည်သားတို့အား အကျွတ်တရား ရစေကုန်၏။

## ဝေဌာသနား ဆံတော်များ

သုံးလူ့ထွတ်ထား သမ္ဗုဒ္ဓမြတ်စွာဘုရားသည် သိကြားမင်းဆောက်လုပ်အပ်သော ကျောင်းတော်၌ ဂစ္ဆဂီရိ (ဖင်းကျိုက်တောင်မှ ဒိုးကမော့တွဲဂလိုင်း

www.burmeseclassic.com

www.burmeseclassic.com



(ကျိုက်ထီးရိုးတောင်) သို့ တောင်ပြောင်းသီတင်းသုံးသည့် တိဿရသေ့) ဇဣ္ဇဂီရိ (ဇွဲကပင် တောင်မှ သီဟရသေ့) ကေလာသတောင်မှ ကေလာသရသေ့၊ ကုသိန္နာရုံ တောင်ရသေ့၊ ဒိုးခလွန်တောင်ရသေ့၊ မဲလတောင်ရသေ့၊ မွတ်လအီတောင်ရသေ့၊ ကျိုက္ခမီတောင်မှ ကပ္ပိန္နရသေ့၊ ဒိုးယွန်တောင်ရသေ့၊ ဆောင်ခဲတောင်မှ အလ္လကပ္ပရသေ့၊ ဇာတ်သုတ်ကျွန်းမှ နတ်ဘီလူးညီနောင်တို့နှင့် မင်းမိဖုရား ပရိသတ်တို့အား တရားရေအေး တိုက်ကျွေးပြီးမှ မဇ္ဈိမဒေသသို့ ပြန်လည်ကြွခါ နီးတွင် တိဿရသေ့၊ အမှူးရှိသော ရသေ့များက မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အရှင်ဘုရားပြန်လည်ကြွမြန်းတော်မူပြီးနောက် ထာဝစဉ်ကိုးကွယ်နိုင် သော အရှင်ဘုရားကိုယ်စား တစ်စုံတစ်ရာသောဝတ္ထုကို ပေးသနားတော်မူပါ ဘုရားဟု တောင်းပန်သောအခါ ဦးခေါင်းတော်ကို လက်ယာလက်ဖြင့် သုံးသပ်တော် မူရာ ပါလာသော ဆံတော်ဓာတ်မြတ်တော်ကို ရသေ့အားလုံးနှင့် ဘီလူးညီနောင် နှစ်ဦးအား နှစ်ဆူစီပေးသနားတော် မူလေ၏။

ဘုရားရှင်သည် ရသေ့တို့အား ဆံတော်မြတ်ကို ပေးသနားတော်မူပြီး ကျောင်းတော်၌ သီတင်းသုံးနေ၍ ခုနစ်ရက်မြောက်သောနေ့တွင် ပြာသာဒ်ယဉ်သာ ထေရ် ၅၀၀ နှင့် မဇ္ဈိမဒေသသို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူလေ၏။ ရသေ့များနှင့် သိကြားမင်းလည်း မိမိနေရာဌာနသို့ ပြန်လေကုန်၏။ သိကြားမင်း ဖန်ဆင်းထားသော ကျောင်းတော်ကြီးလည်း အလိုလိုကွယ်လေ၏။

## ကိုးကွယ်တည်ထားစေတီများ

ရသေ့များသည် ဆံတော်ရှင်ဓာတ်တော်ကို ရရှိပြီးနောက် ဇဣ္ဇဂီရိတောင် သီဟ ရသေ့သည် ဇွဲကပင်စေတီတော်ကိုလည်းကောင်း၊ ဓင်းကျိုက်စေတီတော်ကို လည်းကောင်း၊ ကေလာသရသေ့သည် ကေလာသစေတီကိုလည်းကောင်း၊ ကုသိန္နာရုံတောင်ရသေ့သည် ကုသိန္နာရုံစေတီ ကိုလည်းကောင်း၊ ကျိုက္ခမိမှ

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိန္နံရသေ့သည် ယခုကျိုက္ကမီဘုရား စံတော်မူရာ အောက်ရှိကျောက်ဆောင်၌လည်းကောင်း၊ မွတ်လအိတောင်ရသေ့သည် မွတ်လအိ နှင့် မုလအိစေတီနှစ်ဆူကို ဒေါနတောင်ထိပ်၌လည်းကောင်း၊ ဒိုးကမော့ခတွဲဂလိုင်း တောင်ရသေ့သည် အသက်ကြီး၍ သေလုနီးပါးမှ သိကြားမင်း၏ အကူအညီဖြင့် ယခု ကျိုက်ထီးရိုး စေတီကိုလည်းကောင်း တည်ထားခဲ့ကြလေသည်။

" ဒိုးကမော့ခတွဲဂလိုင်း " ဆိုသည်မှာ မွန်ဘာသာဖြင့် ' ဒိုး' တောင်၊ ' ကမော့ ' ကျောက်၊ ' ခလွန် ' အလုံး၊ ' ဂလိုင် ' များသော၊ " ကျောက်အလုံးများ ပေါများသောတောင် " ဟု အနက်ရှိပါသည်။ ထိုတောင်မှ ကျောက်အလုံးအများ အပြားသည် တစ်လုံးပေါ် တစ်လုံးဆင့်၍ သဘာဝအတိုင်း တည်နေသည်ကို အစွဲပြု ပြီး ရှေးမြန်မာများက ' လုံးတင်တောင် ' ဟုခေါ်ကြသည်။ ယနေ့အရှေ့ရိုးမ တောင်တန်းအတွင်း ပါဝင်နေသော ပန်းလောင်းတောင်စွယ်ပင် ဖြစ်ပါသည်။

## ကျိုက်တ္တသိယို (ခေါ်) ကျိုက်ထီးရိုး ဆံတော်ရှင်မြတ်

မဟာသက္ကရာဇ် ၁၁၈ ခုနှစ်တွင် အိုမင်းမစွမ်းရှိနေပြီဖြစ်သော လုံးတင်တောင်မှ တိဿရသေ့ကြီးသည်မိမိဖိဝိမြွေ ပြတ်ကြွေတော့မည်ကို သိသည်နှင့် (မူကွဲများ၌ ဗုဒ္ဓဉာဏရသေ့ဟုတွေ့သည် ။) တိဿရသေ့ကြီးသည် ဂဠဂိရိငင်းကျိုက်တောင်မှ ဒိုးကမော့ခတွဲဂလိုင်း (ကျိုက်ထီးရိုးတောင်) သို့ တောင်ပြောင်းသိတင်းသုံး နေစဉ် မိမိဆံကျစ်ကြား၌ အမြဲထား၍ ကိုးကွယ်သော မြတ်စွာဘုရား၏ ဆံတော် ဓာတ်တော်နှစ်ဆူကို စေတီတည်ထားရန် အကြံဖြစ်လေသည်။

ထိုအကြံကို သိကြားမင်းသိလေရကား ရသေ့ကြီးထံချဉ်းကပ်ပြီး ရသေ့ကြီး၏ အလိုတော်အတိုင်း စေတီတော်တည်ပါမည့်အကြောင်း လျှောက်ထားလေလျှင် ရသေ့ကြီးက ' ငါသည် မြတ်စွာဘုရား၏ ဆံတော်မြတ်ကို ရပြီးသည့်အချိန်မှစ၍

www.burmeseclassic.com

www.burmeseclassic.com



ငါ၏ဦးခေါင်းဆံကျစ်ထဲ၌ထည့်ကာ ယနေ့တိုင်ကိုးကွယ်ခဲ့သည်။ စေတီတည်လိုပါက ငါ၏ဦးခေါင်းပုံသဏ္ဌာန်နှင့်တူသော ကျောက်လုံးတွင် ဌာပနာ၍ တည်လေ ' ဟု ခွင့်ပေးတော်မူလေသည်။

သိကြားမင်းသည်တိဿရသေ့ကြီးထံမှ ဆံတော်တတ်ကို စေတီတည်ထား ခွင့်ရပြီဟု တိဿဓမ္မသီဟရာဇာမင်းကြီးအား မှာကြားလေလျှင် ဘုရင်ကြီးသည် များစွာသော မိုလ်ပါပရိသတ်ကို ခြံရံလျက် လုံးတင်တောင်သို့ ထွက်တော်မူ လာလေ၏။ သိကြားမင်းလည်း ရသေ့ကြီး၏ ဦးခေါင်းသဏ္ဌာန်နှင့်တူသော ကျောက်တုံးကို ပင်လယ်မှယူကာ လုံးတင်တောင်စွန်းတွင်တင်၍ ရသေ့ကြီးအား ပြလေသော် ရသေ့ကြီး နှစ်ချိုက်ရကား ကျောက်တုံးကိုထွင်း၍ ဆံတော်နှစ်ဆူကို ဌာပနာပြီး ကျောက်တုံးပေါ်တွင် စေတီငယ်တစ်ဆူကို ဘုရင်ကြီးနှင့် အတူတည်လေ၏။ စေတီ တည်ပြီးလေသော် ရသေ့ကြီးလည်း ပျံလွန်လေ၏။

ရသေ့ကြီး၏ဦးခေါင်းနှင့်တူသော ကျောက်တုံးကြီးပေါ်တွင် စေတီတည်ထား သည်ကို အစွဲပြု၍ စေတီကို ရသေ့ရွက်ကားသောဘုရား " ကျိုက်ဣသိယို " ဟု မွန်တို့က ခေါ်ကြလေသည်။ ကာလညောင်းလေသော် ကျိုက်ထီးရိုးဟု အဆင့်ဆင့် ပြောင်းလဲ၍ မြန်မာစာတစ်ဝက်၊ မွန်တစ်ဝက် ဝေါဟာရပုံစံဖြင့် ခေါ်တွင်လာခြင်း ဖြစ်သည်။

ဤသည်မှာ ရှေးလူကြီးသူမများ ပြောဆိုရေးသားထားကြသော ကျိုက်ထီးရိုး စေတီသမိုင်းပင် ဖြစ်ပါသည်။

မှတ်ချက်။ ဘုမိဗေဒပညာရှင်များဇ ဘုရားစေတီဉာဏ်တော်သည် ၁၅ ပေ ရှိပြီး၊ ကျောက်တုံးကြီးသည် အရောင်ဖျော့သည့် ရွှေကြီးစေခန့် တွင်းထွက်ကျောက်များ ပါဝင်သည်။ ဂရတ်နှစ်ကျောက် (မှမ်းဝတ်ကျောက်) အမျိုး အစားဖြင့် ဖွဲ့စည်း ထားသည်။ အလေးချိန် ( စေတီအပါအဝင်) တန် (၆၀၀) ခန့်ရှိသည်ဟု ခန့်မှန်း ထားကြပါသည်။ (ကျိုက်ထီးရိုးဝေါဝတမှတ်တမ်းအရ)

www.burmeseclassic.com



## ကောင်းမှုဒါန ပြုကြအထိုထို

ရှင်တော်ဂေါတမ ဘုရားသခင်၏ ဖြစ်တော်ပေါင်းငါးရာတွင် ဒါနအလှူ ပေးခဲ့ရသည့် ဘဝများအနက် မိခင်ဝမ်းမှကျွတ်သည်နှင့် လက်တော်ကို ဆန့်တန်းပြီး ကောင်းမှုဒါနပြုရန် အသပြာတောင်းခဲ့သော မင်းဝေဿန္တရာ ဘဝဇာတ်ကြောင်း တစ်လျှောက် ဒါနအလှူမြောက်ခဲ့ခြင်းများမှာ သူမတူအောင် ရှိခဲ့ပေသည်။

သတ္တဝါမှန်သမျှသည် ကောင်းမှုဒါနကို တတ်စွမ်းသမျှပြုကြစမြဲ ဖြစ်လေသည်။ ပစ္စုပ္ပန်ကာလအကျိုး၊ အနာဂတ်ကာလအကျိုးတို့အား မျှော်ကိုးပြီး အလှူဒါနပေးလှူကြမြဲမို့ လူသားတို့သည်လည်း တတ်စွမ်းသမျှ နည်းများမဆို နေရာဒေသမရွေး ပေးဝေလှူဒါန်းကြစမြဲ ဖြစ်ပေသည်။

သတ္တဝါမှန်သမျှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းကို လိုလားတတ်ကြပေသည်။ စိတ်ချမ်းသာကိုယ်ကျန်းမာရေးဆိုသည်မှာလည်း ဒါနမျိုးစေ့ မပါလျှင် ရခဲလေခြင်းဟု ဘုရားဟောကျမ်းဂန်များမှာ ဖွင့်ဆိုခဲ့ပေသည်။

အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အနာမဲ့ခြင်းတည်းဟူသော အရာတို့အား သတ္တဝါမှန်သမျှနှင့် လူသားအားလုံး လိုလားတတ်ကြပေသည်။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အနာမဲ့ခြင်း ပြည့်စုံစေရန် ဒါနမျိုးစေ့အဖြစ် ဒါနကုသိုလ်ပြုကြရပေသည်။ မဟာဝင်ဝတ္ထုတစ်ပုဒ်၌ " အသက်ရှည်ဆေး ကောင်းမှုဒါန "ဆိုသည့် ဖွင့်ဆိုချက်အား မှတ်သားဖူးပါသည်။

**ပရိဿဝန ဒါန၌ – ရေစစ်အလှူကိုလည်းကောင်း၊ အာဝါသဒါနမော–ကျောင်းကန်နေရာအလှူကိုလည်းကောင်း၊ ဂိလာနဝတ္ထု ဒါန၌ လူနာရဟန်းတို့အား ယာဂုအလှူ ဆေးဝါးအလှူကိုလည်းကောင်း၊ ဒါတမ္ဗ ပေးလှူအပ်၏။ တထ ထိုမှတစ်ပါး ဓိဋ္ဌာကာဝါသ ပဋိသခ်ါရဏံ၊ ယောင်းဖျက် ဆွေးမြည့်နေသော ရေပ်ကျောင်းကန်ကို ပြုပြင်တည်ဆောက်လှူခြင်း ကိုလည်း ကတမ္ဗံ ပြုအပ်၏။**

www.burmeseclassic.com



ပဥ္စသီလသမာဒန် ငါးပါး သီလခံယူခြင်း ကိုလည်း ကတွာ ပြု၍ တံ ထိုငါးပါး သီလကို သာဓု၊ ရက္ခိသ ကောင်းစွာစောင့်ရှောက်ရာ၏။ ဥပေါသထ၊ ဥပုသ်နေ့တိုင်း၌ ဥပေါသထူပဝါသောစ ဥပုသ်ဆောက်တည်စောင့်သုံးခြင်း ကိုလည်း ကတဗ္ဗံ ပြုအပ်၏။ ဟုဖွင့်ဆိုထားပေသည်။ ထိုဖွင့်ဆိုချက်အားလျော်စွာ ဗုဒ္ဓဘာသာ ကိုးကွယ်သူတိုင်း တတ်စွမ်းသမျှ ဒါနကုသိုလ် ပြုကြမြဲ ဖြစ်ပေသည်။

ကင်ပွန်းစခန်းမှသည် ဆံတော်ရှင်စေတီတော်မြတ်ကြီးသို့တိုင် လမ်းခရီး တစ်လျှောက်တွင် နားချင်စဖွယ် တဲနန်းများ ကြီးကျယ်နိုင်ခန့်သည့် ဇရပ်များ၊ ရေလှူရှင်များသည် အဆက်မပြတ် ကြုံတွေ့ရပေသည်။ ဘုရားဖူးကျမ်းဂန် အဆို အရ ပေးလှူအပ်ရာ မြောက်လှသည်ဟု စိတ်ဝယ်ခံစား လိုက်မိပေသည်။

ထို့ပြင် ဘုရားဖူးလုပ်သားပြည်သူများမှလည်း တတ်စွမ်းသမျှငွေကြေးအလှူဒါန ပေးဝေကြမြဲဖြစ်ပေသည်။ အခြားငွေကြေး အမြောက်အမြား တတ်နိုင်ကြသော အလှူရှင်များမှလည်း ရုပ်တုများသွန်းလောင်းခြင်း၊ ဇရပ်ဆောက်ခြင်း အစရှိသော အလှူပြုကြစမြဲ ဖြစ်ပေသည်။

ထို့ထက်ထူးမြတ်သော အလှူရှင်များမှာ ကျိုက်ထီးရိုးဆံတော်မြတ်ဝန်းကျင်တွင် စိန်၊ ရွှေ၊ ငွေ၊ ရတနာအဖိုးတန်ပစ္စည်းများ လှူဒါန်းခြင်း၊ ဆံပင်များဖြတ်လှူခြင်းများ ပြုတတ်ကြပေသည်။ (ခန္ဓာ၊ လက်၊ နားတို့အား မီးပူဖော်ခြင်းများပင် ကျိုက်ထီးရိုးတွင် ရှိခဲ့ဖူးပါသည်။)

## ဘုရင့်နောင်၏အလှူဒါန

အခြေပြ မြန်မာနိုင်ငံရေးသမိုင်း ' ပထမတွဲ စာမျက်နှာ ၃၅၉ ၌ ' ဗင်းနစ် ကုန်သည်တစ်ဦးဖြစ်သော ကိုင်ဇာဖရေဒရစ်ကေ၏ မှတ်တမ်းတွင် ' ဘုရား ဟောင်တင်းလှသောကြောင့် ' ဘုရင့်နောင်သည် ရောက်ရာအရပ်တိုင်းတွင် ဘုရားစေတီများကို ပြုပြင်ခြင်း၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများကို ထားနှာခြင်း၊

www.burmeseclassic.com



ထီး၊ ချရာထီးကသည် မြေပြတိုင်အောင် ရွှေထည့်ခြင်း၊ (ကေတုမတီ)တောင်ငူ မြစည်းခုံ ' ဘုရား၌ ထီးတော်တင်ရန် (၅၃၅) ကျပ်သား ပေးလှူခြင်း၊ " ကျိုက်ထီး ဘုရားထီးတော်အတွက် ရွှေချိန် ၇၅ ကျပ်သားနှင့် နဝရတ်ကိုးပါး လှူခြင်း " စသ များကို ပေးလှူခြင်းပြုခဲ့သည်ဟု ဖော်ပြပါရှိလေသည်။

## ကမ္ဘာ့သံတမန်များ၏ ဒါနကုသိုလ်

၁၉၈၁ ခု၏ ဇန်နဝါရီလ (၁၂) ရက်နေ့ ဝ၄း၀၀ နာရီခန့်တွင် ကမ္ဘာ့နိုင်ငံခြ တိုင်းပြည် ၉ နိုင်ငံမှ သံတမန်များ ကျိုက်ထိုမြို့နယ်သို့ ရောက်ရှိလာပြီး ကျိုက်ထို ၌ တစ်ညတာခိုနား၍ (၁၃–၁–၈၁) နေ့ နံနက် ၆း၀၀ နာရီတွင် ကင်ပွန်းစခန်း ကျိုက်ထီးရိုးဘုရားသို့ စတင်တက်ရောက်ကြလေသည်။ ဘုရားရင်ပြင်တော်တွ တစ်ညတာ နားကြပါသည်။ (၁၄–၁–၈၁) ရက်နေ့ နံနက် ၆း၀၀ နာရီတွင် ပြန်လ ဆင်းလာကြပြီး ကျိုက်ထိုမြို့မှ နေ့လယ် ၁၃း၀၀ နာရီတွင် ရန်ကုန်မြို့သ ခရီးဆက်သွားကြလေသည်။

သံတမန်များ၏ ဒါနကုသိုလ်အဖြစ် အလှူငွေ ၁၀၀၀ိ/– (ကျပ်တစ်ထော ပေးလှူခဲ့ပြီး ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ တည်နေပုံကား အံ့ဩဖွ ကောင်းလှသည်ဟု ပြောဆိုခဲ့ကြပေသည်။ ကမ္ဘာ့နိုင်ငံခြားတိုင်းပြည်များမှ သံတ များပါဝင်လှူဒါန်းသည့် အလှူငွေသည် ထိုအချိန်ကာလက ပထမဦးဆုံးအကြ ဖြစ်သည်။ ကြည်ညိုကြသည့် ကမ္ဘာ့သံတမန်များအား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နာယ အဖြစ် ဦးဆောင်လာခဲ့ခြင်း ဖြစ်လေသည်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား တက်ရောက်ကြည်ညိုကြသ သံတမန်များ၏ နိုင်ငံများမှာ (၁) အမေရိကန်၊ (၂) ရုရှား၊ (၃) အင်္ဂလိပ်၊ ( မလေးရှား၊ (၅) ဘင်္ဂလားဒေ့ရှ်၊ (၆) တောင်ကိုရီးယား၊ (၇) အင်ဒိုနီးရှား၊ (၈) ဂျ နိုင်ငံတို့ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ မြန်မာဗုဒ္ဓဘာသာများသာမက ကမ္ဘာ့သံတမန်များပင် ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ထူးဆန်းသော ဆံတော်ရှင် ကျိုက်ထီးရိုးဆံတော်ရှင်မြတ်ကြီး အား လာရောက်ကြည်ညိုကြသဖြင့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပေသည်။

## ဒါယကာများ

မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ်ကတည်းက ရသေ့ သိကြား၊ သုတိန္နဂရပြည့်ရှင် တိဿဓမ္မ သီဟရာဇာမင်းကြီး တည်ထားခဲ့သော ကျိုက်ထီးရိုးစေတီတော်သည် နှစ်ပေါင်း ၂၄၀၀ ကျော် တောနက်ကြီးအတွင်း၌ တိမ်မြှုပ်နေရာမှ ပထမစတင်တွေ့ရှိသူမှာ စစ်တောင်းမြို့ဝန် မင်းလှသခ်သူဖြစ်သည်။

စစ်တောင်းမြို့ဝန် မင်းလှသခ်သူသည် မြန်မာသက္ကရာဇ် ၁၁၈၅ ခု၊ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမတိုင်မီ တစ်နှစ်အလို ခရစ်နှစ် ၁၈၂၃ တွင် ဆင်ကြော့ရန် တောလည်စဉ် အရှေ့ရိုးမအပါအဝင် ပေါင်းလောင်းတောင်ထွတ်အစွန်း၌ ချောက်ထဲသို့ ကျလုတည်းကာ လူဦးခေါင်းသဏ္ဌာန် ကျောက်တုံးကြီးပေါ်မှ သုံးတောင်မျှမြင့်သော စေတီတော်ကို ဖူးတွေ့ရလျှင် အံ့သြကြည်ညိုလှသဖြင့် ချုံနွယ်ပိတ်ပေါင်းတို့ကို ခုတ်ထွင်ရှင်းလင်းကာ စစ်တောင်းမြို့သို့ ပြန်ပြီး မြို့သူမြို့သားများအား ဆော်သြ၍ ထိုနှစ်တွင်ပင် စေတီတော်ကလေးကို ငုံလျက် ဉာဏ်တော် ၁၂ တောင်မြင့်အောင် စေတီသစ်တည်လေသည်။ စစ်တောင်းမြို့မှ စေတီသို့အရောက် လမ်းဖောက်ကာ နှစ်စဉ် သဇင်ပန်းလဖြစ်သော နတ်တော်လ၌ ဘုရားပွဲတော်ကျင်းပရန်လည်း စီစဉ်လေသည်။

ထို့နောက်နှစ်ပေါင်း ၈၀ အကြာ (တစ်တိုင်းပြည်လုံး သူ့ကျွန်ဖြစ်၍ အင်္ဂလိပ်လက်အောက်သို့ ၁၈ နှစ် ကျရောက်ပြီးသည့် ကာလ) သက္ကရာဇ် ၁၂၆၅ (ခရစ်နှစ် ၁၉၀၃) နှစ်တွင် စတင်ပြီး ကျိုက်ထီးရိုးစေတီတော်ကို အင်္ဂလိပ်အစိုးရ အသိအမှတ်ပြု ဂေါပကလူကြီးအဖွဲ့ဖြင့် စတင်ပြီး စေတီတော်၏ ဘဏ္ဍာရေးနှင့်တကွ ကိစ္စ

www.burmeseclassic.com



အရပ်ရပ်ကို ရဆောင်ရွက်ရလေသည်။ ထိုပထမဆုံး ဖွဲ့စည်းလိုက်သော ဂေါပကအဖွဲ့ဝင် လူကြီးများမှာ အမ်နံတော်ရ ဦးဘိုးရိပ်၊ ဦးဘိုးပိန်၊ ဦးမို၊ ဦးထွန်းအောင်နှင့် ဦးပန်းခိုင်တို့ဖြစ်ပြီး ယင်းဂေါပကအဖွဲ့က စေတီတော်ကို ရွှေသင်္ကန်းကပ်ကာ ကြေးထီးသစ်တင်လှူဒါန်းခဲ့သည်။

ထို့နောက် နှစ်ပေါင်း ၃၀ အကြာ ခရစ်နှစ်၊ ၁၉၃၃ မြန်မာသက္ကရာဇ် ၁၂၉၅ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဂေါပကလူကြီးသစ်များ ဖြစ်သော ဆရာကြီးဦးသိန်း၊ ဦးဘိုးလုံး၊ ဦးအုန်းရွှေ၊ ဦးလှမောင်၊ ဦးရွှေဖီ၊ ဦးချစ်ရွှေနှင့် ဦးဘတင် တို့က ကျိုက်ထီးရိုးစေတီတော်ကို ရွှေသင်္ကန်းအပြည့်ကပ်၍ ငွေထီးသစ် တင်လှူလေသည်။

ထို့နောက် ၁၁ နှစ်အကြာ (ခရစ်နှစ် ၁၉၄၅ ခု၊ မြန်မာပြည်အား ဂျပန်အုပ်စိုးနေချိန်) မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့၌ ကျွန်းတောဆရာတော်၊ ဝါးဖြူတောင်ဆရာတော်၊ ခဝဲရွာသူကြီးဦးမြဒင်နှင့် ဒါယကာများက ကျိုက်ထီးရိုးစေတီတော်ကို ရွှေလုံးပြည့်ချ၍ ငွေထီးသစ်တင်လှူလေသည်။

ထို့နောက် နှစ်ပေါင်း ၂၀ အကြာ ခရစ်နှစ် ၁၉၆၄ ခု၊ မြန်မာသက္ကရာဇ် ၁၃၂၆ ခု၊ တပေါင်းလပြည့်နေ့ (လွတ်လပ်ရေးရပြီး ၁၅ နှစ်အကြာ) တွင် မိုးကုတ်မြို့ ဦးအောင်ချိန်နှင့် ဒါယကာများက စေတီတော်ကို ရွှေလုံးပြည့်ချ၍ ရွှေထီးသစ်တင်လှူလေသည်။ ထို့နောက် ၈ နှစ်အကြာ ခရစ်နှစ် ၁၉၇၂ ခု၊ မြန်မာသက္ကရာဇ် ၁၃၃၄ ခု၊ တပေါင်းလပြည့်နေ့၌ ရန်ကုန်မြို့၊ သိမ်ကြီးဈေး (ဒီ) ရုံ၊ စိန်ဥဒေါင်းဖာဘော်လီ ဆိုင်ပိုင်ရှင် ဦးမောင်ဟိန်းနှင့် ဒါယကာများက ကျိုက်ထီးရိုးစေတီတော်ကို ရွှေလုံးပြည့်ချ၍ ငွေထီးသစ်လှူလေသည်။

ဤသည်မှာ (ခရစ်နှစ် ၁၈၂၃) ခု၊ မြန်မာသက္ကရာဇ် ၁၁၉၅ ခုနှစ်မှ (ခရစ်နှစ် ၁၉၇၂ ခု)၊ မြန်မာသက္ကရာဇ် ၁၃၃၄ ခုနှစ်အထိ နှစ်ပေါင်း ၁၄၉ နှစ်အတွင်း ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းအပြည့်ကပ်၍ ထီးတော်သစ်တင်လှူကြသော ဒါယကာများ ဖြစ်သည်ဟု မှတ်သားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ရန်ကုန်မြို့၊ ပြည်လမ်းတွင် နေထိုင်သည့် ဦးအောင်ချိန်နှင့် ဒါယကာများ လှူဒါန်းသည့် ရွှေလုံးပြည့် ထီးတော်ကြီး သည် တန်ဖိုးမခန့်မှန်းနိုင်လောက်အောင် ရှိသည်အထိ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများ ပါဝင်နေကြောင်းနှင့် ၎င်းထီးတော်အား ယခင်က မြို့စောင့်တပ် တပ်ရင်း (၉၆) တွင် ခေတ္တခဏ စံမြန်းနေပြီး ယခုအခါ ကျိုက်ထီးရိုး ဘုရား ဖြတ်ကိုက်တွင် ပြသဖူးမြော်စေပေသည်။

## ခရီးတစ်ခွင်လှေ့လာချင်သော်

မြန်မာစကားပုံတစ်ခုတွင် (ဘုရားဖူးရင်း လိပ်ဥတူးရင်း) ဆိုသည့် အဆိုရှိခဲ့ဖူးလေသည်။ ထိုစကားပုံ၏အဆိုအား ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်အား ဖူးမြော်ခရီးလာသောအခါ တန်ခိုးကြီးကျိုက်ထီးရိုးစေတီမြတ်ကြီးအား ဖူးမြော်ရင်း ဒေသန္တရဗဟုသုတများ ရရှိနိုင်ပေသည်။

စေတီတော်မြတ်ကြီး၏ ပတ်ဝန်းကျင်တွင် တည်ရှိနေကြသော သမိုင်းဝင် အကြောင်းအရာများ၊ ဒေသန္တရဗဟုသုတများသည် လိပ်ဥတူးရသည့်နှယ် ရရှိမည့် အကျိုးအမြတ်ဖြစ်ပေသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ ပတ်ဝန်းကျင်ရှိ သမိုင်းဝင်အကြောင်းအရာများ၊ ဒေသန္တရဗဟုသုတများအား အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျီးကန်းပါးစပ်ဂူ

ကျိုက်ထီးရိုးရင်ပြင်တော် မြောက်ဘက်မှအောက်သို့ ဆင်းရာလမ်းကျဉ်းအတိုင်း နှစ်ဖာလုံသာသာခန့် ဆင်းသွားလျှင် " ကျီးကန်းပါးစပ်ဂူ " သို့ ရောက်ပါသည်။

ကျောက်ဖျာနှစ်ချပ်သည် ကျီးနှုတ်သီးသဏ္ဍာန်ဟနေသည်။ အပေါ်နှုတ်သီး

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖျာထက်တွင် စေတီတည်ထားသည်။ နွှတ်သီးရှိရာ ကျောက်ပြားကြီးများသည် လှူသွားလမ်းအထက်မှ မိုးနေပြီး တစ်ဖက်တွင် တောင်စောင်းချောက်ရှိသည်။ ကျိုးပါးစပ်အတွင်း ပစ်သွင်းသောအလှူငွေများ အတွင်းသို့ မဝင်ဘဲ ပြန်ကျလာသည့်အခါ ချောက်တွင်းသို့ကျသဖြင့် အလှူငွေများ မပျောက်ပျက် မဆုံးရှုံးစေရန် ချောက်တွင်းမှကာရံထားသည်။

နွှတ်သီးရှိရာကျောက်ဖျာများ၏ အောက်တွင် လူတစ်ကိုယ်စာဝင် ဂူပေါက်ငယ်ရှိသည်။ အတွင်းတွင် အတန်ကျယ်သည့်ဂူရှိပြီး ရုပ်ပွားတော်တစ်ဆူ ထားရှိသည်။ ဂူ၏အောက်သို့ ငါးပေခန့်နိမ့်နေသဖြင့် လှေကားငယ်ဖြင့် ဆင်းရသည်။

ဤဂူမှာ သမိုင်းကြောင်းအရ ဝိဇ္ဇာဓိုရ်နှင့် နဂါးမတို့ တွေ့ဆုံပေါင်းသင်းနေထိုင်ရာ နေရာဖြစ်ပြီး ၎င်းဂူပေါက်လမ်းကြောင်းသည် စစ်တောင်းမြစ်အထိ ရောက်သည်ဟု ဆိုပါသည်။

ဂူသို့ဝင်သည့် အပေါက်ဝမှာ ကျဉ်းသည်ဟု ထင်မှတ်ရသော်လည်း မည်မျှဝဖြိုးသူပင်ဖြစ်စေ ဝင်၍ရသည်သာ ဖြစ်ပါသည်။ ကျိုးကန်းပါးစပ်ဂူအား “ ကါကွဏ္ဍဘိုးဘိုး” စောင့်ရှောက်ထားသည်ဟု ဆိုပါသည်။ နတ်ရုပ်နှင့် နတ်ကွန်းကိုလည်း ဂူအနီးတွင် ပြုလုပ်ထားရှိသည်။ ကျိုးကန်းပါးစပ်ဂူပေါ်မှ စေတီသည် ဓမ္မုအေး စေတီဖြစ်ပါသည်။

## နတ်ရေတွင်း

ကျိုးကန်းပါးစပ်ဂူ၏ အရှေ့ဘက်သို့ ဆက်၍ အနည်းငယ်ဆင်းသွားလျှင် “ နတ်ရေတွင်း ”သို့ ရောက်ပါသည်။ကျောက်မြောင်းကြားတွင် တွင်းငယ်သဏ္ဍာန်ဖြစ်နေပြီး ရေစိမ့်ထွက်နေသည်။ မည်မျှပင်ခပ်ယူသည်ဖြစ်စေ ရေတစိမ့်စိမ့်မပြတ်ထွက်နေသဖြင့် ခန်းသည်ဟူ၍မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင်းရေကို သောက်ခြင်းဖြင့် ရောဂါအန္တရာယ်ကင်းဝေးသည်ဟု ယုံကြည်ကြသဖြင့် ဘုရားဖူးသူတိုင်း သောက်သုံးလေ့ရှိကြပါသည်။ အချို့ဝါးကျည်တောက်၊ ရေဘူး၊ ရေပုလင်းများဖြင့် ထည့်ကာ မိမိတို့ဒေသအရောက် ဆောင်ယူသွားလေ့ရှိကြပါသည်။

## နတ်စမ်းတွင်း

နတ်ရေတွင်းမှ အောက်ဘက်သို့ ခပ်မတ်မတ်ဆင်းသွားသော လမ်းမှ လိုက်သွားလျှင် " နတ်စမ်းတွင်း " သို့ ရောက်သည်။ ကျောက်တောင်ကြားမှ စိမ့်ထွက်နေသော စမ်းတွင်းဖြစ်သည် ဝါးရုံများအုပ်မိုးလျက်ရှိသည်။ ဆောင်းအခါစမ်းချောင်းဘေးရှိ သဲမြေပေါ်တွင် ကြာရှည်မရပ်နိုင်အောင် အေးလှသည်။

တောင်ပေါ်မှရေရောင်းသမားများသည် ဤစမ်းတွင်းမှ ဆင်း၍ ခပ်ယူကြခြင်းဖြစ်သည်။ ဘုရားဖူးများ များပြား၍ သုံးရေချိုးရေ ရှားပါးပါက ဤရေကိုပင် ဝယ်ယူအသုံးပြုကြရပါသည်။

## မြသပိတ်စေတီ

ကျီးကန်းပါးစပ်ဂူသို့ ရောက်ရာလမ်းအနီးတွင် " မြသပိတ်စေတီ " ကို ဖူးရပါမည်။ သပိတ်ပုံသဏ္ဍာန် ကျောက်တုံးပေါ်တွင် တည်ထားခြင်းဖြစ်သည်။

## ဘိုးဘိုးနီနတ်ကွန်း

မှတောင်ပိုင်ဘိုးဘိုးနီ၏ နတ်ကွန်းနှင့်ရုပ်တုကို တွေ့ရမည်။ ကျိုက်ထီးရိုးစေတီတွင် ကြာရှည်လေးမြင့်စွာ ဝေယျာဝစ္စပြုလုပ် စောင့်ရှောက်နေရာမှ ကွယ်လွန်သွားသည့် ဦးဘိုးနီကို အကြောင်းပြုခေါ်တွင်ကြောင်း သိရပါသည်။ ဘိုးဘိုးဖြစ်လျက် ဤတောင်ကို ဆက်လက်စောင့်ရှောက်နေသည်ဟု ယုံကြည်ကြသည်။ ၎င်းနောက်တွင် ဆုတောင်းပြည့်စေတီ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကျောက်ငါးကြင်း

ကျိုက်ထီးရိုးတောင်မှ မုဆိုးတောင်သို့အဆင်း၊ ဘိုးဘိုးနိနတ်ကွန်း၏ ညာဘက်မျက်စောင်းထိုးနေရာတွင် ကြီးမားသောကျောက်တုံးကြီးတစ်တုံးကို တွေ့ရပါမည်။ ၎င်းကျောက်တုံးကြီးနံရံတွင် ငါးကြင်းပုံသဏ္ဌာန် ကျောက်သားများမှာ ဖြစ်ပေါ်နေသည်ကို မြင်ရပါသည်။ ယင်းကျောက်ငါးကြင်း၏ ဦးခေါင်းသည် သထုံမြသမိတ်စေတီသို့ တည့်တည့် ဦးတည်နေလျက် ရှိပါသည်။

## မုဆိုးတောင်စေတီ

ကျိုက်ထီးရိုးရင်ပြင်မှ အရှေ့ဘက်သို့ကြည့်လိုက်လျှင် မုဆိုးတောင်ကို မြင်နေရပါသည်။ ရှေးအခါက ဤတောတစ်ဝိုက်တွင် အမဲများလိုက်လံပစ်ခတ်ရောင်းချစားနေသည့် မုဆိုးကြီးနေထိုင်သည်ကို အစွဲပြု၍ ' မုဆိုးတောင် ' ဟုအမည်တွင်ခဲ့ခြင်းဖြစ်သည်။ မုဆိုးကြီးသည် ဗုဒ္ဓဉာဏရသေ့ကြီး၏ တရားဟောပြော ဆိုဆုံးမမှုကြောင့် အကျွတ်တရားရကာ မုဆိုးအလုပ်ကို စွန့်လွှတ်ခဲ့သည်ဟု ဆိုလေသည်။ ဤတောတွင်ကျောက်သားပေါ်၌ ထင်နေသော မုဆိုး၏ခြေရာများကို တွေ့နိုင်သည်။

တောင်ပေါ်တွင် ဗုဒ္ဓဉာဏရသေ့ကြီး၏ အရိုးဂူပြုလုပ် စေတီတည်ထားသည်။ မုဆိုးတောင်တွင် ဂူသုံးလုံးရှိသည်။

အလယ်တည့်တည့်မှဂူမှာ " မှန်ဂူ "ဖြစ်သည်။ ဂူအတွင်းမြေပြင်အားမှန်ကျောက်ပြားများ ခင်းထားသည်။ ရုပ်ပွားတော်တစ်ဆူရှိသဖြင့် ဝင်ရောက်ဖူးမြော်နိုင်ပါသည်။

၎င်းဂူ၏အနောက်ဘက်ဂူမှာ " အာပေါ်ဂူ "ဖြစ်သည်။ ကျိုက်ထိုမြို့တွင် သီတင်းသုံးသည့် " အာပေါဘုန်းတော်ကြီး " တရားအားထုတ်ခဲ့သည့်ဂူဖြစ်၍ ဤအမည်တွင်နေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ဂူ၏ အရှေ့ဘက်ဂူမှာ " နေရောင်ခံဂူ " ဖြစ်သည်။ တရားအားထုတ်လျက် ရှိနေစဉ် ဘုန်းတော်ကြီးနေစာလှုံရာဂူဖြစ်သည်ဟု ဆိုပါသည်။

## ကျောက်ဆီယိုစေတီ

မှဆိုးတောင်မှမြောက်ဘက် ကျောက်ထပ်ကြီးဆီသို့ အသွားတွင် " ကျောက်ဆီယိုစေတီ "ကို ဖူးတွေ့ရပါမည်။ ရှေးအခါက စေတီရှိရာ ကျောက်တုံးမှဆီကဲ့သို့ အရည်များ စီးယိုထွက်လျက်ရှိသည်ဟု အဆိုရှိပါသည်။

## ကျောက်လှုပ်စေတီ

၎င်းနှင့်တစ်ဆက်တည်း " ကျောက်လှုပ်စေတီ " ကို ဖူးမြော်နိုင်သည်။ ၎င်းကျောက်တုံးပေါ်တွင် တင်နေသည့် ကျောက်ပြားမှာ ကိုင်၍ လှုပ်ကြည့်လျှင် လှုပ်ပါသည်။ ယင်းကျောက်ပြားပေါ်တွင် အမှတ်တရစေတီ တည်ထားသဖြင့် ဤအမည်တွင်ပါသည်။

## နဂါးဘုရား ဖားဘုရား

မှဆိုးတောင်၏မြောက်ဘက် ကျောက်ထပ်ကြီးသို့သွားရာလမ်းတွင် နဂါးသဏ္ဌာန် ဖားသဏ္ဌာန်ဖြစ်နေသည့် ကျောက်တုံးပေါ်တွင် တည်ထားသည့် စေတီနှစ်ဆူကို ဖူးတွေ့ရပါမည်။ ယင်းစေတီများကို " နဂါးဘုရား၊ ဖားဘုရား " ဟု ခေါ်ကြသည်။

သမိုင်းအရ လှုပြည်ရောက်လာသည့် နဂါးမနှင့် ဖားမတို့တွေ့ဆုံမိတ်ဆွေဖြစ်ရာ အရပ်ဟုဆိုပါသည်။

## ကျောက်ထပ်ကြီးစေတီ

ကျိုက်ထီးရိုးတောင်၏ မြောက်ဘက် နှစ်မိုင်ခွဲခန့်တွင် တည်ရှိသည်။ ပေနှစ်ဆယ်ခန့်ကျယ်သော ကျောက်ဖျာကြီးများ ထပ်နေသည့် အပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



စေတီငယ်နှစ်ဆူ ပြိုင်၍ တည်ထားသည်။ ဘုရားဖူးများသည် ခရီးအတန်သွားရသည့် ကျောက်ထပ်ကြီးသို့ တကူ ဂဏအုပ်ဖွဲ့၍ သွားလေ့ရှိကြသည်။

ကျောက်ထပ်ကြီးစေတီတွင် ဘုရား၌ ရွှေချရန် ရွှေဆိုင်းရောင်းသူများရှိသည်။ ဘုရားကို ချက်ချင်း ရွှေချပေးပုံမှာ အံ့ဩဖွယ်ဖြစ်သည်။ တောင်မကြီးပေါ်ရှိ ကျောက်စွန်းတစ်ခုနှင့် စေတီတော်အား ကိုက်တစ်ရာခန့်ရှိ ကြိုးတစ်ချောင်းဖြင့် သွယ်တန်းထားသည်။ ရွှေချ လိုသူသည် ရွှေဆိုင်းဝယ်၍ ရွှေချပေးမည့်သူလက်ထဲ အပ်လိုက်ရသည်။

ရွှေချပေးသူသည် စေတီအရောက်ကြိုးကိုလက်နှစ်ဘက်ဖြင့် လွဲကာလွဲကာ မျောက် တစ်ကောင်အလား တွယ်တက်သွားသည်။ ဘုရားတွင်ရွှေချပေးပြီး ရင်ပြင်မှ ပေ ၅၀ အမြင့်ရှိ စေတီမှ ကိုက် (၁၀၀) ခန့်ဝေးသော တောင်မကြီးပေါ်ရှိ ကျောက်စွန်းအထိ သွယ်တန်းထားသော ကြိုးပေါ် မှောက်အိပ်လျက် ခြေ/ လက်ကားပြီး ဇောက်ထိုးပြန်ဆင်းလာသည်။ တက်ပုံဆင်းပုံကြည့်၍ ကောင်းလှသည်။

မှတ်ချက်။ ကျောက်ထပ်ကြီးရောက်ခါနီးတွင် ၁၉၇၉ ခုနှစ်၌ ပြန်လည်ပြုပြင်ထားသော ဘိုးဘိုးညီနှတ်ကွန်းရှိပါသည်။

## ရသေ့တောင်

ကျိုက်ထီးရိုးတောင်၏နောက်ဘက်တွင် သီးသန့်ရှိနေသည့် တောင်မှာ ' ရသေ့တောင် ' ဖြစ်သည်။ ရသေ့တောင်သို့ သွားလိုက ကျိုက်ထီးရိုးတောင်ရှိ ရသေ့တောင်လမ်းခွဲမှ တောင်ခြေအရောက်နီးပါးသွားရပြီး ရသေ့တောင်ထိပ်သို့ ပြန်တက်ရသည်။

မတ်စောက်သော အတက်အဆင်းချည်းဖြစ်၍ လွန်စွာပင်ပန်းသည်။ အပင်ပန်းခံနိုင်သည့် လူငယ်လူရွယ်တို့သာ ကြိုးစားသွားရောက်နိုင်ကြသဖြင့် အသွားအလာနည်းသည်။ ဂူအများအပြားရှိသဖြင့် ရှေးကာလက ရသေ့များ အနေအထိုင်များသောကြောင့် ' ရသေ့တောင် ' ဟု ခေါ်တွင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့တောင်တွင် ' ရသေ့တောင်စေတီ ' တည်ရှိသည့်အပြင် ရှင်သီဝလိနှင့် ရှင်ဥပဂုတ် ရုပ်ပွားတော်များ၊ ဣစ္ဆာသယရသေ့ပုံနှင့် သူရဿတီမယ်တော်ပုံများ ရှိသည်။

အတွင်းဘက်တောင်စောင်းတွင် ' နဂါးပွတ်ကန် ' ရှိသည်။ ထိုကန်သည် ထာဝစဉ်ရေမခန်းဘဲ ကြာမျိုးငါးပါးနှင့် ကျူတောများ မပြတ်ရှိနေသည်။

၎င်းအနီးတွင် ' ဆုတောင်းပြည့်စေတီ ' နှင့် ' အပြင်မြစိမ်း၊ အတွင်းမြစိမ်း' စေတီများရှိသည်။

ရသေ့တောင်၏ တောင်ဘက်အထွတ်အနီးတွင် ' စွန်တောင်ဖွဲ့စေတီ ' ရှိသည်။ ကျိုက်ထီးရိုးတောင်အတက် မျှော်တော်မူစခန်းမှ ရသေ့တောင်ဘက် လှမ်းကြည့်လိုက်လျှင် မြင်တွေ့ရသည့် ဘုရားဖြူဖြူကလေး ဖြစ်သည်။

၁၂၉၆ ခုနှစ်တွင် မန္တလေးရသေ့ကြီး ဦးခန္တီသာသနာပြုသွားခဲ့သော အဆောက် အဦလည်း ရှိပါသည်။

မှတ်ချက်။ ယခုအခါ ကင်ပွန်းစခန်းမှ ရင်ပြင်သို့ သွားသော တောင်တက် ကားလမ်း၊ ယာဉ်ရပ်နားစခန်းသည် ရသေ့တောင်ခြေတွင် ရှိနေပြီဖြစ်ပါသည်။ ရသေ့တောင်တွင်ရှိသော ရုပ်တုများနှင့်ပတ်သက်၍ ရဲဘော်တာရာရေးသား ခဲ့သည့် ကတိသစ္စာစာအုပ်တွင် ရုပ်တုများနှင့်ပတ်သက်သည့် စိတ်ဝင်စား ဖွယ်ရာများ ရှာဖွေဖတ်ရှုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သာသနာ့အာဇာနည်အရှင်တိလောက ထေရုပ္ပတ္တိ

၁၉၆၉ ခု၊ စက်တင်ဘာလ ပြည်ထောင်စုမြန်မာနိုင်ငံဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့မှ ထုတ်ဝေခဲ့သည့် အဘိဓမ္မတ္ထ သရုပဒီပနီကျမ်းမှ ကောက်နုတ်ဖော်ပြပါသည်။

အဘိဓမ္မတ္ထသ ရူပဒီပနီကျမ်းပြု သေက္ခုတောင် ဆရာတော် အရှင်တိလောကသည် မြန်မာသက္ကရာဇ် ၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့၊ စနေနေ့ ညနေ ၃ ချက်တီးအချိန်တွင် မုံရွာခရိုင် ယင်းမာပင်မြို့နယ် " ခေါ်သန္တိ " ရွာကြီး၌ ဖွားမြင်သည်။

ဆရာတော်၏ ဖွားမြင်ရာဇာတိဖြစ်သော ထိုရွာကြီးမှာ ဥစ္စာစပါးဆန်ရေများနှင့် ပြည့်စုံ၍ ပညာရှိတို့ ပေါ်ထွက်ထွန်းကားရာ ဒေသဖြစ်သဖြင့် အကယ်စင်စစ် နိဗ္ဗာန်သဖွယ် ငြိမ်းချမ်းလှသောကြောင့် " ခေါ်သန္တိ " ဟု ရှေးကမှည့်ခေါ်ခဲ့ပေသည်။ (ခေါ်=စင်စစ်+ သန္တိ=ငြိမ်းချမ်းသောရွာ) ယခုအခါ၌ကား အရပ်ဒေသဝေါဟာရအသုံးဖြင့် ခေါ်သန္တိ ရွာဟု ခေါ်ဝေါ်လျက်ရှိကြ၏။

ဆရာတော်ခမည်းတော်မှာ ကြွယ်ဝချမ်းသာသော မျိုးရိုးဖြစ်၍ မယ်တော်မှာ မဟာမျိုး၊ မဟာနွယ်ဖြစ်ကြောင်း သိရသော်လည်း ခမည်းတော်မယ်တော်တို့၏ အမည်နာမနှင့် ဆရာတော်၏ ငယ်နာမည်ကိုမူ ယနေ့တိုင် မသိရှိရသေးချေ။

သေက္ခုတောင် ဆရာတော် အရှင်တိလောကသည် ကျောင်းသားဘဝ၊ ရှင်သာမဏေဘဝတို့၌ ခေါ်သန္တိ ရွာ၏ တောင်ဘက် ၂ မိုင်ခန့်ကွာဝေးသော ငှက်ပျောတော ရွာကျောင်း ဘုန်းတော်ကြီး ဦးဇဝနထံတွင် ပိဋကတ်အခြေခံစာပေများကို သင်တော်မူခဲ့သည်။

အရှင်တိလောက၏ ငယ်ဆရာဘုန်းတော်ကြီး ဦးဇဝနမှာ ပထမမြို့တည်ဘိုးတော်မင်းတရားလက်ထက် မောင်းထောင်သာသနာပိုင် ဆရာတော်အရှင်ဉာဏာ ဘိဝံသဓမ္မသေနာပတိ၏ တပည့်ဖြစ်ပြီး ပထမစာတော်ပြန်ပွဲ ပြန်ဆို

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ခဲ့သည့်ပြင် ပိဋကတ်သုံးပုံဆောင် " တိပိဋကဓရ " ဘွဲ့ကိုလည်း ရရှိတော်မူခဲ့သည့် ပုဂ္ဂိုလ်ကျော်ဖြစ်သည်။

၁၂၅၃ ခု၊ နယုန်လတွင် ဘုန်းတော်ကြီး ဦးဇဝနကိုပင် ဉပဇ္ဈာယ်ဆရာပြုကာ သာမဏေ ရှင်တိလောကအဖြစ်မှ ရဟန်းတော် အရှင်တိလောကအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ရဟန်းဖြစ်ခါစ အရှင်တိလောကသည် ငယ်ဆရာရင်းဦးဇဝနထံ ခွင့်ပန်လျှောက်ထား၍ အထက်တန်းပရိယတ္တိစာပေများကို ဆည်းပူးလေ့လာရန်အတွက် ငှက်ပျောတောရွာကျောင်းမှ ထွက်ခွာလာခဲ့ရာ ၁၂၅၃ ခု၊ ဝါဆိုလတွင် မုံရွာမြို့၊ လယ်တီတောရတိုက်သို့ ဆိုက်ရောက်ကာ လယ်တီဆရာတော်ကြီး၏ ထံတော်ရင်း၌ အခြေခံစာပေနှင့်တကွ ပိဋကတ်၊ အဋ္ဌကထာဋီကာများကို နည်းခံမှတ်သား သင်ကြားဆည်းပူးတော်မူလေသည်။

ရဟန်းပျိုအရှင် တိလောကသည်ကား ဉာဏ်ပညာလည်း လွန်စွာရင့်ကျက်ထက်မြက်လှ၍ ကြိုးစားမှု ဝီရိယဓာတ်ခံလည်း ထက်သန်ကြီးမားလှသော တိဟိတ်စင်စစ် အာဇာနည်ယောကျာ်းဖြစ်လေရာ ပရိယတ္တိစာပေကို သင်ယူရာ၌ " သေသော်မှ သေစေ၊ မတတ်လျှင် မနေ " ဟူသော စိတ်ထားဖြင့် ကြိုးစားတော်မူပုံမှာ တွေ့မြင်ကြားသိကြရသော သူတို့အဖို့ အံ့ဩ၍ မပြီး ချီးမွမ်း၍မကုန် တုန်လှုပ်ချောက်ခြားဖွယ်ပင် ဖြစ်ချေတော့သည်။

ပုံစံမျှထုတ်ပြရသော် ရဟန်းတော် အရှင်တိလောကသည် နေ့အခါ၌ မိမိအတွက် စာတက်ရခြင်း၊ ရှင်ငယ်ရဟန်းငယ်များကို သင်ကြားပေးရခြင်းတို့ကြောင့် သက်ဆိုင်ရာစာပေကျမ်းဂန်များ မကြည့်ရှုအားတဲ့ ရှိလေရာ ညဥ့်ဘက်၌သာ ကြည့်ရှုခွင့်ရလေသည်။

ညဥ့်အခါ၌ စာပေကြည့်ရာတွင် ပုဏ္ဏားမီးအိပ်ကလေးကို ထွန်းညှိ၍ ကြည့်ရသည်။ မီးအိမ်ကလေးမှာ မှိုင်းခိုးများတက်၍ ခဏခဏဆေးကြောတိုက်ချွတ်ရခြင်း၊ မီးစာအသစ်လဲရခြင်း၊ ဆီထည့်ရခြင်းတို့ကြောင့် စာကြည့်ရာ၌

www.burmeseclassic.com

www.burmeseclassic.com



သမာဓိမှုရပလိဗောဓ အနှောင့်အယှက်များလှရကား အရှင်တိလောကသည် နှုန်းထီးပုံးကို အပေါ်ဘက်ထောင့်တစ်နေရာ၌ အပေါက်ဖောက်၍ မီးစာတင်ပြီး ညဉ့်လုံးပေါက် စာဖတ်လေတော့သည်။

ဤသို့ဖတ်၍ ကာလအတန်ကြာသောအခါ ဖတ်ရှုသည့် ကျမ်းစာမှာ စာလုံးမထင်ရှား မှုန်ဝါးဝါးစာပေများဖြစ်ခြင်း၊ ရေနံချေးသုတ်လိမ်းထား၍ ရေနံခိုးရိုက်ခြင်း၊ ရေနံမီးမှာလည်း မီးတောက်ကြီး အပူရှိန်လွန်ကဲခြင်း၊ အလင်းရောင်မကြည်လင်မငြိမ်သက်ခြင်းဟူသော အကြောင်းတို့ကြောင့် အရှင်မြတ်၏မျက်စိနှစ်ဖက်တို့ ကျိန်းစပ်ပူလောင်ကာ မျက်စိရောဂါစွဲကပ်လာတော့သည်။

ယင်းသို့ မျက်စိရောဂါဖြစ်ပေါ်လာသော်လည်း အရှင်မြတ်သည် အလျှဉ်းအလေးမပြု ဂရုမစိုက်ဘဲ စာကို ကြည့်ရှုမြဲကြည့်လေရာ မျက်စိနှစ်လုံးမှာ ဟသာပြဒါးကဲ့သို့ နီရဲ၍ လာပြန်လေသည်။ သို့တိုင်အောင်လည်း ဝီရိယစာတ်အား ကြီးမားပြင်းထန်လှသော အရှင်တိလောကသည် မျက်စိနှစ်ဖက်ကို ငဲ့ကွက်ညှာတာခြင်းမရှိ၊ စာကိုသာကြည့်ရှုနေပြန်လေရာ မျက်စိနှင့် နှာခေါင်းတို့အတွင်းမှ သွေးများစီးဆင်း၍ ကျလာလေတော့၏။

ဤသို့ အရှင်တိလောက၏ဖြစ်ပုံအကြောင်းကို လယ်တီဆရာတော်ကြီး သိရှိသောအခါ အရှင်မြတ်၏ အနီးရှိ ဗေဒါထုပ်များကို သိမ်းယူစေကာ စာကြည့်ခြင်းကို တားမြစ်တော်မူရလေသည်။ နောက် မျက်စိရောဂါကို ဆေးဝါးကုသ ပျောက်ကင်းသော်လည်း စာကြည့်ရန်သင့်လျော်သည့်အချိန်ပိုင်းခြား၍ လယ်တီဆရာတော်ကြီးက သတ်မှတ်ပေးတော်မူရလေသည်။

ဤသည်ကားအရှင်တိလောက၏ ပရိယတ်စာပေကို လေ့လာသင်ကြားရာ၌ ဝီရိယစာတ်ကြီးမားပုံ သာဓကအမြွက်မျှဖြစ်၏။ ဤသို့သင်ယူဆည်းပူးသောကြောင့်ပင် အရှင်မြတ်သည် ၅ ဝါ ၆ ဝါမျှနှင့်ပင် အဌကထာ၊ ဋီကာနှင့်တကွ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ကို ကမ်းခတ်ပေါက်ရောက် တတ်မြောက် ကျွမ်းကျင်ခဲ့တော်မူခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၂၅၉ ခုနှစ်သို့ ရောက်သောအခါ ပရိယတ္တိသာသနာ ပိဋကစာပေကို သင်ယူပို့ချခြင်း တာဝန်တည်းဟူသော " ပရိယတ္တိဓုရ" ကို လုံ့လကြီးကုတ် အားထုတ်ထမ်းဆောင်တော်မူ၍ ဈာန်၊ မဂ်၊ ဖိုလ် တရားထူးများကို ရရှိရေး၊ သမထ ဝိပဿနာ ဘာဝနာတရားကို ပွားများအားထုတ်ခြင်းဟူသော " ဝါသဓုရ" သာသနာ့ တာဝန်ကြီးကို ထမ်းဆောင်ရန်အတွက် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး အား ခွင့်ပန်လျှောက်ထားပြီးလျှင် လယ်တီတောရတိုက်ကြီးမှ ထွက်ခွာခဲ့ကာ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ခြင်း ' ပဓာန ' အလုပ်နှင့် သင့်လျော် လျောက်ပတ် သပ္ပာယဖြစ်မည့် အရပ်ကို မြန်မာပြည်အနှံ့ လှည့်လည်ရှာဖွေ တော်မူလေသည်။

ယင်းသို့ ရှာဖွေသောအခါ၌ နောက်ဆုံးတွင် သထုံခရိုင် ကျိုက်ထိုမြို့ အရှေ့ဘက် တာတစ်ထောင် (၂ မိုင်) ဝေးကွာသည့် သေကျွတောင်သို့ ဆိုက်ရောက်တော် မူလေသည်။

ထိုတောင်သည်ကား မြတ်စွာဘုရားဟောကြားတော်မူအပ်သည့် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟူသော သိက္ခာသုံးပါးကို ဖြည့်ကျင့်ဆဲဖြစ်သည့် " သေက္ခ" ဟု ခေါ်အပ်သော ပုဂ္ဂိုလ်တို့ သီတင်းသုံးနေထိုင်ကာ တရားအားထုတ်ရာဖြစ်သော ကြောင့်ဘာ " သေကျွတောင် " ဟူသော အမည်ရှိပေသည်။ (သေ=သေက္ခပုဂ္ဂိုလ်+ ထု=၂ +နေထိုင်ရာ–တောင်)။

ယင်းသေကျွတောင်သို့ရောက်သောအခါ အရှင်တိလောကသည် " ဤတောင် ကား ကမ္မဋ္ဌာန်းအားထုတ်မှု ပဓာနအလုပ်နှင့် သင့်လျော်လျောက်ပတ် သပ္ပာယ ဖြစ်ပေသည် " ဟု ဆုံးဖြတ်ပြီး ထိုတောင်ထိပ်အလယ်ရှိ ကျောင်းနှင့်လိုဏ်ဂူတို့၌ နေထိုင်သီတင်းသုံးလျက် ဘာဝနာတရား အပြင်းအထန် ပွားများအားထုတ်တော် မူလေသည်။

ထိုအခါမှစ၍ အရှင်မြတ်၏ ဘွဲ့အမည်သည်လည်း " သေကျွတောင် အရှင် တိလောက " ဟု ထင်ရှားကျော်ကြားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



နှောင်းသောအခါ၌ အရပ်ရပ်မှ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်လိုသူ ရှင်လူ အပေါင်းတို့သည် ဆရာတော်သို့ လာရောက်ဆည်းကပ်ကြသောကြောင့် ဆရာတော်သည် မိမိကိုယ်တိုင်သာ တရားအားထုတ်ရုံမျှမက တပည့်များကိုလည်း သင်ကြားပြသပေးတော်မူရပြန်လေ၏။

ထိုသို့ စာပေပို့ချခဲ့သည့်အပြင် ကမ္မဋ္ဌာန်းအားထုတ်နည်းများကိုလည်း သင်ကြား ပို့ချခဲ့သောကြောင့် ဆရာတော်၏တပည့်အများပင် ထွန်းကားပေါ်ပေါက်ခဲ့သည်။ ထိုတပည့်များအနက် ကျမ်းပေါင်းများစွာကို ရေးသားပြုစုခဲ့သည့် လယ်တီပဏ္ဍိတ ဆရာမောင်ကြီးနှင့် ဝိသုဒ္ဓိမဂ် မြန်မာပြည်ကျမ်းပြု ပရိယတ်၊ ပဋိပတ်ဆိုင်ရာ ကျမ်းပေါင်းများစွာ ပြုစုတော်မူခဲ့သည်။ ဆရာတော်ပြုစုခဲ့သည့် ကျမ်းများမှာ–

၁။ နေကွမ္မဝိတာန ဒီပနီကျမ်း (၁၂၅၈) ခု

၂။ အရိယမဂ္ဂ ဒီပနီကျမ်း (၁၂၆၂) ခု

၃။ ပဏ္ဍိတဝေဒ ဒီပနီကျမ်း (၁၂၆၇) ခု

၄။ နိရုတ္တိပဒဗျူဠနီကျမ်း

၅။ တိုင်းကြီးသေဠက အဆုံးအဖြတ်ကျမ်း

၆။ ဝိနိစ္ဆယပကာသနီကျမ်း

၇။ စတဗ္ဗိဗျောသရဏကျမ်း

၈။ အင်္ဂလာအဆုံးအဖြတ် စသော ဝိနိစ္ဆယ အမျိုးမျိုးတို့နှင့်တကွ ယခုစာရှုသူတို့ မျက်မှောက်သို့ ရောက်နေသည့် အဘိဓမ္မတ္ထသ ရူပဒီပနီကျမ်း ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကျမ်းများကိုပြုစုတော်မူခဲ့သည့် ပရိယတ်၊ ပဋိပတ် နှစ်ရပ် ကုံလုံ စွယ်စုံတတ်မြောက်တော်မူသော သေက္ချတောင်ဆရာတော် အရှင်တိလောက သည် မိမိကိုယ်တိုင် ပရိယတ်၊ ပဋိပတ်တရားကို အားထုတ်ခြင်း၊ တပည့်များအား သင်ကြားပို့ချပေးခြင်းဖြင့် ကျေနပ်အားရမှု မရှိသေးဘဲ သာသနာတော် အမွန်ရှည်

www.burmeseclassic.com

www.burmeseclassic.com



ကြာတည်နေ၍ နောင်လာနောက်သားတို့ ကြီးစားရှုကြည့် တတ်သိနားလည်စေရန်အတွက် သာသနာ့အာဇာနည်မဟာထေရ်ပုဂ္ဂိုမြတ် နေမင်းကြီးသည်ကား ၁၂၉၃ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့ ညဥ့် ၂ နာရီအချိန်တွင် မရဏာတင်စွန်း အနောက်ကျွန်းသို့ယွန်း ကွယ်လွန်တော်မူခဲ့လေပြီ။ ဤအဘိဓမ္မတ္ထသ ရုပဒီပနီကျမ်း စသော နေရောင်ခြည်များသာလျှင် မကွယ်မပျောက် ထွန်းတောက်ရောင်ဝင်း အမှောင်ခွင်း၍ ပြောင်လင်းဆဲ ရှိချေတော့သည်။

မှတ်ချက်။ ကျိုက်ထိုမြို့နယ်တွင် ဤကဲ့သို့သော သာသနာ့အာဇာနည်များ သိတင်းသုံးခဲ့ခြင်းကို နောင်လာနောက်သားများ သိရှိနိုင်စေရန်နှင့် သာသနာရေး လိုက်စားလိုသူများအတွက် တ...ရိုပ်မိနိုင်ရာ တစ်ခုအား တင်ပြခြင်း ဖြစ်ပါသည်။

> ...မ်ပြည်နယ်ဟုခေါ်သော ရာမညတိုင်းတွင် သာသနာတော် စတင်သော အကြောင်းအရာအား သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် ပုံနှိပ်သည့် မဟာရလောမအနွယ်ဝင် ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီး သီကုံးဖွဲ့အပ်သော 'မဟာသုတကာရီ မဃဒေဝလင်္ကာသစ် နှင့် လိနတ္ထ ဒီပနီ' ကျမ်းတွင် အောက်ပါအတိုင်း ဖော်ပြဖွဲ့ဆိုထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရာမည သာသနာ့နိဒါန်း

သပြေအင်ူ မြရည်လူသား၊ ဇမ္ဗူအောင်ချက်၊ ငါတို့ထက်လည်း သူထက်ရှေ
ကိုယ်တိုင်စူး၍ ကြည်နူးသဒ္ဓါ၊ သရဏာဖြင့် ဒွေးဝါစီက၊ တဖုဿနှင့် ဘလ္လိ
ညီနောင်၊ နတ်နိုးဆောင်လျက်၊ မြရောင်ရိပ်ကွန်း၊ လင်းလွန်းဌာန၊ သတ္တာဟက၊ ပထ
ဦးခေါင်၊ ဆုထူးအောင်၍ ပင့်ဆောင်ပူဇော်၊ ဆံတော်ရှစ်ချောင်း၊ ရောင်မောင်းမော
တို့ ကိန်းအောင်တည်ရာ၊ လက်မွန်စွာတည့်၊ ဥက္ကလာမြို့၊ သားမို့မိုနှင်း၊ အောင်
တစ်ဂိုဏ်း၊ တစ်ခွန်းလှိုင်းသာ၊ မွန်တို့ဌာနေ၊ ရာမညကို၊ ပထမအာဒိ၊ စိုးကုလိတိသ
သီရိမာသောက၊ မည်နာမဖြင့်၊ အတာသံသေ၊ မိနေနတ်မျိုး၊ တေဇာဖြိုးသည့် တန်
နေစက်၊ မင့်လက်ထက်ဝယ်၊ အဆက်မပေး၊ ရှေးအတီတ၊ နန္ဒကရ၊ ဘဝယှဉ်
နောင်ညီအထူး၊ ဖြစ်ခဲ့ဖူးသည့် ကျေးဇူးမြောက်မြား၊ ခြောက်ပါးဘိညာ၊ ကြီးတော
နှင့် ရဟန္တာရှင်ပျံ၊ ဝေဝမွတ်၊ ထေရ်သုန်းယှိုကြောင့်၊ မုနိသကျ၊ ရှစ်ဝါရတွ
ပဥ္စသတာ၊ ရုံငါးရာနှင့်၊ အာကာမိုးဝ၊ မြန်းကြွလာ၍ ဒုတိယထပ်ခါ၊ သာသနာလျှ
တည်လာကုန်မြောက်၊ ထိုနောက်ဘဂဝန်၊ ပြည်နိဗ္ဗာန်သို့၊ စံလွန်ခဲ့လျှင်၊ မီးပုံတွင်း
ဝင်းဝင်းထိန်လဲ၊ စိန်တုံးကဲ့သို့၊ သုံးဆယ့်သုံးချောင်း၊ အံပေါင်းငွေစာတ်၊ သွားတေ
မြတ်ကို၊ လူ့ဒွီပ္ပါဒ်ရှင်၊ ထေရ်သခင်သည်၊ ကောင်းကင်မိုးယံ၊ ဆောင်ခဲ့ပြန်၍ ဘုန်း
ကြီးဘိ၊ သီရိမာသောက၊ သီဟကုမာ၊ ထိုရာဇာအား၊ ကရုဏာရှေ့ထား၊ ပေးဝေ
အားဖြင့်၊ ဘုရားမြတ်စွာ သာသနာသည်၊ ရောင်ဝါထွန်းပ၊ တတိယတစ်ချ
ဆင်းလာသက်မှု၊ အထက်ခြားပိုင်း၊ ကိုးရပ်ဂိုဏ်းဖြင့်၊ ကိုးတိုင်းကိုးဌာန၊ ဝေပုံကျတ
တစ်ပါးဝင်၍ အသျှင်သောဏ၊ ဥတ္တရတို့၊ စတုတ္ထတစ်ရပ်၊ ထပ်၍တစ်ဖန်၊ ပြု
ကြရာ၊ မိုလ်ပါအပေါင်း ခြောက်သောင်းအရိယာ၊ ကျွတ်ပွဲသာလျက်၊ သုဝဏ္ဏ
သုဝဏ္ဏဘုံမိ၊ သထုံမည်သီး၊ မွန်ပြည်ကြီးလျှင်၊ နန်းထီးမယုတ်၊ တိုင်းသီးထုတ်
ပုရုတ္တမ၊ ဗုဒ္ဓသာသနာ တည်ရာအစစ် အမွန်ဖြစ်သည်၊ တ...သိစ်နေမ
သရေတည်း။

www.burmeseclassic.com



## ရွှေထီးတော်အား စစ်ဆေးခြင်း

ကျိုက်ထီးရိုး ဗုဒ္ဓဝင်ပြတိုက် တည်ဆောက်မပြီးမီ၊ ယာယီအဖြစ် ကျိုက်ထိုမြို့ ခ-လ-ရ (၉၆) တပ်ရင်းတွင် သိမ်းဆည်းပူဇော်ထားသည့် ကျိုက်ထီးရိုးဘုရား ရွှေထီးတော်အား ၁၅-၁၀-၈၂ နေ့ နံနက် ၁၀း၀၀ နာရီတွင် ဖွင့်ဖောက် စစ်ဆေးကြည့်ရှုကြသည့် ပုဂ္ဂိုလ်များ

| | | |
|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီးသာစိန် | ခ-လ-ရ (၉၆) တပ်ရင်းမှူး |
| ၂။ | ဦးသိန်းအောင်တင် | မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌ |
| ၃။ | ဦးရွှေအောင် | မြို့နယ်ပါတီယူနစ်ကော်မတီဝင် |
| ၄။ | ဦးမောင်ထွန်း | ။ |
| ၅။ | ဦးစိန်ဝင်း | ။ |
| ၆။ | ဦးဝမ်စိန် | ။ |
| ၇။ | ဗိုလ်မှူးမြင့်ရွှေ | ဒုတိယတပ်ရင်းမှူး ခ-လ-ရ (၉၆) |
| ၈။ | ဗိုလ်မှူးနေဝင်း | ဌာနချုပ်ခွဲမှူး |
| ၉။ | ဦးတင်စိန် | မြို့နယ်ပြည်သူ့ကောင်စီ အတွင်းရေးမှူး |
| ၁၀။ | ဦးသိန်းအောင်ကျော် | မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် |
| ၁၁။ | ဦးမြင့်သိန်း | ။ |
| ၁၂။ | ဦးသန်းဖေ | မြို့နယ်တရားသူကြီး ဥက္ကဋ္ဌ |
| ၁၃။ | ဦးဘရွှေ | ရဲမှူးကြီး မွန်ပြည်နယ် |
| ၁၄။ | ဦးထွန်းလှိုင် | ကျိုက်ထီးရိုးဂေါပက ဥက္ကဋ္ဌ |
| ၁၅။ | ဦးတင်ထွန်း | ကျိုက်ထီးရိုးဂေါပက အတွင်းရေးမှူး |

www.burmeseclassic.com

www.burmeseclassic.com



၁၆။ ဦးသန်းဦး ကျိုက်ထီးရိုးဂေါပက အဖွဲ့ဝင်
၁၇။ ဦးမောင်တင် ။
၁၈။ ဦးသိန်းရွှေ ။
၁၉။ ဦးမြို့ ။
၂၀။ ဦးစံဖေ ။
၂၁။ ဦးခင်မောင်လှ ။
၂၂။ ဦးကံမြင့် ။
၂၃။ ဦးတင်အေး ။
၂၄။ ဦးကျော်လှိုင် လဝကမှူး
၂၅။ ဦးသန်းထွန်းတင် သာ/ဦးစီး
၂၆။ ဦးသောင်းရီ ရုံးအဖွဲ့မှူး၊ မြို့နယ်ပြည်သူ့ကောင်စီ
၂၇။ ဦးမောင်ဟန် မှတ်တမ်းတင်ဓာတ်ပုံ (မေဇင်ဓာတ်ပုံ–ကျိုက်ထို)
၂၈။ ဦးတင်နိုင် ။ (ခိုင်သဇင်ဖင်ဓာတ်ပုံ–ကျိုက်ထို)
၂၉။ ဦးစိုးရှိန် သမိုင်းပြုစုသူ မောင်စိုးထိုက် (သုံးဆယ်)

မှတ်ချက်။ ဖွင့်ဖောက်စစ်ဆေးကြည့်ရှုကြပြီး မိုမိုလုံခြုံသော သံသေတ္တာဒ္ဒ ပြန်လည်ထည့်သွင်း၍ နံနက် ၁၂း၄၀ နာရီ တွင် ခ–လ–ရ (၉၆) စတိုခန်း အတွင်း ပြန်လည်သိမ်းဆည်း ပူဇော်ခဲ့ကြပါသည်။ (၁၇–၈–၈၈) နေ့တွင် ကျိုက်ထီးရိုးမုဒ္ဒဝင်ပြတိုက် ဖွင့်လှစ်ပြီးသဖြင့် ပြတိုက်တွင်စံပယ်လျက် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြည်တန်ခိုးကြီးဘုရားများ၊ စက်တော်ရာများ၊




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




# အံ့ဖွယ်ကိုးပါးဘုရား



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## မြန်မာနိုင်ငံ ဘာသာပြန်အသင်း
## မြန်မာ့စွယ်စုံကျမ်း အတွဲ (၃) ၌
## ဖော်ပြပါရှိသော စက်တော်ရာသမိုင်း

### စက်တော်ရာ

စက်တော်ရာစေတီသည် မင်းဘူးမြို့မှ အနောက်တောင်ဘက် ၂၆ မိုင်ကွာဝေးသော အနောက်ရိုးမ အရှေ့ဘက်ဆုံး တောင်စွယ်ပေါ်တွင် တည်ရှိသည်။ ရွှေစက်တော်သို့ ဘုရားဖူးသွားလိုလျှင် မင်းဘူးမြို့နှင့် စကုမြို့များမှတစ်ဆင့် သွားရလေသည်။ စက်တော်ရာသည် စကုမြို့၏ အနောက်တောင်ဘက် ၁၆ မိုင်အကွာတွင် တည်ရှိသည်။ ထိုမြို့များမှ ဆည်တော်အထိ မြေညီခရီးကို မော်တော်ကားဖြင့် လွယ်ကူစွာသွားနိုင်သည်။ ဆည်တော်မှ စက်တော်ရာတောင်အထိကိုမူ တောင်တက်တောင်ဆင်း ခရီးများဖြစ်၍ နွားလှည်းဖြင့် ခဲယဉ်းစွာသွားရ၏။ စက်တော်ရာသည် အောက်စက်တော်ရာနှင့် အထက်စက်တော်ရာဟူ၍ နှစ်ဌာနရှိသည်။ တောင်ပေါ်တွင် ရှိသော ဘုရားသခင်၏ ခြေတော်ရာတစ်ဆူကို အထက်စက်တော်ရာဟု ခေါ်ကြ၍ တောင်အောက် မန်းချောင်းဘေး၌ရှိသော ခြေတော်ရာတစ်ဆူကို အောက်စက်တော်ရာဟု ခေါ်ကြသည်။

ထိုစက်တော်ရာများ၏ သမိုင်းကား ဤသို့တည်း။ ဂေါတမမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဝါတော် ငါးဝါမြောက်သောအခါ သုနာပရန္တတိုင်း၊ လယ်ကိုင်းမည်သော ဝါဏိဇ္ဇဂါမ၌ မဟာပုဏ် (မဟာပုဏ္ဏ)၊ စူဠပုဏ် (စူဠပုဏ္ဏ) ကုန်သည်ညီနောင် နှစ်ယောက်တို့သည် ဘုရားသခင်အား ပန်ကြား၍ စန္ဒကူးနံ့သာကျောင်းကို ဆောက်၏။ ဘုရားသခင်သည်လည်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ပြာသာဒ်ယာဉ်ပျံ ၅၀၀ တွင် ရဟန္တာ ငါးရာအား လိုက်ပါစေပြီး အခြံအရံ ပြုလျက် ကောင်းကင်ခရီးဖြင့် ကျောင်းတော်မပြီးမချင်း အကြိမ်ကြိမ် ကြွတော် မူလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ရည်၍ ရှင်မဟာသီလဝံသ အရှင်သူမြတ်က တန်တားဦးတည် မော်ကွန်းတွင် " သုနာပရန်၊ ကျွန်းမွန်အောင်နိုပ်၊ တမ္ဗဒိပ်ဟု၊ တံဆိပ်နှစ်ထပ်၊ စက်ရှင်ကွပ်၍၊ မြန်ရပ်တစ်မူ၊ စည်လိမ့်ဟူသား၊ လှိုင်ကြူမေတ္တာ၊ ရှာန်ချမ်းသာဖြင့်၊ စမ္မာယ်တာတ်လှောင်း၊ နံ့သာကျောင်းဝယ်၊ ကျိန်းအောင်းဘုန်းကြီး၊ ဆုံးမငြီးလျှင်၊ မပြီးမချင်း၊ လုပ်စဉ်တွင်း၌၊ သနင်းခေါက်ခေါက်၊ ကြိမ်ကြိမ်ရောက်၏။ " ဟု စပ်ဆိုထားခဲ့လေသည်။ ထိုကျောင်းပြီးသောအခါအလှူခံတော်မူပြီးလျှင် ခုနစ်ရက် ပတ်လုံး ရှာန်၏ချမ်းသာဖြင့် မွေ့လျော်တော်မူ၍ တရားဒေသနာ တိုက်ကျွေးတော် မူသည်။ ထို့နောက် ဝါဏိဇ္ဇဂါမသို့ ဆွမ်းခံကြွတော်မူရာ နမ္မဒါမြစ် (ယခု မန်းချောင်း) နားသို့ ရောက်တော်မူသည်။ ထိုအခါ ထိုမြစ်၌နေသော နမ္မဒါနဂါးမင်းသည် မြတ်စွာဘုရား၌ အလွန်ကြည်ညိုသဖြင့် နဂါးပြည်သို့ ပင့်လျက် ကြီးစွာသော ပူဇော် သက္ကာရတို့ဖြင့် တရားတော်ကို နာ၏၊ တရားနာပြီးသော် ဘုရားသခင်အား ကိုးကွယ် ရာ အမွေတစ်စုံတစ်ခုကို ပေးတော်မူပါရန် လျှောက်ထားသည့်အတွက် မြတ်စွာ ဘုရားလည်း နမ္မဒါမြစ်နား၌ ခြေတော်ရာပါဒစေတီကို ထားတော်မူခဲ့သည်။ ထိုစက်တော်ရာကို အောက်စက်တော်ရာဟု ခေါ်ကြ၏။

မြတ်စွာဘုရားသည် ထိုမှ သစ္စာဗန္ဓတောင်ထိပ်သို့ ကြွတော်မူ၏။ တောင်ထိပ် သို့ရောက်တော်မူလျှင် ထိုအရပ်တွင်ရှိသော သစ္စဗန္ဓရသေ့ကို တရားဟောတော်မူ ၍ အရဟတ္တဖိုလ်၌ တည်စေသည်။ သစ္စဗန္ဓထေရ်လည်း အရိုအသေကိုးကွယ်ရာကို တောင်းပန်ရာ မြတ်စွာဘုရားလည်း တစ်ခဲနက်သော အပြင်ရှိ ကျောက်ဖျာထက်၌ ရှိသော မြေရိုင်ခဲပေါ်တွင် တံဆိပ်ခတ်ဘိသကဲ့သို့ စက်တော်ရာပါဒစေတီကို ချတော်မူ၏။

ထို့နောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူသည်။ ဒုတိယချတော်မူသော ဤခြေတော်ရာကို အထက်စက်တော်ရာဟု ခေါ်တွင်ကြ သည်။ ယင်းသို့ ခြေတော်ရာနှစ်ဆူချတော်မူသည်ကို ရှင်မဟာသီလဝံသသည်

www.burmeseclassic.com

www.burmeseclassic.com



တန်တားဦးတည် မော်ကွန်း၌ " ကျယ်ပြောနောင်လာ၊ ငါ့ရိုက်ရာကား၊ သုနာပရန်၊ ကျွန်းမွန်အောင်နိုပ်၊ တမ္ဗဒိပ်ဟု၊ တံဆိပ်နှစ်ထပ်၊ စက်ရှင်ကွပ်၍ " ဟူ၍ လည်းကောင်း၊ ရှင်မဟာရဋ္ဌသာရ တန်တားဦးတည် မင်္ဂလာစေတီမော်ကွန်း၌ " ရွှေစက်နင်းနိုပ်၊ ရာတံဆိပ်ဖြင့်၊ မာန်နိုပ်ထက်ကြပ်၊ စက်ရှင်ကွပ်သား " ဟူ၍ လည်းကောင်း၊ " နမ္မဒါဟု၊ မြစ်သာကမ်းနား၊ တောင်ထွတ်ဖျားဝယ်၊ နှစ်ပါးတူကွ၊ ရာတော်ပြလျက်၊ လောကသခင်၊ မျှလောက်စင်သည်၊ စည်ပင်သာသနာ၊ တည်ကြာလမည် " ဟူ၍ လည်းကောင်း စပ်ဆိုခဲ့သည်။

ထို့ပြင် ရှင်မဟာရဋ္ဌသာရသည် ရွှေစက်တော်သွား တောလားတွင်လည်း " ဘုန်းသန်သကျ၊ မုနိန္ဒလျှင်၊ ရှင်ပျကြည်ဖြူ၊ ဟောတော်မူသည်၊ လေးဆူကျွန်းမြတ်၊ ဘုန်းထွန်းသီရိ၊ တမ္ဗဒိပ်ထက်၊ ကျော်သီထင်ရှား၊ ကျေးရွာများ၏။ နဂါးမုဆိုး၊ ရိုကျိုးတောင်းပန်၊ ပူဇော်ရန်ဟု၊ နမ္မဒါနား ရာ့တစ်ပါးနှင့်၊ တောင်ဖျားကျောက်ထိပ်၊ နင်းနိုပ်ရာတော်၊ နှံစ်ဘော်ရွှေစက်၊ ရောင်ပြိုးပြက်သည် " ဟူ၍ စပ်ဆိုထားလေသည်။ ထိုစက်တော်ရာနှစ်ဆူကို မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် စ၍ အစဉ် အဆက် ကိုးကွယ်လာခဲ့ကြလေသည်။ မြတ်စွာဘုရားပရိနိဗ္ဗာန် စံတော်မူပြီးသည့် နောက်ကာလတွင် ချုံနွယ်ပိတ်ပေါင်းထို့ဖြင့် ဖုံးအုပ်ကာ လူသူအရောက်အပေါက် မရှိ ဖြစ်ခဲ့သည်။

ထို့နောက် သီရိခေတ္တရာ၊ ဒွတ္တပေါင်မင်းကြီးလက်ထက် မင်းကြီးကိုယ်တော်တိုင် ကြွရောက်လာ၍ စက်တော်ရာနှစ်ဆူအထက်၌ စုလစ်မွန်းချွန်၊ တံ့ရှင်မှန်ကင်း၊ မုခ် တံခါးတို့ကို ပြုလုပ်လှူဒါန်းခဲ့၏။ ထို့နောက် ညောင်ဦးစောရဟန်းမင်း၊ ကြောင်ဖြူ မင်းတို့ အဖူးအမြော်ကြွရောက်၍ အလှူဒါနပြုခဲ့ကြသည်။ ပုဂံအနော်ရထာစောမင်း မှာမူကား ရွှေချိန်တစ်ထောင်ကို လှူဒါန်းခဲ့၍ ကျန်စစ်သားမင်းကြီးမှာမူ ကိုယ်လေး တော်မျှဖြင့် ရွှေကိုလှူဒါန်းခဲ့ရုံမျှမက ပန်းထိမ်၊ မဖဲစသည့် ခုနှစ်မြို့မှ လူပေါင်း ၁၅၀ ကို စေတီအစောင့်အဖြစ် လှူဒါန်းခဲ့ဖူးသည်။ အလောင်းစည်သူမင်းကြီးကမူ ငွေများ

www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်း၍ ထိုနယ်မြေမှ မြေဆီမြေခွန်၊ ပွဲ၊ တည်၊ ဆိပ်၊ ကင်း၊ ကူးတို့၊ ဆင့်သေ၊ မြင်းလဲခွန်များ၊ တရားကွမ်းဖိုးများကို ဘုရား၏ ဝေယျာဝစ္စအတွက် လှူဒါန်းခဲ့လေသည်။

ဤသို့ ဓမင်းစဉ်မင်းဆက် ကြွရောက်ဖူးမြော်၍ လှူဒါန်းခဲ့ကြသော်လည်း နောင်ကာလတွင် လူသူအရောက်အပေါက် မရှိဖြစ်ကာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်ခဲ့ပြန်လေသည်။ အင်းဝသာလွန်မင်းတရားကြီးလက်ထက် ရောက်သော အခါမှ ပထမတောင်ဖီလာဆရာတော် စသော ဆရာတော်ကြီး ၄ ပါးတို့သည် မင်းတရားကြီး လျှောက်ထားတောင်းပန်သဖြင့် ရှာဖွေတွေ့ရှိခဲ့ရာမှ စက်တော်ရာ ဒေသသို့ လူသူအရောက်အပေါက် လွယ်ကူစေရန် ရှင်းလင်းခဲ့လေသည်။ ထိုနောက် မင်းစဉ်မင်းဆက် အလောင်းမင်းတရားကြီးလက်ထက်တိုင် စက်တော်ရာဒေသသို့ ကြွရောက်၍ လှူဒါန်းပူဇော်ကြလေသည်။

သက္ကရာဇ် ၁၀၅၈ ခုနှစ်တွင် လယ်ကိုင်းမြို့ဒေသမှ ရှင်သုဓမ္မစာရီသည် ဘုရား ဖူးလာသူတို့ အခက်အခဲမတွေ့စေရန်နှင့် ရာသီဥတုဘေးကင်းဝေးစေရန် အထက် စက်တော်ရာကို ရှိရင်းတောင်ကမ်းပါးမှငြမ်းဆင်၍ ပြောင်းရွှေ့စေရာ ခြေတော်ရာမှ ခြေသန်းတော်မှာ ပဲ့သွားလေသည်။ ယင်းသို့ ပဲ့သွားသောနေရာတွင် ရွှေဖြင့် အစားထိုး ပြင်ဆင်ထား ခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံအရပ်ရပ်မှ လွယ်ကူစွာ သွားလာနိုင်ရန် စီစဉ်ထားလေသည်။

စက်တော်ရာအနီးနားရှိ တောင်များ၊ ဒေသများကို ဘုရားသခင်၏ ခြေတော် ရာကို ချထားပေးသနားရန် တောင်းပန်ခဲ့သော သစ္စဗန္ဓမထေရ်အား အစွဲပြု၍ ယခု အခါမှည့်ခေါ် ထားသည်ကို တွေ့ရ၏။ ထိုမထေရ်သည် ရှေးအခါ မုဆိုးအဖြစ်ဖြင့် အသက်မွေးခဲ့စဉ်က နေထိုင်သည်ကို အစွဲပြု၍ အထက်စက်တော်ရာဘေးမှတောင် ကို 'မုဆိုးတောင်' ဟုလည်းကောင်း၊ ထိုတောင်အောက်ရှိသော တောင်တစ်လုံးကို မုဆိုးကြီးရရှိသော သားကောင်မှရသည့် သားရေကြက်ရာနေရာဖြစ်၍ 'သားရေ

www.burmeseclassic.com

www.burmeseclassic.com



ကြက်တောင်' ဟုလည်းကောင်း ယုံမှတ်ခေါ်ဝေါ်ကြသည်။ မုဆိုးတောင်၏ လကျာ အစွန်းတွင် ထူးခြားစွာတည်ရှိနေသော ကျောက်တုံးကြီးတစ်ခု၌ မုဆိုး၏ဒူးထောက် ရာနှင့် ခြေရာများရှိ၍ ထိုခြေရာများတွင် တင်ရှိနေသော ရေများကို မျက်စဉ်းအဖြစ် ခပ်ပါက မျက်စိရောဂါပျောက်သည်ဟု ယုံကြည်ကြသည်။

လမ်းခရီးစခန်းများကိုလည်း စက်တော်ရာသမိုင်းနှင့် ဆက်စပ်၍ အမည်မှည့် ခေါ်ထားကြသည်။ စကုမြို့မှ ၇ မိုင်ခန့်အကွာ အနောက်ဘက်တွင် မုဆိုးကြီး ယုန် လိုက်ကြည့်ရာတောအုပ်တစ်ခု ရှိခဲ့သည်ဟု ယုံကြည်သဖြင့် ထိုနေရာကို 'ယုန်ကြည့်တော' ဟု ခေါ်ကြသည်။ မြတ်စွာဘုရားသခင် ကြွရောက်စဉ်က ဆွမ်းစားပြီးနောက် လုပ်တော်ဆေးခဲ့သည်ကို ရည်ညွှန်း၍ 'လုပ်ဆေးချောင်း' ဟု ခေါ်တွင်ကြသည်။ ထိုချောင်းတွင် ဆန်စေ့နှင့်တူသော ကျောက်ခဲကလေးများကို နေရာအနှံ့အပြား တွေ့ရှိရ၏။ စက်တော်ရာဘုရားသို့ရောက်ခါနီး တောင်အဆင်း စခန်းတစ်ခုကိုလည်း မုဆိုးကြီးလေးတင်၍ ဆင်းရာအရပ်ဟု ယုံကြည်ကြကာ 'လေးတင်ဆင်းစခန်း' ဟု အမည်ပေးထားကြသည်။ အထက်စက်တော်ရာ တောင်ဘေးရှိ လိုဏ်ဂူတစ်ခုကို မြန်မာနိုင်ငံသမိုင်းတွင် မင်းငါးဆက်၏ မိဖုရား ဖြစ်ခဲ့သော ရှင်ဘို့မယ်သည်ရောက်လာ၍ စခန်းချနားနေလျက် ရက်ကန်းခတ်ခဲ့ဖူး သည်ကို ရည်မှတ်၍ 'ရှင်ဘို့မယ်တွင်း' ဟု ခေါ်ဝေါ်ကြ၏။ မိန်းမများသည် ထိုတွင်း ၏ဘေးတွင် အပေါက်ငယ်များပြုလုပ်၍ လက်ညှိုးကိုထားကာ ရက်ကန်းတတ်ပါစေ၊ မိုင်းတတ်ပါစေဟု ဆုတောင်းလေ့ရှိကြသည်။

စက်တော်ရာတောင်ကို မန်းချောင်းသည်ကွေ့ပတ်၍ စီးဆင်းရာ တောင်ခြေရင်း သို့ သုံးကြိမ်တိုင်တိုင် သုံးနေရာတွင်ချဉ်းကပ်ပြီးမှ တစ်ဖြောင့်တည်းစီးဆင်းသွားလေ သည်။ ဤသည်ကို အသက်မရှိသော မန်းချောင်းပင်လျှင် မြတ်စွာဘုရား၏ ခြေတော်ရာချရာအရပ်ကို ဦးသုံးကြိမ်တိုက်သည်ဟု ပြောစမှတ်ပြုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စက်တော်ရာဘုရားနှင့်စပ်လျဉ်း၍ စက်တော်ရာဘုရားကျောက်စာ၊ ရွှေစက်တော် တန်ဆောင်းကျောက်စာဟူ၍ ကျောက်စာနှစ်ဆူရှိလေသည်။ ယင်းတို့မှာ မူလထိုးများ မဟုတ်ချေ။ စပ်ထိုးနှင့် ဆင်ထိုးများ အသီးသီးရှိကြ၏။ စက်တော်ရာဘုရားကျောက်စာအရ ထီးလှိုင်ရှင် ကျန်စစ်သားမင်း (၄၂၇ ခု)၊ အလောင်းစည်သူမင်း (၄၈၅ ခု၊ ၅၂၁ ခု)၊ နရပတိစည်သူမင်း (၅၄၅ ခု)၊ ပထမမင်းခေါင် (၇၆၇ ခု) နှင့် ဒုတိယမင်းခေါင် (၈၄၇ ခု) တို့ ကျွန်းသီးတော် ဝတ္တကံမြေရပ်များကို လှူဒါန်းကြကြောင်း သိရသည်။ ရွှေစက်တော်တန်ဆောင်းကျောက်စာ (၆၀၀ ပြည့်နှစ်) တွင် ရွှေစက်တော်ဘုရား၌ တန်ဆောင်းဆောက်၍ ဝတ်မြေလှူကြောင်း ဖော်ပြထားလေသည်။

## မန်းစက်တော်ရာတွင် ၁၃၄၂ ခု ပွဲတော်ချိန်၌ ဖူးတွေ့ရသော ခြေတော်ရာပေါင်း ၇ ဆူ

၁။ နမ္မဒါ နဂါးမင်းတောင်းပန်၍ ချထားတော်မူသော အောက်ခြေတော်ရာ အစစ်တစ်ဆူ (အောက်စက်တော်ရာတန်ဆောင်း၌ ဖူးတွေ့နိုင်ပါသည်။)

၂။ ရွှေသားအစစ် ခြေတော်ရာတစ်ဆူ (အောက်စက်တော်ရာတန်ဆောင်း အတွင်းမှာပင် အများကောင်းမှုအဖြစ် ဖူးတွေ့နိုင်ပါသည်။)

၃။ သစ္စဗန္ဓရဟန္တာတောင်းပန်၍ ချထားတော်မူသော ခြေတော်ရာအစစ် တစ်ဆူ (အထက်စက်တော်ရာတန်ဆောင်းအတွင်းတွင် ခြေတော်ရာအားငုံ၍ တည်ထားသော စေတီအဖြစ် ပထမစေတီအား ဖူးတွေ့နိုင်ပါသည်။)

၄။ ခြေတော်ရာအစစ်၏ပုံတူ၊ ခြေတော်ရာပွားတစ်ဆူ အထက်စက်တော်ရာ အစစ်အား ငုံ၍တည်ထားသောစေတီအနီးတွင် တည်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ ခြေတော်ရာပဲ့ အစအနတစ်ဆူ (အထက်စက်တော်ရာ အခန်း၏ဝဲဘက်တွင် တည်ရှိနေသောစေတီသည် ပထမစေတီတည်စဉ် ပဲ့ကျန်ခဲ့သော အစအန များအား ဌာပနာထားရှိတည်ထားသည့် စေတီအဖြစ် ဒုတိယစေတီအဖြစ် ဖူးတွေ့နိုင်ပါသည်။

၆။ မန္တလေးမြို့မှ ထုလုပ်တင်ပြ လှူဒါန်းသည့် စံပြခြေတော်ရာတစ်ဆူ (မုဆိုး တောင်မှ မန်းချောင်းဘက်ဆင်းရာ တောင်တန်းအောက်ခြေနားတွင် တည်ရှိ ပါသည်။)

၇။ ရဟန္တာခြေတော်ရာယယ်တစ်ဆူ (၁၃၀၁ ခုနှစ်၊ ရသေ့တောင်အနီးတွင် ပေါ်တော်မူသော ခြေတော်ရာယယ်တစ်ဆူအဖြစ် ဖူးတွေ့နိုင်ပါသည်။)

## မန်းစက်တော်ရာတွင် ရွာသည့်မိုး

ပြောမယုံ ကြုံမှသိလို့ ဆိုရမလားပဲ၊ နွေခင်းကျောင်းတောင် ထမင်းပွဲ၊ ဟင်းပွဲ မမြင်ရတော့လို့ မီးခွက်ထွန်းပြီး ထမင်းဟင်း စမ်းစားရတဲ့အဖြစ်မျိုး တစ်သက်မှာ တစ်ခါ ကြုံရတော့သည်။

(၁၁-၄-၈၇) နေ့တွင် မန်းစက်တော်ရာဝန်းကျင်တစ်ဝိုက် တိုက်ခတ်နေသော လေနုကြမ်းကလေးများသည် နံနက်နေခြည်တက်စအချိန်မှစ၍ တိုက်ခတ်လာခဲ့ ပေသည်။

အချိန်အခါမဟုတ် ရခိုင်ရိုးမပေါ်တွင် မိုးတွေမည်းမှောင်လာသဖြင့် မကြာခင် မှာပဲ ပဒိန်းမန်းချောင်းနှင့် ငဖဲမန်းချောင်းအတွင်း ရေကျတော့မည်ဟု ဒေသခံပြည်သူ များ ခန့်မှန်းတွက်ချက်မိကြသော်လည်း အနယ်နယ်အရပ်ရပ်မှလာသော ဘုရားဖူး များကတော့ မထင်မှတ်သည်ကတစ်ကြောင်း၊ အချိန်အခါမဟုတ်သည်က တစ်ကြောင်းမို့ အလေးဂရု မပြုမိခဲ့ကြပေ။ ဘုရားပွဲဈေးသည် စည်နေမြဲရှိသကဲ့သို့ ဘုရားဖူးများ သွားလာနေဆဲဖြစ်ပါသည်။ ချောင်းရေများ တစ်စတစ်စ ကျက်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် လျှပ်စစ်မီးတိုင်များလဲကျကာ လျှပ်စစ်မီးများပျက်သွားတော့မှ စည်ကားနေသော ဘုရားပွဲရှိလူများလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြတော့သည်။

မန်းစက်တော်ရာရှိ မန်းချောင်းသည် ပဒိန်းမန်းချောင်းနှင့် ငဖဲချောင်းတို့ စုဆုံရာ ချောင်းဖြစ်သည့်အပြင် ရခိုင်ရိုးမပေါ်တွင် မြစ်ဖျားခံရာချောင်းလည်း ဖြစ်ပေသည်။ မိုးတွင်းကာလ အချိန်အခါမျိုး၌ ရခိုင်ရိုးမတွင် မိုးမှောင်လာပါက မကြာမီ မန်းချောင်းအတွင်း ရေကျတတ်ပေသည်။ ထိုဒေသ မှတ်သားချက်ကို သတိပြုမိကြသော ဒေသခံပြည်သူတို့သည် ညနေစောင်းကပင် ရခိုင်ရိုးမပေါ်တွင် အချိန်အခါမဟုတ် မိုးမှောင်လာမှုကြောင့် မန်းစက်တော်ရာဘုရားပွဲဈေးတန်းတွင်နေရန် မဝံ့မရဲရှိလာကြတော့သည်။

ဒေသခံပြည်သူများသည် အထက်စက်တော်ရာတန်ဆောင်းများပေါ်တက်ပြီး အရိပ်အခြည်ကြည့်နေကြတော့သည်။ မန်းချောင်းရေနောက်လာပြီး အမြှုပ်များ၊ ဒိုက်ဖတ်များ စီးမျောလာသဖြင့် ရေကြီးတော့မည်ကို သိရှိလိုက်ကြပါသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူအပေါင်းအားလည်း ရေတက်တော့မည်ဖြစ်ကြောင်း သတိပေးစကားပြော၍ ရှောင်တိမ်းခိုင်းရာ ဘုရားဖူးများသည် အထက်စက်တော်ရာသို့လည်းကောင်း၊ ရေလွတ်ရာတန်ဆောင်းများသို့လည်းကောင်း အလုအယက်ပြေးသွားကြတော့သည်။

မကြာပါ။ ရခိုင်ရိုးမတောင်ကျောတစ်ခုလုံး မိုးတွင်းကဲ့သို့ မိုးများ ကြောခမန်းလိလိ ရွာသွန်းပါတော့သည်။ မန်းချောင်းသည် သကြံန်လွန်မှ (ဘုရားပွဲတော်ကြီးပြီးမှ) ရေကြီးတတ်သော အစဉ်အလာရှိသော်လည်း ယခုတော့ အချိန်အခါမဟုတ် မိုးရွာနှုန်းနှင့် ရေကြီးနှုန်းသည် အလွန်များပြားသဖြင့် ဘုရားဖူးများ၊ ဈေးသည်များသည် အသက်လုရှောင်တိမ်းကြသဖြင့် အသက်ဆုံးရှုံးမှု နည်းပါးခဲ့သော်လည်း ဘုရားဈေးတန်းအဆောက်အဦများ၊ မော်တော်ယာဉ်များသည် ရေစီးနှင့်မျောပါ၍ သိန်းပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရပေသည်။

www.burmeseclassic.com



မန်းစက်တော်ရာတွင် ရွာသည့်မိုးနှင့် ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ အောက်ပါအတိုင်း မှတ်တမ်းပြုစုထားပါသည်။

(တိဗက်ကုန်းမြေမြင့်မှ ပြတ်  ကျလွင့်လာသော လေအေးစိုင်များသည် မြန်မာ ပြည်သို့ သင်္ကြန်မတိုင်မီ ခြစ်ခြစ်တေ  က်ပူသော အချိန်အခါမျိုးတွင် ရောက်လာ တတ်ကြသည်။ ထိုလေအေးစိုင်များကြောင့် မိ  ိုမ်တောင်များ ဖြစ်လာပြီး မိုးသည်း ထန်စွာရွာခြင်း၊ လေပြင်းတိုက်ခြင်းများ ဖြ  ိုင်ပါသည်။

မန်းစက်တော်ရာတွင် ယခုကဲ့သို့ အင  ့တ် မိုးရွာခြင်း၊ လေပြင်းတိုက် ခြင်း၊ တောင်ကျရေစီးချောင်းသည် အထက်ဖော်ပြပါ လေအေးစိုင်များ ရခိုင်ရိုးမ အတွင်းဖြစ်ပေါ်ပြီး မိုးရွာသောကြောင့်လည်းကောင်း၊ ရခိုင်ရိုးမပေါ်တွင် ရွာချလိုက် သောမိုးသည် မန်းချောင်းအတွင်းသို့ နာရီပိုင်းအတွင်း ရောက်ရှိနိုင်သောကြောင့် လည်းကောင်း၊ ရခိုင်ရိုးမပေါ်တွင် လေအေးစိုင်များ အဆက်မပြတ် ဝင်သောကြောင့် လည်းကောင်း ယခုကဲ့သို့ အံ့သြလောက်ဖွယ်ရတ်တရက် မိုးကြီးခြင်း၊ လေပြင်းတိုက် ခြင်း၊ ချောင်းရေကြီးခြင်းများ ဖြစ်နိုင်သည်ဟု မှတ်တမ်းပြုစုထားပါသည်။)

## ကျောင်းတော်ရာ

စက်တော်ရာနှင့်စပ်လာလျှင် ကျောင်းတော်ရာသည် မပါမပြီးဟု ဆိုရမည် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓမြတ်စွာဘုရားသခင်သည် စန္ဒကူးနံ့သာ ဖြင့် တည်ဆောက်ထားသော ကျောင်းတော်မဟာကြီးတွင် သီတင်းသုံးခဲ့ဖူးလေသည်။

ဗုဒ္ဓရှင်သခင် မြတ်ဘုရားကျောင်းတော်မှ ပြန်အကြွ၌ ခြေတော်ရာများ စွဲထင် ခဲ့သော နေရာတို့ ရှိခဲ့ပေသည်။ ထိုဒေသတို့မှာ ယခုထင်ပေါ်လျက်ရှိသော စက်တော်ရာဒေသပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း ဗုဒ္ဓအရှင်နှင့်စပ်၍ ကျောင်းတော်ရာ စက်တော်ရာမည်သူ ပထမ၊ မည်သူ ဒုတိယဟု ဆိုလာသော် ကျောင်းတော်ရာ ပထမ၊ စက်တော်ရာ ဒုတိယဟု ဆိုရပေမည်။ မြန်မာပြည်တွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျောင်းတော်ရာ စက်တော်ရာဟု လူသိများပြီး လာရောက် ပူဇော်ဖူးမြော် နေကြပေသည်။

ထို့ကြောင့်လည်း စက်တော်ရာရောက်လျှင် ကျောင်းတော်ရာသို့ သွားဖြစ်ကြသည်။ ကျောင်းတော်ရာရောက်လျှင် စက်တော်ရာသို့ ကူးကြသည်။

အကြမ်းအားဖြင့် ခရီးစဉ်တင်ပြပါမည်။ ရှေးအခါကလမ်းခရီးနည်းပါးခဲ့သော်လည်း ယခုအခါ လမ်းမကြီးနှစ်သွယ်ဖြင့် သွားရောက်ဖူးမြော်နိုင်ပေသည်။ မူလလမ်းအနေဖြင့် သွားလိုသော မော်တော်ကား၊ မီးရထား၊ လေယာဉ်စသည်ဖြင့် မကွေးမြို့သို့ ဦးစွာသွားရပေမည်။ မကွေးမြို့မှ တစ်ဘက်ကမ်းရှိ မင်းဘူးမြို့သို့ စက်သင်္ဘော၊ လှေသမ္ဘာန်တို့ဖြင့် ကူးကြရပါမည်။ မင်းဘူးမြို့နယ်မှ မိုင်နှစ်ဆယ်အကွာတွင် တည်ရှိသော ကျောင်းတော်ရာသို့ မြေပြန့်ခရီး မော်တော်ယာဉ်စီး၍ သွားနိုင်ပေသည်။ ကျောင်းတော်ရာမှ စက်တော်ရာသို့ ဆက်လက်သွားလိုလျှင် မော်တော်ယာဉ် စီး၍ ၃၇ မိုင် ခရီးနှင်ရပေမည်။

အခြားလမ်းတစ်လမ်းမှာ ပြည်မြို့မှ တစ်ဖက်ကမ်းရှိ ဆင်တဲမြို့သို့ကူးကာ ရွှေစက်တော် (သို့မဟုတ်) ကျောင်းတော်ရာသို့ တိုက်ရိုက်သွားရောက်ဖူးမြော်နိုင်ပေသည်။

## ကျောင်းတော်ရာ၏ ထူးခြားချက်

ကျောင်းတော်ရာအား (ဝါတွင်းဝါပ) အားလုံးသွားရောက် ဖူးမြော်နိုင်ပေသည်။ သို့သော် ဝါတွင်းကာလတွင် ကျောင်းတော်ရာမှ ထူးခြားဖွယ်ငါးကြီးများ မုန်းချောင်းအတွင်းမှ လာရောက်ဦးခိုက်ကာ တစ်ဝါတွင်းလုံး ဥပုသ်စောင့်ကြခြင်း ဖြစ်ပေသည်။

ထိုငါးကြီးများသည် သူ့အလိုအလျောက် (ဝါဆိုဝါကပ်) ရက်တွင်၍ လာရောက်တတ်ကြသည်။ ပထမဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ရှိနေတတ်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးများသည် ထိုငါးကြီးများအား အစာကျွေးလျှင် အသားကျွေး၍မရ၊ သက်သတ်လွတ်သာ ကျွေးရပေသည်။ ထိုဒေသရှိ တံငါလုပ်ငန်းဖြင့် အသက်မွေးကြသူများသည် ထိုငါးကြီး ား အား ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုကြ။ အကယ်၍ မတော်တဆ ဖမ်းမိလျှင် သံဃာတေ ား ထံပြန်အပ်ပြီး ဘေးမဲ့လွှတ်ကြသည့် အစဉ်အလာ ကျောင်းတော်ရာတွင် ရှိနေပေသည်

လှူဘဝတစ်လျှောက် ကျောင်းဧ သို့ အနည်းဆုံး တစ်ခေါက်မျှ ရောက်အောင်သွားသင့်ပေသည်။

## တောင်ဖီလာဆရာတော် အကျော်အမော်
## (သို့မဟုတ်)
## တိရိယပဗ္ဗတ ထေရအပါဒါန်

" တိရိယပဗ္ဗတထေရအပဒါန် "သည် အဘယ်အကြောင်းနည်း ဟု သိလိုနေကြသည်ဟု ထင်ပါသည်။ အကြောင်းသည်ကား -

တိရိယပဗ္ဗတထေရ်သူမြတ်သည် ကျမ်းပေါင်း၂၂ ကျမ်း ရေးသားခဲ့ဖူးလေသည်။ ထိုကျမ်းပေါင်း ၂၂ ကျမ်းထဲမှ မြန်မာနိုင်ငံ ဝိနည်းသာသနာမှာ အလွန်ထင်ရှားသည့်ကျမ်းသည် " ဝိနယလင်္ကာရဋီကာ "ဖြစ်ပါသည်။ မြန်မာပြည် ပါဠိစာပေသမိုင်းမှာ အစောဆုံးဋီကာကျမ်းပြုစုသော ဆရာတော်ဖြစ်ပါသည်။ ဋီကာကျမ်းအား မြန်မာမရေးနိုင်ဟု သီဟိုဠ်နှင့် အိန္ဒိယမှ အထင်ရှိခဲ့ပေသည်။ သို့သော် မြန်မာတို့ ဋီကာရေးနိုင်သော သာဓကအဖြစ် ဝိနယလင်္ကာရကျမ်းအား တိရိယပဗ္ဗတထေရ်က ရေးသားပြုစုခဲ့သည်က အဖြေပင်ဖြစ်ပါသည်။

ကျမ်း၏နိဒါန်းတွင် ဂါထာ ၂၃ ဂါထာပါရှိသည်။ ထိုဂါထာအားလုံးကို ပါဠိနှင့် ချည်းရေးခဲ့ပေသည်။ ထိုကျမ်းတွင် မြန်မာနိုင်ငံတွင် ရတနာပူရ နေပြည်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့ဖူးသည်ဟု ဆရာတော်ကြီးမှ ရေးသားခဲ့ပေသည်။ ရတနာပူရသည် အခြား မဟုတ်။ အင်းဝနေပြည်တော်အား ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

အင်းဝနေပြည်တော်သည် ဘုရားသာသနာတော်ကြီးအား ဆီမီးတန်ဆောင် တောက်ပြောင်စေသော နေပြည်တော်ဖြစ်ပါသည်။ လောကီလောကုတ္တရာပညာ မြောက်မြားစွာတည်ရှိသော ဒေသဖြစ်ပါသည်။

လူမိုက်လူရိုင်းများနေသော အရပ်မဟုတ်၊ လူသူတော်ကောင်းများ နေထိုင်သော အရပ်ဖြစ်ပေသည်။ ရတနာပူရနေပြည်တော်ကြီးအား ရှုမြင် ကြည့်သောအခါ ရွှေရောင်တဝင်းဝင်း ပြာသာဒ်ကြီးများကို တွေ့မြင်ရပြီး နှတ်ဘုံ နတ်နန်းသဖွယ် ရှိပေသည်ဟု " ဝိနယလင်္ကာရဋီကာ " ကျမ်းတွင် အင်းဝနေပြည် တော်ကြီးအား ဆရာတော်ကြီးမှ ချီးကျူးမှတ်တမ်းတင်ထားခဲ့ဖူးလေသည်။ ပါဠိ ဋီကာကျမ်းဆိုလျှင် သီဟိုဠ်နှင့် အိန္ဒိယသာ ရေးနိုင်ခဲ့သည်ဆိုသော စကားမှားပြီဟု ဆိုရပေမည်။ မြန်မာတို့ရေးသားခဲ့သော သာဓက အထင်ကရရှိနေသည်ဟု ဝိနယ လင်္ကာရဋီကာက ညွှန်းပြနေပေသည်။

ထိုအပြင် အင်းဝနေပြည်တော်တွင် သီရိသုဓမ္မရာဇာဓိ မဟာအဓိပတိသည် စိုးစံအုပ်ချုပ်မင်းလုပ်နေပေသည်။ ထိုမင်းသည် နယ်မြေမြောက်မြားစွာ ပိုင်ဆိုင်သော မင်းတစ်ပါးဖြစ်ပါသည်။ သီရိသုဓမ္မရာဇာဓိ မဟာဓိပတိဘုရင်ဆိုသည် မှာ သာလွန်မင်းတရားကြီးအား ခေါ်ဆိုခြင်း ဖြစ်ပါသည်။ သာလွန်မင်းတရားကြီး သည် မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟတရားလေးပါးနှင့်အညီ စီမံအုပ်ချုပ် မင်းတစ်ပါးဖြစ်ကြောင်း ဋီကာတွင်ဖော်ပြထားပါသည်။ သာလွန်မင်းတရားကြီး သည် အလွန်ကြီးကျယ်သော စေတီကြီးတစ်ဆူအား တည်ထားကိုးကွယ်ခဲ့လေသည်။ ထိုစေတီကြီးသည် ကောင်းမှုတော် စေတီကြီးပင်ဖြစ်သည်။ စစ်ကိုင်းအနောက်ဘက် နားတွင် တည်ရှိနေပါသည်။ စစ်ကိုင်းတောင်တန်းကြီး၏ အလွန်ကြီးမားသော တောအုပ်ကြီးတွင် တိရိယပဗ္ဗတဟူသော တောင်ကြီးရှိခဲ့ဖူးလေသည်။ ရှေးရှေးတုန်း

www.burmeseclassic.com

www.burmeseclassic.com



အခါက တောရမှီသော မထေရ်သူမြတ်တို့ သီတင်းသုံးရာ ဒေသလည်း ဖြစ်ပေသည်။

ကျောင်း၏ အပြစ် ၁၈ ချက်အနက် ရေဆိပ်နှင့်နီးသောကျောင်း၊ လူသွားလမ်းနှင့်နီးသောကျောင်း၊ ဟင်းရွက်တောနှင့် နီးသောကျောင်းတို့သည် တရားအားထုတ်၍ မသင့်တော်ဟု အဆိုရှိခဲ့ဖူးလေသည်။ ထိုအတူ ကျောင်းတွင် အင်္ဂါ၊ရပ် ပြည့်စုံရပေမည်။ (၁) သွားလမ်းလာလမ်းနှင့်ပြည့်စုံရမည်။ (၂) လူသံအူသံနည်းပါး၍ ဆိတ်ငြိမ်နေရမည်။ ( လူများညဉ့်ဒဟိုသွားမနေရ)။ (၃) ဘာဝနာအလုပ်လုပ်ပြီး ရှေးသူတော်စင်တို့ တောရပ်မှီခဲ့ဖူးသောအရပ်ဖြစ်ရမည်။ (၄)တောလက္ခဏာရှိသောနေရာ (လူနေရွာအစွန်းတံခါးမှ ကိုက်တစ်ထောင်ကွာ ဝေးရမည်)။ တောကျောင်းဆိုသည်မှာ ရွာနှင့်ကိုက်တစ်ထောင်ကွာလျှင် ကွင်းထဲရှိရှိ၊ တောထဲရှိရှိ၊ ထိုကျောင်းအား တောကျောင်းဟု သတ်မှတ်နိုင်ပါသည်။ သို့သော် ထိုကိုက် ၁၀၀၀ အတွင်း မိုးလေးလကာလပတ်လုံး တဲတစ်လုံးထဲ၌ လူတစ်ယောက်တစ်ဆက်တည်း အိပ်နေခဲ့ပါလျှင် တောရကျောင်းလက္ခဏာ ပျက်ပြားစေပါသည်။

ထို့ကြောင့်လည်း ဝိနည်းလိုက်နာသော ဆရာတော်ဘုရားကြီးများသည် တောင်ယာစုတ်သမားများအား နေ့သာစုတ်ပြီး ညတွင် မိမိရွာတွင် မိမိပြန်အိပ်ကြရန် မေတ္တာရပ်ခံလေ့ရှိပါသည်။ တောင်ယာစုတ်သူများကလည်း လိုက်နာတတ်ကြသည်။ သို့မှသာ တောလက္ခဏာမပျက်ပေ။ ထိုတောကျောင်းတွင် (၅) သိမ်သမုတ်ထားသော ဗုဒ္ဓသိမ်ရှိစေရပါမည်။ ထိုအင်္ဂါငါးပါးရှိသောကျောင်းတွင် သီတင်းသုံး၍ အလွန်အလွန် ထင်ရှားသော မဟာထေရ်ဖြစ်တော်မူသော (တိပိဋကာလင်္ကာရနှင့် မဟာတိပိဋကာလင်္ကာရ) မင်းညီနောင် သုံးပါးတို့၏ ပူဇော်ကိုးကွယ်ခြင်းခံရသည့် ပိဋကတ်သုံးပုံကျွမ်းကျင်၍ သီလကို ချစ်မြတ်နိုးသူ ကမ္မဋ္ဌာန်းအလုပ်နှင့်ပျော်မွေ့သူ တိရိယပဗ္ဗတထေရ်သည် ဝိနယလင်္ကာရကျမ်းအား သာသနာအကျိုးကို ရှေ့ရှု၍ ရေးသားစီရင်ခဲ့ပေသည်။ ဆရာတော်ကြီးအား လေးစား

www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုပူဇော်သမ္မပြုခဲ့သော မင်းညီနောင်များမှာ ညောင်ရမ်းမင်းတရားကြီး၏ သားတော်များဖြစ်ကြသော (၁) အနောက်ဘက်လွန်မင်း၊ (၂) သာလွန်မင်း၊ (၃) မင်းရဲကျော်စွာတို့ ဖြစ်ပေသည်။

ဆရာတော်ကြီးသည် ဘွဲ့တံဆိပ်နှစ်ထပ် ရရှိခဲ့သည်ဟု ဖော်ပြထားပါသည်။ ဆရာတော်ကြီးသည် ပထမမင်းနေပြည်တော် မင်းရဲကျော်စွာဆောက်လုပ် လှူဒါန်းသည့် စစ်ကိုင်းမြစ်ကမ်းနားမှ လေးထပ်ပြာသာဒ် ကျောင်းတော်ကြီးတွင် နေစဉ် နောင်တော်ကြီးဖြစ်သူ သာလွန်မင်းတရားကြီးမှ တိပိဋကလင်္ကာရဟူသော ဘွဲ့တံဆိပ်တော် ကပ်လှူခဲ့ပေသည်။

ဆရာတော်ကြီး စစ်ကိုင်းတောရပ်မှိုလာသောအခါ ညီတော်မင်းရဲကျော်စွာ ကပင် ဇေတဝန်ရွှေကျောင်း ဆောက်လုပ်လှူဒါန်းပြန်သည်။ အစ်ကိုကြီးဖြစ်သူ သာလွန်မင်းတရားကြီးက မဟာတိပိဋကလင်္ကာရလဘွဲ့တံဆိပ်တော်ကို ထပ်မံကပ်လှူ ပူဇော်သည်။ ညီတော်မင်းရဲကျော်စွာသည် ကျောင်း ၂ ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ဖူးပေသည်။ မင်းနေပြည်တော်တွင်နေစဉ် လေးထပ်ပြာသာဒ်ကျောင်းနှင့် တောရပ်မှိုစဉ် ဇေတဝန်ရွှေကျောင်းတို့ဖြစ်ပေသည်။ ထို့အတူ အစ်ကိုဖြစ်သူ သာလွန်မင်းတရားကြီးသည် မြို့နေစဉ်က တိပိဋကလင်္ကာရနှင့် တောနေစဉ်က မဟာတိပိဋကလင်္ကာရဘွဲ့တံဆိပ်တော်များ ကပ်လှူပူဇော်နိုင်ခဲ့ပေသည်။

ဆရာတော်ကြီးသည် သာသနာသမိုင်းတွင် မှတ်တမ်းတင်လောက်သော ဝိနယလင်္ကာရဋီကာကျမ်းအား ရေးသားခဲ့သည်။

သာသနာသက္ကရာဇ် ၂၂၆၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၀၀၆ ခုနှစ်တွင် ဆရာတော်ကြီးသည် ဝိနယလင်္ကာရဋီကာကျမ်းအား ပြီးပြည့်စုံအောင် ရေးသားတော်မူခဲ့လေသည်။

ဆရာတော်ကြီး၏ ကျမ်းနိဂုံးပိုင်းတွင်ပါဝင်သော ဂါထာ ၂၃ ခုအနက် ဂါထာ ပေါင်း ၁၂ ခုသည် သမိုင်းကိုဖော်ပြသော အကြောင်းအရာများနှင့် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ပါဝင်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## တောင်ဖီလာဆရာတော် အကျော်အမော် ထေရုပ္ပတ္တိသမိုင်းစဉ်

၉၄၀ ခုနှစ်တွင် ဆရာတော်ကြီးအား ဖွားမြင်ပြီး စလင်းမြို့ဇာတိ ဖြစ်ပေသည်။ မွေးနေ့မှာ ကြာသပတေးနေ့ဖြစ်ပါသည်။ ဆရာတော်ကြီးအား မွေးဖွားချိန်မတိုင်မီ ၉၁၆ ခုနှစ်မှစတင်၍ အင်းဝနေပြည်တော်၌ သတိုးမင်းစော စိုးစံအုပ်ချုပ်နေပေသည်။ တိရိယပဗ္ဗတအမည် ရမည်ဖြစ်သော ဆရာတော်ကြီးအား အင်းဝမှ ဖိုးတော ဆရာတော်ကြီးဝင်စားသည်ဟု အဆိုရှိကြသည်။

ဖိုးတောဆရာတော်ကြီးဝင်စားသည်ဆိုသည်မှာ မင်းလှသီဟသူ ရေးသားပြုစုသော ဆရာတော်ကြီးများ မှတ်တမ်းစာရင်းကျမ်းမှ ဆိုပါသည်။ သက္ကရာဇ် ၁၂၁၂ ခုနှစ်တွင် ဖော်ပြသောကျမ်းဖြစ်ပါသည်။

ဒုတိယဘုရင်မင်းခေါင်လက်ထက်တွင် ဖိုးတောဆရာဖြစ်လာမည့် ကလေးသည် စလင်းဇာတိ အသယ်ကြီးသား (ကုန်သည်) ဖြစ်ပါသည်။ ထိုအချိန်တွင် မင်းခေါင်ကြီး၏ညီ သတိုးကျော်စွာသည် စလင်းတွင် အပိုင်စားနေရစဉ် အသယ်ကြီး၏သားအား ချစ်မြတ်နိုးသဖြင့် မွေးစားထားလေသည်။ အသယ်ကြီးသား ၅ နှစ်သားခန့်တွင် သတိုးကျော်စွာသည် အင်းဝသို့ ပြန်လာခဲ့ပေသည်။ အသယ်ကြီးသားလေးအား အင်းဝသို့ခေါ်လာပြီး အရွယ်ရောက်သောအခါ ရဟန်းပြုပေးလိုက်သည်။ စာပေအလွန်တော်သူ ဖြစ်ပေသည်။ ထိုဆရာတော်ကြီးအား မင်းခေါင်ကြီးကပင် ကြည်ညိုလွန်းသဖြင့် ပူဇော်ထားပေသည်။ ထိုအတူ သားတော်ရွှေနန်းကျော့ရှင် ဘုရင်နရပတိကလည်း ကြည်ညိုလွန်းသဖြင့် စစ်ကိုင်းအနောက်ဘက် မင်းဝံတောင်တန်းတွင် လေးထပ်ကျောင်းဆောက်လုပ်၍ တင်လှူခဲ့ပေသည်။

ဘာကြောင့် ဖိုးတောဆရာတော်ခေါ်သနည်းဆိုသော် မင်းဝံတောင်တန်း၌ လေးထပ်ကျောင်းဆောက်စဉ် ကျောင်းပတ်ပတ်လည်၌ ဖိုးပင်များအလွန်ပေါသဖြင့် ဖိုးတောဆရာတော်ဟု ခေါ်ခဲ့ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓိုးတောဆရာတော်အား မင်းခြောက်ဆက်တိုင်တိုင် ကိုးကွယ်ပူဇော်ခဲ့ကြပေသည်။ (၁) ရွှေနန်းကျော့ရှင် ဘုရင်နရပတိ၊ (၂) လေ့်သားသီဟနဘွား၊ (သမိုင်းစာအုပ်မှတ်တမ်းအရ ) ဧလုံသားသီဟနဘွားနှင့်ပတ်သက်၍ အနည်းငယ်ရှင်းလင်းတင်ပြပါမည်။ ရှမ်းဧလုံသားသီဟနဘွားကိစ္စအား မရှင်းသဖြင့် သာသနာလင်္ကာရတို့ ဝံသာဒီပနီ တို့ကို ရှာသော်လည်း ကျေနပ်လောက်သော အဖြေမတွေ့ခဲ့ပေ။ " ဧလုံသား " ဟူသော စကားသည် အပျော်အပြက်သဘောရှိသဖြင့် (ဆရာတော်အသျှင်ဉာဏိဿရအနေနှင့် တိတိကျကျဖြစ်စေရန် ထပ်မံလေ့လာနေရင်း) ကချင်ပြည်နယ်၊ မြစ်ကြီးနားဘက် တရားဟောသွားရာက မိုးညှင်းမိုးကောင်းသို့ ရောက်ရှိခဲ့ပေသည်။ မိုးညှင်းမိုးကောင်းမြို့သည် ယခင်က ရှမ်းပြည်နယ်တွင် တည်ရှိခဲ့ပြီး ယခုမှသာ ကချင်ပြည်နယ်ထဲ ပါနေခြင်းဖြစ်သည်။ ယနေ့ထက်တိုင် ရှမ်းလူမျိုးများ နေထိုင်လျက်ရှိပါသည်။

ထိုဒေသသို့ရောက်သောအခါ ဆရာတော် (အသျှင်ဉာဏိဿရ) မှ ဧလုံသားကိစ္စ လေ့လာရန် စိစဉ်တော့သည်။ ရှေးအခါက အင်းဝသို့ ရှမ်းများလာရောက်အုပ်ချုပ်မှုနှင့် မိုးညှင်းစော်ဘွား၊ မိုးကောင်းစော်ဘွားဟူ၍ သမိုင်းတွင်ခဲ့ပုံအား လေ့လာခြင်းအားဖြင့် မိုးညှင်းမိုးကောင်းဒေသသည် ရှမ်းပြည်နယ်ဖြစ်ကြောင်း သိသာလှသည်။ သို့အတွက် မိုးညှင်းဘက်မှ ဧလုံသား သီဟနဘွား ဆိုတာဘာများလဲလို့ သိချင်တဲ့အတွက် ရှမ်းစကားလည်းကျွမ်းကျင်၊ ဗဟုသုတလည်းကြွယ်ဝတဲ့ ရွှေမိနောက်မိ ရှမ်းအဖိုးအိုတစ်ယောက်အား ဆရာတော် (အသျှင်ဉာဏိဿရ) မှ မေးကြည့်သော်အခါ –

" အရှင်ဘုရား၊ ဧလုံသားဆိုတာ မြန်မာတွေကြားတဲ့အခါ ကြားတဲ့အပေါ်င်းရေးထားတာဘုရား။ အမှန်က မင်းတရားလို့ အဓိပ္ပာယ်ရတဲ့ ' စောင်လုံ '(မြန်မာအသံနှင့် အနီးစပ်ဆုံးရေးခြင်း ဖြစ်ပါသည်) ဖြစ်ပါတယ်ဘုရား။ မိုးညှင်းမင်းတရားကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ် ဆိုခြင်းဖြစ်ပါတယ်။ အဲဒီမိုးညှင်းမင်းတရားကြီး ' စောင်လုံ'ရဲ့သားတော်က သိုဟန်ဘွားဖြစ်ပါတယ်ဘုရား " ဟု လျှောက်ထားလေသည်။ သို့သော် ဆရာတော်မှ သိုဟန်ဘွားအဓိပ္ပာယ်ပါ ထပ်ဆင့်သိလိုသဖြင့် –

" ဒကာကြီး သိုဟန်ဘွားဆိုတာ မြန်မာစကားလား၊ဘာစကားလဲ၊ ဘာအဓိပ္ပာယ်လဲ " ဟု ထပ်မံမေးလိုက်သဖြင့် ရှမ်းအဘိုးအိုကြီးမှ –

" ရှမ်းစကားပါဘုရား။ ရှမ်းလိုပီပီသသပြောရင်တော့ စပ်ဟုံဖ (မြန်မာသံအနီးစပ်ဆုံး ရေးသားပါသည်) စပ်ဟုံဖဆိုတာ စော်ဘွားပါဘုရား " ရှမ်းအဘိုးအိုမှ ရှင်းပြပါသည်။

" ရှမ်းလုံသား သိုဟန်ဘွား " ဆိုသည်မှာ မိုးညှင်းမင်းတရားကြီး၏ သားတော် စော်ဘွားဖြစ်လေသည်။ ထိုစော်ဘွားကလည်း ဦးတောဆရာတော်အား အလွန်ကြည်ညိုပေသည်။ (၃) မိုးမြဲမြို့စား ခုံမှိုင်းသားကလည်း ကိုးကွယ်သည်။ (၄) စစ်ကိုင်းမှ နရပတိဘုရင်မှလည်း ကိုးကွယ်သည်။ (၅) အုန်းဘောင်စော်ဘွားကလည်း ကိုးကွယ်သည်။ (၆) ဟံသာဝတီဆင်ဖြူရှင်၏ ညီဖြစ်သော သတိုးမင်းစောလည်း ကိုးကွယ်သော ဆရာတော်ကြီးဖြစ်ပါသည်။ ထို့ကြောင့်လည်း မင်းခြောက်ဆက် ကိုးကွယ်ခံရသော ဦးတောဆရာတော်ဟု ကျော်ကြားခဲ့ခြင်း ဖြစ်ပါသည်။ စာပေအလွန်တော်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်သည်။

ထိုဦးတောဆရာတော်ဘုရားကြီး ပျံလွန်တော်မူခါနီး၌ ဓလင်းမြို့မှ အဘွားကြီးတစ်ယောက်အား အိပ်မက်ထဲတွင် " ငါ ဦးတောဆရာတော် နှင့် ဝမ်းခေါင်းထဲဝင်နေမယ် " ဟု ပြောခဲ့လေသည်။

မကြာမီကာလတွင် ထိုအဘွားကြီးတွင် ကိုယ်ဝန်ရှိပြီး စစ်ကိုင်းဘက်က ဦးတောဆရာတော်ဘုရားကြီးလည်း ပျံလွန်တော်မူခဲ့သည်။

သက္ကရာဇ် ၉၄၀ တွင် ဓလင်းမြို့မှ အဘွားကြီးမှာလည်း နေ့စေ့လစေ့ဖြင့် သားယောကျ်ားလေး ဖွားမြင်လေသည်။ ထိုသားကလေးသည်လည်း မင်းခြောက်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ခံရသော ဇီးတော ဆရာတော်ဝင်စာ.သည့် သတို့သားဟု ထင်ပေါ် ကျော်ကြားလာတော့သည်။ ထိုအချိန်တွင် အင်းဝ၌ သတိုးမင်းစော အုပ်ချုပ်မင်းလုပ် နေဆဲ ဖြစ်ပါသည်။

ဇီးတောဆရာတော် ဝင်စားသည်ဆိုသော ကလေးငယ် ၁၃ နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်လေသည်။ ဘွဲ့အမည်မှာ မုနိန္ဒဃောသဖြစ်ပါသည်။ နောင်သော အခါတွင် ငါးဆူဒါယကာ မင်းသား၏ သားတော်ဖြစ်သော သတိုးဓမ္မရာဇာဘွဲ့ခံ မင်းကြီးနှောင်းက စလင်းမြို့ကို အပိုင်စား ရလေသည်။

ထိုမင်းကြီးသည် မုနိန္ဒဃောသ ကိုယ်တော်လေး စာတွေသိပ်တော်သဖြင့် ကြည်ညိုပူဇော်ထားလေသည်။ သို့သော် မင်းကြီးသည် ပြည်မြို့သို့ ပြောင်းရွှေ့ရ သဖြင့် မင်းကြီးကြည်ညိုသော မုနိန္ဒဃောသ ကိုယ်တော်လေးအား ပြည်မြို့သို့ ပင့်လာပြီး ဆက်လက်ကိုးကွယ်ထားလေသည်။

သရေခေတ္တရာ (ပြည်) မြို့သို့ရောက်သောအခါ မင်းကြီးနှောင်းဟုခေါ်သော (ပြည်မြို့စား) က ရင်းကြည်ညိုထားသော ဆရာတော်တစ်ပါး ရှိနေပေသည်။ ထိုဆရာတော်မှာ အဘိသေကေတသာရ စာတတ်အကျော်ဆရာတော်ကြီး ဖြစ်သည်။ နဝင်းဖက်မှ ဖြစ်လေသည်။ ထိုဆရာတော်ကြီးထံတွင် မင်းကြီးပင့်လာ သော မုနိန္ဒဃောသအား အပ်နှံပြီး စာသင်စေပါသည်။ ၉၅၄ ခုနှစ်တွင် မုနိန္ဒဃောသ ပည် ဝေဿန္တရာဇာတ်တော်ကြီးအား သာမဏေဘဝ ၁၅ နှစ်သားအရွယ်တွင် ပြုစုတော်မူပါသည်။

ဝေဿန္တရာပျို့အား စီရင်တော်မူပြီးသောအခါ သရေခေတ္တရာ၊ စလင်း၊ အင်းဝ အစရှိသော ဒေသတို့တွင် ကျော်ကြားသွားသည်။ ပြည်မှ သာမဏေကျော်၊ သရေခေတ္တရာက သာမဏေကျော်ဟု ထင်ရှားတော်မူပါသည်။

ထိုသို့ ကျော်ကြားနေစဉ် မင်းကြီးနှောင်း၏သား ရန်နိုင်မှူးဆိုသော မင်းသား သည် ဖခင်အားလုပ်ကြံပြီး ပြည်မြို့အား သိမ်းပိုက်လေသည်။ သို့သော် ဖခင်ကိုးကွယ်

www.burmeseclassic.com



ခဲ့သော ရှင်မုနိန္ဒယောသအား ဆက်လက်ကိုးကွယ်သည်။ ထိုမှတစ်ဖန် အသက်ပြည့်သော်အခါ ရန်နိုင်မှူးမှ ရှင်သာမဏေ မုနိန္ဒယောသအား ရဟန်းဒကာ ပြုလုပ်ပေးတော်မူလေသည်။

သာမဏေဘဝက ပြည်သာမံဏေကျော်ဟု ထင်ရှားသကဲ့သို့ ရဟန်းဘဝရောက်သောအခါ ပြည်ပဥ္စင်းကျော်ဟု ထင်ရှားသည်။

နောင်သောအခါ ပြည်ပဥ္စင်းကျော်သည် စလင်းမြို့ရှိ မိဘရပ်ထံပြန်၍ ဦးရိုးတော်သူ ဆရာတော်ထံတွင်ဆက်လက်သီတင်းသုံးပြီး ဝိနည်းကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် သင်ယူလေသည်။

ဝိနည်းဆောင် တေဒဂ်ရ ဦးပါလိမထေရ်၏ ဘွဲ့ကိုယူကာ ဝိနည်းအကျော်ဖြစ်လိုသဖြင့် သူ့ကိုယ်သူ ဦးပါလိအမည်ခံပြီး စလင်းတွင် ဆက်လက်သီတင်းသုံးနေတော့သည်။ နောင်သောအခါ စလင်းမြို့မှ ပြည်မြို့သို့ ပြန်ရွှေ့ကာ သီတင်းသုံးနေခဲ့သည်။ ပြည်မြို့ရောက်သောအခါ ရဟန်း (၁၀) ဝါရပြီ ဖြစ်သည်။

ထိုအချိန်တွင် မိုးညှင်းမင်းတရားကြီး၏ သားတော်ဖြစ်သော အနောက်ဖက်လွန်မင်းတရားက ပြည်မြို့ကို တက်သိမ်းယူလေသည်။ ပြည်မြို့အား အနောက်ဖက်လွန်မင်း သိမ်းပိုက်ရရှိသဖြင့် အဖိုးတန်ပစ္စည်းမှန်သမျှ သိမ်းယူပြီး အင်းဝသို့ပြန်လေသည်။ အင်းဝသို့ရောက်သောအခါ ပြည်မှတန်ဖိုးဖြတ်မရသော ရခဲသည့်ပစ္စည်းသည် နှစ်ခုသာရှိကြောင်း၊ ထိုနှစ်ခုသည် “ ရှင်တစ်ဆူနှင့် လူတစ်ယောက်” ဖြစ်သည်ဟု ပြောကြားလေသည်။ ရှင်တစ်ဆူဆိုသည်မှာ ရှင်မုနိန္ဒယောသဖြစ်ပြီး လူတစ်ယောက်ဆိုသည်မှာ ထင်ယံအမည်ရ နန္ဒယောတအမတ် ဖြစ်သည်။ ပညာတတ်ပြီး သစ္စာရှိသော လူဖြစ်သည်။ သရေခေတ္တရာအား အားကြိုးမာန်တက်တိုက်ခိုက်၍ အနောက်ဘက်လွန်မင်းကြီး အလိုရှိနေသည်မှာ ဥစ္စာပစ္စည်းမဟုတ်ဘဲ ပညာတတ်များသာ ဖြစ်ကြောင်း ပေါ်လွင်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ပြည်ပဉ္စင်းကျော်သည် အနောက်ဘက်လွန်မင်းကြီး၏ ပင့်ဆောင်ချက်အရ အင်းဝသို့ ကြွရောက်သွားရလေသည်။

သို့သော် တိုင်းပြည်ငြိမ်သက်မှုမရှိသဖြင့် အနောက်ဘက်လွန်မင်းတရားကြီးသည် အရှင်မုနိန္ဒဃောသအား မဟာမုနိဘုရားပတ်ဝန်းကျင်က တန်ဆောင်းတစ်ခုတွင် သီတင်းသုံးနေစေသည်။ ထိုအချိန်က အင်းဝသာသနာပိုင်သည် မဟာသံဃနာထ ဖြစ်ပေသည်။

အင်းဝသာသနာပိုင်ဖြစ်သူက ပြည်ပဉ္စင်းကျော်ရောက်ရှိကြောင်း ကြားသိရသဖြင့် အင်းဝတွင်ရှိသော ပဉ္စင်းကျော်တစ်ပါးဖြစ်သူ အရှင်အရိယာလင်္ကာရတို့အား ရင်း၏ကျောင်းသို့ပင့်၍ စကားစစ်ထိုးခိုင်းလေတော့သည်။

ထိုအခါ အင်းဝပဉ္စင်းကျော်မေးသော အမေးများကို ပြည်ပဉ္စင်းကျော် မုနိန္ဒဃောသသည် ပါဠိအဋ္ဌကထာ ဋီကာ၊ ဂန္ထာရကျမ်းတွေထဲက နှိုက်နှိုက်ချွတ်ချွတ် ဖြေဆိုသဖြင့် သာသနာပိုင်က အင်းဝပဉ္စင်းကျော်အမေးကို ပြည်ပဉ္စင်းကျော်ဖြေပုံသည် " ဝါးအစည်းကြီး ဓားနှင့်ခွဲသည် " နှင့် တူသည်ဟု မိန့်မှာတော်မူ၍ ချီးမြှောက်လေသည်။

ထိုအတူ ပြည်ပဉ္စင်းကျော်အမေးအား အင်းဝပဉ္စင်းကျော် ဖြေပုံသည် နှီးသေးမှိုးရွဲများ ရှာသွန်းသည်နှင့်တည်သည်ဟု မိန့်တော်မူလေသည်။ အင်းဝပဉ္စင်းကျော်အဖြေသည် ဇဏ်ခရစ်စစ် သေရှာနှံ့စပ်သည်ဟု သာသနာပိုင်မှ ချီးမြှောက် လေသည်။

ပြည်ပဉ္စင်းကျော်နှင့် အင်းဝပဉ္စင်းကျော်တို့အား အင်းဝသာသနာပိုင် ဆရာတော်ကြီးမှ သင်္ကန်းအစုံတို့ဖြင့် ပူဇော်လေသည်။

စလင်းမြို့စား မင်းရဲကျော်စွာသည် နောင်ကြီးဖြစ်သူ အနောက်ဘက်လွန်မင်းတရားကြီးထံမှ ပြည်ပဉ္စင်းကျော် ရှင်မုနိန္ဒဃောသအား တောင်းပြီးကိုးကွယ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်လွှန်မင်းတရားကြီးသည် ပဲခူး၊ ဟံသာဝတီမြို့များသို့ (ပေါ်တူဂီ) ဇေင်ကာသောင်းကျန်းသံဖြင့် နှိမ်နင်းရန်စုန်ဆင်းရာတွင် ပြည်ပဥင်းကျော်အား မခွဲနိုင်သဖြင့် ပင့်ဆောင်သွားလေသည်။ ဇေင်ကာရန်အောင်မြင်စွာ နှိမ်နင်းပြီးသောအခါ ပဲခူးရွှေမော်ဓောနားတွင် ခေတ္တအပန်းဖြေစခန်းချသောအခါ မွန်ဘုန်းကြီးများမှ မြန်မာဘုန်းကြီးများ စာကောင်းကောင်း မတတ်ဘူးဟုပြောသဖြင့် အနောက်ဘက်လွှန်မင်းတရားကြီးမှ ရွှေမောဓောဘုရားအနီး တဲကျောင်းများထိုးပြီး ရှင်မုနိန္ဒဃောသအား စာချပေးပါရန် လျှောက်ထားလေသည်။

သို့အတွက် ပြည်ပဥင်းကျော် ပဲခူးတွင် စာချရာအောင်မြင်သဖြင့် မွန်ဘုန်းကြီးများမှာ မြန်မာဘုန်းကြီးစာတတ်ကြောင်း ဝန်ခံလေတော့သည်။ ထိုအခြေအနေရောက်မှ အင်းဝသို့ ပြန်လည်ပင့်ဆောင်လေသည်။ ပဲခူးတွင် ရှင်မုနိန္ဒဃောသသီတင်း သုံးနေစဉ် မင်းရဲကျော်စွာသည် ရောဝတီမြစ်ကမ်းနားတွင် ၄ ထပ်ကျောင်းအပြီး ဆောက်လေတော့သည်။ ပဲခူးမှအင်းဝသို့ ပြန်အကြွတွင် အသင့်သီတင်းသုံးရန် ဖြစ်လေသည်။ ၄ ထပ်ပြာသာဒ်ကျောင်းသည် နှစ်နှစ်ကြာ ဆောက်လုပ်ရလေသည်။ ပဲခူးမှ အင်းဝသို့ ဆက်တက်သောအခါ သက္ကရာဇ် ၉၈၃ ခုနှစ်ရောက်နေပေပြီ။ ထိုနှစ်တွင် ကျောင်းပေါ်တင်၍ လှူဒါန်းပူဇော်လေသည်။

ရှင်မုနိန္ဒဃောသသည် မင်းရဲကျော်စွာဆောက်လုပ်သော ကျောင်း၌နေစဉ် အနောက်ဘက်လွှန်မင်းတရားကြီးသည် ဟံသာဝတီအနောက်ဘက်တွင် နတ်ရွာစံ ကွယ်လွန်သဖြင့် ညီတော်သာလွန်မင်းတရားကြီး ရှင်ဘုရင် ဖြစ်လေသည်။ သက္ကရာဇ် ၉၉၁ တွင် ရှင်ဘုရင်ဖြစ်သော်လည်း သောင်းကျန်းသူများအား နှိမ်နင်းနေရသဖြင့် ၉၉၃ ခုနှစ်မှ ဘိသိက်ခံရလေသည်။

ထိုအချိန်တွင်လည် ရှင်မုနိန္ဒဃောသသည် အင်းဝနေပြည်တော်တွင် တစ်နေ့တစ်ခြား ပို၍ပို၍ ထင်ရှားလာလေသည်။ သက္ကရာဇ် ၉၉၆ ခုနှစ်တွင် ရွှေဘိုမြို့တော်သို့ ကြွရောက်တော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရွှေစက်တော်သို့ကြွရောက်၍
## ခြေဖဝါးတော်ရာရှာခြင်း

(၁) ရှင်မုနိန္ဒဃောသဆရာတော်
(တောင်ဖီလာဆရာတော်လောင်း)

(၂) အနန္တဓဇဆရာတော်

(၃) အရိယလင်္ကာရဆရာတော်

(၄) တိလောကလင်္ကာရဆရာတော်တို့သည် ရွှေစက်တော်သို့ ကြွရောက်ခဲ့ပါသည်။ ရွှေစက်တော်ဟု ခြေတော်ရာ ၂ ဆူအဖြစ် ထင်ပေါ်သော်လည်း ချုံနွယ်တွေပိတ်ဖုံးနေသဖြင့် ထိုဆရာတော်ကြီးများ မဖူးရသေး။

မင်းဘူး၏အနောက်ဘက်တောစပ်ရောက်သောအခါ သစ်ပင်ရိပ်တွင် ခေတ္တနားနေကြသည်။ နားနေခိုက် ညဘက်ကျိန်းစက်သောအခါ အိပ်ဇော်ထဲတွင်လိုလို၊ တကယ်လိုလိုနှင့် ပိတ်ဖြူဝတ်ထားသောပုဂ္ဂိုလ်များမှ အရှင်ဘုရားတို့စက်တော်ရာ ၂ ဆူဖူးရန် ကြွလိုလျှင် ခွေးနက်ကြီးသွားတဲ့နောက် လျှောက်လိုက်ဟု လျှောက်ထားချက်ကို ရှင်မုနိန္ဒဃောသ မှတ်မိလိုက်လေသည်။ ထိုအဖြစ်အား သီတင်းသုံးဖော်များအား ဖွင့်ပြောပြလိုက်လေသည်။ နံနက်မိုးလင်း၍ ခရီးဆက်မည်အလုပ်တွင် ခွေးနက်ကြီးအမှန်တကယ်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။ သို့အတွက် ရှင်မုနိန္ဒဃောသမထေရ်မှ “ ဟဲ့ ခွေးနက်ကြီး၊ တို့ရွှေစက်တော်ဖူးရန် လာခဲ့တာ၊ ရွှေစက်တော်ရှိရာကို တည့်တည့်သွား ” ဟု အမိန့်ပေးလိုက်တော့ ခွေးနက်ကြီးကလည်း တည့်တည့်ကိုသွားတော့သည်။ ဆရာတော် ၄ ပါးကလည်း ခွေးနက်ကြီးနောက် ဆက်လိုက်ခဲ့ကြတော့သည်။

ခွေးနက်ကြီးနောက်မှလိုက်ခဲ့ရာ အထက်စက်တော်ရာ၊ အောက်စက်တော်ရာ နှစ်ဆူကို တွေ့ရှိသဖြင့် ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းပြီး ဆရာတော်ကြီးများမှာ အားပါးတရ ဖူးမြော်ကြရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဖူးမြော်နေစဉ် တီရိယပဗ္ဗတာ မထေရ်ဖြစ်လာမည့် ရှင်မုနိန္ဒဃောသသည် ရင်းတွင်ပါလာသော နှစ်ထပ်သက်န်းကြီးနှင့် ဘုရား၏ဝက်တော်ရာနှစ်ဆူအား လွှမ်းအုပ်ပြီး ပူဇော်လေသည်။ ပူဇော်နေစဉ် ဘုရားတပည့်တော် မုနိန္ဒဃောသသည် ဘုရားဆုကို ဖန်ထားပါသည်။ ဘုရားစင်စစ်ကေန်ဖြစ်မည်ဆိုလျှင် ထင်ရှားသည့် သာဓကပြတော်မူပါဟု အဓိဋ္ဌာန်လိုက်လေသည်။ ပဋ္ဌာန်းဒေသနာတော်အားလည်း တစ်ညလုံးရွတ်ဆိုနေမိလေသည်။ ပဋ္ဌာန်းတွေရွတ်ရင်း ဆရာတော်ကြီးများ ကျိန်းစက်ကြရာ ကျိန်းစက်နေတုန်း ပိတ်ဖြူဝတ်လူသူတော်ကြီး ပေါ်လာပြန်သည်။ ထိုသို့ရောက်လာသဖြင့် ဆရာတော်ကြီးက “ ငါရွတ်တဲ့ပဋ္ဌာန်း၊ ဘုရားဟောတဲ့ ပဋ္ဌာန်းနဲ့တူရဲ့လား ” ဟု မေးလိုက်ရာ လူ့သူတော်ကြီးမှ“ မတူတာ တူတာ ပြောမနေနဲ့၊ အလွန်တရာ ပုပ်စော်နံတဲ့ငပိကို ဖက်နဲ့ထုပ်၊ အဲဒီဖက်ထုပ်ထဲက ငပိဖယ်ပစ်ရင် ဖက်မှာငပိနံ့စွဲပြီး ကျန်ရစ်သလိုပါပဲ ဘုရား” လို့လျှောက်ထား လေသည်။

ဥပမာသည် အဆိုးပြောသယောင်နှင့် အကောင်းပြောသွားခြင်း ဖြစ်သည်။ ဘုရားဟောပဋ္ဌာန်းနှင့် အရှင်ဘုရားရွတ်သည့် ပဋ္ဌာန်တူကြောင်း ပြောခြင်းသာ ဖြစ်ပေသည်။ ထိုပြောသွားသော ပိတ်ဖြူဝတ် ပုဂ္ဂိုလ်မှာလည်း အခြားသူမဟုတ်၊ ဘိုးတော်သိကြားမင်း ဖြစ်ပေသည်။

ဆရာတော်ကြီးသည် အဓိဋ္ဌာန်ထားသော နှစ်ထပ်သကၤန်းတွင် ထင်ရှားသော အမှတ်အသားလည်း ပေါ်လေသည်။ နှစ်ထပ်သကၤန်းကြီးသည် ကြိုးကြာသဖွယ် ကန်းကလာလေသည်။ (အချို့သမိုင်းတွင် နှစ်ထပ်သကၤန်း၌ ကြိုးကြာအရုပ်ထင်သည် ဟု ဆိုပါသည်။) မည်သည့်ထင်ရှားမှုဖြစ်စေ “ ကြိုးကြာ ” ဟူသော အကြောင်း အရာသည် အတူတူဖြစ်ပေသည်။ ထိုအခြေအနေကို ဆရာတော်အားလုံးက အဓိပ္ပာယ်ကောက်ကြသည်။ ကြိုးကြာဖြစ်သဖြင့် “ ကိုယ်တော် ကြိုးစားဦး၊ ဘုရားတော့ ဧကန်ဖြစ်မည်၊ ဒါပေမယ့် ကြာလိမ့်ဦးမည် ”ဟု ကောက်ယူခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါစက်တော်ရာနှစ်ဆူအား အားရပါးရဖူးမြော်ကန်တော့လေသည်။ စက်တော်ရာနှစ်ဆူအား ချည်ခင်လေးနှင့်တိုင်းပြီး ဖြတ်ယူကာ ကျောင်းသို့ပြန်ရောက်သည့်အခါ ဆရာတော်ကြီးလည်းကိုးကွယ်၊ မင်းတရားအားလည်း ကိုးကွယ်ရန် ပေးမည်ဟု အစီအစဉ်ပြုထားလေသည်။

ရွှေစက်တော်မှ တစ်ဆင့် မြောက်ဘက်သို့ ခရီးနှင်ကြတော့သည်။ မြောက်ဘက်သို့ ခရီးနှင်ခြင်းသည် ပခုက္ကူအနောက်နားမှ ပခန်းကြီးဘက်သွားခြင်း ဖြစ်သည်။ ပခန်းကြီးသည် အင်းဝမတိုင်မီ ပင်းယခေတ်ကတည်းက ထင်ရှားခဲ့လေသည်။ ပခန်းကြီးမြို့တွင် ရွှေဥမင်ဆရာတော်အား ဖူးတွေ့ရန် ခရီးဆက်ခဲ့ကြခြင်း ဖြစ်ပေသည်။ ရွှေဥမင်ဆရာတော်သည် တောထဲက ဥမင် လိုဏ်နဲ့ တစ်ပါးတည်း နေသူ ကပ္ပိယသူတော်နဲ့သာ နေသူ ဖြစ်လေသည်။

## ကြည်ညိုဖွယ်ဆရာတော်နှစ်ပါးတွေ့ဆုံခြင်း

တောင်ဖီလာဆရာတော်ဘုရားသည် မင်းဆရာအဖြစ် ထင်ပေါ်ကျော်ကြားသကဲ့သို့ လူသူတော်တစ်ဦးဖြင့် တောရဆောက်တည်နေသော ရွှေဥမင် ဆရာတော်ဘုရားသည်လည်း စာပေကျမ်းဂန်တတ်ကျွမ်းမှုနှင့် ဝိနည်းလိုက်နာမှု ကျင့်ကြံအားထုတ်မှုတို့ဖြင့် ထင်ပေါ်လျက်ရှိပေသည်။

ထို့ကြောင့်လည်း မန်းစက်တော်ရာဘုရားတွင် အားရကျေနပ်စွာ ဖူးမြော်ကန်တော့ပြီး ပြန်လာသော တောင်ဖီလာဆရာတော်သည် ရွှေဥမင်ဆရာတော်အား ဝိနည်း ၅ ကျမ်း၊ နိဿယစာစောင်နှင့် မိမိပြုစုထားသော ဝိနည်းနိဿယကျမ်းတို့ကို တိုက်ဆိုင်ညှိနှိုင်းရန်လည်းကောင်း စိတ်အကြံဖြင့် ရွှေဥမင်ဆရာတော် သီတင်းသုံးရာ တောရကျောင်းတိုက်သို့ ရောက်လာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကိုရင်ကြီး (သို့မဟုတ်) တောထွက်ပဥ္စင်းနှင့် တောင်ဖီလာဆရာတော်တွေ့ဆုံခြင်း

တောင်ဖီလာဆရာတော်ဘုရားကြီးသည် ပခန်းကြီးမြို့၏ စေတီတစ်ဆူတွင် သန့်ရှင်းရေးပြုလုပ်နေသော ကိုရင်ကြီး (သို့မဟုတ်) တောထွက်ပဥ္စင်းတစ်ပါးတော့ တွေ့ချေပြီ။ ရွှေဥမင်ဆရာတော်ကြီး သီတင်းသုံးရာဒေသမေးလေမှ တော်တော့မည်ဟု စိတ်အကြံပေါက်သဖြင့်–

" ကိုယ်တော် ရွှေဥမင်ဆရာတော်ကြီး သီတင်းသုံးရာကို ညွှန်ပြပါ "ဟု လျှောက်ထားလေသောအခါ တောင်ဖီလာဆရာတော်ကြီးအား သန့်ရှင်းရေးပြုလုပ်နေသော ကိုယ်တော်ကြီးမှ–

" ရှေ့ကတဲကျောင်းမှာ စောင့်နေပါ၊ ရွှေဥမင်ဆရာတော် မကြာခင် ကြွရောက်လာပါလိမ့်မယ် "ဟု ရိုသေစွာ ပြန်လည်လျှောက်ထားလေသည်။ တောင်ဖီလာဆရာတော်ဘုရားကြီးသည် သန့်ရှင်းရေးပြုလုပ်နေသော ကိုယ်တော် ညွှန်ပြသည့်တဲကျောင်းသို့ သွားရောက်၍ ရွှေဥမင်ဆရာတော်အား ဖူးမြော်ရန် သင့်သလိုနေထိုင်၍ စောင့်ကြိုနေပေသည်။

မျှားမကြာမီ ရွှေဥမင်ဆရာတော် ကြွလာမည့်အရေး တွေးနေသော တောင်ဖီလာ ဆရာတော်ကြီး၏ ရှေ့မှောက်သို့ သန့်ရှင်းရေးပြုလုပ်နေသော ကိုယ်တော်ကြီး ရောက်လာသဖြင့် တောင်ဖီလာဆရာတော်မှ –

" ကိုယ်တော် ရွှေဥမင်ဆရာတော် ကြွမလာသေးဘူးလား "ဟု စိတ်မရှည်ဟန် လျှောက်ထားလေသောအခါ တောင်ဖီလာဆရာတော်မှ ကိုရင်ကြီး (သို့မဟုတ်) တောထွက်ပဥ္စင်းဟုထင်မှတ်ခဲ့သော ကိုယ်တော်မှ –

" ရွှေဥမင်ဆရာတော် ဆိုတာတပည့်တော်ပါပဲဘုရား " ဟု လျှောက်ထားသော အခါ တောင်ဖီလာဆရာတော်ကြီးသည် အားတုံ့အားနာဖြစ်စွာဖြင့် မိမိအထင်များမိ

www.burmeseclassic.com



သည်ကို အထူးတောင်းပန်တော့သည်။ ရွှေဥမင်ဆရာတော်ကြီးမှ " သားနေ့နယ်" ကလေး ဖုန်ခါ၍ တောင်ဖီလာဆရာတော်အား ခင်းကျင်းကာ နေရာပေးလေတော့သည်။

ဆရာတော်ကြီးနှစ်ပါးသည် ရင်းနှီးစွာတရားဆွေးနွေးပြီး ရွှေဥမင်ဆရာတော် ပြုစုထားသော ဝိနည်း ၅-ကျမ်း၊ နိဿယစာစောင်အား တောင်းယူ၍ မိမိ (တောင်ဖီလာ) ပြုစုထားသော ဝိနည်း ၅ ကျမ်း၊ နိဿယစာစောင်တို့ကို တိုက်ရိုက် စစ်ဆေးကြည့်သောအခါ ရွှေဥမင်စီရင်သော ဝိနည်း၊ နိဿယတို့အား မှီရိုအားထား ရာဖြစ်လောက်ပြီး ရွှေဥမင်စီရင်သောကျမ်းသည် မိမိပြုစုသောကျမ်းထက် စောစီးစွာ ပြီးစီးနေကြောင်း ကျမ်းအဆုံးတွင် တွေ့ရသဖြင့်လည်းကောင်း၊ ကျမ်းလည်း နှစ်ဆူ မရှိသင့်သည်ကတစ်ကြောင်း၊ ရွှေဥမင်ပြုစုသောကျမ်းက ကျဉ်း၍ပြည့်စုံသည်က တစ်ကြောင်း၊ မိမိကျမ်းထက် စောစီးစွာပြီးစီးထားသည်ကတစ်ကြောင်း တို့ကြောင့် မင်းနေပြည်တော်ပြန်ရောက်လျှင် မိမိပြုစုထားသောကျမ်းအား မီးပူဇော်လိုက်မည် ဟု စိတ်တွင်ဆုံးဖြတ်ထားပေသည်။ ရွှေဥမင်ဆရာတော်သည် တောရကျောင်းတွင် ဆင်းရဲစွာနေထိုင်ပြီး အစစမပြည့်စုံသည်ကိုကြည့်၍လည်းကောင်း၊ တောရကျောင်း တွင် အခြွေအရံမရှိဘဲ ရွှေဥမင်ဆရာတော်နေသည်ကို စိုးရိမ်၍လည်းကောင်း ဤသို့ မေးလျှောက်လေသည်။

" အခြွေအရံ ပရိသတ်နည်းလှသဖြင့် ကြောက်မက်ဖွယ်မတွေ့မိဘူးလား ဘုရား " ဟု တောင်ဖီလာဆရာတော်မှဆိုသဖြင့် ရွှေဥမင်ဆရာတော်မှ –

" ကြောက်၍ပင် လူသူကင်းသည့် တောတွင်း၌ တောရကျောင်းဖြင့် နေခြင်း ဖြစ်ပါသည်ဘုရား " ဟု ပြန်လည်လျှောက်ထားသောအခါ –

တောင်ဖီလာဆရာတော်ဘုရားကြီးသည် ဤသို့သံဝေဂရလေသည်။

" ငါသည် သံသရာကိုမကြောက်တတ်သူ ဖြစ်နေပါပကော " ဟု တွေးမိ လေသည်။ ထို့ကြောင့်လည်း ရှင်မုနိန္ဒဃောသမထေရ် (တောင်ဖီလာ) သည်

www.burmeseclassic.com

www.burmeseclassic.com



မွန်မြတ်သောမင်းလှူဒါန်း၍ ရရှိအပ်သော သင်္ကန်းနှင့် ဝတ္ထုပစ္စည်းများအား ရွှေဥမင် ဆရာတော်အား ဆက်ကပ်လှူဒါန်းလေသည်။ ထိုအခါရွှေဥမင်ဆရာတော်မှ လက်နှင့် ခံယူတော်မူပြီး –

သာဓု၊ သာဓု၊ သာဓု၊ ရွှေစည်းခုံကိုလှူပါ၏ ဟုဆိုကာ ဘေးတွင်ချထားလိုက် လေသည်။

မည်သည့်ပစ္စည်းလှူလှူ၊ ထိုသို့ပြုမူနေသော်လည်း ရှင်မုနိန္ဒဃောသမထေရ် သည် စိတ်ခုခြင်း မဖြစ်ခဲ့ပါ။

တောင်ဖီလာဆရာတော်အပြန်တွင် ရွှေဥမင်ဆရာတော်မှ လိုက်ပါပို့ဆောင် ပေးလေရာ တောင်ဖီလာဆရာတော်မှ ရွှေဥမင်ဆရာတော်အား " ငါ့ရှင် ရှေ့က ကြွပါ " ဟုလျှောက်ထားလေသည်။ သို့သော်ရွှေဥမင်ဆရာတော်ကလည်း မင်းဆရာဖြစ်သည့် တောင်ဖီလာဆရာတော်လောင်းအား " ငါ့ရှင် မင်းဆရာဖြစ်၍ ရှေ့ကကြွပါ "ဟု လျှောက်ထားလေသည်။ အပြန်အလှန်လေးစားမှုသည် ကြည်ညို ဖွယ်ဖြစ်ပေသည်။ နောက်ဆုံးဆရာတော်နှစ်ပါးသည် ရင်ပေါင်တန်းကြွရောက် သွားကြသည်။

ကြည်ညိုဖွယ်ဆရာတော်နှစ်ပါး တွေ့ဆုံစဉ် အဖြစ်အပျက်အား သိရှိနေသော ဦးသူတော်သည် ရွှေဥမင်ဆရာတော်အား ဤသို့လျှောက်ထားလေသည်။

" အရှင်ဘုရား ဝိနည်းမှာ သူသဒ္ဓါ၍ လှူသောပစ္စည်းကို မသုံးဆောင်ဘဲ သူတစ်ပါးကို မပေးအပ်၊ ပေးသော သူ့သဒ္ဓါကို ဖျက်သည်မည်ရကား အာပတ်သင့် သည် မဟုတ်ပါလော့ "ဟု လျှောက်လေရာ ရွှေဥမင်ဆရာတော်က " ငါ မင်းဆရာ (ဘုရင်ကိုးကွယ်သောဆရာတော်) ကို ကောင်းကောင်း ဆုံးမလိုက်တာ သူတော်ရ၊ တို့က သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ရှိရင် တော်ပြီ၊ ရောင့်ရဲတယ်၊ တင်းတိမ်တယ်၊ မျှတတယ် မင်းပူဇော်တာမကလို့ သိကြားကလာဆက်တဲ့ သင်္ကန်းဖြစ်ပြီ ကိုယ်ဝတ်နေတဲ့သင်္ကန်း သုံးထည်ကလွဲလို့ အခြားမလိုချင်ဘူး ဆိုတဲ့ အဓိပ္ပာယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်တာ၊ မင်းတို့ရဲ့ အင်းဝနေပြည်တော်ကလာတဲ့ ရှင်မုနိန္ဒဃောသ (တောင်ဖီလာ) အင်းဝပြန်ရောက်တဲ့အခါ ပစ္စည်းတွေ များစွာလက်ခံရရင် ဒီကိုယ်တော် အာဂကိုယ်တော်ပေါ့ကွာ " ဟု ရွှေဥမင်ဆရာတော်က မိန့်တော်မူလေသည်။

ထိုအခါ ဘိုးသူတော်မှ ဆက်လက်လျှောက်ထားလေတော့သည်။ "ဆရာတော်က ကြောက်လွန်လွန်းလို့ တောထဲတစ်ယောက်ထဲနေတာလို့ ပြောတုန်းက မင်းကိုးကွယ်တဲ့ ဆရာတော်မျက်နှာပျက်သွားတယ် "ဟု ဆိုသဖြင့် ဆရာတော်ကြီးက " ငါဆိုးမလိုက်တာကွ၊ သူကရှင်ဘုရင်ကိုးကွယ်တဲ့ဆရာတော်ဆိုတော့ ရှင်ဘုရင် လှူတဲ့ပစ္စည်းတွေ တစ်ပုံကြီးသယ်လာပြီးတော့ ငါ့ကို ' အာမိသ ' နဲ့ ပူဇော်တယ်၊ ငါကသူ့ကို ဖျာတောင်ခင်းပေးစရာ မရှိဘူး။ ပူဇော်မိုဆိုတာ အဝေးကြီး။ ဒီတော့ သူကငါ့ကို ပစ္စည်းနဲ့ပူဇော်ရင် ငါကသူ့ကို အမြတ်ဆုံး အဆုံးအမနဲ့ ပူဇော်လိုက်မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ငါပြောလိုက်တာ ပူဇော်လိုက်တာပါ " ဟု ဆရာတော် ကြီးက ပြောကြားလိုက်လေသည်။ ဆရာတော်ကြီး ရည်ရွယ်ချက်က ငါ့လို တောရပ် မှီပြီး နေပါလို့ ပြောလိုက်ခြင်းဖြစ်သည်။ ထိုအမြတ်ဆုံးတရားကို သူကြားသွားပါရက် နဲ့ အင်းဝရောက်တဲ့အခါ မင်းရဲ့ကျော်စွာဆောက်လုပ်လှူဒါန်းတဲ့ လေးထပ်ပြာသာဒ် ကျောင်းပေါ် ဒီကိုယ်တော်ပြန်တက်ရင် အလွန်ယောကျ်ားပါပေ ဟု ရွှေဥမင် ဆရာတော်ကြီးမှ ဦးသူတော်အား ပြောကြားလိုက်လေသည်။

ထို့အတူ ကြောက်လွန်လွန်းလို့ တစ်ယောက်တည်း တောထဲနေပါသည်ဟု ရွှေဥမင်ဆရာတော်၏ စကားလက်ဆောင်ရခဲ့သော ရှင်မုနိန္ဒဃောသ (တောင်ဖီလာ ဆရာတော်လောင်း) သည် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့တွင် သက်တော် ၆၀ မြောက်လေသည်။ ထိုနေ့တွင်ပင် စစ်ကိုင်းတောင် ဒေါရိယပဗ္ဗတ

www.burmeseclassic.com



ခေါ်သည့် တောင်တန်းကြီးတွင် တောရပ်မှီ၍ တရားဘာဝနာပွားများ လေတော့သည်။ နေပြည်တော်သို့ ပြန်ပင်မပြန်တော့ပါ။ စစ်ကိုင်းတောင်တန်းကြီးသည် တောင်နှင့်မြောက်အလျားလိုက် တည်ရှိနေပါသည်။ ထိုတောင်တန်းတွင် အရှေ့နှင့်အနောက် ကန့်လန့်ဖြတ်ထွက်နေသော တောင်တန်းတစ်ခု တည်ရှိနေပြန်ပါသည်။ တောင်နှစ်ခုအဖြတ်သည် ထောင့်မှန်ဖြတ် ဖြစ်နေပါသည်။ ထိုတောင်တွင် ဆရာတော်ကြီး သီတင်းသုံးခဲ့လေသည်။ တောင်နှင့်မြောက်တည့်ရှိနေသော တောင်ကို ကန့်လန့်ဖြတ်သောတောင်အား ပါဠိလို တိရိယပဗ္ဗတဟု ခေါ်ဆိုပြီး မြန်မာလို တောင်ဖီလာဟု ခေါ်ဆိုလေသည်။

ဆရာတော်ကြီးသည် စလင်းစား မင်းရဲကျော်စွာတို့အားအသိမပေးဘဲ ရွှေဥမင်ဆရာတော်၏ ကြောက်လွန်လွန်းလို့ဟူသော စကားလက်ဆောင်ကို သံဝေဂရသဖြင့် တောရပ်မှီသွားခြင်း ဖြစ်ပေသည်။ အင်းဝတွင် တဖြည်းဖြည်းနှင့် သတင်းစကားကြားလာတော့သည်။

ထိုသတင်းစကားကို ကြားသိရသဖြင့် မင်းညီနောင်နှစ်ပါးတို့သည် တောင်ဖီလာဆရာတော်အား လိုက်ရှာကြမည်ဟု စီစဉ်ကြလေသည်။ ထိုသို့ လိုက်ရှာသည့်အခါ ညီနောင်နှစ်ပါး ကတိစကားထားပြီး ရှာကြခြင်းဖြစ်သည်။ ဦးစွာတွေ့ရှိသူသည် ဆရာတော်အား ကျောင်းဆောက်ကိုးကွယ်ခွင့်ရရှိစေမည်ဟု အစီအစဉ်ပြု၍ ရှာကြသောအခါ တောင်ဖီလာကွေ့တောထဲ၌ တောင်ဖီလာဆရာတော်အား မင်းရဲကျော်စွာမှ ဦးစွာပထမ တွေ့ရှိလေတော့သည်။ သို့အတွက် မင်းရဲကျော်စွာသည် ထိုတောထဲ၌ ဇေတဝန်ကျောင်းဟူသော ကျောင်းကြီးဆောက်လုပ်၍ ဆရာတော်အား လှူဒါန်းပူဇော်လေသည်။ မင်းရဲကျော်စွာသည် ကျောင်းဒကာ (၂) ထပ် ရရှိတော် မူလေသည်။

အစ်ကိုကြီးဖြစ်သူ သာလွန်မင်းတရားသည် ကျောင်းဆောက်လှူဒါန်းခွင့် မရရှိသဖြင့် ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တစ်ဆူ ထပ်မံပူဇော်တော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဘွဲ့တံဆိပ်မှာ မဟာတိပ်ဋကဘွဲ့တံဆိပ်ဖြစ်ပေသည်။ သို့အတွက် သာလွန်မင်းတရားကြီးသည်လည်း ဆရာတော်ကြီးအား ဘွဲ့တံဆိပ် (၂) ထပ် ကပ်ခွင့်ရရှိသော ပုဂ္ဂိုလ်ဖြစ်တော်မူလေသည်။

မင်းညီနောင်နှစ်ပါးသည် ဆရာတော်အား အားရဝမ်းသာ ဖူးမြော်နေစဉ် သာလွန်မင်းတရားကြီးအား တောင်ဖီလာဆရာတော်မှ –

"ဟို ပခန်းမြို့မှ ရွှေဥမင်ဆရာတော်သည် (ပဋိပတ္တိ–ပရိယတ္တိ) အလွန်တော်ပေသည်။ ငါအားဆုံးမလွှတ်လိုက်သဖြင့် ယခုကဲ့သို့ သင်တို့ဖူးမြင်တွေ့ရခြင်းဖြစ်ပေတယ် "ဟု နားမဆန့်လောက်အောင် ရွှေဥမင်ဆရာတော်အား ချီးကျူးစကားပြောကြားလေသဖြင့် သာလွန်မင်းတရားမှ ရွှေဥမင်ဆရာတော်အား ကြည်ညိုသဒ္ဓါပွားလာသဖြင့် ဘွဲ့တံဆိပ်အသစ်တစ်ခုပြုလုပ်ကာ ရွှေဥမင်ဆရာတော်ကြီးထံ ပို့၍ ဆက်ကပ်လေသည်။ ထိုဘွဲ့မှာ " ဦးဇမ္ဗုဓဇ "ဖြစ်ပေသည်။ ထို့ပြင် သာလွန်မင်းတရားမှာ ' ဇမ္ဗု' နောက်တွင် ' ဒီပ' ဟူသော စာလုံးတိုး၍ " ဇမ္ဗုဒီပဓဇ" ဘွဲ့ ဆက်ကပ်တော်မူလေသည်။ တောင်ဖီလာဆရာတော်ကြီးမှာ ရွှေဥမင်ဆရာတော်၏ ကျေးဇူးတရားကို တုံ့ပြန်သောအားဖြင့် ရွှေဥမင်၏ဂုဏ်ပုဒ်အား ချီးကျူး၍ ဘုရင်နားပေါက်အောင် ပြောကြားသဖြင့် တောရပ်မှီသော ရွှေဥမင်ဆရာတော်ပင် " ဇမ္ဗုဒီပဓဇ" ဘွဲ့ ရရှိလေသည်။

တောင်ဖီလာဆရာတော်သည် နံနက်မိုးလင်းစတွင် ကျမ်းပြုခြင်းတစ်ကြိမ်၊ ညနေတစ်ကြိမ် ကျမ်းပြုခြင်း၊ တစ်နေ့နှစ်ကြိမ်ပြုလေသည်။ နေ့ခင်းဘက်တွင် စာပေပို့ချပြီး နံနက်ပိုင်းတွင် ဆွမ်းခံထွက်၊ ညအခါ တရားအားထုတ်နေသဖြင့် နားချိန်ပင်မရှိပေ။

တောင်ဖီလာဆရာတော်တောရပ်မှီနေစဉ် ကာလအတော်ကြာသောအခါ သာလွန်မင်းတရားကြီးသည် တောင်ဖီလာဆရာတော်၏ သီလ၊ သမာဓိအား စမ်းသပ်လိုစိတ် ပြင်းပြလာသောကြောင့် စမ်းသပ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘားမကူး ဆရာတော်

တစ်နေ့သော နေဝင်ဖြိုးဖျအချိန်တွင် တောင်ဖီလာတောရကို သနားစဖွယ် မိန်းကလေးငယ်တစ်ဦး အပြေးလာနေပေသည်။ ထိုအချိန်တွင် တောင်ဖီလာ ဆရာတော်ကြီးသည် ရေကန်အနီးလမ်းလျှောက်နေရာမှ ဘုရားဝတ်ပြုရန် ပြင်ဆင် နေခိုက်တွင် ' ကယ်တော်မူပါ၊ ကယ်တော်မူပါဘုရား 'ဟု အော်ဟစ်၍ ဆရာတော် ကြီးအား ပြေး၍ဖက်တော့မယောင် ဖြင့် မိန်းကလေးငယ်တစ်ဦး ပြေးဝင်လာပေ သည်။ ရုပ်ရည်သနားကမားနှင့် အဝတ်အစားမလုံမခြုံ ဝတ်ထားသော ဒကာမလေး ရုပ်သွင်ကို လရောင်အောက်တွင် ထင်လင်းစွာမြင်တွေ့နေရသဖြင့် ဆရာတော်ကြီး မှ ' ဒုက္ခပါတကား ' ဟု ညည်းတွားခိုက် –

" တပည့်တော်မသည် လူဆိုးများရန်ကြောင့် လမ်းတွင်ဒုက္ခရောက်လာသော ဒုက္ခသည်ပါဘုရား၊ ယနေ့တစ်ညတာမှီခိုပါရစေဘုရား " ဟု မိန်းကလေးငယ်က ငိုယိုတောင်းပန်သဖြင့် ဆရာတော်ကြီးသည် ညအခါ တောကြီးအတွင်း၌ ဒုက္ခတွေ့ နေသော မိန်းကလေးအား နှင်လွှတ်ရအခက်၊ လက်ခံရအခက် ဖြစ်နေသည်။ ထိုအချိန်တွင် မိန်းကလေးငယ်မှ ငိုယို၍ " တစ်ညတည်းပါဘုရား၊ ဒုက္ခသည်မအား ကယ်တော်မူပါဘုရား "ဟု အားကိုးသော အမူအယာဖြင့် ထပ်ဆင့်တောင်းပန်လာ သောကြောင့် ဆရာတော်ကြီးသည် မိန်းကလေးငယ်အား ကျောင်းဆောင်အပြင်ဖက် စကြံနိ၌ အိပ်ခွင့်ပြုလိုက်လေသည်။

တောင်ဖီလာဆရာတော်ကြီးသည် စေတီရင်ပြင်၌ ဘုရားဝတ်ပြုခြင်း၊ စင်္ကြံလျှောက်ခြင်း၊ မေတ္တာပို့ခြင်းများအား အာရုံမပြတ် ပြုလုပ်နေတော်မူလေ သည်။ နောက်ဆုံးဆရာတော်ကြီးသည် ကျောင်းပေါ်သို့ပြန်ကြွလာကာ မိန်းကလေး ငယ်အား ကျောင်း၏အပြင်ဘက် နေရာတွင် အိပ်စေပြီး ကျောင်းတွင်း၌ ဆရာတော် ကြီးသည် တံခါးမင်းတုပ်များအားချ၍ ကမ္မဋ္ဌာန်းဘာဝနာ ပွားများနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် တွင် ဆရာတော်ကြီး၏စိတ်ဝယ် " ဤမိန်းကလေးရောက်လာ၍ ငါသည် တစ်ညလုံး တရားရှုမှတ်ခွင့် ရရှိသည် "ဟု မှတ်ယူနှလုံးသွင်းထားလေသည်။

ထိုအချိန်တွင် တံခါးအားလက်ဝါးဖြင့် ပုတ်သံကြားရပြီး တစ်ဆက်တည်းမှာပင် မိန်းကလေးငယ်၏ " အရှင်ဘုရား တပည့်တော်မ ကြောက်လွန်းချမ်းလွန်းသဖြင့် ကျောင်းအတွင်းသို့ ဝင်၍ အိပ်ခွင့်ပြုပါဘုရား "ဟု ငိုယို၍ တစာစာ အော်နေသည်ကို ဆရာတော်ကြီးသည် ကရုဏာထားမိ၍ မိန်းကလေးငယ်အား ကျောင်းအတွင်းဝင်၍ အိပ်စေပြီး ဆရာတော်ကြီးမှာ ကျောင်းပြင်ထွက်၍ တရားရှုမှတ်နေလေသည်။

မကြာမီပင်ထိုမိန်းကလေးငယ်သည် ကျောင်းအတွင်း၌ " တစ်ယောက်တည်း မအိပ်ဝံ့ပါ " ဟု ဆိုလာပြန်ပါသည်။ ထိုအခါ ဆရာတော်မှ မိန်းကလေးငယ်အား နောက်ထပ်လျှာမရှည်နှင့်ဟု ပြောပြီး ကျောင်းထောင့်ချိုးတွင် နေရာချပေးလေသည်။

မိန်းကလေးငယ်သည် ထပ်မံ၍ နေမကောင်းသောအမူအရာဖြင့်" တပည့်တော်မ သေရပါတော့မည်၊ ကယ်တော်မူပါဘုရား "ဟု ငိုယို၍ အော်ဟစ်နေသောကြောင့် ဆရာတော်ကြီးမှ " ဘာဖြစ်ပြန်တာလဲ " ဟု ငေါက်ငန်း၍ မိန်းကလေးငယ် အနီးသို့သွားပြီး

" ငါ့မှာ ဘာဆေးမှမရှိဘူး၊ မိုးလင်းတော့မယ်၊ ဘုရားကို အာရုံပြုနေ "ဟု မိန့်တော်မူလိုက်လေသည်။ မိန်းကလေးငယ်သည် အမူအရာပျက်ကာ ဆရာတော်ကြီး၏ ခြေသလုံးကို သိမ်းကျုံးပွေ့ဖက်တော့မည် ဟန်ပြုနေသဖြင့် ဆရာတော်ကြီးသည် အကြံရကာ နံရံတွင်ထိုးထားသော ဓားမကိုယူ၍ မိမိခြေသလုံးအား ဓားနှင့်မွှန်းလေတော့သည်။ သို့အတွက် ခြေသလုံးမှသွေးများ ပန်းထွက်သည်ကို ဆရာတော်သည် ဂရုမထားဘဲ ဝေဒနာနုပဿနာ ရှုနေပေတော့သည်။ ဆရာတော်၏ အဖြစ်ကို မိန်းကလေးကြည့်ပြီး ထိတ်လန့်သွားပေသည်။ ထိုအတူ " တပည့်တော်မ မှားပါပြီဘုရား၊ ခွင့်လွှတ်တော် မူပါဘုရား " ဟု တောင်းပန်လျှောက်ထားပြီး မိုးလင်းသဖြင့် ကျောင်းပေါ်မှ ဆင်းပြေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ဖီလာတောရဆရာတော်နှင့် မိန်းကလေးတစ်ဦးတို့ တောရကျောင်းတိုက်တွင်နှစ်ကိုယ်တည်း နေခဲ့သောသတင်းများ အင်းဝနေပြည်တော်ရှိ ပြည်သူပြည်သားအားလုံး ကြားသိကုန်သဖြင့် ဆရာတော်၏ ကိုယ်ကျင့်တရား အပေါ် ယုံမှားသံသယရှိလာသော အမှုအရာပြောဆိုနေကြသည့်ကိစ္စကို သာလွန်မင်းတရားကြီးကြားသိသောအခါ ဆရာတော်၏ ကိုယ်ကျင့်တရားကို လေ့လာရန် ပရိသတ်အခြွေအရံများစွာဖြင့် ဆရာတော်ကြီးထံ သွားရောက်၍ –

" ဆရာတော်ဘုရား၊ ဆရာတော်၏ကိုယ်ကျင့်တရား ကောင်းပါသေး၏လော့ " ဟု လျှောက်တင်ရာ ဆရာတော်မှ –

" ငါ၏ကိုယ်ကျင့်တရား ယနေ့တိုင်မပျက်ခဲ့ သက်သေပြမည်၊ ငါ၏သက်သေသည် တမကြီးသာဖြစ်သည်။ သင်၏ပရိသတ်အားလုံးအား ဤကျောင်း၏ အနောက်ဘက် မင်းဝံတောင်တန်းမှာ ရှိတဲ့ ရေကန်နားမှာ စုဝေးပါစေ၊ အဲဒီရေကန်မှာ ငါ၏ကိုယ်ကျင့်တရားအတွက် သက်သေပြမည် " ဟု ဆရာတော်မှ မိန့်တော်မူသဖြင့် ရေကန်တွင်ပရိသတ်အများ စုဝေးနေကြလေသည်။ ဆရာတော်ကြီးသည် ရေကန်အထက်မှနေ၍ ဤသို့ အဓိဋ္ဌာန်ပြုလေသည်။

" ငါ၏ကိုယ်ကျင့်တရား ပျက်ပြားခဲ့သည်ရှိသော် ငါ၏လက်ဝယ်ရှိသော တမကြီးအား ရေကန်အတွင်းမျှောလိုက်သည့်အခါ တစ်မုဟုတ်ချင်း မြုပ်သွားပါစေသား၊ အကယ်၍ ငါ၏ကိုယ်ကျင့်တရား ယနေ့တိုင်ကောင်းနေခဲ့ပါလျှင် ဤတမကြီးအား ကန်ထဲသို့မျှောလိုက်သည့်အခါ ရေပေါ်တွင်ပေါ်၍ ကူးနေပါစေသား' ဟု အဓိဋ္ဌာန်ပြု၍ တမကြီးအား ရေကန်ထဲသို့ မျှောလိုက်သည့်အခါ မြုပ်သွားခြင်း မရှိဘဲ ငါးကဲ့သို့ ရေတွင်ကူးခတ်နေပေတော့သည်။

ထိုအခါမင်းနှင့်တကွ ဖူးကြီးမတ်ရာ သေနာပတိများနှင့် နေပြည်တော်အတွင်း ရှိပြည်သူပြည်သားအားလုံး အံ့သြချီးမွမ်းကြလေသည်။ သာလွန်မင်းကြီးသည် ဆရာတော်ကြီးအား အလွန်ကြည်ညိုသူ ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဂုဏ်သတင်းပို၍

www.burmeseclassic.com

www.burmeseclassic.com



ပျံ့စေရန် ၎င်းကိုယ်တိုင်ပင် အမှုအရာကောင်းသော ကချေသည်မင်းသမီးအား စေလွှတ်၍ ဆရာတော်ကြီးအား မြှူဆွယ်ခိုင်းလိုက်ခြင်း ဖြစ်ပေသည်။ မင်းသမီးငယ်လည်း နည်းမျိုးစုံဖြင့် ဆရာတော်အား မြှူဆွယ်မရသဖြင့် တောင်းပန်ကန်တော့ကာ မင်းနေပြည်တော်သို့ ပြန်ပြေးရလေတော့သည်။

သာလွန်မင်းတရားကြီးသည် ဆရာတော်ကြီးအား ပို၍ ကြည်ညိုခဲ့ပေသည်။ သို့သော် မင်းတစ်ပါးတည်း ကြည်ညိုခြင်းထက် ဆရာတော်ကြီး၏ ဂုဏ်သတင်း ကျော်ကြား၍ အများကြည်ညိုနိုင်စေရန် ဆရာတော်ကြီးအား ကိုယ်ကျင့်တရားပျက် မပျက် စစ်ဆေးသဖြင့် ဆရာတော်ကြီးမှ အထက်ဖော်ပြပါ သာဓကဖြင့် ကိုယ်ကျင့်တရားမပျက်ကြောင်း သက်သေထူခဲ့ပေသည်။

ဆရာတော်ကြီး သက်သေထူခဲ့သော ရေကန်ကြီးအား " စားမကူးကန် " ဟုလည်းကောင်း၊ ဆရာတော်ကြီးအား " စားမကူးဆရာတော်ကြီး " အဖြစ်လည်းကောင်း ထင်ပေါ်ကျော်ကြားစေခဲ့ပါသည်။

## ကျော်လေးကျော်

(၁) သာမဏေကျော်

(၂) ပဥ္စင်းကျော်

(၃) တိပိဋကလင်္ကာရအကျော်

(၄) တောင်ဖီလာပုဂ္ဂိုလ်ကျော် ဟူသော ဘွဲ့ပိုင်ရှင်သည် ရှင်မုနိန္ဒဃောသ ဟူသော ဆရာတော်ဖြစ်ပါသည်။

## ဘွဲ့ (၈) ဘွဲ့

(၁) ရှင်မုနိန္ဒဃောသ (ရှင်သာမဏေဘွဲ့)

(၂) ဥပါလိဘွဲ့ (ပဥ္စင်းဘွဲ့)

www.burmeseclassic.com

www.burmeseclassic.com



(၃) တိပိဋကလင်္ကာရဘွဲ့

(၄) မဟာတိပိဋကလင်္ကာရဘွဲ့

(၅) သာမဏေကျော်ဘွဲ့

(၆) ပဋ္ဌင်းကျော်ဘွဲ့

(၇) တောင်ဖီလာပုဂ္ဂိုလ်ကျော်ဘွဲ့

(၈) တားမကျူးဆရာတော်ဘွဲ့ ရှစ်ဘွဲ့ရဆရာတော်ကြီးအဖြစ်လည်း ထင်ပေါ်ကျော်ကြားခဲ့ပေသည်။

## ဆရာတော်၏ဆုတောင်း

တောင်ဖီလာ ခေါ် တားမကျူးဆရာတော် ငါပုဂ္ဂိုလ်ကျော်သည် ဝိနယလင်္ကာရ ဋီကာကျမ်းကို ပြုစုရသော အကျိုးကြောင့်လည်းကောင်း၊ အခြားသောကောင်းမှု အစုစုတို့ကြောင့်လည်းကောင်း၊ ဤဘဝမှစုတေခဲ့သည်ရှိသော် ဒုတိယဘဝ၌ ဟိမဝန္တာတောရပ် ဂန္ဓမာဒနတောင်၊ ပတ္တမြားလိုဏ်ဂူ၏အနီး မဉ္ဇူသက နတ်ပန်း ပင်ကြီး၌ ဘုမ္မစိုးနတ်ကြီးဖြစ်ရပါစေဟု ဆုတောင်းခဲ့သည်။

ထိုဆုတောင်းအား အဘယ်ကြောင့်ဆုတောင်းရသနည်းဟု ဆိုပါမူ အလွန် အသက်ရှည်၍ မြင့်မြတ်လှစွာသော ပညာ ဝီရိယပြည့်စုံသော ဘုရားသာသနာတော် ကို မြတ်နိုးတတ်သော နတ်ဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့ခြင်းသာ ဖြစ်ပေသည်။ ထိုနတ် ဘာကြောင့် ဖြစ်ချင်ရပါသလဲဟု ဆိုလျှင် နောင်ပွင့်လာမည့် (အရိမေတ္တယျ) မြတ်စွာဘုရားပွင့်တော်မူသည်အထိ အသက်ရှည်သည်။ ဘုရားပွင့်သည့်အခါ ဦးစွာ ဖူးတွေ့လိုသောကြောင့် ထိုဆုတောင်းကို ဆရာတော်မှ တောင်းခဲ့ခြင်း ဖြစ်ပေသည်။

နတ်ဖြစ်ခဲ့သော ဗုဒ္ဓသာသနာရှိနေသည့် ကာလပတ်လုံးစေတီတော်ကို ရှိခိုးသော် ရပြီး၊ စေတီယင်္ဂဏဝတ်ပြုနေပါရစေဟု ထပ်မံဆုတောင်းခဲ့ပေသည်။ ထို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ ဒါယကာ သာလွန်မင်းတရားကြီးမှ ကောင်းမှုတော်စေတီကြီးအား တည်ခဲ့လေသည်။ မိမိကိုးကွယ်သော သီဟိုဠ်မှ ပေးလိုက်သည့် စွယ်တော်တတ်တော်များနှင့် ပတ္တမြားဆံကျစ်အား ဌာပနာထားပြီး စွယ်တော်ကြွတ်ကြီးပုံသဏ္ဍာန်အတိုင်း တည်ထားခဲ့လေသည်။ စေတီဘွဲ့အမည်မှာ " ရာဇာမဏိစူဠာ" ဖြစ်လေသည်။

အလားတူ ငါတောင်ဖီလာဆရာတော်သည် ကမ္မဋ္ဌာန်းအလုပ် အားထုတ်တော်မူသော ရဟန်းတော်တို့အား ဝေယျာဝစ္စဆောင်ရွက်ပေးနိုင်တဲ့သူ ဖြစ်ရပါစေဟုလည်း ဆုတောင်းခဲ့ပေသည်။

ထိုအတူ စာသင်စာချအားထုတ်တော်မူကြကုန်သော ရဟန်းတော်တို့၏ ယုံမှားခြင်းများတို့အား ဖြေရှင်းနိုင်တဲ့သူ ဖြစ်ရပါလို၏ဟုလည်း ဆုတောင်းခဲ့ပေသည်။

ဘုရားရှင်၏ သာသနာအား ချီးမြှောက်ကုန်သော ပြည့်ရှင်မင်းတို့အား မိတ်ဆွေရင်း သူငယ်ချင်းပမာ ဖြစ်ရပါလို၏။

သာသနာအား နှိမ့်ချသောမင်းများအား တားမြစ်နိုင်သော ပုဂ္ဂိုလ်ဖြစ်ရပါလို၏။

သာသနာကွယ်ပျောက်သောအခါ မဉ္ဇူသကနတ်ပန်းပင်ကြီးအား ပူဇော်နေခွင့်ရနိုင်တဲ့ သူဖြစ်ရပါလို၏။

မှတ်ချက်။ အဘယ်ကြောင့် ထိုဆု တောင်းသနည်းဆိုလျှင် သာသနာကွယ်ပျောက်လျှင် မဉ္ဇူသကနတ်ပန်းပင်သည် ဝစ္စေကဗုဒ္ဓါများ ရှိသောကြောင့် ဖြစ်ပါသည်။

အကယ်၍ ပစ္စေကဗုဒ္ဓါများပွင့်တော်မူခဲ့သည်ရှိသော ကပ်ကမ္ဘာဆုံးသည့်အထိ အလုပ်အကျွေးပြုရတဲ့သူ ဖြစ်ရပါလို၏။ ထိုဘုမ္မစိုးနတ်မင်းကြီးဘဝနှင့် အသက်မသေဘဲ ဘုရားပွင့်သည့်အထိ အသက်ရှင်နေရတဲ့သူ ဖြစ်ရပါလို၏။

(အရိမေတ္တယျ) ဘုရားပွင့်လာခဲ့သည်အထိ ဘုမ္မစိုးနတ်ဘဝနှင့် တည်ရှိပြီးသည့်နောက် လူ့လောက လူ့ဘဝတို့တွင် ဖြစ်ရပါလို၏။

www.burmeseclassic.com

www.burmeseclassic.com



(အရိမေတ္တယျ) ဘုရားသာသနာတော်တွင် ရဟန်းပြုပြီး ကျေနပ်နှစ်သက်သည် အထိ အလုပ်အကျွေးပြုနိုင်တဲ့သူဖြစ်၍ နောင်သောအခါ ဘုရားဖြစ်လိမ့်မည်ဟူသော ဗျာဒိတ်တော်ကို ရနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ဟူသော ဆုတောင်းများကို တောင်ဖီလာဆရာတော်ခေါ် (တိရိယပဗ္ဗတမထေရ်) ဘုရား ဆုပန်ဆရာတော် သည် အားရကျေနပ်စွာ ဆုတောင်းဆိုခဲ့ပေသည်။

## ရှင်ဘို့မယ်မိပုရား လင်္သာ၊ ငါးယောက်ရှိ

ယခုတင်ပြလိုသည်မှာ " ရှင်ဘို့မယ်" အကြောင်းပင် ဖြစ်တော့သည်။ စာရေးသူ အနေနှင့် မန်းစက်တော်ရာအကြောင်း ရေးသားရာတွင် ရှင်ဘို့မယ် အကြောင်း၊ ဆည်တော်ရှင်မအကြောင်း၊ ဒန်းစီးမောင်နှမအကြောင်း ဖော်ပြရန် မဝံ့မရဲ ဖြစ်မိပါသည်။ အဘယ်ကြောင့်ဆိုသော် စက်တော်ရာသမိုင်း၏ အရေးကြီး သောအခန်းတွင် မည်သို့မျှ တိတိပပ ပါဝင်နေခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ သို့သော် စက်တော်ရာဒေသတွင် ထိုအကြောင်းများက လူသိများနေကြတော့သည်။ ထို့ကြောင့်လည်း စာရေးသူအနေနှင့် ရနိုင်သမျှသော ကျမ်းငယ် ဘာသာရေးစာအုပ် များကို အပြန်ပြန်အလှန်လှန်လေ့လာ၍ အကျဉ်းမျှသာ တင်ပြထားပါသည်။ သိသင့်သော အကြောင်းများသိစေရန်သာ ရည်ရွယ်ရေးသားပါသည်။

ရှင်ဘို့မယ်သည် စက်တော်ရာဒေသတွင် နေထိုင်ဖူးကြောင်း၊ မဘို့မယ် စောင်းတန်းရှိကြောင်း၊ မဘို့မယ်ပုန်းအောင်းခိုနေသော ဂူရှိကြောင်း " စက်တော်ရာ နှင့် စပ်၍ဘို့မယ် " အကြောင်း ဇာတ်ဆရာများကပြသည်ရှိကြောင်း၊ မဘို့မယ်၏ ပထမဆုံးခင်ပွန်း ပထမမင်းခေါင် (အင်းဝဘုရင်) က နယ်လေးရပ်သတ်မှတ်ရာတွင် စက်တော်ရာပါဝင်လျက် ရှိကြောင်း၊ ထိုအကြောင်းများကြောင့် စက်တော်ရာနှင့် စပ်၍ ရှင်ဘို့မယ်အကြောင်း သိကောင်းစရာတစ်ချို့ကို တင်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပထမခင်ပွန်း**

သက္ကရာဇ် ၇၂၉ ခုနှစ်တွင် ရှင်ဘို့မယ်အား သခ်သူငယ်မင်းနှင့် မင်းကြီးစွာစော်ကဲ၏သမီးတို့မှ မွေးဖွားသော ဘုရင်မျိုးဆက်ဝင် ဖြစ်ပါသည်။ သက္ကရာဇ် ၇၃၆ ခုနှစ်တွင် မဘို့မယ် ၈ နှစ်သမီးအရွယ်မှစ၍ (အချို့ကျမ်းစာစောင်တွင် ၁၁ နှစ်သမီးဟု ဖော်ပြသည်။) မိန်းကလေးတို့အလှ အပြည့်အဝရှိလေသည်ဟု ကလေးအရွယ်ကို ဇနီးအရွယ်ထင်မှတ်ကာ " ပထမမင်းခေါင် "ကမဘို့မယ်အား မိဖုရားစတင် ထားခဲ့လေသည်။

**ဒုတိယခင်ပွန်း**

ပထမမင်းခေါင်နတ်ရွာစံသောအခါ သားတော်သီဟသူ နန်းတက်လာလေသည်။ ရှင်ဘို့မယ်သည် အအိုသာဆိုရ အပျိုကရှုံးပြန်ဟူသော စာဆိုနှင့်အညီ လှပသဖြင့် သီဟသူသည် မိဖုရားစောမင်းလှရှိသော်လည်း ရှင်ဘို့မယ်အား မိဖုရား မြှောက်ပြန်သည်။

**တတိယခင်ပွန်း**

သီဟသူ၏စစ်ရေးအစွမ်းကြောင့် ဟံသာဝတီဘုရင် ဗညားရမ်းမှ နှမတော် ရှင်စောပုအား သီဟသူထံ ဆက်သသည်။ သီဟသူသည် မယား ၃ ယောက်အကြား ချစ်စကားမညီမျှသဖြင့် ရှင်ဘို့မယ်မှ ရှမ်းအုန်းဘောင်စော်ဘွားအား စကားသွင်းကာ မိန်းမများနှင့် အောင်ပင်လယ်အရပ်၌ ပျော်ပါးနေသော သီဟသူအား ဆင်နှင့်တိုက်၍ လုပ်ကြံလိုက်လေသည်။ သို့သော် ရှမ်းအုန်းဘောင်စော်ဘွားကို နန်းတင်ရန် ခက်သဖြင့် သီဟသူ၏ မိဖုရားကြီး စောမင်းလှ၏ သားတော် အသက် ၉ နှစ်ရှိ ' မင်းလှငယ် 'ကို နန်းတင်တော့သည်။ ထိုအခါ ထုံးတမ်းစဉ်လာအရ အလှအယ်ရူပ ပြည့်ဝသော ရှင်ဘို့မယ်အား မိဖုရားမြှောက်ပြန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



**စတုတ္ထခင်ပွန်း**

မင်းလုငယ်အပေါ် ရှင်ဘိုမယ်မကျေနပ်သဖြင့် ရှင်ဘိုမယ်နှင့် ချစ်ကြိုက်ဖူးသော "ကလေးကျေးတောင်ညိုစား "အား ရှင်ဘိုမယ်မှ နန်းတော်သို့ စစ်သည်အလုံးအရင်းနှင့် ချီတက်လာရန် မှာကြားပြီး ရှင်ဘိုမယ်မှ မင်းလုငယ်အား အဆိပ်ခတ်သတ်ခဲ့လေသည်။ ထို့ကြောင့် ကလေးကျေးတောင်ညိုစားအား နန်းတင်ရလေသည်။ ထိုအခါ ရှင်ဘိုမယ်ပင် မိဖုရားဖြစ်ရပြန်တော့သည်။

**ပဉ္စမခင်ပွန်း**

ပုဂံပြည်နရပတိစည်သူမင်း၏ သား၊ မြေး၊ မြစ် အဆက်အနွယ်ဖြစ်သော မိုးညှင်းစား သတိုးက ကလေးကျေးတောင်ညိုမင်းအား တိုက်ခိုက်သဖြင့် ကလေးကျေးတောင်ညိုမင်းနှင့် ရှင်ဘိုမယ်တို့သည် ရခိုင်ဘက်သို့ ၇၅သည်မိုလ်ပါအစုံဖြင့် ပြေးရတော့သည်။ သို့သော် နန်းစံသက် ၇ နှစ်တွင် ကလေးကျေးတောင်ညိုမင်းနတ်ရွာစံတော့သည်။ ထို့ကြောင့် မိုးညှင်းမင်းနန်းတက်လေသည်။ ထိုအချိန်တွင် ရွှေစက်တော်ရာ ဝန်းကျင်၌ ပုန်းအောင်းနေသော ရှင်ဘိုမယ်အား မိဖုရားမြှောက်သင့်ကြောင်း ရာဇသကြီးန် တင်လျှောက်ထားချက်အရ မိုးညှင်းမင်းမှ ရှင်ဘိုမယ်အား မိဖုရားမြှောက်ခဲ့သည်။

## မိုင်ပေါင်း ၂၀၀၀ ကျော်အတွင်းရှိ မြန်မာပြည်တန်ခိုးကြီးဘုရားများ–ဘုရားဖူးခရီးစဉ် ပြည်ရွှေဆံတော်သို့ ဦးတည်

ရန်ကုန်မြို့မှ ၁၇၉ မိုင်ဝေးသော ပြည်မြို့သို့ ဦးတည်မောင်းနှင်လာသည့် ဘုရားဖူး မော်တော်ယာဉ်တန်းသည် အစီအရီမောင်းနှင်နေပေသည်။ မဟာသင်္ကြန်အကြိုနေ့ဖြစ်သဖြင့် လမ်းခရီးတွင် ရေကစားသူ ကစားနေကြသည်။ လက်ပံတန်းမြို့သို့ ညနေ ၅ နာရီပတ်ဝန်းကျင်တွင် ဆိုက်ရောက်သဖြင့် အပန်းဖြေကြသည်။

www.burmeseclassic.com



အချို့က ညစာစားလိုက်ကြသည်။ အချို့က အစာပြေ စားကြသည်။ နတ္တလင်းမြို့တွင် မသမာသူတစ်ဦး၏ လက်ချက်ကြောင့် ကားခဲမှန်ပြီးမှန်ကွဲသဖြင့် လူတစ်ဦး အနည်းငယ်ဒဏ်ရာ ရရှိခဲ့ပေသည်။ ပြည်မြို့သို့ ၉း၃၀ နာရီခန့်မှ ရောက်ရှိသဖြင့် ဘုရားဖူးအဖွဲ့များ နေရာထိုင်ခင်း အခက်အခဲနှင့် ရင်ဆိုင်ရတော့သည်။ ပြည်မြို့ရှိ ' ခြင် 'များသည် ဆုပ်ပက်ထားသလိုများပြားသဖြင့် စိတ်ဆင်းရဲစွာ တစ်ညအိပ်စက်ခဲ့ရပေသည်။ ဘုရားဖူးများပြားခြင်း၊ အချိန်နောက်ကျမှ ရောက်ခြင်းကြောင့် ဖြစ်ပေသည်။ ပြည်ရွှေဆံတော်ဘုရားကြီး ခြေတော်ရင်းတွင် တည်းခိုရသော်လည်း ဘုရားပိတ်ချိန်ဖြစ်သဖြင့် ညဘက်တွင် ဖူးမျှော်ခွင့် မရတော့ပါ။

## မနက်ရွှေစက်တော်သို့ ဦးခိုက်ခိုလှုံ

ပြည်မြို့၏အရုဏ်တက်ချိန် ပသာဒရှုခင်းနှင့် ပြည်ရွှေဆံတော်ဘုရားကြီး၏ ဆည်းလည်းသံသည် ကြည်နူးဖွယ်ဖြစ်ပါသည်။ ရောင်စုံထွန်းညှိထားသော ခေတ်မီ လျှပ်စစ်မီးများသည်လည်း ဘုရားကြီးအား ပို၍ကြည်နူးဖွယ်ဖြစ်စေပါသည်။ နံနက်အရုဏ်ဦး ဝတ်တက်ရန် ရောက်ရှိလာကြသော ဘုရားဖူးပရိသတ်များသည် ဘုရားကြီး၏ မုခ်ဝတွင် အစီအရီ ပန်းဆီမီးရေချမ်း ဆွမ်းခဲဖွယ်တို့ဖြင့် ပူဇော်ရန် ရောက်ရှိနေကြပါသည်။ ဘုရားကြီး၏ မုခ်တံခါးဖွင့်သည်နှင့် တက်ရောက်ဖူးမြော် ကြည်ညိုကြပါသည်။ ပြည်ရွှေဆံတော်ဘုရားကြီးအနီးရှိ ဆယ်ထပ်ကြီး ဘုရားကြီးအား လှမ်း၍ ကြည်ညိုဖွယ် ဖူးတွေ့ရပါသည်။

ထိုအတူ ရွှေဆံတော်ဘုရားကြီးအပေါ်မှ ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ ဖိုးဦးတောင်အား လှမ်း၍ ရှုမြင်နေရပါသည်။ အလားတူဆင်တဲမြို့ ဆိပ်ကမ်းသာအား ရှုချင်စဖွယ် မြင်တွေ့နေရသဖြင့် သွားရောက်လိုသောဆန္ဒ ဖြစ်ပေါ်လာခဲ့ပါသည်။ ပြည်ရွှေဆံတော်ဘုရားကြီးအား မကျေနပ်စွာဖူးမြော်ကန်တော့ပြီး မန်းရွှေစက်တော်

www.burmeseclassic.com

www.burmeseclassic.com



သို့ ခရီးစတင်ရန် ဖြစ်ပါသည်။ ပြည်မြို့ရှိစားသောက်ဆိုင်များသည် နံနက်စောစော ဖွင့်လှစ်ခြင်းမရှိသဖြင့် ဘုရားကြီးခြေတော်ရင်းနားရှိ တစ်ဆိုင်တည်းသော မုန့်ဟင်းခါးဆိုင်တွင် ကောင်းသည် မကောင်းသည်မစဉ်းစားနိုင်တော့ပဲ ဝမ်းဝရေး အတွက် ဘုရားဖူးများအားလုံး တန်းစီတိုးစားရသည်မှာ ပွဲတော် တစ်ခုပမာ ဖြစ်ခဲ့ရပါသည်။

မကြာမီ အဖွဲ့ခေါင်းဆောင်၏ နှိုးဆော်ချက်ကြောင့် ရွှေစက်တော်သို့ ခရီးဆက်ရန် မော်တော်ယာဉ်များပေါ်ရှိ မိမိနေရာတွင် မိမိနေရာယူထားကြရပါသည်။ လူစုံသောအခါ အဖွဲ့ခေါင်းဆောင်မှ မော်တော်ယာဉ်များအား စတင်ထွက်ခွာရန် အချက်ပေးပါသည်။

ရွှေဆံတော်ဘုရားကြီးမှ စတင်ထွက်ခွာလာသော မော်တော်ယာဉ်များသည် ဆင်တဲမြို့သို့ကူးရန် ပြည်မြို့ ဇက်သင်္ဘောဆိပ်သို့ နံနက် ၅:၃၀ နာရီတွင် ရောက်ရှိခဲ့ပါသည်။ ဧရာဝတီမြစ်ကမ်းနဘေးတွင် ပေါက်ရောက်နေသော သဘာဝပန်းမာလ်များသည် ရှုမဆုံးဖွယ်ဖြစ်ပါသည်။ ထို့အတူ သဘာဝသီးပင်စားပင် ၊ ကိုင်းပင်များသည်လည်း အညာလေနှင့်အတူ ယိမ်းနွဲ့ဆော့ကစားနေသည်မှာ ပန်းချီကားတစ်ချပ် သဖွယ် ရှိနေပေသည်။ မြစ်ပြင်ကျယ်အတွင်း သွားလာနေသော ဇက်သင်္ဘောများ၊ စက်တပ်လှေငယ်များ၊ လက်ခတ်လှေငယ်များ၊ ရွက်လွှင့်လှေကြီးများ၊ မော်တော်ဘုတ်များမှာလည်း ခရီးသည်များ၏ သွားလိုရာသို့ ပို့ပေးသည်မှာ ရှုမဆုံး ဖြစ်ပါသည်။

ဇက်သင်္ဘောကြီးများသည် မော်တော်ကားများ ကုန်ပစ္စည်းများ၊ ခရီးသည်များအား သယ်ပိုးနေသော သင်္ဘောကြီးဖြစ်ပါသည်။ တစ်ခေါက်လျှင် မော်တော်ကားကြီး/ ကားငယ် အနည်းဆုံး ၅ စီး၊ အများဆုံး ၇ စီး နှင့် ခရီးသည်များအား သယ်ပို့ ပေးနိုင်သော်လည်း အသွားအလာများသဖြင့် ဆင်တဲမြို့ကူးရန် အလှည့်ကျ စောင့်ရ ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဇကသော်ဆိပ်သို့ နံနက် ၅ နာရီ ၃၀ မိနစ်တွင် ရောက်ရှိခဲ့သော်လည်း ဆင်တဲမြို့သို့ နံနက် ၉ နာရီ ၁၀ မိနစ်မှ ဆိုက်ရောက်ခဲ့ပါသည်။ မဟာသင်္ကြန် အကျနေ့ဖြစ်သဖြင့် ဆင်တဲမြို့တွင် ရေကစားသူ ကစားနေကြပါသည်။ ဘုရားဖူး မော်တော်ယာဉ်များ စုညီသောအခါ ရွှေစက်တော်သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ ထိုသို့ထွက်ခွာလာရာ ပန်းတောင်းမြို့၊ ဥသျှစ်ပင်မြို့တို့အား ကျော်ဖြတ်ပြီး ရခိုင်ပြည်နယ် ပေလီလမ်းခွဲကို ဖြတ်ကျော်ကာ နံနက် ၁၁ နာရီခန့်တွင် ရပ်သာကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။

ရပ်သာကျေးရွာရှိ လုပ်သားပြည်သူများ၏ စတုဒိသာမဏ္ဍပ်ရှေ့တွင် နံနက်စာ စားသောက်ကြပါသည်။ ရပ်သာကျေးရွာရှိ လုပ်သားပြည်သူများသည် ဖော်ရွေပျူငှာပြီး လိုအပ်သောအကူအညီများ ပေးသဖြင့် ကျေးဇူးတင်ရပါသည်။ နံနက် ၁၁ နာရီ ၃၀ မိနစ်တွင် ရပ်သာကျေးရွာမှ ဆက်လက်ထွက်ခွါလာရာ အညာနွေနှင့် အညာလေတို့သည် ပူအိုက်လွန်းသဖြင့် စိတ်ညစ်ရသော်လည်း မြေသင်းရနံ့များသည်လည်းကောင်း၊ တစ်ခါတစ်ရံရရှိတတ်သော လေပြေလေညင်းကလေးများသည်လည်းကောင်း စိတ်ကြည်နူးမှုကို ရရှိစေပါသည်။

မော်တော်ယာဉ်လမ်းမကြီးသည် ဖြောင့်ဖြူးသာယာသော်လည်း ညီညာမှု မရှိသဖြင့်လည်းကောင်း၊ ဖုန်ထူသဖြင့်လည်းကောင်း၊ ကားဆောင့်ခြင်း၊ ဖုန်ခိုးရိုက်ခြင်းများ တစ်လမ်းလုံး ခံစားရပါသည်။ ပတ်ဝန်းကျင် ကျေးလက်ဒေသ ရပ်ရွာနည်းပါးသော်လည်း မည်သည့် အန္တရာယ်မျှ မတွေ့ရှိရပါ။ စိမ်းလန်းသစ်တော နည်းပါးပြီး ခြောက်သွေ့သစ်တောများသာ တွေ့ရှိရပါသည်။ ထို့ပြင် ခြောက်သွေ့သစ်တောများ မီးလောင်နေမှု မကြာခဏတွေ့ရပါသည်။

လမ်းခရီးတွင် ကျောက်စရစ်ခဲရှိသော ချောင်းရေများအတွင်း မော်တော်ယာဉ်များ ဖြတ်မောင်းသွားသောအခါ ပျော်စရာတစ်ခုပမာ ခံစားရပါသည်။ ရခိုင်ပြည်နယ် အမ်း၊ တောင်ကုတ်လမ်းခွဲများကို ဖြတ်ကျော်ပြီး မကြာမီတွင် မန်းရွှေစက်တော် တောင်တော်သို့ ဆိုက်ရောက်ခဲ့ပါသည်။ မန်းရွှေစက်တော်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရန် တောင် အဆင့်ဆင့်အား မော်တော်ယာဉ်မောင်းများသည် အခက်အခဲများအား ရင်ဆိုင်ပြီး မောင်းနှင်ပေးခဲ့ပါသည်။

တစ်ခါတစ်ရံ တောင်တက်မတ်စောက်သဖြင့် လူများဆင်းပေးရပါသည်။ ထိုသို့ ဆင်းလျှောက်ရသည့်ပင် ပီတိဖြစ်စရာတစ်ခုပမာ ဖြစ်ပါသည်။ မန်းစက်တော်ရာ ရောက်လုနီးတွင် ဝါးနှင့်ထင်းအဆင့်ရှိသည့် သစ်ချောင်းငယ်များဖြင့် တည်ဆောက်ထားသော တံတားပေါ်မှ မော်တော်ယာဉ်ဖြတ်မောင်းရသည်မှာ အံ့သြချီးမွမ်းဖွယ် ဖြစ်ပါသည်။ ညနေ ၄ နာရီခန့်တွင် မန်းစက်တော်ရာခြေရင်းသို့ ဦးခိုက်ခိုလှုံရပါသည်။

မန်းစက်တော်ရာခြေရင်းသို့ ရောက်သောအခါ မြို့လေးတစ်မြို့သို့ ရောက်ရှိသည့် ပမာ ကြုံတွေ့လိုက်ရပါသည်။ ရုပ်ရှင်ရုံအဆင့်ရှိသော ဗွီဒီယိုရုပ်ရှင်ရုံ နှစ်ရုံသည် ကားကြီးကားကောင်းများ ပြသနေပါသည်။ ဈေးဆိုင်တန်းများသည် လည်း ဘုရားဖူးများအတွက် လိုအပ်သောပစ္စည်းများ ရောင်းချပေးလျက်ရှိပါသည်။ ဘုရားဖူးတည်းခိုဆောင်များသည် အခန်းငယ်များပါဝင်သော တန်းလျားရှည်များအား သေသပ်စွာဆောက်လုပ်ထားပါသည်။ တသွင်သွင်စီးဆင်းနေသော မန်းချောင်းရေတွင် ရေကစားနေသူများမှာ ပျော်စရာကမ္ဘာတစ်ခုဖြစ်သည်။ မန်းချောင်းရေ အတွင်း ရေကူးခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ဘောစီးခြင်းများမှာ ရှုချင်စဖွယ် ဖြစ်ပါသည်။ မော်တော်ယာဉ်စီးလာ၍ ပင်ပန်းသမျှသော ပင်ပန်းမှုဒဏ်တို့သည် မန်းချောင်းရေနှင့် အတူမျောကုန်ပါသည်။ မန်းရွှေစက်တော်၊ အောက်စက်တော်ရာနှင့် အထက်စက်တော်ရာသို့ တက်ရောက်ဖူးမြော်ကြည်ညိုရသည်မှာ ပီတိအနန္တ ဖြစ်ရပါသည်။ (မန်းစက်တော်ရာသမိုင်း သီးခြားဖော်ပြထားပါသည်။)

## မကွေးမြို့သလွန်နှင့် ပုဂံညောင်ဦးသို့

မန်းစက်တော်ရာတွင် တစ်ညတာအနားယူပြီး နောက်တစ်နေ့တွင် မန်းစက်တော်ရာ၏ ပတ်ဝန်းကျင်လေ့လာဖွယ်ရာများ လေ့လာပြီး နေ့လယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီခန့်တွင် မန်းစက်တော်ရာမှ ဆက်လက်ထွက်ခွာခဲ့ပါသည်။ ညနေ ၃ နာရီခန့်တွင် မင်းဘူးမြို့ရှိ အံ့ဩဖွယ်ကောင်းသော နဂါးပွက်တောင်ကြီးအား တက်ရောက်လေ့လာရသည်မှာ သည်းထိတ်ရင်ဖိုခံစားရပါသည်။ တောင်ထိပ်သို့ရောက်သောအခါ အဝိဋ္ဌာန်ဖြင့် ပွက်ပြပါဟု ဆိုသောအခါ ရွှံ့ရေများ 'ဗွမ်းဗွမ်း' ဟု အသံမြည်လောက်အောင် ပွက်ပြသည်မှာ အံ့ဩဖွယ်ဖြစ်ပါသည်။ ဘုရားဖူးများသည် အမှတ်တရအနေဖြင့် ဓာတ်ပုံမှတ်တမ်း ရိုက်ကူးကြပါသည်။

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာလာရာ မင်းဘူးမြို့၏ သမိုင်းဝင်ဘုရားတစ်ဆူဖြစ်သော စက္ကိန်းတဲဘုရားသို့ ဆိုက်ရောက်ကြည်ညိုကြပါသည်။ စက္ကိန်းတဲဘုရားကြီးပေါ်မှ ရှုမြင်ကြည့်သောအခါ မင်းဘူးမြို့တစ်ဝိုက်နှင့် ဧရာဝတီ မြစ်ပြင်တစ်ဖက်ကမ်းရှိ မကွေးမြသလွန်ဘုရားကြီးအား လှမ်းမြင်ဖူးမြော်ရပါသည်။ စက္ကိန်းတဲဘုရားကြီးမှ ဆက်လက်ထွက်ခွာလာရာ မင်းဘူး (ဇက်သင်္ဘော) ဆိပ်သို့ ညနေ ၄ နာရီ ၃၀ မိနစ်ခန့်တွင် ဆိုက်ရောက်ခဲ့ပါသည်။ သို့သော် (ဇက်သင်္ဘော) သည်တစ်ခေါက်လျှင် ကားကြီးနှစ်စီးသာတင်ဆောင်ခွင့် ပေးသဖြင့် ည ၁၂ နာရီတွင်မှ မကွေးမြို့ကမ်းခြေသို့ ကူးခွင့်ရခဲ့ပါသည်။ မကွေးမြို့ဆိပ်ကမ်းသို့ ညတစ်နာရီခန့်တွင် ဆိုက်ရောက်ပြီး မကွေးမြသလွန်ဘုရားကြီး၏ ခြေတော်ရင်းသို့ ည ၁ နာရီ ၃၀ မိနစ်တွင် ဆိုက်ရောက်ခဲ့ပါသည်။ ရသမျှအချိန်လေးတွင် အိပ်စက်နားနေပြီး အရုဏ်တက်ချိန်တွင် ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိနေသော မကွေးမြသလွန်ဘုရားကြီးအား ဖူးမြော်ရသည်မှာ အလွန်ကြည်ညိုဖွယ် ကောင်းပါသည်။

နံနက်မိုးသောက်သောအခါ အချိန်အနည်းငယ်ရသဖြင့် မကွေးမြို့ မဟာသကြိန်အားး လည်ပတ်ခွင့် ရခဲ့ပါသည်။ နံနက် ၁၀ နာရီတွင် နံနက်စာစားသောက်ပြီး ၁၀ နာရီ ၃၀ မိနစ်တွင် မကွေးမြို့မှ ပုဂံညောင်ဦးသို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ လမ်းတွင် သဲချောင်းများ ဖြတ်ကျော်သွားရသည်မှာ ပီတိတစ်မျိုးဖြစ်ရပါသည်။ ပုဂံညောင်ဦးမြို့သို့ ညနေ ၃ နာရီခန့်တွင် ဆိုက်ရောက်ပြီး ဒေသခံ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးလမ်းညွှန်တစ်ဦးမှ အောက်ပါဘုရားကျောင်းကန် စေတီပုထိုးများ၏ သမိုင်းစဉ်အား ရှင်းလင်းပြသသဖြင့် အချိန်တိုတိုနှင့် ပုဂံညောင်ဦး ဘုရားစုံဖူးမြော်ရင်း သမိုင်းစဉ်လေ့လာခွင့် ရရှိခဲ့ပါသည်။ ပုဂံညောင်ဦးတွင် ဖူးတွေ့ခဲ့ရသော ဘုရားကျောင်းကန်စေတီပုထိုးများမှာ –

၁။ ပုဂံမြို့တစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံများ

ထီးလိုမင်းလိုဘုရား၊ ဥပါလိသိမ်၊ ရှေးဟောင်းသုတေသနပြတိုက်၊ အာနန္ဒာ လိုဏ်ဂူတော်ကြီး၊ သရပါတံခါး၊ ပိဋကတ်တိုက်၊ ရွှေဂူကြီး၊ သံတော်ကြား၊ ကျွဲနားရှောင်၊ နတ်လှောင်ကျောင်း၊ သဗ္ဗညု၊ ပုထိုးသားများ၊ မီးမလောင်ကျောင်း၊ ဂေါဓောပလ္လင်၊ ဗူးဘုရား၊ ပေပင်ကျောင်း၊ မဟာဗောဓိ၊ ရွှေဆံတော်၊ ရှင်ပင်သာလျောင်း၊ ဓမ္မရံကြီး၊ မင်္ဂလာစေတီ။

၃။ မြင်းကပါရွာတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံများ

မြစေတီ၊ ဂူပြောက်ကြီး၊ မြင်းကပါ၊ မနုဟာ၊ နန်းဘုရား၊ အပါယ်ရတနာ၊ နဂါးရုံ၊ ပေါ်တော်မူ၊ စိမ်းညက်အစ်မ၊ စိမ်းညက်ညီမ၊ စိုးမင်းကြီးအုတ်ကျောင်း။

၄။ သီရိဝဍ္ဎယာရွာတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံများ

ရွှေဖက်လိပ်နှစ်ဆူ၊ လောကနန္ဒာ

၅။ မင်းနန်သူရွာတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံများ

စူဠာမဏိ၊ လေးမျက်နှာ၊ ဘုရားသုံးဆူ၊ သမ္ဘူလ၊ အနန္တပညာ။

၆။ ဖွားစောရွာတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံများ

ဓမ္မာရာဇိက၊ ဆုတောင်းပြည့်အုတ်ကျောင်း။

ပုဂံညောင်ဦးမြို့ရှိ ရှေးဟောင်းပုထိုးများရှိ အနုပညာလက်ရာများသည် အံ့သြဖွယ် ဖူးတွေ့ရပါသည်။ မြန်မာလူမျိုးများအပြင် နိုင်ငံခြားသားများပါ ဘဝင်စားသော အနုပညာလက်ရာများသည် ပုဂံညောင်ဦးတွင် ရှိနေပါသည်။ ပုဂံ

www.burmeseclassic.com



မြို့တစ်ဝိုက်မှာ ၁၆ စတုရန်းမိုင်ခန့်မျှ ကျယ်ဝန်းပြီး ယင်းဒေသတစ်ဝိုက်၌ လက်ညှိုးထိုးမလွဲ ဘုရားတန်ဆောင်း စေတီပုထိုး ဂူကျောင်း၊ ပြာသာဒ်တို့တည်ရှိ၏။ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ၁၉၇၃ ခုနှစ်အထိ မှတ်တမ်းတင်အရေအတွက်ထားရှိသော ရှေးဟောင်းအဆောက်အအုံပေါင်းမှာ သင်္ကေတအားဖြင့် " ကျောင်းကြီးအုတ်နီ " ဖြစ်ပြီး ကိန်းဂဏန်းအားဖြင့် ၂၂၁၇ ခုမျှ ဖြစ်၏။

ရှေးအစဉ်အလာ စကားပုံတစ်ခုအရ သင်္ကေတအားဖြင့် **" လှည်းဝင်ရိုးသံ တည်ညည် ပုဂံဘုရားပေါင်း '** ဟု ဆိုသဖြင့် ကိန်းဂဏန်းအားဖြင့် ၄၄၄၆၇၃၃ ဆူ ဟု မှတ်ယူခဲ့ကြဖူးပါသည်။ ယခုအခါ သုတေသနပညာရှင်များ၏ အတည်ပြုချက်အရ **" လှည်းဝင်ရိုးသံ '** သာ သင်္ကေတအဖြစ် ယူဖွယ်ရှိသောကြောင့် (၄၄၄၆) ဆူ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ပုဂံမြို့အား စေတီပုထိုးများ လက်ညှိုးထိုးမလွဲ တည်ရှိသောမြို့ဟုလည်းကောင်း၊ ရှေးအနုပညာရှင်တို့၏ ပန်းဆယ်မျိုး အနုလက်ရာများ စုဝေးရာအရပ်ဟုလည်းကောင်း တင်စားကြပါသည်။

ထိုဒေသ၏ထွက်ကုန်ဖြစ်သော ယွန်းထည်ပစ္စည်းများသည် အလွန်လှပသေသပ်ပြီး နိုင်ငံတကာလက်ဆောင်ပစ္စည်းအဖြစ် ပေးပို့နိုင်သော အဆင့်ရှိပါသည်။ ထို့ကြောင့်လည်း ပုဂံမြို့သည် ထင်ပေါ်ကျော်ကြားပါသည်။ ပုဂံညောင်ဦးမှတစ်ဆင့် ဆက်လက်ထွက်ခွာလာရာ ပုပ္ပါးတောင်ကလပ်သို့ ည ၇ နာရီ ၃၀ မိနစ်တွင် ရောက်ရှိပါသည်။

ရေချိုးအပန်းဖြေအနားယူပြီး ပုပ္ပားတောင်ကလပ် မယ်တော်ကြီးနတ်နန်းတွင် အက အခုန်များဖြင့် ပျော်ပွဲပေးနေသည်ကို သွားရောက်ကြည့်ရှုကြပါသည်။ ပုပ္ပါးတောင်ကလပ် မယ်တော်နတ်နန်းအထိ လမ်းသည်တောင်ကြီးများအား အဆင့်ဆင့်ကွေ့ပတ်ဖောက်ထားသဖြင့် ယာဉ်မောင်းများက အခက်အခဲများနှင့်ရင်ဆိုင်၍ မောင်းနှင်ပေးပါသည်။ ကားစီးရသည်မှာ အသဲအေးစရာကောင်းလှပါသည်။ သို့သော် ပုပ္ပါးတောင်ကလပ်၌ ထွန်းညှိထားသော ရောင်စုံမီးများသည် မျက်စိပသာဒ

www.burmeseclassic.com

www.burmeseclassic.com



ရှိလွန်းလှသဖြင့် ရောက်ချင်စိတ်များ ပြင်းပြခဲ့ပါသည်။ ပုပ္ပါးတောင်ကလပ် မယ်တော်နတ်နန်းတွင် တစ်ညတာ အိပ်စက်နားနေခဲ့ပါသည်။

နံနက်မိုးသောက်အလင်းရောက်သောအခါ ပုပ္ပါးတောင်ကလပ်ကြီးအား တက်ရောက်ကြည့်ရှုရန် မယ်တော်နတ်နန်းမှ ပုပ္ပါးတောင်ကလပ်ခြေတော်ရင်းသို့ ခြေလျင်ဆင်းတက်ပြီး မော့၍ကြည့်ရသော ပုပ္ပါးတောင်ကလပ်ကြီးအား လှေခါးထစ် အဆင့်ဆင့်ဖြင့် တက်ရောက်ပြီး တောင်ကလပ်ပေါ်တွင်ရှိသော ကြည့်ရှုဖွယ်ရာ များအား ဖူးတွေ့ကြည့်ရှုရပါသည်။ တောင်ကလပ်ကြီးပေါ်မှ ကြည့်သောအခါ ပတ်ဝန်းကျင် တောတောင်ဝန်းရံနေသော်လည်း ပုပ္ပါးတောင်ကလပ်သည် ထီးထီး မတ်မတ်တည်ရှိနေကြောင်း တွေ့ရပါသည်။

အောက်သို့ ငုံ့ကြည့်သောအခါ အလွန်မတ်စောက်သော တောင်ကလပ်ကြီး တစ်ခုအဖြစ် တည်ရှိနေပြန်ပါသည်။ ထိုသို့မတ်စောက်နေသော်လည်း စေတနာ ရှင်များ နိဗ္ဗာန်ဆော်များ၏ ကျေးဇူးကြောင့် လွယ်လင့်တကူတက်ရောက်နိုင်သော ခတ်မီလှေကားများသည် ဘုရားဖူးများအတွက် အဆင်ပြေလွန်းလှပါသည်။ ပုပ္ပါးတောင်ကလပ်ပေါ်တွင် အဓိဋ္ဌာန်ဖြင့် သွေးလိမ်းမည်ဆိုပါက ရောဂါဘယ ပျောက်ကင်းစေနိုင်သော ဆေးကျောက်ပျဉ်ကြီး တည်ရှိနေပါသည်။ ပုပ္ပါးတောင် ကလပ်မှ ပြန်လည်ဆင်းသက်ပြီး မယ်တော်နတ်နန်းတောင်ပေါ်သို့ ကူးကာ ...လေးသို့ခရီးဆက်ရန် စီစဉ်ရပါသည်။

## အသက်ကလေးရယ်တဲ့ရှည်စေလို မန်းတောင်ရိပ်ခို

ပုပ္ပါးတောင်ကလပ်မယ်တော်နတ်နန်းမှ နံနက် ၈ နာရီတွင် စတင်ထွက်ခွာခဲ့ ပါသည်။ မြင်းခြံမြို့သို့ နံနက် ၁၀ နာရီ ၃၀ မိနစ်ခန့်တွင် ရောက်သဖြင့် မြင်းခြံမြို့ နန်းလွန်းဂူဆရာတော်ဘုရားကြီး၏ ရုပ်ကလပ်တော်နှင့် ပုံတူရုပ်တုတော်ကြီးအား င်ရောက်ဖူးမြော်ကြည့်ရှုခွင့် ရရှိခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ ရုပ်ကလပ် ဘ်သည် ပျံလွန်တော်မူပြီး ယနေ့တိုင် ပုပ်သိုးခြင်းမရှိဘဲ သဘာဝအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခြောက်သွေ့နေပါသည်။ ဆရာတော်ဘုရားကြီး၏ ခြောက်သွေ့နေသော ခန္ဓာကြီးအား မှန်ခေါင်းဖြင့် ခန့်ငြားစွာထားရှိသည်ကို ဖူးတွေ့ခဲ့ရပါသည်။ မြင်းခြံမြို့တွင် နံနက်စာစားသောက်ပြီး နံနက် ၁၁ နာရီ ၃၀ မိနစ်ခန့်၌ မန္တလေးသို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ မန္တလေးသို့ ညနေ ၄ နာရီခန့်တွင် ဆိုက်ရောက်ခဲ့ပါသည်။ မဟာသင်္ကြန်အတက်နေ့ဖြစ်သဖြင့် မန်းသင်္ကြန်နှင့် ကြုံလိုက်ရပါသည်။ မန္တလေးကျုံးပတ်ပတ်လည်တွင် မန္တလာသင်္ကြန်၏ အစဉ်အလာအတိုင်း ကခြင်း၊ သီချင်းဆိုခြင်း၊ ဇာတ်ကစားခြင်းများအား ကြုံတွေ့ခဲ့ပါသည်။ မန်းသင်္ကြန်အား ကျုံးတစ်ပတ်လှည့်လာပြီး မန္တလေးတောင်သို့ တက်ရောက်ဖူးမြော်ခဲ့ကြပါသည်။ "အသက်ကလေးရယ်တဲ့ ရှည်စေလို့၊ မန်းတောင်ရိပ်ကိုခို" စာဆိုနှင့်ညီလှသော ရွှေမန်းတောင်ပင်ဖြစ်ပါသည်။ တရားဘာဝနာအားထုတ်လိုသူများအတွက် အထူးသင့်တော်သောတောင်တော်ဖြစ်ပါသည်။ တောင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးတွေ့ရသည်မှာ စိတ်ကြည်နူးဖွယ် ဖြစ်ပါသည်။ မြွေကြီးနှစ်ကောင်အထိ တက်ရောက်ဖူးမြော်ခွင့် ရခဲ့ပါသည်။

တောင်တက်ခရီးရှည်လျားသော်လည်း ဘုရားဖူးသည်များ၏ လမ်းညွှန်ချက်ကြောင့် တစ်ရွှေ့ရွှေ့နှင့် တက်ရောက်ကြည်ညိုရင်း တောင်တက်ခရီး ရှည်လျားခဲ့သည်ကိုပင် သတိမရနိုင်တော့ပါ။ မန်းတောင်ရိပ်၏ အေးချမ်းမှုများမှာလည်း မကြာခဏရောက်လိုသော ဆန္ဒဖြစ်ပေါ်စေပါသည်။ မန္တလေးတောင်ပေါ်မှ မန္တလေးမြို့သို့ စီးကြည့်ရသည်မှာ မန္တလေးမြို့ ပန်းချီကားကြီးတစ်ချပ်အား ကြည့်ရသည့်နှယ်ဖြစ်နေပါသည်။ ရှေးမြန်မာမင်းများ စိုးစံခဲ့သော နန်းမြို့ရိုးအားလည်း ရွှေမန်းတောင်ပေါ်မှ ရှုမြင်ခဲ့ရပါသည်။ ညဘက်တွင် ဘုရားကြီး (မဟာမြတ်မုနိ) ရှေ့ နဝမအုန်းကျောင်း ဘုန်းတော်ကြီးကျောင်းတွင် တစ်ညတာ ရပ်နားခဲ့ပါသည်။

## မဟာမြတ်မုနိ အရုပ်တော်ဖူးမြော်ခြင်း

မန္တလေးမြေသို့ ရောက်ဖူးသူများလည်း ရှိကြပါမည်။ မရောက်ဖူးသူများလည်း ရှိနိုင်ပါသည်။ ရောက်ဖူးသူဖြစ်စေ၊ မရောက်ဖူးသူဖြစ်စေ၊ ဘုရားကြီး (မဟာ

www.burmeseclassic.com

www.burmeseclassic.com



မြတ်မုနိ ) အရုဏ်တော်အား မဖူးတွေ့ဘူးပါလျှင် သဒ္ဓါကြည်ညိုနိုင်ရန် တင်ပြပါမည်။

ဘုရားကြီး၏ အရုဏ်တော်မြင်ကွင်းကို ဖူးတွေ့ရခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။ ဘုရားကြီးမုခ် ၄ မုခ်တွင် နံနက် ၄ နာရီထိုးသည်နှင့် ဆွမ်းဦး၊ ဆီမီးဦး၊ ပန်းဦး၊ ရေကြည်တော်ဦး ကပ်လိုသူ အလုအယက်နေရာယူထားကြသည်မှာ တိုးမပေါက်ပေ။ တိုးမပေါက်ဟုဆိုသော်လည်း နံနက် ၅ နာရီမှ တံခါး (ဘာဂျာတံခါး) ၃ ထပ်ဖွင့်မည်ဖြစ်သည်။ တိုးဝှေ့နေရာယူသော နေရာများမှာ စောင်းတန်း၏ ပထမဆုံးတံခါးဝတွင် ဖြစ်ပါသည်။ ကိုက် ၂၀၀ လောက်အကွာမှ လှမ်းမြင်ဖူးတွေ့နေရသောဘုရားကြီးအား တံခါးဖွင့်သည်နှင့် သူထက်ငါဦးအောင် လှူလိုသူတို့၊ ကြည်ညိုလိုသူတို့မှာ စိတ်စောစိတ်မောလျက် ရှိပေသည်။

ဘုရားကြီး၏ တံခါးများအား သတ်မှတ်ထားသော အချိန်စေ့ရောက်သည်နှင့် တာဝန်ရှိသူများမှ ဖွင့်လှစ်ပေးကြသည်။ ဘုရားကြီးအရုဏ်တော်လှူခွင့် ရကြပြီဖြစ်သည်။ ထိုသည်ထိ ပီတိမဖြစ်သေးပါ။ သာမန်လှူရိုးလှူစဉ်မျှသာဖြစ်ပါသည်။ ထိုထက်ကြည်ညိုဖွယ်မှာ မျက်နှာတော်သစ်ခြင်း ဖြစ်ပါသည်။ ဂေါပကအဖွဲ့နှင့် နာယကဆရာတော်ကြီးမှ မျက်နှာတော်သစ်ပေးနေသည်မှာ ရင်ထဲ၌ဖော်ပြမရနိုင်သော ခံစားမှုကို ကြည်ညိုဖွယ်အဖြစ် ခံယူလိုက်ရပါသည်။

စည်တော်ကြီး၏ အသံလည်းဘုရားဖူးများရင်ထဲ သာဓုအနုမောဒနာ ခေါ်မဆုံးပီတိများပျံ့လွင့်ကုန်ပါတော့သည်။ မျက်နှာတော်သစ်ခြင်း၊ မျက်နှာတော်သုတ်ခြင်း၊ သင်္ကန်းတော်လွှမ်းခြုံခြင်းများမှာ သက်ရှိထင်ရှားရှိနေသော ဗုဒ္ဓမြတ်စွာဟုပင် ထင်မှတ်မှားမိပါတော့သည်။ ဘုရားကြီးအရုဏ်တော်တွင် ကြည်ညိုနေသော ဘုရားဖူးများသည် ပြောင်းညာရမှန်း သတိမရနိုင်တော့ပါ။ အချိန်မည်မျှ ကြာသွားသည်ပင် ကြည့်မနေကြတော့ပါ။ ဘုရားကြီးရှေ့မှ နေရာဖယ်ပေးရမှာ ထသွားရမှာ

www.burmeseclassic.com



ကို နှမြောနေမိပါသည်။ မကြုံဖူးသေး၍ဟု ဆိုချင်ဆိုနိုင်ပါသည်။ သို့သော် ကြွနေကျ ဆုံနေကျ ရွှေမန်းသူ ရွှေမန်းသားများပင် ထိုခံစားချက်ရှိနေသဖြင့် ဘုရားကြီးအရုပ်တော်အား အမြဲလာရောက်ပူဇော်သည်မှာ ဝတ်မပျက်ဖြစ်ပါသည်။

စာရေးသူအနေဖြင့် ဘုန်းကြီးရှေ့မှထရန်ဝန်လေးခဲ့သော်လည်း နံနက် ၅ နာရီ ၃၀ မိနစ်တွင် ခရီးဆက်ရမည်ဖြစ်၍ နေရာဖယ်ပေးလိုက်ရသည်ကို မိမိပိုင်ငွေကြေး သိန်းချီဆုံးရှုံး လိုက်ရသကဲ့သို့ ခံစားလိုက်မိပါသည်။ မြန်မာပြည်အရပ်ရပ်ရှိ ပြည်သူပြည်သားများ ကို မဟာမြတ်မုနိအရုပ်တော်အား ဖူးတွေ့မှုမကြုံဟုဆိုလျှင် ဖူးတွေ့ဖြစ်အောင် ဖူးတွေ့ကြပါဟု စေတနာကောင်းဖြင့် နှိုးဆော်အပ်ပါသည်။ ဘုရားရှေ့မှောက် ရောက်အောင်ကြိုးစားကြပါရန်လည်း တိုက်တွန်းအပ်ပါသည်။ ဗုဒ္ဓသာသနာ ထွန်းကားရာအရပ် မန္တလာမြို့ကိုရောက်ရန် ဆုမွန်ကောင်းများ တောင်းစေချင်ပါသည်။

## ရေပူစမ်း အပန်းတော်ဖြေ

မန္တလေးရွှေမြို့တော်ကြီးမှ နံနက် ၅ နာရီ ၄၅ မိနစ်တွင် စတင်၍ လားရှိုးမြို့သို့ ခရီးဆက်ခဲ့ကြပေသည်။ ပြင်ဦးလွင်မြို့မရောက်မီ ဆုံတွေ့ရသော တောင်ပေါ်လမ်းများသည် သည်းထိတ်ရင်ဖိုရှိသလောက် ကြည့်၍ကောင်းလှသော ပန်းချီကားသဖွယ် ရှိပေသည်။ တောင်ကိုပတ်၍ ခုတ်မောင်းနေသော မော်တော်ယာဉ်များသည် အထပ်ထပ်ဖြစ်နေသော ကားလမ်းများပေါ်၌ ပြေးသွားနေသည်မှာ ရှုမဆုံး ကြည့်မဆုံး ဖြစ်လှပေသည်။ ပြင်ဦးလွင်မြို့အားဖြတ်ပြီး လားရှိုးမြို့သို့ ခရီးနှင်သော အခါအန္တရာယ်ကွေ့ဟူ၍ ခေါ်လောက်အောင် တောင်ကမ်းပါးယံများအားပတ်၍ ဖောက်လုပ်ထားသော လမ်းများသည် တစ်ဘက်တွင် အသူတစ်ရာနက်သော ချောက်ကြီးဖြစ်သည်။ အထပ်ထပ်အကွေ့ကွေ့နှင့် အန္တရာယ်ကြီးလှသောလမ်းအား ယာဉ်မောင်းသည် ခရီးသည်များ၏အသက်ကို ကာကွယ်ရင်းကားမောင်းရသည်မှာ

www.burmeseclassic.com



အသက်ပင်ပြင်းပြင်း ရှုရဲမည်မထင်ပါ။ ခရီးသည်များပင် ဘုရားတသူတကုန်ကြသည်။ တရားစာရွတ်သူ ရွတ်ကုန်ကြသည်။ စာရေးသူအနေနှင့်တော့ မမြင်ဖူးမတွေ့ဖူးသောအရပ်မို့ အံ့သြမဆုံးရှိသကဲ့သို့ ယာဉ်မောင်းများ၏ကျွမ်း...မှု၊ လိမ္မာပါးနပ်မှု၊ ခရီးသည်များ၏အသက်ကို တာဝန်ယူမောင်းနှင်ပေးသည်ကိုလည်း ချီးကျူးဂုဏ်ယူမိပါသည်။

ထိုအန္တရာယ်ကွေ့များမှ လှမ်းမျှော်ကြည့်လိုက်သောအခါ အသူတစ်ရာနက်သော ချောက်အပေါ်မှ ဖြတ်ဖောက်ထားသော အကာအရံမရှိ၊ ဂုံးမရှိသော မီးရထားလမ်းပေါ်မှ မီးရထားဖြတ်သွားသည်ကို မြင်ရသောအခါ အလွန်သေးငယ်သောကြိုးတန်းပေါ်တွင် ဆင်ကြီးတစ်ကောင် လမ်းလျှောက်နေသည့်သဖွယ် မြင်တွေ့ရသဖြင့် အန္တရာယ်ကြီးလှပါပကောဟုလည်း ခံစားလိုက်မိပါသည်။

လားရှိုးမြို့သို့ ညနေ ၅ နာရီလောက်တွင် ဆိုက်ပါသည်။ လားရှိုးမြို့သို့ရောက်သည်နှင့် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော မာန်ဆူဘုရားသို့ တက်ရောက်ဖူးမြော်ပြီး လားရှိုးမြို့၏ အံ့သြဖွယ်တစ်ခုဖြစ်သော ရေပူစမ်းသို့ အပန်းတော်ဖြေရန်သွားဖြစ်တော့သည်။ အလွန်အံ့သြဖွယ်ကောင်းလှပါသည်။ သဘာဝအလျှောက်ပူနေသော ရေပူစမ်း (ကန်) ဖြစ်ပါသည်။ ထိုရေပူစမ်းနှင့်ဆက်လျက် ရေအေးစမ်း (ကန်)လည်း တစ်ဆက်တည်း ရှိပါသည်။ အံ့သြမကုန်နိုင်စရာ ဖြစ်ပါတော့သည်။

ရေပူစမ်းသည် ကြက်ဥပြုတ်လျှင် ကျက်နိုင်လောက်အောင်ပူသည်။ ချမ်းအေးနေချိန်ဆိုလျှင် ရေနွေးစပ်၍ ရေချိုးသကဲ့သို့ ဖြစ်နိုင်သည်။ ပူအိုက်နေချိန်တွင် ရေကန်ထဲဆင်းဝံ့မည် မထင်ပါ။

သို့သော် မည်သည့်အချိန်တွင်မဆို ရေထဲဆင်းနည်းရှိသည်။ ဆန္ဒစောပြီး မဆင်းရ၊ ရေသည်ပူနေသည်၊ သို့အတွက်ကန်ဘောင်တွင်ထိုင်ပြီး ပထမခြေဖျား၊ ခြေသလုံးအထိ ရေပူနှင့်ဆွတ်ကြည့်ရသည်။ သပ်ကြည့်ရသည်။ အပူခံနိုင်မှ ရေပူစမ်းထဲသို့ ခြေထောက်ချရသည်။ ပြီးမှ ကျန်ခန္ဓာကိုယ်အား ရေပူနှင့် ပွတ်သပ်ပေးရသည်။ ရေပူဒဏ်ခံနိုင်မှ တဖြည်းဖြည်း ခန္ဓာကိုယ်ကို ရေပူထဲသို့ နှစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေ ရောက်ပြီဆိုလျှင် ရေပူထဲမှ ပြန်ထရန်ပင် ဝန်လေးလာသည်။ မတ်တပ်ရပ်ကြည့်လျှင် ရေပူနှင့်လွတ်ရာနေရာသည် အေးစိမ့်လာသည်။ ရေပူ ပြန်စိမ်ရသည်။ အပန်းဖြေရာတစ်ရပ် ဖြစ်ပါသည်။ ထိုရေပူစမ်းသည် ခန္ဓာကိုယ် အတွင်း အပူအအေးမမျှသော ရောဂါသည်များအတွက် ရောဂါကုရာ ဌာနတစ်ခုပင် ဆိုစမှတ်ရှိနေကြပါသည်။

လားရှိုးမြို့တွင် တစ်ညတာ အိပ်စက်နားနေရန်သာ ရှိပါတော့သည်။

## ပန်းမြို့တော်သို့ အလည်တစ်ခေါက်

လားရှိုးမြို့ဈေးကြီးတွင် ဘုရားဖူးများသည် မိမိအိမ်အသုံးအဆောင် ပစ္စည်းများ အား ဝယ်ယူပြီး နံနက် ၈ နာရီခန့်တွင် ပြင်ဦးလွင်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ပါသည်။ နံနက် ၁၁ နာရီခန့်တွင် သီပေါမြို့ (ဘော်ကြို) ဘုရားကြီးအား ဝင်ရောက်ဖူးမြော် ပြီး နံနက်စာ စားသောက်ကြပါသည်။

ဘော်ကြိုဘုရားကြီးမှ ဆက်လက်ထွက်ခွာလာရာ ပြင်ဦးလွင်မြို့သို့ ညနေ ၄ နာရီ ၃၀ မိနစ်ခန့်တွင် ဆိုက်ရောက်ပါသည်။ ပွေးကောက်ရေတံခွန်စခန်းဟုခေါ်သော ပြင်ဦးလွင်ရေတံခွန်စခန်းတွင် ကြိုးတံတားပေါ်လျှောက်ရခြင်း၊ ရေတံခွန်တွင် ရေချိုးရခြင်းများမှာ ပန်းသမျှပြေရပါတော့သည်။

ပြင်ဦးလွင်မြို့၏ ညအလှအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ခဲလယ်ဘုန်းတော်ကြီးကျောင်းတွင် တစ်ညတာရပ်နားနေခဲ့ရပါသည်။

## ရက္ခဇေဉယျာဉ်မှ မန္တလာမြေသို့အပြန်

နံနက် ၇ နာရီခန့်တွင် လှပရှုမောဖွယ်ကောင်းလှသော ပြင်ဦးလွင်မြို့ ရက္ခဇေ ဉယျာဉ်ကြီးထဲသို့ ရောက်မိသောအခါ ပန်းမြို့တော်မှ ပြန်ချင်စိတ်ပင် မရှိတော့ပါ။ ပန်းကမ္ဘာတွင် အပန်းတော်ဖြေနေချင် မိနေပါတော့သည်။ ပန်းမာလမိစုံသကဲ့သို့

www.burmeseclassic.com



ဆေးဝါးပင်မကျန် ဒေသထွက်သစ်ပင်အဆုံး သစ်ခွမျိုးစုံလှသော ပန်းမြို့တော်ကလေး ဟုသာ တင်စားရတော့မည် ဖြစ်ပါသည်။ ပန်းကမ္ဘာနယ်မြေတွင် အလှစာတပ်ပုံ ရိုက်ကြည့်မည်ဆိုပါက အကျည်းတန်သူပင် အလှသရဖူဆောင်းသွားပါလိမ့်မည်။ ပိုအံ့မထင်စေချင်ပါ။ ရောက်ဖူးမှသိပါလိမ့်မည်။

ပန်းကမ္ဘာနယ်မြေမှ မထွက်ချင်သော်လည်း ခရီးစဉ်အရ ဆက်လက်ထွက်ခွာခဲ့ရပါတော့သည်။ ပြင်ဦးလွင်တရုတ်ဘုံကျောင်းသည် ထင်ရှားသော ကဏ္ဍမှ ပါဝင်နေသဖြင့် သွားရောက်ခဲ့ကြသည်။ တရုတ်ဘုံကျောင်းတွင် " စာချသည် ဆိုသော မေဒင် " ထင်ပေါ်ဟန်ရှိပါသည်။ ဘုရားဖူးများ မေဒင်ကြည့်ကြသည်။ ပြင်ဦးလွင်မြို့ ထွက်ကုန်ပစ္စည်းများ ဝယ်သူဝယ်ကြသည်။ ထိုမှတစ်ဖန် ပြင်ဦးလွင်မြို့ ဈေးကြီးအား သွားရောက်လေ့လာပြီး မန္တလေးသို့ ခရီးဆက်ခဲ့ရာ နေ့လယ် ၁နာရီ ၃၀ မိနစ်တွင် ဆိုက်ရောက်ပြီး နံနက်စာ စားသောက်ကြပါသည်။

ရသမျှအချိန်ကလေးတွင် မန္တလေးမြို့ရှိ ထင်ပေါ်ကျော်ကြားသော စေတီပုထိုးများ၊ ဘုရားကျောင်းကန်များအား သွားရောက်ဖူးမြော်ကြပါသည်။ ကျောက်တော်ကြီးဘုရား၊ ရွှေကျောင်း၊ မန္တလေးကျုံး၊ သကျသီဟဘုရားနှင့် မဟာမြတ်မုနိဘုရားကြီးအား ထပ်မံဖူးမြော်ကြပါသည်။ ဘုရားကြီးရှေ့ရှိ နဝမအုဒ်ကျောင်းတွင် ဒုတိယ ညအိပ်ရပ်နားခဲ့ကြပါသည်။

## စစ်ကိုင်းတောင်အထက်နားဆီသို့

မန္တလေးမြို့ ဘုရားကြီးရှေ့ရှိ နဝမအုဒ်ကျောင်းမှ နံနက် ၄ နာရီ ၃၀ မိနစ်တွင် စစ်ကိုင်းမြို့သို့ စတင်ထွက်ခွာလာကြပါသည်။ စစ်ကိုင်းတံတားကြီးအား ဖြတ်ကျော်ပြီး စစ်ကိုင်းမြို့တွင် လက်ဖက်ရည်သုံးဆောင်ကြပါသည်။ စစ်ကိုင်းတောင်ခြေသို့ ခရီးထွက်ခဲ့ပြီး တောင်ခြေသို့ နံနက် ၈ နာရီ ၃၀ မိနစ်ခန့်တွင် ဆိုက်ရောက်ခဲ့ပါသည်။ တောင်ခြေတွင် အသင့်စောင့်နေသော သမိုင်းဆရာ ဦးတင်ညွန့်မှ ဦးဆောင်၍

www.burmeseclassic.com

www.burmeseclassic.com



တောင်တက်တောင်ဆင်းအစား မြစ်အတွင်းမှ ၄က်သမ္ဗာန်ဖြင့် လှည့်လည်ပြသပြီး သမိုင်းရှင်းပြပါသည်။ စစ်ကိုင်းတောင်ဥမင် (၃၀) ဥမင် (၉၀) နှင့် ဆွမ်းဦးပုညရှင် အထက်နားရောက်မှ သမ္ဗာန်ပေါ်မှဆင်းကာ စစ်ကိုင်းတောင်ပေါ်သို့ တက်ရောက် ခဲ့ပါသည်။

စစ်ကိုင်းတောင်ပေါ်မှစီးကြည့်သောအခါ ဒုတိယပုဂံမြို့ပမာ ဘုရားများအလွန် များပြားလှပါသည်။ ထူးခြားသည်မှာ စစ်ကိုင်းတောင်ပေါ်တွင် မြင်းခြံမြို့ စွန်းလွန်း ဂူဆရာတော်ကြီးကဲ့သို့ အခြောက်ဖြစ်နေသော စစ်ကိုင်းတောင် ဒီပါအေးမြ ဆရာတော်၏ ရုပ်ကလပ်တော်အား ဖူးတွေ့ရပါသည်။

သမိုင်းဆရာ၏အဆိုအရ လပြည့်လကွယ်ညများတွင် ဆရာတော်ကြီးသည် အဓိဋ္ဌာန်ဝင်နေကျနေရာတွင် အဓိဋ္ဌာန်ဝင်နေသည်ကိုလည်းကောင်း၊ စင်္ကြံ လျှောက်သောနေရာတွင် စင်္ကြံလျှောက်နေသည်ကိုလည်းကောင်းဖူးတွေ့ရကြောင်း သိရှိရပါသည်။ စစ်ကိုင်းတောင်ရိုးပေါ်မှ ရှုမြင်နေရသော ဧရာဝတီမြစ်သည် လည်းကောင်း၊ စစ်ကိုင်းတံတားသည်လည်းကောင်း ရှုမဆုံးဖွယ်ရာပင်။ စစ်ကိုင်း တောင်ခြေရင်း ဧရာဝတီမြစ်ကမ်းနဖူးရှိ ဘိုးဘိုးကြီးနတ်ကွန်းတွင် နံနက်စာ စားသောက်ပြီး ရှေ့ခရီးဆက်ခဲ့ရပြန်ပါသည်။

(၁၁း၃၀) နာရီခန့်တွင် ကောင်းမှုတော်ဘုရားကြီးသို့ရောက်ရှိပြီး ဖူးမြော်ခဲ့ ရပါသည်။ ခေတ္တအပန်းဖြေအနားယူပြီး မုံရွာဈေးကြီးသို့ ခရီးဆက်ခဲ့ကြသည်။ မုံရွာဈေးကြီးသည် အိမ်သုံးပစ္စည်းပေါများပြီး ဈေးချိုသောကြောင့် ဘုရားဖူးများ အိမ်သုံးပစ္စည်းလက်ဆောင် ပစ္စည်းဝယ်ကြသည်။ မုံရွာဈေးဝယ်ပြီး ဗောဓိ တစ်ထောင် (ယခုတစ်တောင်ကျော်နေပြီဖြစ်သည်။) ဘုရားသို့ဆက်လက်ထွက်ခွာ ခဲ့ကြပါသည်။ ဗောဓိတစ်ထောင်ဆရာတော်သည် ရောက်လာသမျှသော ဘုရားဖူး (ကြီးငယ်မဟူ ကျား၊မ မရွေး) များအား (ပုတီး၊ တတ်လုံး၊ အင်းလိပ်)များ လက်ဆောင် ချီးမြှင့်ပေးသည်။ ဗောဓိတစ်ထောင်ဘုရားသည် ဗောဓိပင်ရှိသမျှ ဘုရားတည်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်ကို ဖူးတွေ့ရပါသည်။ ဘုရားဝင်းအတွင်း အာလိန်ငါးဆင့်အား တက်ရောက်ကြည့်ရှုခွင့်ရပါသည်။ ဆင်ရုပ်တုများ ပေါမျှားရာဘုရားဟု ဆိုနိုင်ပါသည်။ မောဝိတစ်ထောင်ဘုရားတွင် သနပ်ခါးတုံးအဓိက ရောင်းကြသဖြင့်လည်းကောင်း၊ ဈေးချိုသာသဖြင့်လည်းကောင်း၊ ဘုရားဖူးမိန်းကလေးများ အလုအယက် ဝယ်ကြတော့သည်။

မောဝိတစ်ထောင်ဘုရားမှတစ်ဆင့် မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီးသို့ ပြန်လာပြီး ညအိပ်ရပ်နားကြပါသည်။ ဘုရားကြီးဖွဲ့စည်းပုံတွင် ဘုရားရုပ်တုများ မြောက်မြားစွာ တည်ရှိသဖြင့် ရေတွက်၍ မရနိုင်အောင် ရှိပါသည်။ သို့သော် ဘုရားရုပ်တုပေါင်း (၅၁၂၀၂၈) ဆူရှိကြောင်း သမိုင်းတွင်ဖော်ပြထားပါသည်။ သမ္ဗုဒ္ဓေတွင်တစ်ည နားခဲ့ကြပါသည်။

**မှတ်ချက်။** သမ္ဗုဒ္ဓေမှန်ကား ပန်းချီကားတွင် (၅၈၂၃၅၇) ဆူဟု ဖော်ပြထားပါသည်။

စစ်ကိုင်းတွင် အံ့ဩဖွယ် မင်းကွန်းခေါင်းလောင်းကြီးနှင့် ဦးပိန်တံတားအား သီးသန့်သွားရောက် လေ့လာနိုင်ပါက လေ့လာခွင့်ရနိုင်ပါသေးသည်။

## မိတ္ထီလာကန်တော်အောက်က ဖားဧကောက်ခဲ့ပါ

မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီးမှ နံနက် ၅ နာရီခန့်တွင် မိတ္ထီလာမြို့သို့ ဦးတည်ထွက်လာခဲ့ပါသည်။ စစ်ကိုင်းမုံရွာလမ်းတွင် တည်ရှိနေသော ကံတလူဘုရားအား ဝင်ရောက်ဖူးမြော်ခွင့် ရရှိခဲ့ပါသည်။ ကံတလူဘုရားအား လူသိနည်းကောင်းနည်းမည် ဖြစ်ပါသည်။ သို့သော် " နှလုံးမထူ၊ ကံတလူသွား " ဆိုသော စာဆိုအား မသိကြ၍ ဘုရားအား လူသိနည်းကောင်းနည်းမည်ဖြစ်မည်။ ကံတလူဘုရားတွင် အရာရာ အောင်မြင်နိုင်သော အောင်မြေရှိနေသည်ကို သတိမမူမိကြဟု ထင်ပါသည်။ အောင်မြေနင်းခြင်း၊ အောင်မြေဆောင်ခြင်းအားဖြင့် နှလုံးမထူသူများ

www.burmeseclassic.com



နှလုံးထူသွားစေသည့် ကတလူဘုရားအောင်မြေသည် ထိုဒေသ၌ ထင်ပေါ် လှပါသည်။

ခရီးစဉ်အလိုက် သဲကုန်းတွင် နံနက်စာစားပြီး ဆက်လက်ထွက်ခွာလာခဲ့ရာ မိတ္ထီလာမြို့ မြို့ဈေး ဘုန်းတော်ကြီးကျောင်းသို့ ညနေ နှစ်နာရီတွင် ဆိုက်ရောက်ခဲ့ ပါသည်။ မိတ္ထီလာဈေးကြီးအား သွားရောက်လည်ပတ်ခြင်း၊ စာရေးသူတို့ ငယ်ငယ်က " မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါ " ဟူသော စာသားလေးကို ကြားခဲ့ဖူးပါသည်။ ကန်ကိုမြင်ဖူးရန် မလွယ်ကူခဲ့ပါ။ ယခုတော့ တွေ့ရပြီ မြင်ရပြီ ဖြစ်သည်။ ကျယ်ပြောသန့်ရှင်းပြီး လေကောင်းလေသန့်တို့ ဖြတ်လာခဲ့ရာ ကန်ကြီး ပါလားဟု တွေ့မြင်လိုက်ရပါတော့သည်။

## ပင်းတယဂူကိုဝင် တောင်ကြီးကိုတက်

နံနက် ၄ နာရီ ၁၅ မိနစ်တွင် မိတ္ထီလာမှ တောင်ကြီးမြို့သို့ ဆက်လက်ထွက်ခွာ ခဲ့ပါသည်။ နံနက် ၉ နာရီ ၃၀ မိနစ်ခန့်တွင် ပင်းတယဂူတောင်ခြေရင်းသို့ ဆိုက်ရောက်ခဲ့ပါသည်။ တောင်ပေါ်သို့ နာရီဝက်ခန့် တက်ရောက်ပြီးသောအခါ အလွန်အံ့ဩဖွယ်ကောင်းသော ပင်းတယလိုဏ်ဂူကြီးသည် လူတို့မစွမ်းနိုင်သော သဘာဝမြင်ကွင်းနှင့် ဘုရားရုပ်ပွားတော်များ တည်ရှိနေမှုကို ဖူးတွေ့ရပါတော့သည်။ ပင်ပန်းသမျှသည် ကျောက်စက်ရေကျနေသော ဂူအတွင်းရောက်သောအခါ အေးစိမ့် ကြည်နူးသွားပါတော့သည်။ အခြားတောင်ပတ်လည်တွင် ပြတိုက်များ၊ ရုပ်တုတော်များ တည်ရှိနေပေသေးသည်။ ပင်းတယဂူဘုရားတွင် နွတ်ခမ်းမွှေးကြီး လက်ဖက်ခြောက်သည် ဒေသထွက်ကုန်အဖြစ် ထင်ပေါ်လှပါသည်။ ဘုရားဖူးများ အား လက်ဖက်ရည်ကြမ်း အခမဲ့တည်သော အလေ့အကျင့်သည် ပင်းတယတွင် ကြုံတွေ့လိုက်ရပါသည်။

ပင်းတယလိုဏ်ဂူခြေတော်ရင်းတွင် နံနက်စာစားသောက်ပြီး ဆက်လက် ထွက်ခွာခဲ့ရာ တောင်ကြီးမြို့သို့ ညနေ ၄ နာရီခန့်တွင် ဆိုက်ရောက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးသို့ မိတ္ထီလာမှ လာရသော မော်တော်ကားလမ်းသည် မန္တလေး လားရှိုး ကားလမ်းကဲ့သို့ အန္တရာယ်ကွေ့များနှင့် တောင်အား လွန်းထိုးတက်ရသည့်သဖွယ် သည်းထိတ်ရင်ဖိုဖွယ် ဖြစ်ပါသည်။ မီးရထားလမ်းတစ်ခုတွင် လွန်းထိုးတက်ရသော လမ်းများနှင့် တံတားကြီးအားပတ်၍ ခုတ်မောင်းလာသောရထားကြီးသည် ခရုပတ် သဖွယ်ဖြစ်နေသည်ကို ကြည့်မဆုံးဖွယ် တွေ့ကြရပါသည်။ တံတားကြီးအား ဘဝသံသရာတံတားဟု ခေါ်ဆိုကြပေသည်။

ညနေဘက်တွင် တောင်ကြီးမြို့ စပ်စံထွန်းဈေးနှင့် ညနေဈေးကို လှည့်ပတ် ကြည့်ရှုပြီး ဈေးဝယ်သူများ ဝယ်ခဲ့ကြပါသည်။ ရှမ်းပြည်နယ် သဘာဝအအေးဒဏ် ကို ခံစားရပါတော့သည်။ တောင်ကြီးမြို့တွင် တစ်ခုတော့ အဆင်မပြေဖြစ်ရသည်။ ရေရှားသဖြင့် ရေချိုးခန်းများတွင် ရေချိုးရပါသည်။ ထိုရေချိုးခန်းများမှာ ရေချိုးလျှင် အဝတ်မလျှော်ရ စာတန်းသည် ဘုရားဖူးများအတွက် အခက်ကြုံရပေတော့သည်။ စာရေးသူကတော့ လဲစရာမပါကြောင်း၊ မော်တော်ယာဉ်အလေးချိန် လျော့ပါး စေရန်မိတ္ထီလာမြို့တွင် အဝတ်အစားများအား ထားခဲ့ကြောင်း၊ သို့ပါ၍ ပါလာသော တစ်စုံအား လျှော်ခွင့်ပြုပါရန် အကျိုးအကြောင်းပြောပြသဖြင့် လျှော်ခွင့်ရခဲ့ပါသည်။ ပြေပြေလည်လည်ပြောလျှင် လေယာဉ်ပျံအလကားစီးရကြောင်း တောင်ကြီးမြို့ ရောက်မှ ယုံမိပါတော့သည်။

တောင်ကြီးမြို့တွင် တစ်ညတာ နားနေခဲ့ကြပါသည်။

## နောင်အင်းလေးကို ဦးခိုက်ဖို့ရည်

တောင်ကြီးမြို့မှ နံနက် ၄ နာရီ ၃၀ မိနစ်ခန့်တွင် ဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်ရန် စတင်ထွက်ခွာခဲ့ပါသည်။ ညောင်ရွှေမြို့တွင် ခေတ္တနားနေပြီး ဖောင်တော်ဦးဘုရားသို့ စက်လှေ (ပဲ့ချိတ်) များဖြင့် ထွက်ခွာလာခဲ့ကြရာ အင်းလေး ကန်ရေပြင်တွင် နှစ်နာရီခန့် စီးနင်းလိုက်ပါလာရသဖြင့် ရေပြင်ကိုဖြတ်သန်းလာ သော လေကို အားပါးတရ ရှူရှိုက်ရသည်မှာ နှလုံးစိတ်ဝမ်းအေးချမ်းသွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေပြင်ကျယ်တွင် အင်းသားများ၏ သဘာဝငါးဖမ်းလုပ်ငန်း၊ သစ်ပင်[illegible] လုပ်ငန်းများအား တွေ့ရပေသည်။ ' ရေပေါ်တွင် အိမ်ကလေးတွေဆောက်သည် ' ဟူသော သီချင်းစာသားထဲကအတိုင်း ရေပေါ်တွင် ဆောက်ထားသော အိမ်ကလေးများမှာ အံ့ဩစရာ တစ်ရပ်ပင် ဖြစ်ပါသည်။

လှေကလေးများဖြင့် ရောင်းဝယ်နေသော အင်းလေးဈေးသည် တစ်ဘာသာ ဆန်းသစ်နေပါတော့သည်။ အင်းလေးထွက်ကုန် အကျႌလုံချည်၊ လွယ်အိတ် အခြား အသုံးအဆောင်ပစ္စည်းများလည်း ဝယ်ယူနိုင်ပေသည်။ တန်ခိုးကြီးလှသော ဖောင်တော်ဦးဘုရားအား ဖူးမျှော်ကန်တော့ရသည်မှာ စိတ်ကြည်နူးမှု ရရှိစေပါသည်။ ဖောင်တော်ဦးမှ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ထွက်ခွာခဲ့ရာ ညောင်ရွှေမြို့သို့ နေ့လည် ၁၂ နာရီခန့်တွင် ပြန်လည်ရောက်ရှိခဲ့ပါသည်။ နံနက်စာ စားသောက်ပြီး ဆက်လက်ထွက်ခွာခဲ့ရာ ကလောမြို့သို့ ညနေ ၃ နာရီတွင် ဆိုက်ရောက်ပြီး ခေတ္တနားနေကြပါသည်။ ကလောမြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ ယင်းမာပင်ကျေးရွာသို့ည ၇ နာရီတွင် ဆိုက်ရောက်သဖြင့် ယင်းမာပင်ကျေးရွာ ဘုန်းကြီးကျောင်းတွင် တစ်ညတာနားနေခဲ့ကြပါသည်။

## တောင်ငူရွှေဆံတော်ဘုရားသို့

ယင်းမာပင်ကျေးရွာမှ နံနက် ၅ နာရီခန့်တွင် ဆက်လက်ထွက်ခွာခဲ့ရာ မိတ္ထီလာမြို့သို့ နံနက် ၈ နာရီ ၃၀ မိနစ်တွင် ဆိုက်ရောက်ခဲ့ပါသည်။ မိတ္ထီလာမြို့ မြို့ကျောင်းတွင် ထားခဲ့သောပစ္စည်းများအား ပြန်လည်ယူဆောင်ပြီး နံနက်စာ စားသောက်ကာ တောင်ငူမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ တောင်ငူမြို့ ရွှေဆံတော်ဘုရားသို့ ည ၇ နာရီ ၃၀ မိနစ်တွင် ဆိုက်ရောက်ခဲ့ပါသည်။ ညဘက်ဖြစ်သဖြင့် ရွှေဆံတော်ဘုရားအား မဖူးသေးဘဲ နဂါးရုံဘုရား ဓမ္မာရုံတွင် တစ်ညတာနားနေခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဌာနေသို့

နံနက် ၅ နာရီခန့်တွင် တောင်ငူရွှေဆံတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ပြီး တောင်ငူဈေးသို့ လှည့်လည်ခဲ့ကြပါသည်။ တောင်ငူမြို့မှ ဆက်လက်ထွက်ခွာလာရာ ပဲခူးရွှေမော်ဓောဘုရား၊ ရွှေသာလျောင်းဘုရားသို့ နေ့လည် ၁ နာရီခန့်တွင် ဆိုက်ရောက်ခဲ့သဖြင့် ဖူးမြော်ကြည်ညိုပြီး ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ ရန်ကုန်မြို့ ရွှေတိဂုံဘုရား တောင်ဘက်မုခ်ဓမ္မာရုံများရှေ့သို့ ညနေ ၄ နာရီ ၃၀ မိနစ်တွင် ပြန်လည်ရောက်ရှိသဖြင့် မိမိနေအိမ်သို့ ပြန်ကြရင်း မြန်မာပြည်အနှံ့ (အတွင်းပိုင်း) ခရီးစဉ်အား အဆုံးသတ်ခဲ့ကြပါသည်။

စကြဝဠာအနန္တ၌ ရှိကြကုန်သော ဗြဟ္မာနတ်လူ သတ္တဝါအားလုံး ကောင်းကျိုးချမ်းသာလိုရာဆန္ဒပြည့်ဝကြပါစေ။

■

စာပေဆုရှင် ဟူးဟူးမြန်မာ
မောင်မိုးထိုက် (သုံးဆယ်)

www.burmeseclassic.com

www.burmeseclassic.com



## ကိုးကားသောကျမ်းများ

၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၂)၊ အတွဲ (၃)၊ (ဘာသာပြန်စာပေအသင်း)
၂။ မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်၊ စစ်ကဲကြီးဦးရွှေနော်
၃။ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ပဒီပနီကျမ်း–ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့
၄။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်နှင့် လီနတ္ထဒီပနီကျမ်း
၅။ ကျီးသဲလေးထပ်ဆရာတော်၏ မနောရထပူရဏီကျမ်း။
၆။ (အသျှင်ဉာဏိသရ ဟောကြားသော–တိရိယပဗ္ဗတထေရအပါဒါန်တရား)
၇။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ။ (မော်စရိယာ–ဦးဌေးလှိုင်)
၈။ ပုဂံစေတီပုထိုးများ။ (ဆရာ ဦးသန်းဆွေ) ( စာပေဗိမာန်တိုက်ထုတ်)
၉။ မန်းစက်တော်ရာဆိုင်ရာ ကျမ်းကြီးကျမ်းငယ်များ။
၁၀။ မြန်မာပြည်တန်ခိုးကြီးဘုရားများမှတ်တမ်း။
၁၁။ ' စာရေးသူမိသားစု ' ၏ ဘုရားဖူးခရီးသွားမှတ်တမ်း။
၁၂။ စက်တော်ရာတွင် ရှာသွန်းသည့်မိုး (မြန်မာ့အသံကျေးလက်ဓာတ်လမ်း) (မိုး/ ဓလ) (၇–၈–၈၇) အသံလွှင့်ချက်။

BURMESE CLASSIC

www.burmeseclassic.com